ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်
## ပြည်သူ့ကျန်းမာရေး သတင်း

# DATA DICTIONARY

## For Health Services Indicators

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာများ နှင့်
အညွှန်းကိန်းများ အတွက်

အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်များ

စာရင်းကောက်ယူနည်းများ

တွက်ချက်နည်းများ

# လမ်းညွှန်

ESSENTIAL HEALTH PROJECT

၂၀၁၉ ခုနှစ်၊ မေလ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်
ပြည်သူ့ကျန်းမာရေးသတင်း

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများနှင့် အညွှန်းကိန်းများအတွက် အဓိပ္ပာယ်ရှင်းလင်းချက်၊ စာရင်းကောက်ယူနည်း နှင့် တွက်ချက်နည်းလမ်းညွှန်

**(Data Dictionary for Health Services Indicators)**

၂၀၁၉ ခုနှစ်၊ မေလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အခန်း(၁)** | စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်တွင် အသုံးပြုသောလချုပ်၊ သုံးလချုပ်နှင့် နှစ်ချုပ်ပုံစံများ၏ ရည်ရွယ်ချက်နှင့် လုပ်နည်းလုပ်ဟန် | ၁ |
| | - စာရင်းပြုစု၍အစီရင်ခံခြင်း(Data Flow) | ၄ |
| | - လချုပ်ပုံစံ (၁) | ၆ |
| | - သုံးလချုပ်ပုံစံ (၂) | ၉ |
| | - နှစ်ချုပ်ပုံစံ (၃)နှင့်(၄) | ၁၃ |
| **အခန်း(၂)** | လုပ်ငန်းအမှတ်စဉ်အလိုက် လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် | |
| | - ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက် | ၁၇ |
| | - မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက် | ၂၁ |
| | - အာဟာရစောင့်ရှောက်မှုစီမံချက် | ၃၀ |
| | - ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက် | ၄၇ |
| | - တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက် | ၅၄ |
| | - စောင့်ကြပ်ကြည့်ရှုရသောရောဂါများနှိမ်နင်းရေးစီမံချက် | ၅၉ |
| | - ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် | ၇၀ |
| | - နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက် | ၇၄ |
| | - ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက် | ၇၇ |
| | - ဖွားသေစာရင်းအင်း | ၈၄ |
| | - ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးစီမံချက် | ၉၂ |
| | - ကျောင်းကျန်းမာရေးစီမံချက် | ၉၅ |

- နားလေးရောဂါကာကွယ်ရေးစီမံချက် ၁၀၃
- စိတ်ကျန်းမာရေးစီမံချက် ၁၀၆
- အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ၁၁၂
- အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် ၁၁၈
- ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ၁၂၅
- မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများစီမံချက် ၁၃၁
- တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက် ၁၃၄
- ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက် ၁၃၆
- အတက်ရောဂါစီမံချက် ၁၄၀

**အခန်း(၃)** သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ၁၄၃
ပုံမှန်စစ်ဆေးခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်နည်းလုပ်ဟန်

**အခန်း (၄)** နှစ်ချုပ်တွင်ပါဝင်သော သတင်းအချက်အလက်များ၏
အဓိပ္ပါယ်ရှင်းလင်းချက်
- နှစ်ချုပ်ပုံစံ(၃) ၁၄၉
- နှစ်ချုပ်ပုံစံ(၄)(မြို့နယ်မှသာဖြည့်စွက်ရန်) ၁၆၀
- သင်တန်းများသင်္ကေတပြုလုပ်ခြင်းဇယား ၁၆၉

**အခန်း (၅)** မှတ်ပုံတင်စာအုပ်များ
- ဆေးခန်းမှတ်ပုံတင်စာအုပ် ၁၇၇
- ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း ၁၈၅
- ငါးနှစ်အောက်ကလေးအာဟာရစောင့်ရှောက်မှုမှတ်တမ်း ၁၈၇
- မွေးဖွားမှုနှင့် သေဆုံးမှုမှတ်တမ်း ၁၉၀
- လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်း ၁၉၇

**နောက်ဆက်တွဲများ** - စီမံချက်ဆန်းစစ်ပုံစံလချုပ် (၁)
- စီမံချက်ဆန်းစစ်ပုံစံသုံးလချုပ် (၂)
- စီမံချက်ဆန်းစစ်ပုံစံနှစ်ချုပ် (၃)
- စီမံချက်ဆန်းစစ်ပုံစံနှစ်ချုပ် (၄)(မြို့နယ်မှသာဖြည့်စွက်ရန်)
- သတင်းအချက်အလက်များအရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းမှတ်တမ်းစာရွက်
- ဆေးခန်းမှတ်ပုံတင်စာအုပ်
- ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း
- ငါးနှစ်အောက်ကလေးအာဟာရစောင့်ရှောက်မှုမှတ်တမ်း
- မွေးဖွားမှုမှတ်တမ်း
- သေဆုံးမှုမှတ်တမ်း
- လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်း
- ငါးနှစ်အောက်ကလေး ကိုယ်အလေးချိန် မှတ်တမ်း(ကျား/မ)

# အမှာစာ

၁။ ပြည်သူတို့၏ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရန်အတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကျန်းမာရေးသတင်းအချက်အလက် (Health Information)သည်အခြေခံအကျဆုံးသော အခန်းကဏ္ဍဖြစ်သည်။ တိကျခိုင်မာ၍ လက်တွေ့ မြေပြင်အခြေအနေကို ထင်ဟပ်ဖော်ပြနိုင်သော သတင်းအချက်အလက်များ အချိန်မီ ရရှိရေးသည်လည်း အရေးကြီးပေသည်။ ကျန်းမာရေးစီမံချက်အသီးသီး၏ ဆောင်ရွက်ချက် များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအား စာရင်း ကောက်ယူ၍ လုပ်ငန်းကြီးကြပ်ဆန်းစစ်ခြင်း၊ လိုအပ်သောပြုပြင်ပြောင်းလဲမှု ရှိသည်များကို ကျန်းမာရေးစီမံချက်အလိုက် အချိန်မီဆောင်ရွက်စေခြင်း၊ ဒေသအလိုက် ကျန်းမာရေး အခြေအနေနှင့် ဦးစားပေးပြဿနာများကို ဖော်ထုတ်၍ မိမိဒေသအတွက် ဆီလျော်သော အနုစိတ်စီမံချက်များရေးဆွဲအသုံးပြုစေလိုခြင်းငှာ**စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေး သတင်းစနစ်**ကို (၁၉၉၅)ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး၌ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ဤစာအုပ်သည် အဆိုပါသတင်းစနစ်တွင် ထည့်သွင်းကောက်ယူလျက်ရှိသော ကျန်းမာရေးသတင်းအချက်အလက် တစ်ခုစီတိုင်း၏ အဓိပ္ပာယ်ရှင်းလင်းချက်များနှင့်တကွ ကောက်ယူရမည့်နည်းလမ်းများကိုပါ သတင်းအချက်အလက် ကောက်ယူဖြည့်သွင်းသူများ နားလည်သဘောပေါက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေသော လက်စွဲလမ်းညွှန်စာအုပ် ဖြစ်ပါသည်။ အဆိုပါ စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ် စတင် အကောင်အထည်ဖော် ဆောင်ရွက်ကတည်းကပင် ကျန်းမာရေးစီမံချက် အသီးသီး၏ အဓိက သတင်းများ ပေါင်းစည်းပါဝင်ပြီး စာရင်းကောက်ယူသူကိုယ်တိုင် မိမိလုပ်ငန်းကို ဆန်းစစ် အသုံးချနိုင်သော လိုအပ်ချက်အမှန်၊ သတင်းအမြန်နှင့် လူအင်အား၊ ပစ္စည်းအင်အား မပြုန်းတီးစေသည့်စနစ်အဖြစ် ဖော်ဆောင်ရန် ရည်ရွယ်ပါသည်။

၃။ ထို့ကြောင့် ဤသတင်းစနစ် စတင်အကောင်အထည်ဖော်သည့် အချိန်တွင် ပါဝင် သင့်သည့် အချက်အလက်များ ပေါင်းစည်းပါဝင်ရေး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက် အလက်များအားလုံး ဤသတင်းစနစ်တွင် တစ်စုတစ်စည်းတည်းဖြစ်ရေး၊ မလိုအပ်ဘဲ

အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်အားနှင့်အချိန်တို့ မပြုန်းတီးရေး စသည်တို့အတွက် ဗဟိုအဆင့် ကျန်းမာရေးစီမံချက်အသီးသီး၏ စီမံချက်မန်နေဂျာများ၊ စီမံကိန်းညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များပါဝင်လျက် အမျိုးသားအဆင့်ဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ညှိနှိုင်းခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးလက်အထိ ကွင်းဆင်းညှိနှိုင်းခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ လာရောက်၍ ညှိနှိုင်းဆောင်ရွက်ခြင်း စသည်ဖြင့် အဆင့်ဆင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ယင်းညှိနှိုင်းချက်များအရ ကျန်းမာရေးဌာနအဆင့်ဆင့်တွင် ထားရှိအသုံးပြုသင့်သော မှတ်ပုံတင်စာအုပ်များနှင့် စီမံချက်ဆန်းစစ်ပုံစံများကို ပြုစုရရှိခဲ့ပါသည်။

၄။ အဆိုပါမှတ်ပုံတင်ပုံစံများရှိ သတင်းအချက်အလက်များ၏ အဓိပ္ပါယ်သတ်မှတ်ချက်နှင့် စာရင်းကောက်ဒေသ လွှမ်းခြုံမှုသတ်မှတ်ချက်တို့ကို အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးလွယ်ကူစွာ နားလည်သဘောပေါက် အသုံးပြုနိုင်စေရန် ဤလမ်းညွှန်ကို ပြုစုခြင်းဖြစ်ပါသည်။ ကောက်ယူသည့်အချက်များအပေါ်အခြေခံ၍ အညွှန်းကိန်းများ (Indicators) တွက်ချက်ပုံတွက်ချက်နည်းသတ်မှတ်ခြင်း၊ ထိုအညွှန်းကိန်းများကို လုပ်ငန်းစံချိန်စံညွှန်းများ (Norms)၊ ရည်မှန်းချက်များ (Targets)နှင့် ချိန်ထိုးနှိုင်းယှဉ်၍ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၏ အနုစိတ်စီမံချက်များ ရေးဆွဲရာတွင် အသုံးပြုနိုင်စေရန်နှင့် လုပ်ငန်းကြီးကြပ်ဆန်းစစ်နိုင်စေရန် ရည်ရွယ်ပါသည်။

၅။ ဤသတင်းစနစ်သည်တိုးတက်ပြောင်းလဲနေသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုက်လျောညီထွေ လိုအပ်သော သတင်းအချက်အလက်များကို ရရှိစေနိုင်ရေးအတွက် ပြုပြင်မွမ်းမံနေမည်ဆိုသော မူဝါဒနှင့်အညီ၊ ခေတ်စနစ်အပြောင်းအလဲများနှင့် ပြည်သူလူထုအတွင်း ဦးစားပေးရမည့် ကျန်းမာရေးသတင်းအချက်အလက်များ ရရှိရေး စသည်တို့အတွက် (၁၉၉၅)ခုနှစ်မှ စတင်အသုံးပြုခဲ့သည့် လမ်းညွှန်နှင့်ပုံစံများကို (၂၀၀၅)ခုနှစ်၊ ဇန်နဝါရီလတွင် တစ်ကြိမ်၊ (၂၀၁၂)ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ထပ်မံပြင်ဆင်မွမ်းမံအသုံးပြုခဲ့ပြီးဖြစ်ပါသည်။ ယခုအကြိမ်သည် တတိယအကြိမ် ပြုပြင်မွမ်းမံခြင်းဖြစ်ပြီး (၂၀၁၉)ခုနှစ်၊ ဇန်နဝါရီလတွင် စတင်၍ တစ်နိုင်ငံလုံး အသုံးပြုကောက်ယူရမည် ဖြစ်ပါသည်။ ပြုပြင်မွမ်းမံမှုများ ပြုလုပ်သည့်အကြိမ်တိုင်းတွင် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးခြင်းများကို အချိန်

ယူကာ ပြုလုပ်အတည်ပြုရသည့်နည်းတူ ယခုအကြိမ် ပြုပြင်မွမ်းမံခြင်းတွင် အမှန်တကယ် လိုအပ်သည့် သတင်းအချက်အလက်များ ပါဝင်သော Minimum Essential Data Set တစ်ခု ရရှိရေးကို အထူးအလေးထား ဆောင်ရွက်ထားပါသည်။ ၎င်း Data Set တွင် ယခင် တကွဲတပြားစီ ကောက်ယူအစီရင်ခံနေရသော စီမံချက်အသီးသီး၏ အချက်အလက်များ ကိုပါ ထည့်သွင်းနိုင်ရန်၊ ထပ်မံ၍ သီးသန့်တကွဲတပြား ကောက်ယူအစီရင်ခံရခြင်းများ မရှိစေရန်၊ ဤသို့ဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ စာရင်းဇယားအလုပ်ဝန်ပိနေမှုများ ကို လျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။

၆။ (၂၀၁၈)ခုနှစ် ဧပြီလတွင် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများပါဝင်သော ဗဟိုအဆင့် ရှေ့ပြေးညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ဇွန်လအတွင်းတွင် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ စီမံချက်မန်နေဂျာများစသည့် သတင်းအချက်အလက် ကြီးကြပ်သူများနှင့်လည်းကောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စာရင်းအင်းအရာရှိ/စာရင်းအင်းမှူးများ စသည့် သတင်းအချက်အလက်ကောက်ယူသူများ နှင့်လည်းကောင်း ဆွေးနွေးပွဲများ အဆင့်ဆင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ သက်ဆိုင်ရာ စီမံချက် မန်နေဂျာများနှင့် အသေးစိတ် ညှိနှိုင်းသဘောတူညီမှုများကို ရယူပြီး စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် လက်စွဲစာအုပ် မူကြမ်းကို ပြုစုခဲ့ပါသည်။ ထို့နောက် ရှေ့ပြေးစမ်းသပ်ကောက်ယူမှုအနေဖြင့် မြို့နယ်(၂)မြို့နယ်တွင် တစ်လလက်တွေ့ ကောက်ယူစေပြီးမှ တွေ့ရှိရသောအခက်အခဲများ၊ အခိပ္ပါယ်မရှင်းလင်းမှုများကို အပြန်အလှန် ဆွေးနွေးပြုပြင်၍ ဤစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ (၂၀၁၉)ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ တစ်နိုင်ငံလုံးတွင် လချုပ်၊ သုံးလချုပ်နှင့် နှစ်ချုပ်ပုံစံသစ်များဖြင့် တစ်ပြေးညီပြောင်းလဲ ကောက်ယူမည်ဖြစ်ပါသည်။ ဤသတင်းစနစ်အရ သတ်မှတ်ထားသော မှတ်တမ်းများ၊ပုံစံများ ကို စာရင်းကောက်ယူရမည့်အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းအတွက်နှင့် ကျန်းမာရေး ဌာန တစ်ခုချင်းအတွက် ပြည့်စုံစွာရရှိစေရန် ဤဌာနမှ တာဝန်ယူဆောင်ရွက်ပေးပါသည်။

၇။ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ပြီးတိုင်းတွင်လည်း ပြောင်းလဲထားသည့်အချက်အလက် များ/အချက်အလက်အသစ်များအား လက်တွေ့ကောက်ယူ စာရင်းသွင်းမည့် အခြေခံ

ကျန်းမာရေးဝန်ထမ်းများ သိရှိနားလည်စေရန်နှင့် ဤလမ်းညွှန်ကို အခြေခံအသုံးပြု၍ လက်တွေ့ဆောင်ရွက်ရာတွင် ပုံစံဖြည့်စွက်နည်းများ၊ အညွှန်းကိန်း တွက်ချက်နည်းများနှင့် ကြီးကြပ်ဆန်းစစ်မှုများကို ဆောင်ရွက်နိုင်စေရန်အတွက် အဆိုပါကျန်းမာရေးဝန်ထမ်းများ အား ပြည်နယ်/တိုင်းအဆင့်နှင့် မြို့နယ်အဆင့် သင်တန်းများသာမက သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင်လည်း အဆင့်ဆင့် ဆင့်ပွားသင်တန်းပေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

၈။ ကျန်းမာရေးဌာနတစ်ခုချင်းအနေဖြင့်လည်းကောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်း တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဤသတင်းစနစ်အရ တစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် နှင့် တစ်နှစ်တစ်ကြိမ် ပုံမှန်ကောက်ယူ အစီရင်ခံရမည့် သတ်မှတ်ထားသော မှတ်ပုံတင်/မှတ်တမ်းများနှင့် စီမံချက်ဆန်းစစ်ပုံစံများကို ပုံမှန်သတင်းစနစ်အဖြစ် ကောက်ယူရေးမှတ် အစီရင်ခံခြင်းမှအပ အလားတူ ပုံမှန်သတင်းကောက်ယူ၊ ရေးမှတ်၊ အစီရင်ခံရခြင်းမရှိစေရန် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။ [ခြွင်းချက်အနေဖြင့် ကျန်းမာရေးစီမံချက်အချို့ (ဥပမာ- ရောဂါတိုက်ဖျက်ရေးအဖွဲ့များ)တွင် မိမိစီမံချက်ဆိုင်ရာ အသေးစိတ်အချက်အလက်များ ရရှိစေရန် မိမိဝန်ထမ်း (Team Staff)ကို အသုံးပြု၍ လိုအပ်သည့်နေရာများအတွက် သတင်းကောက်ယူခြင်း (Routine Data Collection for Sentinel Area) မပါဝင်ပါ။]

၉။ သတင်းအစီရင်ခံ ပေးပို့ခြင်းစနစ်တွင် သတင်းကွန်ယက်စနစ် (Health Information Network)ဖြင့် အထက်၊ အောက်၊ ဘေးဝဲယာ သတင်းပေးပို့ အသုံးချနိုင်စေရန်၊ ကျန်းမာရေးဌာန အဆင့်ဆင့်တွင် သတင်းအချက်အလက်များကို မျှဝေအသုံးပြုနိုင်စေရန် (Data Sharing)နှင့် သတင်းချိတ်ဆက်မိစေရန် ဆက်သွယ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၁၀။ ဤသတင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။

(က) စာရင်းအင်းပုံစံများကို တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ (Standardize) သတ်မှတ်အသုံးပြုသဖြင့်ကျန်းမာရေးဝန်ထမ်းများအနေနှင့်ပုံစံအမျိုးပေါင်း

မြောက်များစွာကို ဖြည့်စွက်ရသည့် ဝန်ထုပ်ဝန်ပိုးမှ လျော့ပါးစေမည် ဖြစ်ပါသည်။

(ခ) ကျန်းမာရေးဝန်ထမ်းတစ်ဦးစီအတွက် မိမိလုပ်ဆောင်မှုအပေါ် စာရင်းအင်း ရေးမှတ်ခြင်း၊ ဆန်းစစ်အသုံးပြုခြင်းတို့အတွက်ရှင်းလင်းချက်များ၊ လမ်းညွှန် ချက်များ၊ သင်တန်းများ ပီပြင်တိကျစွာ ရရှိစေခြင်းကြောင့် ဖော်ထုတ် ရရှိသောသတင်းကို ပိုမိုတိကျ မှန်ကန်စေပါသည်။

(ဂ) သတင်းကွန်ယက်စနစ်ဖြင့် အစီရင်ခံပေးပို့မှုကြောင့် လုပ်ငန်းကြီးကြပ် ဆန်းစစ်ခြင်းတွင် မြန်ဆန်ထိရောက်လာပြီး အချိန်မီ ပြန်လည်ပေးပို့ပြုပြင် စေခြင်းကြောင့် ဒေသဆိုင်ရာ ကျန်းမာရေးပြဿနာများ၊ ဦးစားပေးလိုအပ် ချက်များကို စောစီးစွာ ဖော်ထုတ်ညှိနှိုင်း ဆောင်ရွက်စေနိုင်ပါသည်။

(ဃ) ဤသတင်းစနစ်၏ရလဒ်သည် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အနုစိတ်စီမံချက်များ၊ အမျိုးသားအဆင့် ကျန်းမာရေးစီမံကိန်း များ ရေးဆွဲရာတွင်လည်း ဆီလျော်စွာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

၁၁။ အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်း အစီရင်ခံပေးပို့သော ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များမှတစ်ဆင့် ပြည်သူလူထု၏ကျန်းမာရေးအခြေအနေမှန်ကို ဖော်ထုတ်နိုင် သဖြင့် ကျန်းမာရေးစီမံချက်အသီးသီးအတွက်သာမက ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကြီးကြပ်ဆန်းစစ်ရန်အတွက် အလွန်အရေးပါ ပါသည်။ ဤသတင်းစနစ်၏ အကျိုးကျေးဇူးပြုမှု၊ အသုံးချနိုင်မှုတို့ကို နားလည်သဘော ပေါက်ပြီး သတင်းစနစ် ရေရှည်တည်တံ့နိုင်ရေးအတွက် မိမိတာဝန်ကျရာကဏ္ဍမှ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

(ဒေါက်တာသက်သက်မူ)
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

တကယ်လုပ်

ချက်ချင်းမှတ်

အချိန်မီပို့

ကိုယ်တိုင်သုံး

# အခန်း(၁)
# စီမံခန့်ခွဲမှုအထောက်အကူပြု
# ကျန်းမာရေးသတင်းစနစ်တွင် အသုံးပြုသော လချုပ်၊ သုံးလချုပ်နှင့် နှစ်ချုပ်ပုံစံများ၏ ရည်ရွယ်ချက်နှင့် လုပ်နည်းလုပ်ဟန်

စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်တွင် အသုံးပြုနေသော အစီရင်ခံစာပုံစံများကို သတင်းပေးပို့ရသည့် အချိန်ကာလပေါ်မူတည်၍ လချုပ် ပုံစံ(၁)၊ သုံးလချုပ် ပုံစံ(၂)နှင့် နှစ်ချုပ်များ ပုံစံ(၃ နှင့် ၄)အဖြစ် ခွဲခြားထားပါသည်။ **အခြေခံကျန်းမာရေးဝန်ထမ်း**များအနေနှင့် ယင်းတို့နေ့စဥ်ဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို စာရင်းပြုစု၍ သက်ဆိုင်ရာကျန်းမာရေးဌာနများ၏အစီရင်ခံစာကို တစ်လလျှင် တစ်ကြိမ် ပုံစံ(၁)ကို အသုံးပြု၍လည်းကောင်း၊ သုံးလလျှင်တစ်ကြိမ် ပုံစံ(၂)ကို အသုံးပြု၍လည်းကောင်း မြို့နယ်တာဝန်ခံထံသို့ အဆင့်ဆင့် သတင်းပေးပို့ရမည် ဖြစ်ပါသည်။ တာဝန်ကျနယ်မြေဒေသအတွင်းရှိ လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာအခြေခံ အချက်အလက်များကိုမူ သက်ဆိုင်ရာကျန်းမာရေးဌာနများအလိုက် တစ်နှစ်လျှင် တစ်ကြိမ် စာရင်းပြုစု၍ ပုံစံ(၃)ဖြင့် မြို့နယ်တာဝန်ခံထံသို့ အဆင့်ဆင့် သတင်းပေးပို့ရမည် ဖြစ်ပါသည်။ ပုံစံ(၄)သည် နှစ်ချုပ် (မြို့နယ်မှသာ ဖြည့်စွက်ရန်) ဖြစ်၍ မြို့နယ်တာဝန်ခံမှ တာဝန်ယူစာရင်းပြုစုရမည် ဖြစ်ပါသည်။ ဤသို့ အဆင့်ဆင့် ပေးပို့လာသောပုံစံများကို မြို့နယ်တာဝန်ခံမှ စီစစ်အတည်ပြု၍ DHIS2 တွင် တာဝန်ယူ ဖြည့်သွင်းပြီး အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ်ဖြင့် အထက်အဆင့်များသို့ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

**အခြေခံကျန်းမာရေးဝန်ထမ်း**ဟုဆိုရာတွင် ပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ကျန်းမာရေးဝန်ထမ်းတိုင်းကို ရည်ရွယ်ပါသည်။ **မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးမှူး၊ မြို့နယ်သူနာပြုဆရာမကြီး၊ ကျန်းမာရေးမှူး အဆင့်(၁)၊ လက်ထောက်ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ ကျန်းမာရေး ကြီးကြပ်(၁)၊ ကျန်းမာရေး ကြီးကြပ်(၂)နှင့် သားဖွားဆရာမများ**အားလုံး အကျုံးဝင်ပါသည်။ ကျန်းမာရေးဝန်ထမ်းအားလုံးသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စတစ်ခုခု ဆောင်ရွက်ပြီးတိုင်း သက်ဆိုင်ရာ မှတ်ပုံတင်/မှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားရန် လိုအပ်ပါသည်။ သို့မှသာ မိမိ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှု လုပ်ငန်းပမာဏကို

ပေါ်လွင်စေမည် ဖြစ်ပါသည်။ ထိုသို့ နေ့စဉ်မှတ်တမ်းတင်ထားသော အချက်အလက်များကို သက်ဆိုင်ရာစီမံချက်များအလိုက် လစဉ်စာရင်းအချုပ်ပြုစု၍ **အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်း အသုံးပြုရမည့် (လချုပ်၊ သုံးလချုပ်၊ နှစ်ချုပ်အစီရင်ခံစာ) လက်ခံစာအုပ်**တွင် ရေးမှတ်ရပါမည်။

**အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်း အသုံးပြုရမည့် လက်ခံစာအုပ်**ကို လုပ်ငန်းဆောင်ရွက်မှု၊ တာဝန်နှင့် ဝတ္တရားများပေါ်မူတည်၍ သားဖွားဆရာမများ အသုံးပြုရမည့် လက်ခံစာအုပ်၊ ကျန်းမာရေး ကြီးကြပ်(၂)များ အသုံးပြုရမည့် လက်ခံစာအုပ်နှင့် အခြားအခြေခံကျန်းမာရေးဝန်ထမ်းများ (သားဖွားဆရာမနှင့် ကျန်းမာရေး ကြီးကြပ်(၂)မှအပ) တစ်ဦးချင်း အသုံးပြုရမည့် လက်ခံစာအုပ် - ဟူ၍ သုံးမျိုးခွဲခြား ပြုစုထားပါသည်။ မိမိတို့နှင့်သက်ဆိုင်ရာ **(လချုပ်၊ သုံးလချုပ်၊ နှစ်ချုပ်အစီရင်ခံစာ)** လက်ခံစာအုပ်ကို အသုံးပြု၍ စာရင်းချုပ် ဖြည့်သွင်းရန် ဖြစ်ပါသည်။

**ကျေးလက်ကျန်းမာရေးဌာနခွဲ(လချုပ်၊သုံးလချုပ်၊နှစ်ချုပ်)အစီရင်ခံစာ**ကို ပြုစုရာတွင် ၎င်းကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)တို့၏ စာရင်းအချုပ်များကို ၎င်းတို့၏လက်ခံစာအုပ်များမှတစ်ဆင့် ကူးယူဖော်ပြ၍ (လချုပ်၊ သုံးလချုပ်၊နှစ်ချုပ်) အစီရင်ခံစာအဖြစ် ပြုစုကာ သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနသို့ ပေးပို့ရမည် ဖြစ်ပါသည်။ ****မှတ်ချက်-** ကျေးလက်ကျန်းမာရေးဌာနတည်ရှိရာ ပင်မဌာန (Main)အတွက် ပုံစံအချုပ်ကိုပြုစုရာတွင် သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)အပြင် တာဝန်ထမ်းဆောင်နေသူ အခြားအခြေခံကျန်းမာရေးဝန်ထမ်းများ (လက်ထောက်ကျန်းမာရေးမှူး/ အမျိုးသမီးကျန်းမာရေးဆရာမ/ ကျန်းမာရေးကြီးကြပ်-၁)၏ ဆောင်ရွက်မှုများ စုစည်းပါဝင်ရမည် ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ထမ်းအလိုက် အသုံးပြုရမည့် လက်ခံစာအုပ်များမှ ကူးယူဖော်ပြ၍ ပင်မဌာန လချုပ်၊သုံးလချုပ်၊နှစ်ချုပ် အစီရင်ခံစာကို ပြုစုရန် ဖြစ်ပါသည်။

**ကျေးလက်ကျန်းမာရေးဌာန(လချုပ်၊သုံးလချုပ်၊နှစ်ချုပ်)အစီရင်ခံစာ**ကို ပြုစုရာတွင် ၎င်းကျေးလက်ကျန်းမာရေးဌာနအပိုင်နယ်မြေအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအားလုံး (ပင်မဌာနအပါအဝင်)မှ ပေးပို့လာသော လချုပ်၊သုံးလချုပ်၊နှစ်ချုပ် ပုံစံများကို စုစည်း၍ မြို့နယ်တာဝန်ခံထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။

****မှတ်ချက်-**

(၁) ကျေးလက်ကျန်းမာရေးဌာနလချုပ်၊သုံးလချုပ်၊နှစ်ချုပ်စာရင်းပြုစုသည့်လုပ်ငန်းစဉ်အတိုင်း အခြားကျန်းမာရေးဌာနများ (တိုက်နယ်ကျန်းမာရေးဌာန၊ ဒေသန္တရ/မြို့မ၊

မိခင်ကလေးနှင့် ကျောင်းကျန်းမာရေး)သည်လည်း သက်ဆိုင်ရာဌာန (လချုပ်၊ သုံးလချုပ်၊ နှစ်ချုပ်)များ ပြုစု၍ မြို့နယ်တာဝန်ခံထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။


(၂) အဆိုပါမြို့နယ်အတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံများသည်လည်း ယင်းဆေးရုံများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဥ်များ အနက်မှ စီမံချက်ပါ အကြောင်းအရာများကို ဆေးရုံအလိုက် စာရင်းအချုပ် ပြုစု၍ မြို့နယ်တာဝန်ခံထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။

(၃) ရောဂါတိုက်ဖျက်ရေးစီမံချက်များကို ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ (ဥပမာ- သက်ဆိုင်ရာမြို့နယ်ရှိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်၊ အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်၊ ခုခံကျ /ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး လုပ်ငန်းများစီမံချက်-တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ)သည်လည်း ယင်းတို့၏ ဆောင်ရွက်မှုများအား စီမံချက်အလိုက် စာရင်းပြုစု၍ မြို့နယ် တာဝန်ခံထံသို့ ပေးပို့ရမည် ဖြစ်ပါသည်။ သို့မှသာ မြို့နယ်ကိုယ်စားပြုသည့် စာရင်းဇယား ကိုက်ညီမှန်ကန်မှုရှိမည် ဖြစ်ပါသည်။

**မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန (လချုပ်၊သုံးလချုပ်၊နှစ်ချုပ်)အစီရင်ခံစာ**ကို ပြုစုရာတွင် ၎င်းမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ဒေသန္တရ/ မြို့မ၊ မိခင်ကလေး၊ ကျောင်းကျန်းမာရေး၊ ရောဂါတိုက်ဖျက်ရေး စသည့် ကျန်းမာရေး ဌာနများနှင့် ခရိုင်/မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ စသည့် ဆေးရုံများမှ ပေးပို့လာသော လချုပ်၊သုံးလချုပ်၊နှစ်ချုပ် ပုံစံများကို သက်ဆိုင်ရာဌာန အလိုက် DHIS2 တွင် ဖြည့်သွင်းပြီး အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ်ဖြင့် အထက်အဆင့်များသို့ ပေးပို့ရမည် ဖြစ်ပါသည်။ DHIS2 ဆော့ဝဲလ်ကို အသုံးပြု၍ မြို့နယ်(လချုပ်၊ သုံးလချုပ်၊ နှစ်ချုပ်)အစီရင်ခံစာအဖြစ် စုစည်းသိမ်းဆည်းထားရမည် ဖြစ်ပါသည်။

အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ်ပါ အထက်အဆင့်များဟု ဆိုရာတွင် သတင်းပေးပို့သည့် မြို့နယ်၏ အထက်အဆင့်တွင်ရှိသော သက်ဆိုင်ရာ ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး စီမံချက်များ၊ ရောဂါတိုက်ဖျက်ရေးစီမံချက်များနှင့် ကျန်းမာရေးသတင်းအချက်အလက် ဌာနခွဲ(နေပြည်တော်)တို့ အကျုံးဝင်ပါသည်။ ဖော်ပြပါအထက်အဆင့် အသီးသီးသည် DHIS2တွင် ထည့်သွင်းလိုက်သော သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ တပြိုင်နက်တည်း သိရှိနိုင်မည် ဖြစ်ပါသည်။

## စာရင်းပြုစု၍ အစီရင်ခံခြင်း (Data Flow)



## ရည်ရွယ်ချက်နှင့် အသုံးဝင်ပုံ

စီမံခန့်ခွဲမှုအထောက်အကူပြုကျန်းမာရေးသတင်းစနစ်သည်သတင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ စုစည်းတွက်ချက်ခြင်း၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်းဖြင့် ရရှိလာသော ကျန်းမာရေးသတင်းအချက်အလက်များ၊ ကျန်းမာရေးအခြေအနေများကို အသုံးပြု၍ ကျန်းမာရေးစနစ်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

ထိုသတင်းအချက်အလက်များသည်-

- ကျန်းမာရေးဌာနများ၏ ဝန်ဆောင်ပေးနိုင်မှု အခြေအနေကို သိရှိနိုင်ခြင်း၊ လက်ရှိအခြေအနေကို ယခင်အခြေအနေများနှင့် နှိုင်းယှဥ်နိုင်ခြင်း၊
- မိမိတာဝန်ကျ နယ်မြေ/ဒေသ၏ ကျန်းမာရေးအခြေအနေကို သိရှိနိုင်ခြင်း၊ အခြားနယ်မြေ/ဒေသ၏ အခြေအနေများနှင့် နှိုင်းယှဥ်နိုင်ခြင်း၊
- နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို နိုင်ငံတကာအခြေအနေများနှင့် နှိုင်းယှဥ်နိုင်ခြင်း၊
- စီမံကိန်းများ၊ စီမံချက်များ၊ အနုစိတ်စီမံချက်များ ရေးဆွဲရာတွင် အသုံးပြုနိုင်ခြင်း၊
- ကျန်းမာရေးဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏကို ပေါ်လွင်စေနိုင်ခြင်း၊
- ပြည်သူလူထု၏ ကျန်းမာရေးဌာန/ကျန်းမာရေးဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုကို သိနိုင်ခြင်း၊
- ရောဂါများကို စောင့်ကြပ်ကြည့်ရှုနေခြင်းဖြင့် မိမိတာဝန်ကျ နယ်မြေ/ဒေသ၏ ပုံမှန်ဖြစ်ပွားမှုထက် ပိုမိုများပြားလာမှုကို အလွယ်တကူသိရှိနိုင်ပြီး ကာကွယ်တားဆီးရေး လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ခြင်း၊
- သတင်းအချက်အလက်များကို မိမိကိုယ်တိုင် ပြန်လည်သုံးသပ်ပြီး ပြည်သူလူထု၏ ကျန်းမာရေး လိုအပ်ချက်များကို ပိုမိုဖြည့်စွမ်းပေးနိုင်ခြင်း၊
- လုပ်ငန်းစံချိန်စံညွှန်းများ၊ သက်ဆိုင်ရာစီမံချက်၏ ရည်မှန်းချက်များ၊ လျာထားချက်များအတိုင်း ဆောင်ရွက်နိုင်မှု ပြည့်မီခြင်းရှိ/မရှိတို့ကို ကြီးကြပ်ဆန်းစစ်နိုင်ခြင်း၊
- ကျန်းမာရေးစောင့်ရှောက်ပေးမှုမှတ်တမ်းသည် ကျန်းမာရေးဝန်ထမ်းတိုင်းအတွက် အရေးပါသော သက်သေသာဓကဖြစ်ခြင်း၊
- ဌာနအဆင့်အသီးသီးရှိ ကြီးကြပ်သူများမှ ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု အခက်အခဲများကို ကူညီ၍ ဖြေရှင်းပေးနိုင်ခြင်း၊
- ကျန်းမာရေးသွင်းအားစုကို အကျိုးရှိစွာ အသုံးပြုနိုင်စေရန် စီမံခန့်ခွဲနိုင်ခြင်း၊

- ကျန်းမာရေးဘဏ္ဍာငွေရှာဖွေဖြည့်တင်းရန် လိုအပ်မှုကိုသိနိုင်ခြင်း၊
- ကျန်းမာရေးစနစ် သုတေသနများ ဆောင်ရွက်ရာတွင် အသုံးဝင်ခြင်း စသော အခြေအနေအမျိုးမျိုးကို ဖော်ညွှန်းလျက်ရှိပါသည်။ ၄င်းကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများသည် အခြေခံကျန်းမာရေးဝန်ထမ်းများထံမှ ကောက်ယူရရှိသော သတင်းအချက်အလက်ပေါ်တွင် အခြေခံလျက်ရှိနေပါသည်။ ဤစီမံခန့်ခွဲမှု အထောက်အကူပြုကျန်းမာရေးသတင်းစနစ်ဆိုင်ရာ စာရင်းကောက်ယူနည်းနှင့် တွက်ချက်နည်း လမ်းညွှန်လက်စွဲစာအုပ်သည် အရည်အသွေးပြည့်ဝသော သတင်းရရှိမှုအတွက် အထောက်အကူပြုလျက် ရှိပါသည်။

## လချုပ်ပုံစံ(၁)

## ရည်ရွယ်ချက်

(က) အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်း၏ လစဉ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို သက်ဆိုင်ရာဝန်ထမ်းအလိုက် အသုံးပြုရမည့် လက်ခံစာအုပ်များတွင်လည်းကောင်း၊ ကျန်းမာရေးဌာနခွဲ/ ဌာနတစ်ခုစီ၏ လစဉ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အစီရင်ခံစာ လချုပ်ပုံစံ(၁)တွင်လည်းကောင်း ရေးသွင်းမှတ်တမ်းတင်ရန်နှင့် သက်ဆိုင်ရာစီမံချက်၏ စံချိန်စံညွှန်းများ၊ ရည်မှန်းချက်များ၊လျာထားချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိတို့ကို လုပ်ငန်း ကြီးကြပ်ဆန်းစစ်နိုင်ရန်နှင့်

(ခ) ဝန်ထမ်းတစ်ဦးချင်းအတွက်လည်းကောင်း၊ ဌာနခွဲ/ဌာနအတွက်လည်းကောင်း မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းလျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ စိစစ်ပြီး ဆက်လက်၍ ဆောင်ရွက်သင့်သည်များကို ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ပါသည်။

## လုပ်နည်းလုပ်ဟန်

ဤလချုပ် ပုံစံ(၁)တွင် ပါဝင်သောစီမံချက်များမှာ-

(၁) ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်

(၂) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်

(၃) အာဟာရစောင့်ရှောက်မှုစီမံချက်

(၄) ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်

(၅) တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်

(၆) စောင့်ကြပ်ကြည့်ရှုရသောရောဂါများနှိမ်နင်းရေးစီမံချက်

(၇) ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

(၈) နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်

(၉) ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်

(၁၀) ဖွားသေစာရင်းအင်းနှင့်

(၁၁) ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးစီမံချက် တို့ဖြစ်ပါသည်။

(က) စီမံချက်အမှတ်စဉ်(၁)သည် **ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်** ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသအတွင်း နေထိုင်သူများအား ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း ကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို စီမံချက်အမှတ်စဉ်အလိုက် လချုပ် ရေးသွင်းရန် ဖြစ်ပါသည်။ ထိုသို့ ရေးသွင်းရာတွင် လူထုကျန်းမာရေးလုပ်သားများ၏ ဆောင်ရွက်ချက်/ သတင်းပို့ချက်များကိုပါ ထည့်သွင်းပြုစုရန် ဖြစ်ပါသည်။

(ခ) စီမံချက်အမှတ်စဉ်(၂) **မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်** တွင်လည်း အခြေခံကျန်းမာရေးဝန်ထမ်းများ၏ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို စီမံချက်အမှတ်စဉ်အလိုက် လချုပ်ရေးသွင်းရန် ဖြစ်ပါသည်။ အရန်သားဖွားဆရာမများ၏လုပ်ဆောင်ချက်များကိုကြီးကြပ်ခြင်း၊ စိစစ်ခြင်း၊ စာရင်းစုဆောင်းခြင်းတို့ကို ပြုလုပ်၍လည်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဂ) စီမံချက်အမှတ်စဉ်(၃) **အာဟာရစောင့်ရှောက်မှုစီမံချက်**တွင် မိမိတာဝန်ကျရာဒေသအတွင်း မွေးကင်းစကလေးများကို (၂၄)နာရီအတွင်း ကိုယ်အလေးချိန်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးမိခင်များအား သံဓါတ်အားဆေး၊ သန်ချဆေး၊ ဗီတာမင်ဘီဝမ်း၊ ဗီတာမင်အေ အစရှိသည့်ဆေးဝါးများ တိုက်ကျွေးခြင်း၊ သူငယ်နာဘယ်ရီဘယ်ရီ ဖြစ်ပွားသောကလေးများနှင့် သွေးအားနည်းသော ကိုယ်ဝန်ဆောင်မိခင်များကို ရှာဖွေဖော်ထုတ်ခြင်း စသည်တို့ကို စာရင်းကောက်ယူ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဃ) စီမံချက်အမှတ်စဉ်(၄)နှင့် (၅)သည် **ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်**နှင့် **တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်** တို့ ဖြစ်ကြပါသည်။ အစီရင်ခံသောလအတွင်း

ဆေးခန်းတွင်(သို့မဟုတ်) ကွင်းဆင်းစဥ်တွင်ပေးလိုက်သော ကျန်းမာရေးစောင့်ရှောက်မှုများအနက်မှ ကလေးငယ်များတွင် အဖြစ်များသောရောဂါများကို ကုသပေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း (သို့မဟုတ်) ထိုးခြင်းနှင့် ပတ်သက်သော လုပ်ဆောင်ချက်များကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(င) စီမံချက်အမှတ်စဥ်(၆)သည် **စောင့်ကြပ်ကြည့်ရှုရသောရောဂါများနှိမ်နင်းရေးစီမံချက်** ဖြစ်ပြီး မိမိကျန်းမာရေး ဌာနအောက်ရှိ လူနာများအနက်မှ ထိုစောင့်ကြပ်ကြည့်ရှုရသော ရောဂါ(၁၇)မျိုး ဖြစ်ပွားနေသော သူများကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(စ) စီမံချက်အမှတ်စဥ်(၇)သည် ကူးစက်ရောဂါနှိမ်နင်းရေးစီမံချက်များမှ **ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်**အတွက် ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ကျရာဒေသအတွင်း နေထိုင်သူများအား **ရောဂါတိုက်ဖျက်ရေးဌာန**တွင်လည်းကောင်း၊ ဆေးရုံ/ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း ဤစီမံချက်ဆိုင်ရာ လုပ်ဆောင်ချက်၊ တွေ့ရှိချက်များကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဆ) စီမံချက်အမှတ်စဥ်(၈)သည် **နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်** ဖြစ်ပြီး တာဝန်ကျရာဒေသအတွင်း နေထိုင်သူများအား ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း အသက်(၁၈)နှစ်နှင့်အထက် သွေးပေါင်ချိန်သူများနှင့် ရှာဖွေဖော်ထုတ်၍ရသော သွေးတိုးရောဂါရှိသူများကို စာရင်းပြုစု၍ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဇ) စီမံချက်အမှတ်စဥ်(၉)သည် **ထိခိုက်မှုအန္တရာယ် ကာကွယ်ရေးစီမံချက်**ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းအနေဖြင့် မိမိတာဝန်ကျရာဒေသအတွင်း ထိခိုက်ဒဏ်ရာရရှိမှုများ (ရည်ရွယ်၍ဖြစ်စေ/ မရည်ရွယ်ဘဲဖြစ်စေ) ဖြစ်ပါက ထိုဒဏ်ရာရရှိသူနှင့် သေဆုံးသူအရေအတွက်ကို ထိခိုက်ဒဏ်ရာ အမျိုးအစားအလိုက် သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဈ) အမှတ်စဥ်(၁၀)သည် **ဖွားသေစာရင်းအင်း**ဖြစ်ပြီး မိမိတာဝန်ကျရာဒေသအတွင်းရှိ ဖွားခြင်း၊ သေခြင်းအားလုံးကို လွှမ်းခြုံမှု ရှိစေရပါမည်။

(ည) စီမံချက်အမှတ်စဥ်(၁၁)သည် **ဆီးချို သွေးချို ရောဂါထိန်းသိမ်းရေးစီမံချက်** ဖြစ်ပြီး တာဝန်ကျရာဒေသအတွင်း နေထိုင်သူများအား ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု

ပေးစဉ်တွေ့ရှိရသော ဆီးချိုသွေးချိုရောဂါရှိသူများကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

## လချုပ်ပြုစုခြင်း

အခြေခံကျန်းမာရေးဝန်ထမ်းတိုင်းသည် မိမိတို့ဆောင်ရွက်နေသော ကျန်းမာရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို သက်ဆိုင်ရာ မှတ်ပုံတင်/မှတ်တမ်း စာအုပ်များတွင် နေ့စဉ် စနစ်တကျ ရေးသွင်းထားရပါမည်။ ထိုမှတ်ပုံတင်/မှတ်တမ်းများမှ လချုပ်အတွက် လိုအပ်သောစီမံချက်ပါ အကြောင်းအရာများကို မိမိတို့သက်ဆိုင်ရာ လက်ခံစာအုပ်တွင် လစဉ် စာရင်းပြုစုရမည် ဖြစ်ပါသည်။ ယင်းလက်ခံစာအုပ်ပါ အကြောင်းအရာများကို စုစည်း၍ ကျန်းမာရေးဌာနခွဲ/ ကျန်းမာရေးဌာနလချုပ်များကို အဆင့်ဆင့် ပြုစုရမည် ဖြစ်ပါသည်။

မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနအားလုံးမှ ပေးပို့လာသော လချုပ်ပုံစံများကို မြို့နယ်၏ သတင်းအချက်အလက်တာဝန်ခံ (မြို့နယ်ကျန်းမာရေးဦးစီးမှူးမှ တာဝန်ပေးအပ်ထားသူ)မှ စစ်ဆေးအတည်ပြု လက်မှတ်ထိုး၍ စီမံခန့်ခွဲမှုအထောက်အကူပြုသတင်းစနစ် (HMIS)၏ သတင်းပို့ဝက်ဘ်ဆိုက်ဖြစ်သော DHIS2 တွင် လစဉ် လဆန်း(၅)ရက်ထက် နောက်မကျစေဘဲ စာရင်းထည့်သွင်းရပါမည်။ ဤကဲ့သို့ စာရင်းထည့်သွင်းပြီးသော လချုပ်ပုံစံများကို လက်ခံအဖြစ် ဖိုင်တွဲ၍ သိမ်းဆည်းထားရပါမည်။ မြို့နယ်လချုပ်ပုံစံများကို အီလက်ထရောနစ်စနစ်တွင် အလိုအလျောက် သိမ်းဆည်းပေးထားမည် ဖြစ်ပါသည်။ စာရွက်ဖြင့်သိမ်းဆည်းရန် မြို့နယ်လချုပ်ပုံစံများကို အီလက်ထရောနစ်စနစ်မှ ထုတ်ယူရရှိနိုင်ပါသည်။

## သုံးလချုပ်ပုံစံ(၂)

## ရည်ရွယ်ချက်

(က) အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်း၏ လုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို သက်ဆိုင်ရာဝန်ထမ်းအလိုက် အသုံးပြုရမည့် လက်ခံစာအုပ်များတွင် လစဉ် ရေးမှတ်၍ သုံးလချုပ် ပြုစုပြီးလည်းကောင်း၊ ကျန်းမာရေးဌာနခွဲ/ ဌာနတစ်ခုစီ၏ သုံးလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို သုံးလချုပ် ပုံစံ(၂) တွင်လည်းကောင်း ရေးသွင်းမှတ်တမ်းတင်ရန်နှင့် သက်ဆိုင်ရာ စီမံချက်၏ စံချိန်စံညွှန်းများ၊ ရည်မှန်းချက်များ၊လျာထားချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိတို့ကို လုပ်ငန်းကြီးကြပ်ဆန်းစစ် နိုင်ရန်နှင့်

(ခ) ဝန်ထမ်းတစ်ဦးချင်းအတွက်လည်းကောင်း၊ ဌာနခွဲ/ဌာနအတွက်လည်းကောင်း မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းလျာထားချက်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ စိစစ်ပြီး ပြည့်မီမှုမရှိသော ဝန်ထမ်း အတွက် ဆက်လက်၍ ဆောင်ရွက်သင့်သည်များကို ကြိုတင် ပြင်ဆင်နိုင်ရန် ရည်ရွယ်ပါသည်။

## လုပ်နည်းလုပ်ဟန်

ဤသုံးလချုပ် ပုံစံ(၂)တွင် ပါဝင်သောစီမံချက်များမှာ-

(၃) အာဟာရစောင့်ရှောက်မှုစီမံချက်(တချို့အချက်အလက်များ)

(၁၂) ကျောင်းကျန်းမာရေးစီမံချက်

(၁၃) နားလေးရောဂါကာကွယ်ရေးစီမံချက်

(၁၄) စိတ်ကျန်းမာရေးစီမံချက်

(၁၅) အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း

(၁၆) အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

(၁၇) ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

(၁၈) မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများစီမံချက်

(၁၉) တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက်

(၂၀) ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက်နှင့်

(၂၁) အတက်ရောဂါစီမံချက် တို့ဖြစ်ပါသည်။

(က) စီမံချက်အမှတ်စဥ်(၃)သည် **အာဟာရစောင့်ရှောက်မှုစီမံချက်**ဖြစ်ပြီး လချုပ်ပုံစံ(၁)တွင် ပါဝင်ပြီးဖြစ်ပါသည်။ (၃)လလျှင်တစ်ကြိမ်သာ သတင်းပေးပို့ရန်ဖြစ်သော အချက်အလက်အချို့ကို သုံးလချုပ်ပုံစံ(၂)တွင် ထည့်သွင်းထားခြင်းဖြစ်ပါသည်။တာဝန်ကျရာဒေသအတွင်းရှိ ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေးများနှင့် ၎င်းတို့အနက်မှ အာဟာရချို့တဲ့မှုရှိသော ကလေးများကို မှတ်တမ်းတင် ပေးပို့ရမည် ဖြစ်ပါသည်။ ထို့ပြင် အိုင်အိုဒင်းဆား စားသုံးမှုစံမီ/မမီကိုပါ ထည့်သွင်း၍ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ခ) စီမံချက်အမှတ်စဥ်(၁၂)သည် **ကျောင်းကျန်းမာရေးစီမံချက်**ဖြစ်ပြီး ကျောင်းကျန်းမာရေးဝန်ထမ်းများ၊လက်ထောက်ကျန်းမာရေးမှူးများ၊ သားဖွားဆရာမများနှင့် အခြားအခြေခံကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်

ကျေးရာဒေသအတွင်းရှိ ကျောင်းများနှင့် ကျောင်းသား/သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဂ) စီမံချက်အမှတ်စဉ်(၁၃)သည် **နားလေးရောဂါကာကွယ်ရေးစီမံချက်**ဖြစ်ပြီး မွေးရာပါ နားလေးရောဂါရှိသူကလေးများ၊ နားနှစ်ဘက်လုံး(သို့)တစ်ဘက်မှ နားပြည်ယိုသူများနှင့် နားပြည်ယိုခြင်းမရှိဘဲ နားလေးနေသူများကို တာဝန်ကျေးရာဒေသအတွင်း ရှာဖွေဖော်ထုတ်၍ ထည့်သွင်းအစီရင်ခံရန် ဖြစ်ပါသည်။

(ဃ) စီမံချက်အမှတ်စဉ်(၁၄)သည် **စိတ်ကျန်းမာရေးစီမံချက်**ဖြစ်ပြီး တာဝန်ကျေးရာဒေသအတွင်း နေထိုင်သူများအား ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း စိတ်ကျန်းမာရေးစောင့်ရှောက်မှု ပေးရခြင်းနှင့် တွေ့ရှိရခြင်းများကို ထည့်သွင်းအစီရင်ခံရမည် ဖြစ်ပါသည်။

(င) စီမံချက်အမှတ်စဉ် (၁၅) မှ (၁၉) အထိမှာရောဂါနှိမ်နင်းရေးစီမံချက်များ ဖြစ်ကြပါသည်။ ၎င်းစီမံချက်များမှာ-

စီမံချက်အမှတ်စဉ် (၁၅) **အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း**

စီမံချက်အမှတ်စဉ် (၁၆) **အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်**

စီမံချက်အမှတ်စဉ် (၁၇) **ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်**

စီမံချက်အမှတ်စဉ် (၁၈) **မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများစီမံချက်**

စီမံချက်အမှတ်စဉ် (၁၉) **တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက်**တို့ဖြစ်ကြပါသည်။ တာဝန်ကျေးရာဒေသအတွင်း နေထိုင်သူများအား ရောဂါတိုက်ဖျက်ရေးဌာနတွင်လည်းကောင်း၊ ဆေးရုံ/ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း အထက်ဖော်ပြပါ စီမံချက်များဆိုင်ရာ လုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များကို စီမံချက်အမှတ်စဉ်အလိုက် ဖြည့်သွင်းရန် ဖြစ်ပါသည်။

(စ) စီမံချက်အမှတ်စဉ်(၂၀)သည် **ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက်** ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျေးရာဒေသတွင် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပညာပေး အထောက်အကူပြု ပစ္စည်းများ ရရှိ/ဖြန့်ဝေခြင်း၊ ဆေးရုံများတွင် ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်း

ဆိုင်ရာ ပညာပေးများ နမူနာပြ ပြုလုပ်၍ နားလည်မှု ပြန်လည်ဆွေးနွေးခြင်း (Teach-back session)များ ပြုလုပ်ခြင်းတို့ကို သတင်းပေးပို့ရမည် ဖြစ်ပါသည်။

(ဆ) စီမံချက်အမှတ်စဥ်(၂၁)သည် **အတက်ရောဂါစီမံချက်**ဖြစ်ပြီး တာဝန်ကျရာဒေသအတွင်း နေထိုင်သူများအား ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း အတက်ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရခြင်းနှင့် တွေ့ရှိရခြင်းများကို ထည့်သွင်း၍ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

**သုံးလချုပ်ပြုစုခြင်း**

အခြေခံကျန်းမာရေးဝန်ထမ်းအနေဖြင့် တာဝန်ကျဒေသအတွင်းရှိ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုပေးနေခြင်းကို သက်ဆိုင်ရာ မှတ်တမ်း/မှတ်ပုံတင်စာအုပ်များတွင် နေ့စဥ်ရေးမှတ်ရမည်ဖြစ်ပြီး ထိုမှတ်ပုံတင်/မှတ်တမ်းများမှ သုံးလချုပ်အတွက် လိုအပ်သော စီမံချက်ပါ အကြောင်းအရာများကို လက်ခံစာအုပ်တွင် လစဥ် ဖြည့်သွင်းထားရမည် ဖြစ်ပါသည်။ သို့သော် အထက်အဆင့်သို့ အစီရင်ခံစာပေးပို့ရာတွင် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်အတွက် သုံးလချုပ်၊ ဧပြီ၊ မေ၊ ဇွန်အတွက် သုံးလချုပ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာအတွက် သုံးလချုပ်နှင့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာအတွက် သုံးလချုပ်ဟူ၍ ယင်းလက်ခံစာအုပ်ပါ အကြောင်းအရာများကို စုစည်းပြီး ကျန်းမာရေးဌာနခွဲ/ကျန်းမာရေးဌာန သုံးလချုပ်များအဖြစ် သုံးလလျှင်တစ်ကြိမ်သာ ပေးပို့ရမည် ဖြစ်ပါသည်။

မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနအားလုံးမှ ပေးပို့လာသော ဌာနချုပ်ပုံစံများကို မြို့နယ်၏ သတင်းအချက်အလက်တာဝန်ခံ (မြို့နယ်ကျန်းမာရေးဦးစီးမှူးမှ တာဝန်ပေးအပ်ထားသူ)မှ စစ်ဆေးအတည်ပြု လက်မှတ်ထိုး၍ စီမံခန့်ခွဲမှုအထောက်အကူပြုသတင်းစနစ် (HMIS)၏ သတင်းပို့ဝက်ဘ်ဆိုက်ဖြစ်သော DHIS2 တွင် လဆန်း(၅)ရက်ထက် နောက်မကျစေဘဲ စာရင်းထည့်သွင်းရပါမည်။ ဤကဲ့သို့စာရင်း ထည့်သွင်းပြီးသော ဌာနချုပ်ပုံစံများကို လက်ခံအဖြစ် ဖိုင်တွဲ၍ သိမ်းဆည်းထားရပါမည်။ မြို့နယ်သုံးလချုပ်ကို အီလက်ထရောနစ်စနစ်တွင် အလိုအလျောက် သိမ်းဆည်းပေးထားမည် ဖြစ်ပါသည်။ စာရွက်ဖြင့်သိမ်းဆည်းရန် အီလက်ထရောနစ်စနစ်မှ ထုတ်ယူ ရရှိနိုင်ပါသည်။

## နှစ်ချုပ်ပုံစံ(၃)နှင့် (၄)

## ရည်ရွယ်ချက်

အမျိုးသားကျန်းမာရေးစီမံကိန်း အကျိုးသက်ရောက်မှုကို တိုင်းတာရာတွင် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေကို ထင်ဟပ်ဖော်ပြသော အညွှန်းကိန်းများကို အသုံးပြုရပါသည်။ ဤစာအုပ်တွင် အဆိုပါအညွှန်းကိန်းများ၏ တွက်ချက်ဆန်းစစ်နည်းများ ပါဝင်ပါသည်။ ထို့အပြင် လူဦးရေကို လူဦးရေတိုးနှုန်းဖြင့် တွက်ချက်၍ ရရှိသော နောက်နှစ်၏ လူဦးရေ(ခန့်မှန်း)ဖြင့် ရှေ့လာမည့်နှစ်အတွက် အနုစိတ်စီမံချက်များ ရေးဆွဲရာတွင် အသုံးပြုနိုင်ပါသည်။

(က) အညွှန်းကိန်းများတွက်ချက်ရာတွင် လိုအပ်သော လူဦးရေစာရင်းအင်းများကို မှန်ကန်စွာ ရရှိနိုင်ရန်၊

(ခ) ကျန်းမာရေးဌာနအသီးသီးတည်ရှိရာဒေသ၊မြို့နယ်များအတွင်း ကျန်းမာရေးတိုးတက်မှုကို အထောက်အကူပြုသည့် အရင်းအမြစ်များအား ထုတ်ဖော်၍ သက်ဆိုင်ရာဒေသ၏ ကျန်းမာရေးအခြေအနေကို ဆန်းစစ်ရာတွင် ထည့်သွင်းအသုံးပြုရန်၊

(ဂ) အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦးချင်းမှ စုစည်းပြုစုထားသော ရပ်ကွက်/ ကျေးရွာ အခြေခံအချက်အလက်များကို ကျန်းမာရေးဌာနခွဲ/ ကျန်းမာရေးဌာန အချုပ်အဖြစ် နှစ်ချုပ်ပုံစံ(၃)နှင့်(၄)တို့တွင် စုစည်းတင်ပြနိုင်ရန်နှင့် လုပ်ငန်းကြီးကြပ်ဆန်းစစ်နိုင်ရန်၊

(ဃ) ကျန်းမာရေးဝန်ထမ်းများ ကောက်ယူပေးသော အခြေခံအချက်အလက်များကို အသုံးပြု၍ ထိုနှစ်အတွက် အညွှန်းကိန်းများကို ကျန်းမာရေးဌာနတစ်ခုချင်းစီအလိုက် တွက်ချက်ဆန်းစစ်နိုင်ရန်နှင့် ထိုသို့တွက်ချက်ဆန်းစစ်ခြင်းဖြင့် ပြီးခဲ့သောနှစ်က ရေးဆွဲခဲ့သော အနုစိတ်စီမံချက်များ အောင်မြင်မှုရှိ/မရှိ ဆန်းစစ်သုံးသပ်နိုင်ရန်၊

(င) ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် ထိရောက်အောင်မြင်မှု ရှိ/မရှိကို အကျိုးသက်ရောက်မှု အညွှန်းကိန်းများဖြင့် စိစစ်ရန်နှင့် ဆက်လက်၍ ဆောင်ရွက်သင့်သည်များကို ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ပါသည်။

## လုပ်နည်းလုပ်ဟန်

နှစ်ချုပ်ပုံစံ(၃)နှင့်(၄)သည် ရပ်ကွက်/ကျေးရွာ/မြို့နယ်၏ အခြေခံအချက်အလက်များကို စာရင်းပြုစုပြီး နှစ်စဉ် ပေးပို့ရန် ဖြစ်ပါသည်။ နှစ်ချုပ် ပုံစံ(၃)တွင် ပါဝင်သော အခြေခံအချက်အလက်များမှာ-

(၁) လူဦးရေ

(၂) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး

(၃) မကူးစက်သောရောဂါများ ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်အမှုအကျင့်များ

(၄) ပတ်ဝန်းကျင်သန့်ရှင်းရေး

(၅) သောက်ရေအရင်းအမြစ်

(၆) ကျောင်းနှင့်ကျောင်းသားပေါင်း

(၇) လူထုပါဝင်မှုအခြေအနေ

(၈) ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ

(၉) ကျန်းမာရေးလုပ်သားအင်အားနှင့်

(၁၀) ကျန်းမာရေးဌာနများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး စသည်တို့ဖြစ်ပြီး

နှစ်ချုပ်ပုံစံ (၄)တွင် ပါဝင်သော အခြေခံအချက်အလက်များမှာ-

(၁) ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ

(၂) ကျန်းမာရေးလုပ်သားအင်အား

(၃) ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေးစီမံချက်နှင့်

(၄) သင်တန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစသည်တို့ ဖြစ်ပါသည်။

(က) လူဦးရေစာရင်းကို ဤဦးစီးဌာနမှပံ့ပိုးပေးထားသော လူဦးရေနှင့် နှစ်ချုပ်စာရင်းမှတ်တမ်းတွင် နှစ်ကုန်ဒီဇင်ဘာလအတွင်း စာရင်းကောက်ယူပြီး ထိုနှစ်တစ်နှစ်အတွက် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

(ခ) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ မကူးစက်သောရောဂါများ ဖြစ်ပေါ် စေနိုင်သည့်အန္တရာယ်အမှုအကျင့်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သောက်ရေအရင်းအမြစ်ရရှိမှုနှင့် ကျောင်းနှင့်ကျောင်းသားပေါင်း စသည့် စာရင်းအင်းများ မှန်ကန်စွာ ရရှိစေရေးအတွက် နှစ်ချုပ်စာရင်းမှတ်တမ်းကို လူဦးရေစာရင်းနှင့်တွဲ၍ စာရင်းကောက်ယူပြီး ထိုနှစ်တစ်နှစ်အတွက် မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

(ဂ) ထို့အပြင် ကျန်းမာရေးဌာနများမှ စုစည်းပေးပို့လာသော နှစ်ချုပ်ပုံစံ (၃) တွင် မပါဝင်သည့် ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ၊

ကျန်းမာရေးလုပ်သားအင်အား၊ ဘဏ္ဍာငွေရှာဖွေ ဖြည့်တင်းရေးစီမံချက်နှင့် သင်တန်းအကောင်အထည်ဖော်ဆောင်ရွက်မှု စသည်တို့ကို နှစ်ချုပ်ပုံစံ (၄) ဖြင့်မြို့နယ်မှ စိစစ်ဖြည့်စွက်ပေးရန် ဖြစ်ပါ သည်။

## နှစ်ချုပ်ပြုစုခြင်း

သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)သည် နှစ်စဉ်ဒီဇင်ဘာလအတွင်း မိမိတာဝန်ကျရာဒေသအတွင်းရှိ လူဦးရေစာရင်းနှင့် နှစ်ချုပ်စာရင်းမှတ်တမ်းကို ကောက်ယူပြီး လက်ခံစာအုပ်တွင် နှစ်ချုပ်စာရင်းကို ပြုစုရပါမည်။ ယင်းအချက်အလက်များကို စုစည်း၍ ကျန်းမာရေးဌာနခွဲ/ကျန်းမာရေးဌာနနှစ်ချုပ်အဖြစ် နှစ်ချုပ်ပုံစံ (၃)ကို ပြုစုရပါမည်။

အလားတူ မြို့နယ်မှ တာဝန်ခံကျန်းမာရေးဝန်ထမ်းသည် နှစ်ချုပ်တွင်ပါရှိသော သက်ဆိုင်ရာ သတင်းအချက်အလက်များ (ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ၊ ကျန်းမာရေးလုပ်သားအင်အား၊ ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေးစီမံချက်နှင့် သင်တန်းအကောင်အထည်ဖော်ဆောင်ရွက်မှု စသည်တို့ကို) ပြည့်စုံမှန်ကန်အောင် ဆောင်ရွက်ခြင်း၊ စုစည်းခြင်းတို့ကို ပြုလုပ်၍ နှစ်ချုပ်ပုံစံ(၄) (မြို့နယ်မှသာဖြည့်စွက်ရန်)ကို ပြုစုရပါမည်။

မြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနအားလုံးမှ ပေးပို့လာသော နှစ်ချုပ် ပုံစံ(၃) များနှင့် မြို့နယ်မှပြုစုထားသော ပုံစံ(၄)တို့ကို မြို့နယ်၏ သတင်း အချက် အလက်တာဝန်ခံ (မြို့နယ်ကျန်းမာရေးဦးစီးမှူးမှ တာဝန်ပေးအပ်ထားသူ)မှ စစ်ဆေး အတည်ပြု လက်မှတ်ထိုး၍ စီမံခန့်ခွဲမှုအထောက်အကူပြုသတင်းစနစ် (HMIS)၏ သတင်းပို့ဝက်ဘ်ဆိုက်ဖြစ်သော DHIS2 တွင် နှစ်စဉ် ဇန်နဝါရီလ (၅)ရက်ထက် နောက်မကျစေဘဲ စာရင်းထည့်သွင်းရပါမည်။ ဤကဲ့သို့ စာရင်းထည့်သွင်းပြီးသော နှစ်ချုပ်ပုံစံများကို လက်ခံအဖြစ် ဖိုင်တွဲ၍ သိမ်းဆည်းထားရပါမည်။ မြို့နယ်နှစ်ချုပ်ကို အီလက်ထရောနစ် စနစ်တွင် အလိုအလျောက် သိမ်းဆည်းပေးထားမည် ဖြစ်ပါသည်။ စာရွက်ဖြင့်သိမ်းဆည်းရန် အီလက်ထရောနစ်စနစ်မှ ထုတ်ယူရရှိနိုင်ပါသည်။

# မှန်ကန်တိကျ ၊ သတင်းအချ

တကယ်လုပ်တာ ချက်ချင်းမှတ်မှ

စာရင်းတိကျ သေချာမယ်။

ဌာနဆိုင်ရာ ပြည်သူများနဲ့

လက်တွဲပူးပေါင်း သတင်းယူမယ်။

ကိုယ်တိုင်သုံးကာ အချိန်မီပို့လို့

ကျန်းမာသတင်း ကောင်းဖို့ရယ်။

ကြီးကြပ်ပေးကာ လက်တွဲကူဖို့

အဆင့်တိုင်းရဲ့ တာဝန်ကွယ်။

တိကျပြည့်စုံ စုစည်းတွက်လို့

အနာဂတ်အကျိုး သယ်ပိုးမယ်။

ဝန်ထမ်းအားလုံး တာဝန်ကွယ်။

ပြည်သူများလည်း သိစေမယ် . . . မှတ်ဖွယ် မှတ်ကွယ်။

# အခန်း(၂)

## လုပ်ငန်း အမှတ်စဉ် — လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက်

**၁။ ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်**

(၁-၁) **ဆေးခန်းလာလူနာအသစ်ပေါင်း** ဆိုသည်မှာ မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ဒေသန္တရ၊ မိခင်ကလေး၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများနှင့် နယ်စပ်ဆေးပေးခန်းများသို့ **"ဆေးခန်းဖွင့်ချိန်၌ သာမက အခြားအချိန်များတွင်လည်း"** ရောဂါဝေဒနာတစ်ခုခုအတွက် ဆေးကုသမှုခံယူရန် လာရောက်သည့် လူနာ(သစ်)ဦးရေကို ဆိုလိုပါသည်။

(၁-၂) **ဆေးခန်းလာလူနာသစ်များအနက် အသက်(၆၀)နှစ်နှင့်အထက်ရှိသူပေါင်း** ဆိုသည်မှာ စာတိုင်(၁-၁)ရှိ လူနာသစ်များအနက် အသက်(၆၀)နှစ်နှင့်အထက်ရှိသူပေါင်းကို ဆိုလိုပါသည်။

(၁-၃) **အထွေထွေဆေးခန်းလာလူနာစုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း)** ဆိုသည်မှာ မြို့နယ်ဆေးရုံ၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ဒေသန္တရ၊ မိခင်ကလေး၊တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများနှင့် နယ်စပ်ဆေးပေးခန်းများသို့ **"ဆေးခန်းဖွင့်ချိန်၌သာမက အခြားအချိန်များတွင်လည်း"** ရောဂါဝေဒနာ တစ်ခုခုအတွက် ဆေးကုသမှုခံယူရန် လူနာလာရောက်သည့် အကြိမ်ပေါင်း (သစ်+ဟောင်း)ကို ဆိုလိုပါသည်။

(၁-၄) **ကွင်းဆင်းသည့်အကြိမ်ပေါင်း (ရပ်ကွက်/ကျေးရွာ အရေအတွက်)** ဆိုသည်မှာ ကျန်းမာရေးလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် ရပ်ကွက်/ကျေးရွာသို့ ကွင်းဆင်းသည့်အကြိမ်ပေါင်းကို ဆိုလိုပါသည်။ ဥပမာ-မိမိပိုင်နယ်မြေအတွင်း ကျေးရွာ(၄)ရွာအား၊ တစ်ရက်တာအတွင်း ရောက်ရှိပါက (၄)ကြိမ် ရေးသွင်းရန် ဖြစ်ပါသည်။

**မှတ်ချက်** - ရပ်ကွက်/ကျေးရွာကို အခြေခံ၍ ကွင်းဆင်းသည့်အကြိမ်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

(၁-၅) **ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လူနာစုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း)** ဆိုသည်မှာ ကျန်းမာရေးဝန်ထမ်းများ

ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းသည့်အခါတွင် ရောဂါဝေဒနာတစ်ခုခု အတွက် ဆေးကုသမှုခံယူရန် လာရောက်ပြသသူများအား ကျန်းမာရေးနှင့် ပတ်သက်၍စမ်းသပ်၊ စစ်ဆေး၊ ကုသပေးသည့် လူနာအကြိမ်ပေါင်း (သစ်+ဟောင်း)ကို ဆိုလိုပါသည်။

(၁-၆) **အထက်အဆင့်များသို့ လွှဲပြောင်းပေးသော လူနာပေါင်း** ဆိုသည်မှာ လူနာအနေဖြင့် ဆေးခန်းသို့ လာသည်ဖြစ်စေ၊ ကွင်းဆင်းရာ၌ လူနာအား တွေ့ရှိသည်ဖြစ်စေ ကိုယ်ဝန်၊ မွေးဖွားစဉ်၊ မွေးဖွားပြီး ကာလအတွင်း အထက်အဆင့်သို့လွှဲသည်မှလွဲ၍ အခြားမည်သည့်အကြောင်းကြောင့်မဆို အထက်အဆင့်ဆေးပေးခန်း၊ ဆေးရုံသို့ ထပ်ဆင့်ညွှန်းပို့သူ လူနာအကြိမ်ပေါင်းကို ဆိုလိုပါသည်။

**လူထုကျန်းမာရေးလုပ်သားများ၏ လုပ်ငန်းများ**

(၁-၇) **ကျန်းမာရေးဝန်ထမ်းများနှင့် တွဲဖက်လုပ်ကိုင်သည့် အကြိမ်ပေါင်း** ဆိုသည်မှာ လူထုကျန်းမာရေးလုပ်သားတစ်ဦးသည် ကျန်းမာရေးဝန်ထမ်းများနှင့် အောက်ဖော်ပြပါလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခြင်း၊ ကြီးကြပ်မှုခံယူခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း စသည်တို့အား ပြုလုပ်သည့် အကြိမ်ပေါင်းကို ဆိုလိုပါသည်။

(က) အခြေခံကျန်းမာရေးဝန်ထမ်းများ ရပ်ကွက်/ ကျေးရွာသို့ လာရောက်စဉ် မိမိက အကူအညီတောင်းခံသဖြင့် ရပ်ကွက်/ ကျေးရွာ၌ လှည့်လည် ကြည့်ရှုရာတွင် ပါဝင်သည့် အကြိမ်ပေါင်း၊

(ခ) အခြေခံကျန်းမာရေးဝန်ထမ်းများ ရပ်ကွက်/ ကျေးရွာသို့ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ကူညီသည့် အကြိမ်ပေါင်း၊

(ဂ) ကျန်းမာရေးဌာနသို့ အစည်းအဝေးတက်ရောက်သည့် အကြိမ်ပေါင်း စသည်တို့ ပါဝင်ပါသည်။

**မှတ်ချက်** - လူထုကျန်းမာရေးလုပ်သားများနှင့် တွဲဖက်လုပ်ကိုင်သည့် အကြောင်းအရာများကို ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းတွင်ရေးမှတ်ထားရမည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁။ | **ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်** | | |
| ၁.၁ | အထွေထွေဆေးခန်းလာလူနာအသစ်ရာနှုန်း(%) | ဆေးခန်းလာလူနာအသစ်ပေါင်း<br>------------------------------ x ၁၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၁-၁)<br>------------- x ၁၀၀<br>ပုံစံ၃(၁) |
| ၁.၂ | လူနာတစ်ဦးပြသသည့်ပျမ်းမျှ အကြိမ်ပေါင်း | အထွေထွေဆေးခန်းလာလူနာစုစုပေါင်း<br>(သစ်+ဟောင်း အကြိမ်ပေါင်း)<br>------------------------------<br>ဆေးခန်းလာလူနာအသစ်ပေါင်း | ပုံစံ၁(၁-၃)<br>-------------<br>ပုံစံ၁(၁-၁) |
| ၁.၃ | ရပ်ကွက်/ကျေးရွာများသို့ ပျမ်းမျှကွင်းဆင်းသည့်အကြိမ်ပေါင်း | ကွင်းဆင်းသည့်အကြိမ်ပေါင်း<br>(ရပ်ကွက်/ကျေးရွာအရေအတွက်)<br>------------------------------<br>ရပ်ကွက်/ကျေးရွာပေါင်း | ပုံစံ၁(၁-၄)<br>-------------<br>ပုံစံ၃(၈-၁)+(၈-၃) |
| ၁.၄ | ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လူနာစုစုပေါင်း<br>(သစ်+ဟောင်းအကြိမ်ပေါင်း) | (ကိန်းပြည့်ကိုသာဖြည့်စွက်ရန်) | ပုံစံ၁(၁-၅) |
| ၁.၅ | အထက်အဆင့်များသို့လွှဲပြောင်းပေးသောလူနာအကြိမ်ရာနှုန်း (%) | အထက်အဆင့်များသို့လွှဲပြောင်းပေးသောလူနာပေါင်း<br>------------------------------ x ၁၀၀<br>အထွေထွေဆေးခန်းလာလူနာစုစုပေါင်း(သစ်+ဟောင်းအကြိမ်ပေါင်း)+ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်လူနာစုစုပေါင်း(သစ်+ဟောင်းအကြိမ်ပေါင်း) | ပုံစံ၁(၁-၆)<br>------------- x ၁၀၀<br>ပုံစံ၁(၁-၃)+(၁-၅) |
| | **လူထုကျန်းမာရေးလုပ်သားများ၏ လုပ်ငန်းများ** | | |
| ၁.၆ | လူထုကျန်းမာရေးလုပ်သားတစ်ဦး ကျန်းမာရေးဝန်ထမ်းများနှင့် တွဲဖက်လုပ်ကိုင်သည့် ပျမ်းမျှအကြိမ်ပေါင်း | ကျန်းမာရေးဝန်ထမ်းများနှင့်တွဲဖက်လုပ်ကိုင်သည့် အကြိမ်ပေါင်း<br>------------------------------<br>လူထုကျန်းမာရေးလုပ်သားပေါင်း<br>(လက်ရှိလုပ်ငန်းဆောင်ရွက်နေသူ) | ပုံစံ၁(၁-၇)<br>-------------<br>ပုံစံ၃(၉-၄) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | **ပဏာမကျန်းမာရေးစောင့်ရှောက်မှုစီမံချက်** | | | | | | | | | | | |
| ၁ | ဆေးခန်းလာလူနာအသစ်ပေါင်း | √ | × | √ | √ | √ | √ | √ | √ | √ | √ | × |
| ၂ | ဆေးခန်းလာလူနာသစ်များအနက် အသက်(၆၀)နှစ်နှင့်အထက်ရှိသူပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | × |
| ၃ | အထွေထွေဆေးခန်းလာလူနာစုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း) | √ | × | √ | √ | √ | √ | √ | √ | √ | √ | × |
| ၄ | ကွင်းဆင်းသည့်အကြိမ်ပေါင်း (ရပ်ကွက်/ကျေးရွာအရေအတွက်) | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၅ | ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လူနာစုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း) | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၆ | အထက်အဆင့်များသို့ လွှဲပြောင်းပေးသော လူနာပေါင်း | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |
| | **လူထုကျန်းမာရေးလုပ်သား၏ လုပ်ငန်းများ** | | | | | | | | | | | |
| ၇ | ကျန်းမာရေးဝန်ထမ်းများနှင့်တွဲဖက်လုပ်ကိုင်သည့် အကြိမ်ပေါင်း | × | × | × | × | × | × | × | × | × | × | √ |

## အသုံးပြုပုံ

ကျန်းမာရေးဝန်ထမ်းအားလုံးသည် မိမိတို့၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ပြန်လည်ဆန်းစစ်နိုင်ရုံသာမက လူထုကျန်းမာရေးလုပ်သားများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေကိုလည်း ဆန်းစစ်နိုင်ရန်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၏လုပ်ငန်းပမာဏအနည်းအများနှင့် ရပ်ကွက်/ကျေးရွာအနှံ့ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေကိုလည်းကောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှု၊ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများကို အားကိုးအသုံးပြုမှု အခြေအနေကိုလည်းကောင်း သိရှိနိုင်သဖြင့် ကျန်းမာရေးဌာနများကို အဆင့်မြှင့်တင်ခြင်း၊ ဖွဲ့စည်းပုံ တိုးချဲ့ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ဆေးဝါးပစ္စည်းနှင့် ဘဏ္ဍာငွေ ခွဲဝေချထားခြင်းတို့အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။

| လုပ်ငန်းအမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

၂။ **မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်**

မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်သည် အစီရင်ခံသည့် ကာလအတွင်း အခြေခံကျန်းမာရေး ဝန်ထမ်းများကိုယ်တိုင် ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

**သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း**

**သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း**ဆိုသည်မှာ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး (သားဖွားခြင်းပညာရရှိခဲ့ဖူးသူ)၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမစသည့် သားဖွားခြင်းဆိုင်ရာ အတတ်ပညာကို ယခင်(၁၈)လ(၂၀၁၂)ခုနှစ်မှစ၍ အနည်းဆုံး(၂)နှစ် သင်ကြားခဲ့ရသူ အားလုံးကို ဆိုလိုပါသည်။

**သားဖွားခန်း**

သားဖွားခန်းဆိုသည်မှာ ကျန်းမာရေးဌာနများတွင် သားဖွားမိခင်များ သန့်ရှင်းစွာ မီးဖွားနိုင်ရန်အတွက် သားဖွားချိန်တွင် လိုအပ်သောပစ္စည်းများ ထားရှိသည့် ပိုးသန့်စင်သော အခန်းငယ်ကို ဆိုလိုသည်။ သားဖွားခန်းတွင် အောက်ပါအခြေအနေများ ရှိရန် လိုအပ်ပါသည်။

- သန့်ရှင်းသော ရေနှင့် ဆပ်ပြာ
- သန့်ရှင်းစွာမွေးဖွားနိုင်ရန်အတွက် လိုအပ်သော ပစ္စည်းများ Clean Delivey Kit (သို့မဟုတ်) သန့်စင်ခြင်း (၆)မျိုးအတွက် ပစ္စည်းများ (ပိုးသန့်စင်သောမျက်နှာပြင်/ ပိုးသတ်ထားသော အခင်း၊ မွေးဖွားပေးမည့်သူ၏ သန့်ရှင်းသောလက်နှင့် ပိုးသတ်ထားသောလက်အိတ်၊ ချက်ကြိုး ဖြတ်ရန် ဘလိတ်ဓါး/ ကတ်ကြေး၊ ချက်ကြိုးချည်သည့်ကြိုး/ ချက်ကြိုးညှပ်ကလစ်၊ အနှီးပိတ်နှင့် မိခင်အဝတ်အစားများ) အပါအဝင် ပိုးသန့်စင်သော ဆေးရည်များ (Disinfectant)
- ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန်ပစ္စည်းများ (Apron, Boot/ ဖိနပ်)

- အထွေထွေဆေးပစ္စည်းများ (မွေးကုတင်၊ သွေးပေါင်ချိန်တိုင်း ကိရိယာ၊ အဖျားတိုင်း ကိရိယာ စသည်)
- သားဖွားခြင်းအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ [မွေးဖွားခြင်း ဖြစ်စဉ်ပြဇယားမှတ်တမ်း၊ သားအိမ်ကျုံ့ဆေး (Inj Oxytocin, Misoprostol), Urine test strip စသည်]
- မိခင်နှင့်မွေးကင်းစကလေးအတွက်သားဖွားခြင်းဆိုင်ရာအရေးပေါ် အခြေအနေတွင် အသုံးပြုရန် ဆေးဝါးများ (Inj Magnesium Sulphate, IV infusion bottle, Bag and Mask စသည်)

(၂-၁) **ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း အစီရင်ခံသူ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင် ဆေးခန်းနှင့် ကွင်းဆင်းရာတွင် ကြည့်ရှုစောင့်ရှောက်ပေးရသည့် ကိုယ်ဝန်ဆောင်မိခင် (အသစ်)ဦးရေကိုဆိုလိုပါသည်(အဟောင်းမပါ)။
ယင်းကိုယ်ဝန်ဆောင်မိခင်(အသစ်)များကို ကိုယ်ဝန်ဆောင် မှတ်ပုံတင် စာအုပ်များတွင် ရေးသွင်းပြီးသား ဖြစ်ရမည်။ သားဖွားဆရာမ၏တာဝန်ကျ ရာ ရပ်ကွက်/ ကျေးရွာများအားလုံးရှိ ကိုယ်ဝန်ဆောင် မိခင်များအားလုံးကို လွှမ်းခြုံမှုရှိစေရန် ဆောင်ရွက်ရပါမည်။

(၂-၂) **မှတ်ပုံတင်ကိုယ်ဝန်ဆောင်(အသစ်)များအနက် ကိုယ်ဝန်(၁၂)ပတ်ဝန်းကျင် ကိုယ်ဝန်လာပြသူပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျရာနယ်မြေ၌ အစီရင်ခံ သည့် ကာလအတွင်း ကိုယ်ဝန်ဆောင်(အသစ်)များအဖြစ် လာရောက် ပြသသူများအနက်မှ ကိုယ်ဝန်(၁၂)ပတ်ဝန်းကျင် (ကိုယ်ဝန်ရှိသည်ဟု သိသည့် အချိန်မှစ၍ ၁၄ပတ် အထိ)ရှိသော မိခင်ဦးရေကို ဆိုလိုပါသည်။

(၂-၃) **မှတ်ပုံတင်ကိုယ်ဝန်ဆောင်(အသစ်)များအနက် ယခင်ကလေးမွေးပြီး (၂၄)လအတွင်း ယခု ထပ်မံကိုယ်ဝန်ဆောင်သူပေါင်း** ဆိုသည်မှာ မိမိ တာဝန်ကျရာနယ်မြေ၌ အစီရင်ခံသည့်ကာလအတွင်း ကိုယ်ဝန်ဆောင် (အသစ်)များအဖြစ် လာရောက်ပြသသူများအနက်မှ ယခင်ကလေး မွေးပြီး (အရှင်မွေး၊ အသေမွေး) လပေါင်း(၂၄)လအတွင်း ယခုထပ်မံ ကိုယ်ဝန် ဆောင်သူ မိခင်ဦးရေကို ဆိုလိုပါသည်။

(၂-၄) **စောင့်ရှောက်ပေးသည့် ကိုယ်ဝန်ဆောင်စုစုပေါင်း (သစ်+ဟောင်း အကြိမ် ပေါင်း)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း အစီရင်ခံသူ ကျန်းမာ

ရေးဝန်ထမ်းကိုယ်တိုင် ဆေးခန်းနှင့်ကွင်းဆင်းရာတွင် ကြည့်ရှုစောင့်ရှောက်ပေးရသည့် ကိုယ်ဝန်ဆောင်မိခင် အကြိမ်ပေါင်း (သစ်+ဟောင်း)ကို ဆိုလိုပါသည်။

(၂-၅) **သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ ကိုယ်တိုင် အိမ်တိုင်ရာရောက် မွေးဖွားပေးမိခင်ပေါင်း (Home deliveries by SBA)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း **အစီရင်ခံသူ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင်** အိမ်သို့သွားရောက်၍ မွေးဖွားပေးသည့် မိခင်ဦးရေကို ဆိုလိုပါသည်။ **(ကလေးအသေမွေးမိခင်အကျုံးဝင်ပါသည်။ ကိုယ်ဝန်ပျက်ခြင်း အကျုံးမဝင်ပါ။)**

(၂-၆) **သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ အစိုးရ ဆေးရုံ/ ဆေးခန်း/ သားဖွားခန်းတွင် ကိုယ်တိုင်မွေးဖွားပေးမိခင်ပေါင်း (Institutional Deliveries by SBA)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း **အစီရင်ခံသူ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင်** အစိုးရဆေးရုံ/ ဆေးခန်း/ သားဖွားခန်းတွင် မွေးဖွားပေးသည့်မိခင်ဦးရေကို ဆိုလိုပါသည်။ **(ကလေးအသေမွေးမိခင် အကျုံးဝင်ပါ သည်။ ကိုယ်ဝန်ပျက်ခြင်း အကျုံးမဝင်ပါ။)**

(၂-၇) **မွေးမိခင်များအနက် သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းနှင့်ပြသ၍ သတ်မှတ်ကာလအတွင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အနည်းဆုံး(၄)ကြိမ်ရရှိခဲ့သည့် အရှင်မွေးမိခင်ပေါင်း** ဆိုသည်မှာ မွေးမိခင်များအနက် သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းနှင့်ပြသ၍ **သတ်မှတ်ကာလအတွင်း** ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အနည်းဆုံး(၄)ကြိမ်ရရှိခဲ့သည့် ကလေးအရှင်မွေးမိခင်ဦးရေကို ဆိုလိုပါသည်။

**သတ်မှတ်ကာလအတွင်း** ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အနည်းဆုံး (၄)ကြိမ်ဆိုသည်မှာ ပထမအကြိမ်သည် ကိုယ်ဝန်(၁၂)ပတ်ဝန်းကျင်(၁၄)ပတ်အထိ၊ ဒုတိယအကြိမ်သည် ကိုယ်ဝန်(၂၆)ပတ်ဝန်းကျင် (၁၅-၂၈)ပတ်အထိ၊ တတိယအကြိမ်သည် ကိုယ်ဝန်(၃၂)ပတ်ဝန်းကျင် (၂၉-၃၄)ပတ်အထိ၊ စတုတ္ထအကြိမ်သည် ကိုယ်ဝန်(၃၆)ပတ်ဝန်းကျင် (၃၅ပတ်မှ မွေးဖွားသည်အထိ)ကို ဆိုလိုပါသည်။

**မှတ်ချက်** - မွေးဖွားမှုများအနက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခဲ့သော မှတ်တမ်းများကို ကြည့်ရှုပြီး စိစစ်ဖော်ပြပေးရန် ဖြစ်ပါသည်။

(၂-၈) **ကလေးမွေးပြီးအချင်းမကျမီ သားအိမ်ကျုံ့ဆေးချက်ချင်းရရှိသည့် မွေးပြီး မိခင်ပေါင်း** ဆိုသည်မှာ ကလေးမွေးဖွားပြီးအချင်းမကျမီအချိန်တွင် သားဖွား ခြင်းဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းကိုယ်တိုင် သားအိမ်ကျုံ့ ဆေးတစ်မျိုးမျိုးဖြင့် စောင့်ရှောက်ကုသမှုပေးသော မိခင်ဦးရေကို ဆိုလို ပါသည်။

(၂-၉) **သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ ကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်ပေးသည့် မွေးပြီးမိခင်အသစ်ပေါင်း (မွေးဖွားပြီး နောက်(၂)ရက်အတွင်း) (ကိုယ်တိုင်မွေးနှင့် အခြားသူမွေး)** ဆိုသည်မှာ မည် သူကမွေးဖွားပေးခဲ့သည်ဖြစ်စေ မွေးဖွားပြီးနောက်(၂)ရက်အတွင်း **အစီရင် ခံသူ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင်** ကျန်းမာရေးစောင့်ရှောက်ပေးသည့် မိခင်ဦးရေကို ဆိုလိုပါသည်။

(၂-၁၀) **သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ ကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်ပေးသည့် မွေးပြီးမိခင်စုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း) (မွေးဖွားပြီးနောက်(၄၂)ရက်အတွင်း) (ကိုယ်တိုင်မွေးနှင့် အခြားသူမွေး)** ဆိုသည်မှာ မည်သူကမွေးဖွားပေးခဲ့သည်ဖြစ်စေ မွေးဖွားပြီး နောက်(၄၂)ရက်အတွင်း **အစီရင်ခံသူ ကျန်းမာရေးဝန်ထမ်းကိုယ်တိုင်** ကျန်းမာရေး စောင့်ရှောက်ပေးသည့် မွေးပြီးမိခင်(သစ်+ဟောင်း) အကြိမ် ပေါင်းကို ဆိုလိုပါသည်။

(၂-၁၁) **အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် မိခင်ပေါင်း (ကိုယ်ဝန်+မွေးဖွားစဉ်+ မွေးပြီး)** ဆိုသည်မှာ သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းမှ မိမိ၏စောင့်ရှောက်မှုထက် ပိုမိုလိုအပ်သော ကိုယ်ဝန်ဆောင် မိခင်၊ မွေးမိခင်နှင့် မွေးပြီးမိခင်တို့ကို အထက်အဆင့်ရှိ ကျန်းမာရေး ဝန်ထမ်း၊ ကျန်းမာရေးဌာန၊ ဆေးရုံများသို့ လွှဲပြောင်းပေးသည့် မိခင်ဦးရေ ကို ဆိုလိုပါသည်။

**<u>အရန်သားဖွားဆရာမများ၏လုပ်ငန်းများ</u>**

(၂-၁၂) **အရန်သားဖွားဆရာမမှ မွေးဖွားပေးသည့်မိခင်ပေါင်း** ဆိုသည်မှာ အရန် သားဖွားဆရာမများအနေဖြင့် သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာ

ရေးဝန်ထမ်းများ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် မွေးဖွားပေးသော မိခင်ဦးရေကို ဆိုလိုပါသည်။

(၂-၁၃) **အရန်သားဖွားဆရာမမှ အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် မိခင်ပေါင်း (ကိုယ်ဝန်+ မွေးဖွားစဥ်+ မွေးပြီး)** ဆိုသည်မှာ အရန်သားဖွားဆရာမမှ မိမိ၏ စောင့်ရှောက်မှုထက် ပိုမို လိုအပ်သော ကိုယ်ဝန်ဆောင်မိခင်၊ မွေးမိခင်နှင့် မွေးပြီးမိခင်တို့ကို အထက်အဆင့်ရှိ ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးဌာန၊ ဆေးရုံများသို့ လွှဲပြောင်းပေးသည့် မိခင်ဦးရေကို ဆိုလိုပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၂။** | **မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်** | | |
| ၂.၁ | ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုရာနှုန်း | ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း<br>-------------------------------------x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၂-၁)<br>-----------------x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း |
| ၂.၂ | သားဆက်နီးသောကိုယ်ဝန်ဆောင် မိခင်ရာနှုန်း | မှတ်ပုံတင်ကိုယ်ဝန်ဆောင်(အသစ်)များအနက် ယခင်ကလေးမွေးပြီး(၂၄)လအတွင်းယခုထပ်မံ ကိုယ်ဝန်ဆောင်သူပေါင်း<br>-------------------------------------x ၁၀၀<br>ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း | ပုံစံ၁(၂-၃)<br>-----------------x ၁၀၀<br>ပုံစံ၁(၂-၁) |
| ၂.၃ | ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား စောင့်ရှောက်ပေးသည့် ပျမ်းမျှအကြိမ် | စောင့်ရှောက်ပေးသည့်ကိုယ်ဝန်ဆောင် စုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း)<br>----------------------------------------<br>ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း | ပုံစံ၁(၂-၄)<br>-----------------<br>ပုံစံ၁(၂-၁) |
| ၂.၄ | သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းမှ ကိုယ်တိုင် အိမ်တိုင်ရာရောက် မွေးဖွားမှုနှုန်း | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာ ရေးဝန်ထမ်းမှကိုယ်တိုင်အိမ်တိုင်ရာရောက် မွေးဖွားပေးမိခင်ပေါင်း<br>-------------------------------------x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၅)<br>-----------------x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၂.၅ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းမှ အစိုးရ ဆေးရုံ၊ ဆေးခန်း၊သားဖွားခန်းတွင် ကိုယ်တိုင် မွေးဖွားမှုနှုန်း | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သောကျန်းမာ ရေးဝန်ထမ်းမှ အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် ကိုယ်တိုင်မွေးဖွားပေး မိခင်ပေါင်း<br>-------------------------------------x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၆)<br>-----------------x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၂.၆ | အရှင်မွေးမိခင်များအနက်သားဖွားခြင်း ဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းနှင့် ပြသ၍ သတ်မှတ်ကာလ အတွင်းကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အနည်းဆုံး (၄)ကြိမ်ရရှိသူနှုန်း | မွေးမိခင်များအနက် သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းနှင့် ပြသ၍ သတ်မှတ်ကာလအတွင်းကိုယ်ဝန် ဆောင်စောင့်ရှောက်မှုအနည်းဆုံး(၄)ကြိမ် ရရှိခဲ့သည့် အရှင်မွေးမိခင်ပေါင်း<br>-------------------------------------x ၁၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၂-၇)<br>-----------------x ၁၀၀<br>ပုံစံ၁(၁၀-၁) |
| ၂.၇ | ကလေးမွေးပြီး အချင်းမကျမီ သားအိမ်ကျုံ့ဆေးချက်ချင်းရရှိသည့် မွေးပြီးမိခင်ရာနှုန်း | ကလေးမွေးပြီး အချင်းမကျမီ သားအိမ်ကျုံ့ ဆေးချက်ချင်းရရှိသည့် မွေးပြီးမိခင်ပေါင်း<br>-------------------------------------x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၈)<br>-----------------x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၂.၈ | မွေးဖွားပြီးနောက် (၂)ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုရသည့် မိခင်ရာနှုန်း | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းမှကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက်ပေးသည့်မွေးပြီးမိခင်အသစ်ပေါင်း(မွေးဖွားပြီးနောက် (၂)ရက်အတွင်း) (ကိုယ်တိုင်မွေးနှင့်အခြားသူမွေး)<br>------------------------x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၉)<br>-----------x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၂.၉ | မွေးပြီးမိခင်အားစောင့်ရှောက်မှုပေးသည့် ပျမ်းမျှအကြိမ် (မွေးဖွားပြီးနောက် (၄၂)ရက် အတွင်း) | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ ကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက် ပေးသည့်မွေးပြီးမိခင်စုစုပေါင်း(သစ်+ဟောင်းအကြိမ်ပေါင်း)(မွေးဖွားပြီးနောက်(၄၂)ရက်အတွင်း)(ကိုယ်တိုင်မွေးနှင့်အခြားသူမွေး)<br>------------------------<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၁၀)<br>-----------<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၂.၁၀ | အထက်အဆင့်သို့လွှဲပြောင်းပေးသည့် မိခင်ရာနှုန်း (ကိုယ်ဝန်+မွေးဖွားစဉ်+မွေးပြီး) | အထက်အဆင့်သို့လွှဲပြောင်းပေးသည့် မိခင်ပေါင်း (ကိုယ်ဝန်+ မွေးဖွားစဉ်+မွေးပြီး)<br>------------------------x ၁၀၀<br>ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း | ပုံစံ၁(၂-၁၁)<br>-----------x ၁၀၀<br>ပုံစံ၁(၂-၁) |
| | **အရန်သားဖွားဆရာမများ၏ လုပ်ငန်းများ** | | |
| ၂.၁၁ | အရန်သားဖွားဆရာမမှ မွေးဖွားပေးသည့် မိခင်ရာနှုန်း | အရန်သားဖွားဆရာမမှမွေးဖွားပေးသည့် မိခင်ပေါင်း<br>------------------------x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၂-၁၂)<br>-----------x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၂.၁၂ | အရန်သားဖွားဆရာမမှ အထက်အဆင့်သို့ လွှဲပြောင်းပေး သည့်မိခင်ရာနှုန်း (ကိုယ်ဝန်+ မွေးဖွားစဉ်+မွေးပြီး) | အရန်သားဖွားဆရာမမှ အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် မိခင်ပေါင်း (ကိုယ်ဝန်+ မွေးဖွားစဉ်+မွေးပြီး)<br>------------------------x ၁၀၀<br>ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း | ပုံစံ၁(၂-၁၃)<br>-----------x ၁၀၀<br>ပုံစံ၁(၂-၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၃။ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးမှတ်တမ်းစာအုပ်

၄။ ကိုယ်ဝန်ဆောင်မိခင်မှတ်ပုံတင်စာအုပ်

၅။ မွေးဖွားမှုနှင့်သေဆုံးမှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂။ | **မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်** | | | | | | | | | | | |
| ၁ | ယခုလမှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂ | မှတ်ပုံတင်ကိုယ်ဝန်ဆောင်(အသစ်)များ အနက်ကိုယ်ဝန်(၁၂)ပတ်ဝန်းကျင်ကိုယ်ဝန် လာပြသူပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၃ | မှတ်ပုံတင်ကိုယ်ဝန်ဆောင်(အသစ်)များ အနက်ယခင်ကလေးမွေးပြီး(၂၄)လအတွင်း ယခုထပ်မံကိုယ်ဝန်ဆောင်သူပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၄ | စောင့်ရှောက်ပေးသည့်ကိုယ်ဝန်ဆောင် စုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း) | √ | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၅ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေး ဝန်ထမ်းမှ ကိုယ်တိုင် အိမ်တိုင်ရာရောက်မွေးဖွားပေးမိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၆ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းမှ အစိုးရ ဆေးရုံ/ ဆေးခန်း/ သားဖွားခန်းတွင် ကိုယ်တိုင် မွေးဖွားပေး မိခင်ပေါင်း | × | √ | √ | × | √ | × | √ | √ | √ | √ | × |
| ၇ | မွေးမိခင်များအနက်သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းနှင့်ပြသ ၍သတ်မှတ် ကာလအတွင်း ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု အနည်းဆုံး(၄)ကြိမ် ရရှိခဲ့ သည့် မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၈ | ကလေးမွေးပြီးအချင်းမကျမီသားအိမ်ကျုံ့ ဆေးချက်ချင်းရရှိသည့် မွေးပြီးမိခင်ပေါင်း | × | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၉ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာ ရေးဝန်ထမ်းမှ ကိုယ်တိုင် ကျန်းမာရေး စောင့် ရှောက်ပေးသည့် မွေးပြီးမိခင် အသစ်ပေါင်း (မွေးဖွားပြီးနောက်(၂)ရက်အတွင်း) (ကိုယ်တိုင်မွေးနှင့် အခြားသူမွေး) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၀ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သောကျန်းမာ ရေးဝန်ထမ်းမှကိုယ်တိုင်ကျန်းမာရေးစောင့် ရှောက်ပေးသည့်မွေးပြီးမိခင်စုစုပေါင်း(သစ်+ ဟောင်းအကြိမ်ပေါင်း)(မွေးဖွားပြီးနောက် (၄၂)ရက်အတွင်း)(ကိုယ်တိုင်မွေးနှင့်အခြား သူမွေး) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၁ | အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် မိခင် ပေါင်း (ကိုယ်ဝန်+မွေးဖွားစဉ်+မွေးပြီး) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | **အရန်သားဖွားဆရာမများ၏လုပ်ငန်းများ** | | | | | | | | | | | |
| ၁၂ | အရန်သားဖွားဆရာမမှ မွေးဖွားပေးသည့် မိခင်ပေါင်း | × | × | × | × | × | × | × | × | × | × | √ |
| ၁၃ | အရန်သားဖွားဆရာမမှ အထက်အဆင့်သို့ လွှဲပြောင်းပေးသည့်မိခင်ပေါင်း (ကိုယ်ဝန်+မွေးဖွားစဉ်+ မွေးပြီး) | × | × | × | × | × | × | × | × | × | × | √ |

## အသုံးပြုပုံ

မျိုးဆက်ပွားကျန်းမာရေးနှင့်သက်ဆိုင်သော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူလူထုမှလက်လှမ်းမီမှုနှင့် ကျန်းမာရေးဝန်ထမ်းကို ယုံကြည်အားကိုး၍ လာရောက်ပြသကုသမှုများကို ဖော်ပြထားခြင်းဖြစ်ပါသည်။ လက်လှမ်းမီမှု အားနည်းသော နေရာများတွင် ပြည်သူလူထုမှ လက်လှမ်းမမီရသောအကြောင်းကို ရှာဖွေဖော်ထုတ်၍ ပြုပြင်ရန် ဖြစ်ပါသည်။

အခြေခံကျန်းမာရေးဝန်ထမ်းများကိုယ်တိုင် မိမိ၏ မျိုးဆက်ပွားကျန်းမာရေး စီမံချက်လုပ်ငန်းများကို ပြန်လည် ဆန်းစစ်၍ မိခင်နှင့်ကလေးသေနှုန်း လျော့ကျစေရေးအတွက် အရည်အသွေးပြည့်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

သားဆက်နီးသော ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စဉ် ဂရုတစိုက်စောင့်ရှောက်ရန် လိုအပ်သလို မွေးပြီး(၄၂)ရက်တွင်လည်း သားဆက်ခြားပညာပေး ဆွေးနွေးမှုပြုလုပ်၍ သားဆက်ခြားခြင်းကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၃။ | **အာဟာရစောင့်ရှောက်မှုစီမံချက်** |
| (၃-၁) | **ကိုယ်အလေးချိန်သည့် မွေးစကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း တာဝန်ကျဒေသတွင် (သို့မဟုတ်) အစီရင်ခံသည့် ဆေးရုံတွင် ကလေးမွေးဖွားပြီး(၂၄)နာရီအတွင်း **အစီရင်ခံသူကိုယ်တိုင်** ကိုယ်အလေးချိန်သည့် မွေးစကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ (ကျား/မခွဲခြားဖော်ပြပါ။) **(အသေမွေးကလေး အကျုံးဝင်ပါသည်။)** |










**မွေးစကလေး ကိုယ်အလေးချိန် ကိရိယာ (Infant Spring Scale)**

၁။ မွေးစကလေး၏ ကိုယ်အလေးချိန်ကို တိကျစွာချိန်တွယ်ရန် တစ်နှစ်အောက်ကလေးအတွက် စပရင်စကေး (Infant Spring Scale; e.g. Super Samson, Salter Brecknell)ကို သုံးစွဲရမည်။

၂။ တစ်နှစ်အောက်ကလေးအတွက် စပရင်စကေးသည် အလေးချိန် (၅)ကီလိုဂရမ်အထိ ချိန်တွယ်နိုင်ပြီး (၂၅) ဂရမ်အထိ တိတိကျကျ ချိန်တွယ်တိုင်းတာနိုင်သည်။

၃။ စပရင်စကေး၏ အတွင်းပိုင်းတွင် စပရင်အားဖြင့် ရွေ့လျားနိုင်သည့် အတံတစ်ခုပါရှိပြီး မျဉ်းရှည်မျဉ်းတို အမှတ်အသားများပါရှိသည်။ မျဉ်းရှည်တွင် အလေးချိန် ဂရမ်ကို ဂဏန်းဖြင့် ဖော်ပြထားသည်။


၄။ လက်ယာဖက် အခြမ်းတွင် (၀, ၂၅၀, ၅၀၀, ၇၅၀ . . . )စသည်ဖြင့် ဖော်ပြထားပြီး လက်ဝဲဖက် အခြမ်းတွင် (၀, ၁၂၅, ၃၇၅, ၆၂၅ . . . )စသည်ဖြင့် ဖော်ပြထားပါသည်။


၅။ အမှတ်ကြီး(မျဉ်းရှည်) တစ်ခုနှင့်တစ်ခုကြား '၂၅၀' ဂရမ် ကွာခြားပြီး အမှတ်ငယ်/မျဉ်းတို(သို့) အစိတ်ငယ် တစ်စိတ်သည် '၅၀' ဂရမ် ကွာခြားပါသည်။











**မွေးစကလေး ကိုယ်အလေးချိန်ခြင်း**

၁။ စပရင်စကေး၏ အောက်ဖက်စွန်းချိတ်၌ မွေးစကလေးထည့်ရန် ပုဆိုး(သို့) အဝတ်ကို သေချာစွာ ချိတ်ဆွဲပါ။ ခိုင်မြဲစေရန် ကြိုးဖြင့်သေချာစွာချည်ပါ။

၂။ စပရင်စကေး၏ ကိုယ်ထည်ထိပ်အဖုံးသည် ဘယ်ညာ လှည့်၍ရပြီး 'သုည'မှတ် ချိန်ညှိရန် သုံးသည်။ ကလေးထည့်မည့် ပုဆိုး(သို့) အဝတ်ကိုချိတ်ဆွဲပြီးပါက 'သုည'မှတ် ရရှိရန် ဘယ်ညာလှည့်၍ ညှိပါ။

၃။ မွေးစကလေးကို စပရင်စကေး၌ ချိတ်ဆွဲထားသည့် ပုဆိုး(သို့) အဝတ်အတွင်း ထည့်ပါ။

၄။ စပရင်စကေး၏ ထိပ်ဖက်အစွန်းရှိ လက်ကိုင်တန်းကို လက်နှစ်ဖက်ဖြင့် ကိုင်မြှောက်၍ မွေးစကလေး၏ ကိုယ်အလေးချိန်ကို စပရင်စကေး၌ ဖတ်ပါ။

၅။ ညာဖက်ခြမ်းရှိ အမှတ်အသားများကို အဓိက ဖတ်ရန်ဖြစ်ပြီး ညာဖက်ခြမ်းရှိ အစိတ်ငယ် နှစ်စိတ်ကြားတွင် ဖြစ်ပါက ဘယ်ဖက်ခြမ်းရှိ အမှတ်အသားများဖြင့် ပေါင်းစပ် ဖတ်ရန် ဖြစ်သည်။(ဥပမာပုံ၌ ၃၁၂၅ ဂရမ်)

(၃-၂) **ကိုယ်အလေးချိန်မပြည့်သည့်မွေးစကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံ သည့် ကာလအတွင်း တာဝန်ကျဒေသတွင် (သို့) အစီရင်ခံသည့် ဆေးရုံ တွင် ကလေးမွေးဖွားပြီး (၂၄)နာရီအတွင်း **အစီရင်ခံသူကိုယ်တိုင်** ကိုယ် အလေးချိန်ရာ၌ ကိုယ်အလေးချိန်မပြည့်သည့် (၅ပေါင်၈အောင်စ (သို့) ၅.၅ပေါင် (သို့) ၂.၅ကီလိုဂရမ် အောက်ရှိ) မွေးစကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ။) **(အသေမွေးကလေး အကျုံးဝင် ပါသည်။)**

(၃-၃) **သူငယ်နာဘယ်ရီဘယ်ရီဖြစ်ပွားသည့်ကလေးပေါင်း(အသစ်)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း (ဗီတာမင်ဘီဝမ်းချို့တဲ့ရောဂါ ကာကွယ်ရေး စီမံချက်၏ ဗီတာမင်ဘီဝမ်း လမ်းညွှန်ပါ အဓိကလက္ခဏာနှင့် သာမည လက္ခဏာပေါ် မူတည်၍သတ်မှတ်သည့်) သူငယ်နာဘယ်ရီဘယ်ရီရောဂါ ခံစားရသည့် <u>တစ်နှစ်အောက်</u> ကလေးဦးရေ(လူနာသစ်) (အရှင် +အသေ) စုစုပေါင်းကို ဆိုလိုသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(ဆေးရုံပြင်ပလူနာဌာန (သို့) အတွင်းလူနာဌာနတွင် ကုသမှုပေးသည့် သူငယ်နာကလေးအား ဆေးရုံစာရင်း၌သာ ထည့်သွင်းရန်၊ ဆေးရုံ၌ ကုသမှု မခံယူသည့် သူငယ်နာကလေးအား အစီရင်ခံသည့် ကျန်းမာရေး ဌာန/ခွဲ၏ စာရင်းတွင်ထည့်သွင်းရန်ဖြစ်သည်။)

| **(က) အဓိက လက္ခဏာများ** | **(ခ) သာမည လက္ခဏာများ** |
|---|---|
| **ကလေးသည် -** | **ကလေးသည် -** |
| ၁။ အသက်(၁)လမှ(၆)လအတွင်းဖြစ်ခြင်း<br>၂။ မိခင်၏ နို့တစ်မျိုးတည်းကို သောက်စို့နေရခြင်း<br>၃။ အဆက်မပြတ် ငိုညည်းနေခြင်း<br>၄။ ငိုညည်းနေရာမှ အသံတိမ်သွားပြီး လုံးဝအသံမထွက်တော့ခြင်း | ၁။ (၄၈) နာရီအတွင်း နို့စို့နည်းသွားခြင်း<br>၂။ (၄၈) နာရီအတွင်း ဆီးနည်းသွားခြင်း<br>၃။ အန်ခြင်း၊ ဝမ်းချုပ်ခြင်း<br>၄။ အခြားရောဂါလက္ခဏာများမရှိခြင်း (ဥပမာ ဖျားခြင်း၊ ဝမ်းလျှောခြင်း စသည် - မရှိ) |
| | **နို့တိုက်မိခင်သည် -** |
| ၅။ ပြာနှမ်းခြင်း<br>၆။ အသက်ရှူခက်ခြင်း(ချောင်းမဆိုးပါ။)<br>၇။ သိသိသာသာ အသည်းကြီးနေခြင်း<br>၈။ တက်ခြင်း (မသိမသာ အတွင်းတက်တက်ခြင်းသာဖြစ်ပြီး အဖျားမရှိ၊ အချိန်မကြာ၊ ငယ်ထိပ်မဖောင်း၊ ဇက်မတောင့်တတ်ပါ။) | ၅။ အစားရှောင်ခြင်း<br>၆။ ခြေလက်များ ထုံကျဉ်နေခြင်း<br>၇။ ခြေလက်များမသယ်ချင်၊ခြေကုန်လက်ပန်းကျနေခြင်း<br>၈။ ဗီတာမင်ဘီ ချို့တဲ့သော အခြားလက္ခဏာများရှိခြင်း (ဥပမာ- ကျီးကန်းပါးစပ်) |
| **အဓိက လက္ခဏာ အနည်းဆုံး (၄)ခု** | |
| **အဓိက လက္ခဏာ (၃)ခု + သာမည လက္ခဏာ (၂)ခု** | |

(၃-၄) **သန်ချဆေးသောက်ရသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူစဉ် သန်ချဆေးသောက်သုံးခဲ့ရသည့် ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင် မိခင်ဦးရေပေါင်းကို ဆိုလိုသည်။

(၃-၅) **ကိုယ်ဝန်ဆောင်စဉ် သံဓာတ်ပါဝင်သောဆေးပြား ၄-ကြိမ်နှင့်အထက် ရရှိသည့်မွေးဖွားပြီးမိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း တာဝန်ကျဒေသရှိ မီးဖွားခဲ့သည့် ကိုယ်ဝန်ဆောင်များအနက် ကိုယ်ဝန်ဆောင်စဉ် သံဓါတ်ဆေးပြား(၄)ကြိမ် (သို့) (၄)ကြိမ် အထက် (သံဓါတ်ဆေးပြား ၉၁ ပြားနှင့် အထက်) ရရှိသည့် မွေးဖွားပြီး မိခင်ဦးရေပေါင်းကို ဆိုလိုသည်။

**သံဓာတ်ဆေးပြား တိုက်ကျွေးနည်း**

၁။ ကိုယ်ဝန်ဆောင်တစ်ဦးသည် ကိုယ်ဝန်ဆောင်စဉ် သံဓာတ်ဆေးပြား (၁၈၀)ပြား သောက်ရမည်။ တစ်ကြိမ်လျှင် သံဓါတ်ဆေးပြား ၃၀-ပြား နှုန်းဖြင့် (၆)ကြိမ် ရရှိရမည်။

၂။ ကိုယ်ဝန်(၇)လ မတိုင်မီ သံဓာတ်ဆေးပြား တစ်ပြားအား ညအိပ်ရာဝင်ချိန် သောက်ရန်။

(ကိုယ်ဝန်ရှိမှန်းသိသည်နှင့် တစ်ကြိမ်လျှင် သံဓါတ်ဆေးပြား (၃၀)ပြားနှုန်းဖြင့် (တစ်နေ့တစ်ပြား၊ တစ်လစာကို) ကိုယ်ဝန်(၇)လထိပေးရမည်။)

၃။ ကိုယ်ဝန်(၇)လ နောက်ပိုင်းတွင် တစ်ကြိမ်လျှင် သံဓာတ်ဆေးပြားတစ်ပြား၊ (နံနက် တစ်ကြိမ်၊ ညတစ်ကြိမ်) တစ်နေ့(၂)ကြိမ် သောက်ရန်။ (တစ်နေ့နှစ်ပြားနှုန်းဖြင့် နှစ်ပတ်စာသောက်ရန် တစ်ကြိမ်လျှင် သံဓါတ်ဆေးပြား ၃၀-ပြား ပေးရမည်။)

(၃-၆) **ဗီတာမင်ဘီဝမ်းဆေးပြား ရရှိသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ကိုယ်ဝန်(၃၆)ပတ်မှ မွေးဖွားသည်အထိ သောက်သုံးရန် ဗီတာမင်ဘီဝမ်း ဆေးပြားရရှိသည့် ကိုယ်ဝန်ဆောင် မိခင်ဦးရေပေါင်းကို ဆိုလိုသည်။ (ဘီဝမ်းဆေးပြား လေးပတ်စာအဖြစ် (၁၀)မီလီဂရမ်ဆေးပြား (၂၈)ပြား သို့မဟုတ် (၅၀) မီလီဂရမ် ဆေးပြား (၇)ပြားပေးရပါမည်။)

(၃-၇) **ဗီတာမင်ဘီဝမ်းဆေးပြား ရရှိသည့် မွေးဖွားပြီး (မီးတွင်း) မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း မီးဖွားသည့်နေ့မှ မီးဖွားပြီး (၄၂)ရက်အထိ (မီးတွင်းကာလ ရက်သတ္တပတ် ၆-ပတ်တွင်) သောက်သုံးရန် ဗီတာမင်ဘီဝမ်း ဆေးပြားရရှိသည့် မွေးဖွားပြီး (မီးတွင်း) မိခင်ဦးရေပေါင်းကို ဆိုလိုသည်။ (ဘီဝမ်းဆေးပြား ခြောက်ပတ်စာအဖြစ် (၁၀) မီလီဂရမ် ဆေးပြား (၄၂)ပြား သို့မဟုတ် (၅၀) မီလီဂရမ်ဆေးပြား (၁၀.၅) ပြား ပေးရပါမည်။)

(၃-၈) **ဗီတာမင်ဘီဝမ်းဆေးပြား ရရှိသည့် နို့တိုက်မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း မီးဖွားပြီး (၄၃)ရက်မှ (၈၄)ရက်အထိ (မီးထွက်ပြီး ရက်သတ္တပတ် ၆ပတ်တွင်) သောက်သုံးရန် ဗီတာမင်ဘီဝမ်း ဆေးပြားရရှိသည့် နို့တိုက်မိခင် ဦးရေပေါင်းကို ဆိုလိုသည်။

(ဘီ၀မ်းဆေးပြား ခြောက်ပတ်စာအဖြစ် (၁၀)မီလီဂရမ်ဆေးပြား (၄၂)ပြား သို့မဟုတ် (၅၀)မီလီဂရမ် ဆေးပြား (၁၀.၅)ပြားပေးရပါမည်။)

(၃-၉) **ဗီတာမင်အေ သောက်ရသည့် မွေးဖွားပြီး (မီးတွင်း) မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း မီးဖွားပြီး(၄၂)ရက်အတွင်း၌ (မီးတွင်းကာလ ရက်သတ္တပတ် ၆-ပတ် အတွင်း၌) ဗီတာမင်အေ (ယူနစ် နှစ်သိန်းအား ) သောက်ရသည့် မွေးဖွားပြီး (မီးတွင်း) မိခင်ဦးရေပေါင်းကို ဆိုလိုသည်။

(၃-၁၀) **ဟီမိုဂလိုဘင် ပမာဏ စစ်ဆေးသော ကိုယ်ဝန်ဆောင်မိခင်ပေါင်း (အသစ်)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဟီမိုဂလိုဘင် ပမာဏ စစ်ဆေးသော ကိုယ်ဝန်ဆောင် မိခင်(အသစ်)ပေါင်းကို ဆိုလိုပါသည်။

(၃-၁၁) **ဟီမိုဂလိုဘင်ပမာဏ 11 g/dl (g%)အောက်လျော့နည်းသော (သွေးအားနည်းသော) ကိုယ်ဝန်ဆောင်မိခင်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလ အတွင်း ဟီမိုဂလိုဘင်ပမာဏ 11g/dl(g%)အောက် လျော့နည်းသည်ကို ပထမဆုံးအကြိမ်တွေ့ရှိသော ကိုယ်ဝန်ဆောင်မိခင်ပေါင်းကို ဆိုလိုပါသည်။

(၃-၁၂) **ဗီတာမင်အေရရှိသည့် အသက်(၆)လမှ (၁၁)လ ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဗီတာမင်အေဆေးလုံးတစ်သိန်းအား ရရှိသည့် အသက် (၆)လမှ တစ်နှစ်အောက်ကလေးပေါင်းကို ဆိုလိုပါသည်။

(၃-၁၃) **ဗီတာမင်အေရရှိသည့် အသက်(၁)နှစ်မှ (၄)နှစ် ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဗီတာမင်အေ ဆေးလုံးနှစ်သိန်းအားရရှိသည့် အသက်(၁)နှစ်မှ (၅)နှစ်အောက်ကလေးပေါင်းကို ဆိုလိုပါသည်။

(၃-၁၄) **သန်ချဆေးရရှိသည့် အသက်(၂)နှစ်မှ (၄)နှစ် ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း သန်ချဆေး ရရှိသည့် အသက် (၂)နှစ်မှ (၅)နှစ်အောက်ကလေးပေါင်းကို ဆိုလိုပါသည်။

(၃-၁၅) **သန်ချဆေးရရှိသည့် အသက်(၅)နှစ်မှ(၉)နှစ်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း သန်ချဆေး ရရှိသည့် အသက် (၅)နှစ်မှ (၁၀)နှစ်အောက်ကလေးပေါင်းကို ဆိုလိုပါသည်။

(၃-၁၆) **ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း တာဝန်ကျဒေသရှိ အလှည့်ကျရပ်ကွက်/ ကျေးရွာ (ကောက်ကွက်)တွင် ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေး ဦးရေပေါင်းကို ဆိုလိုသည်။ (ကျား/မခွဲခြားဖော်ပြပါ) (စာရင်းရှိကို ဖြည့်သွင်းရန် မဟုတ်ပါ။ အမှန်တကယ် ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေး


ဦးရေကိုသာ ဖြည့်သွင်းရန် ဖြစ်သည်။ ကောက်ကွက်၏အမည်ကို ယှဉ်တွဲ ဖော်ပြရမည်။) ကောက်ကွက်ဆိုသည်မှာ အလှည့်ကျသွားရောက်၍ လုပ်ငန်းဆောင်ရွက်နိုင်ရန် လူဦးရေအရေအတွက် အကြမ်းဖျင်း တူညီ အောင် သတ်မှတ်ထားသည့် ရပ်ကွက်/ကျေးရွာ (သို့မဟုတ်) ရပ်ကွက်/ ကျေးရွာ၏ အစိတ်အပိုင်း (သို့မဟုတ်) ရပ်ကွက်/ ကျေးရွာအတွဲကို ဆိုလို သည်။

ကောက်ကွက် ရရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။ တာဝန်ကျဒေသရှိ ရပ်ကွက်/ ကျေးရွာများအား လူဦးရေပေါ်မူတည်၍ ကြီးစဉ်ငယ်လိုက်စီပါ။ လူဦးရေများလွန်းသည့် ရပ်ကွက်/ ကျေးရွာများအား စိတ်ပိုင်း၍လည်းကောင်း၊ လူဦးရေနည်းလွန်းသည့် ရပ်ကွက်/ ကျေးရွာများ အား (နီးစပ်ရာချင်း)ပူးတွဲ၍လည်းကောင်း လူအရေအတွက် အကြမ်းဖျင်း တူညီသည့် ကောက်ကွက်ပေါင်း (၁၂)ခု ဖြစ်အောင်ပြုလုပ်ပါ။

မည်သည့်လတွင် မည်သည့်ကောက်ကွက်သို့ အလှည့်ကျ သွားရောက် မည်ကို တစ်နှစ်စာ ခရီးစဉ် လျာထားရေးဆွဲပါ။ ယင်းသို့ရေးဆွဲရာတွင် ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားကျန်းမာရေးလုပ်ငန်း အစီအစဉ်များ (ဥပမာ-EPI Crash program)ကို ထည့်သွင်း စဉ်းစား၍ လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲပါ။ ထို့နောက် တစ်လလျှင် ကောက်ကွက် တစ်ခုနှုန်းဖြင့် ငါးနှစ်အောက်ကလေး အာဟာရအခြေအနေ ကို ကိုယ်အလေးချိန်၍ တိုင်းတာဖော်ထုတ်ပါ။ တစ်နှစ်ပြည့်လျှင် ကောက်ကွက်(၁၂)ခုလုံး ပြီးစီးမည်ဖြစ်၍ တာဝန်ကျ ဒေသတစ်ခုလုံး လွှမ်းခြုံမိမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကောက်ကွက် အလိုက် အာဟာရအခြေအနေကိုလည်းကောင်း၊ တစ်နှစ်စာစုစုပေါင်း ခြင်းဖြင့် တာဝန်ကျဒေသ၏ အာဟာရအခြေအနေကိုလည်းကောင်း ဖော်ထုတ်သိရှိနိုင်မည် ဖြစ်သည်။ (မှတ်ချက်။ ကိုယ်အလေးချိန်ခြင်းဖြင့် ဖော်ထုတ်သိရှိသည့် အာဟာရချို့တဲ့ကလေးများအား ထပ်မံကိုယ် အလေးချိန်၍ အာဟာရအခြေအနေ ပြန်လည်ဆန်းစစ်ခြင်း၊ မိခင်များအား အာဟာရ ပညာပေးဆွေးနွေးခြင်း၊ အာဟာရဖြည့်စွက် ကျွေးမွေးနိုင်ရေး အတွက် စီစဉ်ပေးခြင်းတို့ဖြင့် အာဟာရစောင့်ရှောက်မှုပေးရပါမည်။

အသေးစိတ်ကို “အာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ ကလေးပေါင်း” ရှင်းလင်းချက်၌ ဖော်ပြထားပါသည်။)

## အလှည့်ကျ ရပ်ကွက်/ကျေးရွာ (ကောက်ကွက်) သတ်မှတ်ခြင်း




| ရပ်ကွက် /ကျေးရွာ | လူဦးရေ |
|---|---|
| ရပ်ကွက် (၁) | ၁၂၀၀ |
| ရပ်ကွက် (၂) | ၆၀၀ |
| ရပ်ကွက် (၃) | ၈၀၀ |
| ရပ်ကွက် (၄) | ၇၀၀ |
| လက်ပံလှ | ၆၀၀ |
| လက်ပံခြေ | ၃၀၀ |
| လက်ပံခါး | ၅၀၀ |
| ပန်တီး | ၄၀၀ |
| ပန်ခါး | ၆၀၀ |
| ပန်စပ် | ၃၀၀ |
| ပန်နား | ၅၀၀ |
| ဟိုပိတ် | ၆၀၀ |
| ဟိုနား | ၃၀၀ |
| ခိုလုံ | ၂၀၀ |
| **စုစုပေါင်း** | ၇၆၀၀ |

လူဦးရေပေါ် မူတည်၍ ကြီးစဉ်ငယ် လိုက်စီပါ။ →

| ရပ်ကွက် /ကျေးရွာ | လူဦးရေ |
|---|---|
| ရပ်ကွက် (၁) | ၁၂၀၀ |
| ရပ်ကွက် (၃) | ၈၀၀ |
| ရပ်ကွက် (၄) | ၇၀၀ |
| ရပ်ကွက် (၂) | ၆၀၀ |
| လက်ပံလှ | ၆၀၀ |
| ပန်ခါး | ၆၀၀ |
| ဟိုပိတ် | ၆၀၀ |
| လက်ပံခါး | ၅၀၀ |
| ပန်နား | ၅၀၀ |
| ပန်တီး | ၄၀၀ |
| လက်ပံခြေ | ၃၀၀ |
| ပန်စပ် | ၃၀၀ |
| ဟိုနား | ၃၀၀ |
| ခိုလုံ | ၂၀၀ |
| | |

လူဦးရေများလွန်းသည့် ရပ်ကွက် /ကျေးရွာများအား စိတ်ပိုင်း၍ လည်းကောင်း လူဦးရေ နည်းလွန်းသည့် ရပ်ကွက် /ကျေးရွာများအား (နီးစပ်ရာချင်း) ပူးတွဲ၍ လည်းကောင်း →

လူအရေအတွက် အကြမ်းဖျင်း တူညီသည့် ရပ်ကွက် /ကျေးရွာ(၁၂)ခု ဖြစ်အောင်ပြုလုပ်ပါ။ ဖော်ပြပါဥပမာအတွက် လူဦးရေ ပျမ်းမျှ (633) ယောက် ရှိသည့် အတွဲ(၁၂)တွဲ တွဲပါ။

| အလှည့်ကျ ရပ်ကွက် /ကျေးရွာ | လူဦးရေ |
|---|---|
| ရပ်ကွက် (၁-က) | ၆၀၀ |
| ရပ်ကွက် (၁-ခ) | ၆၀၀ |
| ရပ်ကွက် (၃) | ၈၀၀ |
| ရပ်ကွက် (၄) | ၇၀၀ |
| ရပ်ကွက် (၂) | ၆၀၀ |
| လက်ပံလှ | ၆၀၀ |
| ပန်ခါး | ၆၀၀ |
| ဟိုပိတ် | ၆၀၀ |
| လက်ပံခါး | ၅၀၀ |
| ပန်နား+ ပန်စပ် | ၈၀၀ |
| ပန်တီး+လက်ပံခြေ | ၇၀၀ |
| ဟိုနား+ ခိုလုံ | ၅၀၀ |
| | |
| | |
| | |

## အသက်(၅)နှစ်အောက်ကလေး ကိုယ်အလေးချိန်ခြင်း




### ကိုယ်အလေးချိန်ကိရိယာ

၁။ ကိုယ်အလေးချိန်ကိရိယာ (e.g. Salter scale)သည် (၅)နှစ်အောက်ကလေးများ ကိုယ်အလေးချိန်ရန်သုံးနိုင်ပြီး (၂၅)ကီလိုဂရမ်ထိ ချိန်နိုင်သည်။ (၁၀၀)ဂရမ်အထိ တိကျစွာတိုင်းနိုင်သည်။

၂။ စပရင်သုံးကိုယ်အလေးချိန်တိုင်းကိရိယာဖြစ်ပြီး ဒိုင်ခွက်မျက်နှာပြင်တွင်အလေးချိန်အမှတ်အသားများပါရှိသည်။ အမှတ်စိတ်ကလေးများသည် (၁၀၀)ဂရမ်ဖြစ်ပြီးအမှတ်ကြီးများသည် (၁)ကီလိုဂရမ်ဖြစ်သည်။



### ကိုယ်အလေးချိန်ကိရိယာ စံကိုက်တပ်ဆင်ခြင်း

၁။ ကိုယ်အလေးချိန်ရန် Salter scaleကို သင့်တော်မည့်နေရာတွင် ရွေးချယ်ချိတ်ဆွဲပါ။(အလင်းရောင်ကောင်းစွာရရမည်။)(ထုတ်တန်း၊ သစ်ကိုင်း၊ ဝါးလုံးရှာ၍ ခိုင်မြဲစွာ ချိတ်ဆွဲရမည်။)

၂။ ကိုယ်အလေးချိန်တိုင်းကိရိယာကို ဖတ်မည့်သူမျက်နှာနှင့် တည့်တည့် အမြင့်တွင် ခိုင်မြဲစွာ တပ်ဆင်ရမည်။

၃။ ကိုယ်အလေးချိန်တိုင်းကိရိယာ၏ အိမ်မြှောင်လက်တံ အတက်အကျ မှန်၊ မမှန် စစ်ဆေးပါ။

၄။ ကိုယ်အလေးချိန်တိုင်း ကိရိယာ မှန်၊ မမှန် စံကိုက်ရမည်။ (ရေ၅လီတာ ကို အလေးချိန်တိုက်ထားသော ပလတ်စတစ်ပုံးတွင် ထည့်၍ ကိုယ်အလေးချိန်တိုင်းကိရိယာတွင် ချိတ်ဆွဲပါက မျှားလက်တံသည် ၅-ကီလို ဂရမ်တွင် ပြရမည်။) (အကြိမ်၅၀ချိန်ပြီးတိုင်း စံကိုက်၊ မကိုက်စစ်ပါ။)



Figure 1 Weight assessment. Adapted from "How to weigh and measure children", U.N., 1986.

**ငါးနှစ်အောက်ကလေး ကိုယ်အလေးချိန်နည်း**

၁။ ကလေးထည့်ရန်ပုဆိုးကို အလေးချိန်တိုင်းကိရိယာတွင်ချိတ်ဆွဲ၍ ခိုင်မြဲစွာ ချည်ရမည်။

၂။ အလေးချိန်တိုင်း ကိရိယာ၏ အိမ်မြှောင်ကို သုညအမှတ်တွင် ချိန်ရမည်။ (ဆွဲချပြီး ပြန်လွှတ်ပါက သုညအမှတ်သို့ တိတိကျကျ ပြန်ရောက်ရမည်။)

၃။ အလေးချိန်မည့် ကလေးကိုယ်ပေါ်မှ လေးလံသော အဝတ်အစား၊ ဖိနပ်၊ ဦးထုပ်များကိုချွတ်ခိုင်းရမည်။ (သာမာန်အဝတ် ချွတ်ရန်မလိုပါ။)

၄။ ကလေးကို ပုဆိုးအတွင်း မိခင်၏ အကူအညီဖြင့် သေချာစွာ ထည့် ပါ။

၅။ Scale ငြိမ်သောအချိန်တွင် အလေးချိန်အမှတ်အသားကို ဂရုတစိုက်ဖြင့် ရှေ့တည့်တည့်မှ ဖတ်ပါ။

၆။ အလေးချိန်ကို 0.1 kg အထိ တိတိကျကျဖတ်ပါ။ အသေးစိတ် အမှတ်နှစ်ခုကြား ဖြစ်ပါက နည်းသည့်ဘက်အား ဖတ်ပါ။

(၃-၁၇) **အဝါရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အလှည့်ကျ ရပ်ကွက်/ကျေးရွာ(ကောက်ကွက်)တွင် ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေးများအနက်မှ အဝါရောင်၌ ကျရောက်သော (၅)နှစ်အောက်ကလေး ဦးရေပေါင်းကို ဆိုလိုသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၃-၁၈) **အနီရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အလှည့်ကျ ရပ်ကွက်/ကျေးရွာ(ကောက်ကွက်)တွင် ကိုယ်အလေးချိန်သည့် (၅)နှစ်အောက်ကလေးများအနက်မှ အနီရောင်၌ ကျရောက်သော (၅)နှစ်အောက်ကလေး ဦးရေပေါင်းကို ဆိုလိုသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၃-၁၉) **အာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း တာဝန်ကျဒေသတွင် (၅)နှစ်အောက်ကလေးကြီးထွားဖွံ့ဖြိုးမှုစောင့်ကြပ်ရာ၌ အာဟာရစောင့်ရှောက်မှုပေးခဲ့သည့် အာဟာရချို့တဲ့သော (ကိုယ်အလေးချိန်ကဒ်တွင် အဝါရောင်နှင့် အနီရောင်၌ရှိသော) ကလေးဦးရေပေါင်းကို ဆိုလိုသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ) ကြီးထွားဖွံ့ဖြိုးမှု စောင့်ကြပ်ခြင်း လုပ်ငန်းတွင် တာဝန်ကျဒေသရှိ (၅)နှစ် အောက်ကလေးများအား ပုံမှန်ကိုယ်အလေးချိန်၍ ကလေးတစ်ဦးစီ

အတွက် အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် အာဟာရစောင့်ရှောက်မှုပေးခြင်းတို့ပါဝင်သည်။ သားဖွားဆရာမတစ်ဦးသည် တာဝန်ကျဒေသရှိ (၅)နှစ်အောက်ကလေးများအား ပုံမှန်ကိုယ်အလေးချိန်၍ ဆောင်ရွက်ရန် အခက်အခဲရှိပါက အာဟာရချို့တဲ့သူများကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ထုတ်၍ ဆောင်ရွက်နိုင်သည်။

(၁) ကောက်ကွက်တွင်- (၅)နှစ်အောက်ကလေးတိုင်းအား ကိုယ်အလေးချိန်၍ ကြီးထွားဖွံ့ဖြိုးမှုကို တိုင်းတာမှတ်တမ်းတင်ပြီး အာဟာရချို့တဲ့သူများကို ဆန်းစစ်ဖော်ထုတ်ရပါမည်။

(၂) အလှည့်မကျသောကောက်ကွက်များတွင် ဆန်းစစ်ဖော်ထုတ်သိရှိပြီးသည့် အာဟာရချို့တဲ့ကလေးများ (ဝါ၊နီ)နှင့် ယခင် အစိမ်းရောင် ၌ကျရောက်သော်လည်း အာဟာရချို့တဲ့မှု ဖြစ်နိုင်သည့် ကလေးများ (ဖျားနာ၊ ဝမ်းလျှော၊ ချောင်းဆိုး၊ ရင်ကြပ် ဖြစ်သည့်ကလေးများ) အား အာဟာရစောင့်ရှောက်မှုပေးရပါမည်။

**အာဟာရစောင့်ရှောက်မှု**ပေးသည်ဆိုသည်မှာ-

ယင်းကလေးများအား

(က) ကိုယ်အလေးချိန်၍ အာဟာရအခြေအနေပြန်လည် ဆန်းစစ်ခြင်း၊

(ခ) မိခင်များအား အာဟာရပညာပေးဆွေးနွေးခြင်း၊ လိုအပ်ပါက ကုသခြင်း/ ညွှန်းပို့ခြင်း၊

(ဂ) အာဟာရဖြည့်စွက် ကျွေးမွေးနိုင်ရေးအတွက် စီစဉ်ပေးခြင်းတို့ ဆောင်ရွက်ခြင်းဖြစ်သည်။

(ယင်းသို့ဆောင်ရွက်ခြင်းအား ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်စောင့်ရှောက်ခြင်း၊ မီးဖွားခြင်း၊ မီးဖွားပြီးစောင့်ရှောက်ခြင်းစသည့် လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ရန်သွားစဉ် ပူးတွဲဆောင်ရွက်နိုင်သည်။)

(၃-၂၀) **အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှု စံမီသည့် အလှည့်ကျရပ်ကွက်/ ကျေးရွာ(ကောက်ကွက်)ပေါင်း** ဆိုသည်မှာ တာဝန်ကျဒေသရှိ အရည်အသွေးပြည့်အိုင်အိုဒင်းဆား စားသုံးမှုစံမီသည့် ကောက်ကွက်ဦးရေကို ဆိုလိုသည်။ (အစီရင်ခံသည့်ကာလအတွက် အလှည့်ကျကောက်ကွက် တစ်ခုတွင် အိုင်အိုဒင်းဆား စားသုံးမှုကို စစ်ဆေးရမည်။) ကောက်ကွက်ပေါင်းဆိုသည်မှာ အလှည့်ကျသွားရောက်၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်

လူဦးရေအရေအတွက် အကြမ်းဖျင်းတူညီအောင် သတ်မှတ်ထားသည့် ရပ်ကွက်/ ကျေးရွာ (သို့မဟုတ်) ရပ်ကွက်/ ကျေးရွာ၏အစိတ်အပိုင်း (သို့မဟုတ်) ရပ်ကွက်/ ကျေးရွာအတွဲကို ဆိုလိုသည်။
တစ်လလျှင် ကောက်ကွက်ပေါင်းတစ်ခုနှုန်းဖြင့် အိုင်အိုဒင်းဆားစားသုံးမှုကို စစ်ဆေးတိုင်းတာ ဖော်ထုတ်ရမည်။ တစ်နှစ်ပြည့်လျှင် ရပ်ကွက်/ကျေးရွာ (၁၂)ခုလုံး ပြီးစီးမည်ဖြစ်၍ တာဝန်ကျဒေသတစ်ခုလုံး လွှမ်းခြုံမိမည် ဖြစ်သည်။
ယင်းကောက်ကွက်အတွင်းရှိ အိမ်ထောင်စုများအနက်မှ ကျဘမ်းနည်းဖြင့် အိမ်ထောင်စု(၁၀)စု ရွေးချယ်ပြီး အိမ်သုံးဆားနမူနာ တစ်ခုစီ ရယူ စစ်ဆေးရာတွင် အရည်အသွေးပြည့် (၁၅-ပီပီအမ်) အထက် အိုင်အိုဒင်း ဆား အရေအတွက်(၉)ခု (သို့) (၁၀)ခု တွေ့ရှိရပါက အရည်အသွေးပြည့် အိုင်အိုဒင်းဆားစားသုံးမှုစံမီသည်ဟု (Pass-ဟု) သတ်မှတ်သည်။

(၃-၂၁) **အရည်အသွေးပြည့် အိုင်အိုဒင်းဆားစားသုံးမှု စံမမီသည့် အလှည့်ကျ ရပ်ကွက်/ကျေးရွာ(ကောက်ကွက်)ပေါင်း** ဆိုသည်မှာ တာဝန်ကျဒေသရှိ အရည်အသွေးပြည့် အိုင်အိုဒင်းဆား စားသုံးမှုစံမမီသည့် ကောက်ကွက် ဦးရေကို ဆိုလိုသည်။ (အစီရင်ခံသည့်ကာလအတွက် ကောက်ကွက်တစ်ခု တွင် အိုင်အိုဒင်းဆားစားသုံးမှုကို စစ်ဆေးရမည်။) ယင်းကောက်ကွက် အတွင်းရှိ အိမ်ထောင်စုများအနက်မှ ကျဘမ်းနည်းဖြင့် အိမ်ထောင်စု(၁၀) စုရွေးချယ်ပြီး အိမ်သုံးဆားနမူနာတစ်ခုစီရယူ စစ်ဆေးရာတွင် အရည် အသွေးပြည့် (၁၅-ပီပီအမ်)အထက် အိုင်အိုဒင်းဆားအရေအတွက် (၈)ခု သို့မဟုတ် (၈)ခုထက် လျော့နည်းပါက အရည်အသွေးပြည့် အိုင်အိုဒင်း ဆား စားသုံးမှု စံမမီဟု (Fail-ဟု) သတ်မှတ်သည်။

**(က) ဆားစမ်းသပ်ဆေးဘူး (Field Test Kit)**

၁။ ပိုတက်စီယမ်အိုင်အိုဒိတ် ဖြည့်ထားသော အိမ်သုံးဆား၌ အိုင်အိုဒင်းပါဝင်မှုကို ကွင်းဆင်း စမ်းသပ်ရန် ဖြစ်ပြီး (0 ppm ) (15 ppm အောက် ) (15 ppm အထက်) ဟူ၍ သုံးမျိုး ခွဲခြားနိုင်သည်။

၂။ ဆားစမ်းသပ်ဘူးတစ်ဘူးတွင် အကြည်ရောင်ဆေးဘူးငယ် (Test Solution) နှစ်ဘူး၊ အနီရောင် ဆေးဘူးငယ် (Recheck Solution) တစ်ဘူး၊ အရောင် အနုအရင့်ပြ အညွှန်းကဒ်ပြားတစ်ခုနှင့် ဆားထည့်ရန် ပလပ်စတစ်ခွက်အဖြူ တစ်ခု ပါဝင်သည်။

၃။ ဆေးဘူးကို ဖွင့်ဖောက်ပြီးပါက ရက်ပေါင်း (၁၈၀) ထိသာ သုံးစွဲရမည်။ အေး၍ ခြောက်သွေ့သော နေရာတွင် သိမ်းဆည်းရမည်။ အသုံးမပြုမီ ဆေးဘူးကို သေချာစွာ လှုပ်ရမည်။

**(ခ) အသုံးပြုနည်း**

၁။ အိမ်သုံးဆားအနည်းငယ်ကို ခွက်တွင်ဖြည့်၍ မျက်နှာပြင်ကို ခွက်နှုတ်ခမ်းနှင့် ညီအောင်ညှိပါ။

၂။ အကြည်ရောင်ဆေးဘူးငယ်(Test Solution)ကို အဖုံးဖွင့်၍ ပင်အပ်ဖြင့် အပေါက်ဖေါက်ပါ။ ဆေးရည် ၂-စက်ကိုဆားပေါ်သို့ ညင်သာစွာ ညှစ်၍ အစက်ချပါ။

၃။ ပြောင်းသွားသောအရောင်ကို တစ်မိနစ်အတွင်း အရောင်အနုအရင့်ပြ အညွှန်းကဒ်ပြားနှင့် တိုက်ကြည့်ပြီး အိုင်အိုဒင်း ပါဝင်မှုကို ဆုံးဖြတ်ပါ။

၄။ တစ်မိနစ်ပြည့်ပြီးသည့်တိုင် ဆားအရောင်မပြောင်းပါက ယင်းဆားနမူနာအသစ် ထပ်ယူပြီး အနီရောင်ဆေးရည် (Recheck Solution) ၅-စက် ထည့်ပါ။ ပြီးလျှင် အကြည်ရောင်ဆေးရည် (Test Solution) ၂-စက် ထည့်ပါ။ အရောင်အနုအရင့်ပြ အညွှန်းကဒ်ပြားနှင့် တိုက်ကြည့်ပြီး အိုင်အိုဒင်း ပါဝင်မှုကို ဆုံးဖြတ်ပါ။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၃။** | **အာဟာရစောင့်ရှောက်မှုစီမံချက်** | | |
| ၃.၁ | ကိုယ်အလေးချိန်မပြည့်သည့် မွေးစကလေးရာနှုန်း(ဆေးရုံ) | ကိုယ်အလေးချိန်မပြည့်သည့်မွေးစကလေးပေါင်း(ဆေးရုံ)<br>------------------------------------------- x ၁၀၀<br>ကိုယ်အလေးချိန်သည့် မွေးစကလေးပေါင်း (ဆေးရုံ) | ပုံစံ၁(၃-၂)(ဆေးရုံ)<br>------------ x ၁၀၀<br>ပုံစံ၁(၃-၁)(ဆေးရုံ) |
| ၃.၂ | ကိုယ်အလေးချိန်မပြည့်သည့် မွေးစကလေးရာနှုန်း (အခြေးကျန်းမာရေးဌာန) | ကိုယ်အလေးချိန်မပြည့်သည့်မွေးစကလေးပေါင်း (အခြားကျန်းမာရေးဌာန)<br>------------------------------------------- x ၁၀၀<br>ကိုယ်အလေးချိန်သည့် မွေးစကလေးပေါင်း (အခြားကျန်းမာရေးဌာန) | ပုံစံ၁(၃-၂)(အခြား)<br>------------ x ၁၀၀<br>ပုံစံ၁(၃-၁)(အခြား) |
| ၃.၃ | ကိုယ်အလေးချိန်မပြည့်သည့် မွေးစကလေးရာနှုန်း (မြို့နယ်ချုပ်) | ကိုယ်အလေးချိန်မပြည့်သည့်မွေးစကလေးပေါင်း (ဆေးရုံ+အခြားကျန်းမာရေးဌာန)<br>------------------------------------------- x ၁၀၀<br>ကိုယ်အလေးချိန်သည့် မွေးစကလေးပေါင်း (ဆေးရုံ+အခြားကျန်းမာရေးဌာန) | ပုံစံ၁(၃-၂) (ဆေးရုံ+အခြား)<br>------------ x ၁၀၀<br>ပုံစံ၁(၃-၁) (ဆေးရုံ+အခြား) |
| ၃.၄ | သူငယ်နာ ဘယ်ရီဘယ်ရီ ဖြစ်ပွားသည့်ကလေးနှုန်း (မြို့နယ်ချုပ်အတွက်ဆေးရုံနှင့် အခြားကျန်းမာရေးဌာန ပေါင်းတွက်ရန်) | သူငယ်နာဘယ်ရီဘယ်ရီဖြစ်ပွားသည့်ကလေးပေါင်း (အသစ်) (ဆေးရုံ+အခြားကျန်းမာရေးဌာန)<br>------------------------------------------- x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၃-၃)<br>---------- x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၃.၅ | သန်ချဆေးသောက်သုံးရသည့် ကိုယ်ဝန်ဆောင် မိခင်ရာနှုန်း | သန်ချဆေးသောက်ရသည့်ကိုယ်ဝန်ဆောင်မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၄)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |
| ၃.၆ | ကိုယ်ဝန်ဆောင်စဥ်သံဓါတ် ဆေးပြား ၄-ကြိမ်နှင့် အထက် ရရှိသည့် မွေးဖွားပြီး မိခင်ရာနှုန်း | ကိုယ်ဝန်ဆောင်စဥ်သံဓါတ်ဆေးပြား ၄- ကြိမ်နှင့်အထက် ရရှိသည့်မွေးဖွားပြီး မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၅)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |
| ၃.၇ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့် ကိုယ်ဝန်ဆောင်မိခင်ရာနှုန်း | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့် ကိုယ်ဝန်ဆောင် မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၆)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |
| ၃.၈ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိ သည့် မွေးဖွားပြီး(မီးတွင်း) မိခင်ရာနှုန်း | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့်မွေးဖွားပြီး (မီးတွင်း) မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၇)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |
| ၃.၉ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိ သည့် နို့တိုက်မိခင်ရာနှုန်း | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့်နို့တိုက်မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၈)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |
| ၃.၁၀ | ဗီတာမင်အေသောက်ရသည့် မွေးပြီး(မီးတွင်း)မိခင်ရာနှုန်း | ဗီတာမင်အေသောက်ရသည့်မွေးဖွားပြီး(မီးတွင်း)မိခင်ပေါင်း<br>------------------------------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ၁(၃-၉)<br>------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန် ဆောင်ပေါင်း |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၃.၁၁ | သွေးအားနည်းသည့် ကိုယ်ဝန်ဆောင်မိခင်ရာနှုန်း | ဟီမိုဂလိုဘင်ပမာဏ 11 g/dl (g%)အောက်လျော့နည်းသော (သွေးအားနည်းသော) ကိုယ်ဝန်ဆောင်မိခင်ပေါင်း<br>------------------------------------------------ x ၁၀၀<br>ဟီမိုဂလိုဘင် ပမာဏ စစ်ဆေးသော ကိုယ်ဝန်ဆောင် မိခင်ပေါင်း (အသစ်) | ပုံစံ၁(၃-၁၁)<br>------------ x ၁၀၀<br>ပုံစံ၁(၃-၁၀) |
| ၃.၁၂ | ဗီတာမင်အေရရှိသည့် အသက် (၆)လ မှ (၁၁)လ ကလေးရာနှုန်း | ဗီတာမင်အေရရှိသည့် အသက် (၆)လမှ(၁၁)လကလေးပေါင်း<br>------------------------------------------------ x ၁၀၀<br>အသက် (၆)လ မှ (၁၁)လ ခန့်မှန်း ကလေးဦးရေ | ပုံစံ၂(၃-၁၂)<br>------------ x ၁၀၀<br>[ပုံစံ၃(၁)(တစ်နှစ်အောက်)]/၂ |
| ၃.၁၃ | ဗီတာမင်အေရရှိသည့် အသက် (၁)နှစ်မှ(၄)နှစ်ကလေးရာနှုန်း | ဗီတာမင်အေရရှိသည့် အသက် (၁)နှစ် မှ (၄)နှစ် ကလေးပေါင်း<br>------------------------------------------------ x ၁၀၀<br>အသက် (၁)နှစ် မှ (၄)နှစ်ကလေးပေါင်း | ပုံစံ၂(၃-၁၃)<br>------------ x ၁၀၀<br>[ပုံစံ၃(၁)(၁-၄)နှစ်] |
| ၃.၁၄ | သန်ချဆေးရရှိသည့် အသက် (၂)နှစ်မှ(၄)နှစ်ကလေးရာနှုန်း | သန်ချဆေးရရှိသည့် အသက်(၂)နှစ်မှ(၄)နှစ်ကလေးပေါင်း<br>------------------------------------------------ x ၁၀၀<br>အသက် (၂)နှစ် မှ (၄)နှစ် ကလေးပေါင်း | ပုံစံ၂(၃-၁၄)<br>------------ x ၁၀၀<br>[ပုံစံ၃(၁)(၂-၄)နှစ်] |
| ၃.၁၅ | သန်ချဆေးရရှိသည့် အသက်(၅) နှစ်မှ(၉)နှစ်ကလေးရာနှုန်း | သန်ချဆေးရရှိသည့် အသက် (၅)နှစ် မှ (၉)နှစ် ကလေးပေါင်း<br>------------------------------------------------ x ၁၀၀<br>အသက် (၅)နှစ် မှ (၉)နှစ် ကလေးပေါင်း | ပုံစံ၂(၃-၁၅)<br>------------ x ၁၀၀<br>[ပုံစံ၃(၁)(၅-၉)နှစ်] |
| ၃.၁၆ | (၅)နှစ်အောက်ကလေးအသင့်အတင့် အာဟာရချို့တဲ့မှုရာနှုန်း | အဝါရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း<br>------------------------------------------------ x ၁၀၀<br>ကိုယ်အလေးချိန်သည့်(၅)နှစ်အောက်ကလေးပေါင်း | ပုံစံ၂(၃-၁၇)<br>------------- x ၁၀၀<br>ပုံစံ၂(၃-၁၆) |
| ၃.၁၇ | (၅)နှစ်အောက်ကလေးအပြင်းအထန်အာဟာရချို့တဲ့မှုရာနှုန်း | အနီရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း<br>------------------------------------------------- x ၁၀၀<br>ကိုယ်အလေးချိန်သည့်(၅)နှစ်အောက်ကလေးပေါင်း | ပုံစံ၂(၃-၁၈)<br>-------------- x ၁၀၀<br>ပုံစံ၂(၃-၁၆) |
| ၃.၁၈ | (၅)နှစ်အောက်ကလေးအာဟာရချို့တဲ့မှုရာနှုန်း | အဝါရောင်နှင့်အနီရောင်တွင်ရှိသော(၅)နှစ်အောက် ကလေးပေါင်း<br>------------------------------------------------- x ၁၀၀<br>ကိုယ်အလေးချိန်သည့်(၅)နှစ်အောက်ကလေးပေါင်း | ပုံစံ၂(၃-၁၇)+ (၃-၁၈)<br>------------- x ၁၀၀<br>ပုံစံ၂(၃-၁၆) |
| ၃.၁၉ | တစ်လပျှမ်းမျှအာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ကလေးပေါင်း | အာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ ကလေးပေါင်း (၁၂)လစာ<br>-------------------------------------------------------<br>၁၂ | ပုံစံ၂(၃-၁၉) (၁၂လစာပေါင်း)<br>---------------<br>၁၂ |
| ၃.၂၀ | အာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ ကလေးရာနှုန်း | တစ်လပျှမ်းမျှအာဟာရစောင့်ရှောက်မှုပေးသည့် အာဟာရချို့တဲ့ကလေးပေါင်း<br>------------------------------------------------- x ၁၀၀<br>အဝါရောင်နှင့်အနီရောင်တွင် ရှိသော(၅)နှစ်အောက် ကလေးပေါင်း (တစ်နှစ်အတွင်း) | ပုံစံ၂(၃-၁၉)/၁၂<br>------------- x ၁၀၀<br>ပုံစံ၂(၃-၁၇)+ (၃-၁၈) (တစ်နှစ်အတွင်း) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၃.၂၁ | စစ်ဆေးသည့် ကောက်ကွက်များ အနက် အရည်အသွေးပြည့် အိုင်အိုဒင်း ဆားစားသုံးမှု စံမီသည့် ကောက်ကွက်ရာနှုန်း (မြို့နယ်ချုပ်) | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမီသည့် ကောက်ကွက်ပေါင်း<br>------------------------------------------------------- x ၁၀၀<br>အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှု (စံမီသည့် ကောက်ကွက်ပေါင်း+စံမမီသည့် ကောက်ကွက်ပေါင်း) | ပုံစံ၂(၃-၂၀)<br>------------ x ၁၀၀<br>ပုံစံ၂(၃-၂၀)+<br>(၃-၂၁) |
| ၃.၂၂ | စစ်ဆေးသည့် ကောက်ကွက်များ အနက် အရည်အသွေးပြည့် အိုင်အိုဒင်းဆား စားသုံးမှု စံမမီသည့် ကောက်ကွက်ရာနှုန်း (မြို့နယ်ချုပ်) | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမမီသည့် ကောက်ကွက်ပေါင်း<br>------------------------------------------------------- x ၁၀၀<br>အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှု (စံမီသည့် ကောက်ကွက်ပေါင်း+စံမမီသည့် ကောက်ကွက်ပေါင်း) | ပုံစံ၂(၃-၂၁)<br>------------- x ၁၀၀<br>ပုံစံ၂(၃-၂၀)+<br>(၃-၂၁) |

မှတ်ချက်။ ။ (၁) ဒေသစုစုပေါင်း၏ အညွှန်းကိန်းကိုရရှိရန် ဒေသအသီးသီး၏ပိုင်းဝေစုစုပေါင်းအား ပိုင်းခြေစုစုပေါင်းဖြင့်စားပါ။

(၂) တစ်နှစ်အတွက် အညွှန်းကိန်းကို ရရှိရန် လအသီးသီး၏ ပိုင်းဝေစုစုပေါင်းအား ပိုင်းခြေစုစုပေါင်းဖြင့်စားပါ။

(၃) အရှင်မွေးစုစုပေါင်း၊ ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်းသည် လချုပ်အတွက် တစ်လစာ၊ နှစ်ချုပ်အတွက် တစ်နှစ်စာ ဖြစ်ရမည်။

(၄) အညွှန်းကိန်း (၁၉)နှင့်(၂၀)အား နှစ်ချုပ်အတွက်သာ တွက်ချက်ရန်။

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၃။ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးမှတ်တမ်း

၄။ ငါးနှစ်အောက်ကလေးအာဟာရစောင့်ရှောက်မှုမှတ်တမ်း

၅။ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

ပထမပတ် - မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

ဒုတိယပတ် - (၅)နှစ်အောက် ကလေးများ ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ ရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **၃။** | **အာဟာရစောင့်ရှောက်မှုစီမံချက်** | | | | | | | | | | | |
| ၁ | ကိုယ်အလေးချိန်သည့် မွေးစကလေးပေါင်း | × | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၂ | ကိုယ်အလေးချိန်မပြည့်သည့် မွေးစကလေးပေါင်း | × | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၃ | သူငယ်နာဘယ်ရီဘယ်ရီဖြစ်ပွားသည့်ကလေးပေါင်း (အသစ်) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၄ | သန်ချဆေးသောက်ရသည့် ကိုယ်ဝန်ဆောင်မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၅ | ကိုယ်ဝန်ဆောင်စဉ်သံဓါတ်ဆေးပြား၄-ကြိမ်နှင့်အထက် ရရှိသည့်မွေးဖွားပြီး မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၆ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့်ကိုယ်ဝန်ဆောင် မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၇ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့်မွေးဖွားပြီး(မီးတွင်း) မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၈ | ဗီတာမင်ဘီဝမ်းဆေးပြားရရှိသည့်နို့တိုက်မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၉ | ဗီတာမင်အေသောက်ရသည့်မွေးဖွားပြီး(မီးတွင်း) မိခင်ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၀ | ဟီမိုဂလိုဘင် ပမာဏ စစ်ဆေးသော ကိုယ်ဝန်ဆောင် မိခင်ပေါင်း (အသစ်) | √ | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၁ | ဟီမိုဂလိုဘင်ပမာဏ 11 g/dl (၅%)အောက် လျော့နည်းသော (သွေးအားနည်းသော) ကိုယ်ဝန်ဆောင်မိခင်ပေါင်း | √ | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၂ | ဗီတာမင်အေရရှိသည့် အသက် (၆)လ မှ (၁၁)လ ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၃ | ဗီတာမင်အေရရှိသည့် အသက် (၁)နှစ် မှ (၄)နှစ် ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၄ | သန်ချဆေးရရှိသည့် အသက် (၂)နှစ် မှ (၄)နှစ် ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၅ | သန်ချဆေးရရှိသည့် အသက် (၅)နှစ် မှ (၉)နှစ် ကလေးပေါင်း | × | × | √ | × | √ | √ | √ | √ | √ | √ | √ |
| ၁၆ | ကိုယ်အလေးချိန်သည့်(၅)နှစ်အောက်ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၇ | အဝါရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့ဝ | ကျေးလက်ကျန်းမာရေး | မိခင်နှင့်ကလေး/ကျ/ဌာန | ကျောင်းကျန်းမာရေး | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် ကျ/ဌာန | ကျေးလက်ကျ/ဌာနခွဲ | နယ်ပယ်ဆေးဝန်ထမ်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃။ | **အာဟာရစောင့်ရှောက်မှုစီမံချက်** | | | | | | | | | | | |
| ၁၈ | အနီးရောင်တွင်ရှိသော(၅)နှစ်အောက်ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၉ | အာဟာရစောင့်ရှောက်မှုပေးသည့်အာဟာရချို့တဲ့ကလေးပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂၀ | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမီသည့် ရပ်ကွက်/ကျေးရွာ(ကောက်ကွက်)ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂၁ | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမမီသည့် ရပ်ကွက်/ကျေးရွာ(ကောက်ကွက်)ပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |

## အသုံးပြုပုံ

မြန်မာနိုင်ငံ၏ အဓိကအာဟာရပြဿနာများ အာဟာရချို့တဲ့သူများနှင့် ဘယ်ရီဘယ်ရီရောဂါ ဖြစ်ပွားနေသူများကိုရှာဖွေဖော်ထုတ်ခြင်း၊ ဆေးကုသခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် အာဟာရပြဿနာများလျော့နည်းအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ သံဓါတ်ချို့တဲ့သွေးအားနည်းခြင်းမှ ကာကွယ်ရန် ကိုယ်ဝန်ဆောင်မိခင်များအား သံဓါတ်အားဆေးနှင့် သန်ချဆေးတိုက်ကျွေးမှု အခြေအနေများ၊ ဗီတာမင်ဘီဝမ်းတိုက်ကျွေးမှု အခြေအနေများကို လေ့လာဆန်းစစ်နိုင်ပြီး အဓိက အာဟာရပြဿနာများကို တဖြည်းဖြည်းလျော့နည်းလာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသက်ငါးနှစ်အောက်ကလေးများတွင် ကလေး၏အသက်အရွယ်အလိုက် ရှိသင့်သောကိုယ်အလေးချိန်ထက် လျော့နည်းသော ကလေးများကို ရှာဖွေဖော်ထုတ်၍ အာဟာရစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၄။ | **ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်** |
| (၄-၁) | **ဆေးခန်းလာလူနာသစ်များအနက် (၅)နှစ်အောက်ကလေးလူနာပေါင်း (အသစ်)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဆေးခန်းလာလူနာသစ်များအနက် ကျန်းမာရေးဝန်ထမ်းများနှင့် လာရောက်ပြသသည့် အသက်(၅)နှစ်အောက် (အသက် ၀ မှ ၅၉ လ အထိ) ကလေးလူနာဦးရေပေါင်း (အသစ်)ကို ဆိုလိုပါသည်။ (ကာကွယ်ဆေးထိုးရန် သီးသန့်လာရောက်ပြသသူများ မပါဝင်ပါ။) |
| (၄-၂) | **ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသော (၅)နှစ်အောက်ကလေးပေါင်း (ရောဂါသစ်)** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွက် (၂၄)နာရီအတွင်း (၃)ကြိမ်နှင့်အထက် ဝမ်းအရည်သွားသူ (ရောဂါသစ်) အသက်(၅)နှစ်အောက်ကလေးစုစုပေါင်းကို ဆိုလိုပါသည်။ |
| (၄-၃) | **အရည်(အိုအာတီ)ဖြင့် ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ခံစားရသဖြင့် ဓါတ်ဆားရည်၊ အစားအစာမှရရှိသောအရည် (ဥပမာ-စွပ်ပြုပ်ရည်၊ ထမင်းရည်၊ ဒိန်ချဉ်ရည်) သို့မဟုတ် သန့်ရှင်းသောသောက်ရေ စသည်တို့ကို တိုက်သည့် အသက်(၅)နှစ်အောက်ကလေးစုစုပေါင်းကို ဆိုလိုပါသည်။ |
| (၄-၄) | **ဓါတ်ဆားရည်နှင့် ဇင့်ဆာလဖိတ်ဆေးပြားတို့ဖြင့် ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ခံစားရသဖြင့် ဓါတ်ဆားရည်နှင့် ဇင့်ဆာလဖိတ်ဆေးပြားတို့ဖြင့် ကုသခြင်းခံရသည့် အသက်(၅)နှစ်အောက်ကလေးစုစုပေါင်းကို ဆိုလိုပါသည်။ |
| (၄-၅) | **နမိုးနီးယားရောဂါ(သံသယ)အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံလာရောက်သော (၅)နှစ်အောက်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ကျန်းမာရေးဝန်ထမ်းများထံလာရောက်၍ ဆေးကုသမှု ခံယူသော နမိုးနီးယားရောဂါခံစားနေရသည့် အသက်(၅)နှစ်အောက်ကလေးစုစုပေါင်းကို ဆိုလိုပါသည်။ နမိုးနီးယားရောဂါခံစားနေရသောကလေးတွင် |

ချောင်းဆိုးခြင်း သို့မဟုတ် အသက်ရှူခက်ခြင်းရှိပြီး အသက်ရှူမြန်ခြင်း၊ အသက်ရှူသွင်းစဉ် ရင်ဘတ်အောက်ချိုင့်ဝင်ခြင်း၊ ကလေးငြိမ်သက်နေစဉ် လည်ချောင်းတစ်ဆို့သံကြားရခြင်း တို့လည်း ရှိပါသည်။

**မှတ်ချက်** - အသက်ရှူမြန်ခြင်း (သို့မဟုတ်) ခက်ခြင်း ဆိုသည်မှာ အသက် (၂)လအောက်ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၆၀) နှင့်အထက် (သို့မဟုတ်) အကြိမ် (၃၀) အောက်ရှိခြင်း၊ အသက်(၂)လမှ (၁၁)လအထိကလေးတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၅၀)နှင့် အထက်ရှိခြင်း၊ အသက်(၁၂)လမှ(၅)နှစ်အောက်အထိ ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၄၀)နှင့်အထက်ရှိခြင်းကို ဆိုလိုပါသည်။

(၄-၆) **နမိုးနီးယားရောဂါ(သံသယ)အတွက် ပဋိဇီဝဆေးရရှိသည့် (၅)နှစ်အောက် ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း နမိုးနီယားရောဂါ အတွက် ဆေးကုသမှုခံယူသော (၅)နှစ်အောက်ကလေးများ (ရောဂါသစ်ဖြင့်လာရောက်သူများ)အနက် ပဋိဇီဝဆေးကုသမှုရရှိသည့် (၅)နှစ်အောက် ကလေးစုစုပေါင်းကို ဆိုလိုပါသည်။

(၄-၇) **မွေးပြီးတစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးသည့်မွေးကင်းစကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း မွေးပြီးပြီးချင်း(၁)နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်းခံရသော မွေးကင်းစကလေးစုစုပေါင်းကို ဆိုလိုပါသည်။

(၄-၈) **မွေးပြီး(၂)ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုရရှိသော မွေးကင်းစကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း မွေးပြီး(၂)ရက် အတွင်း မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုရရှိသည့် မွေးကင်းစ ကလေးစုစုပေါင်းကိုဆိုလိုပါသည်။

မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ မွေးပြီးတစ်နာရီ အတွင်းတွင် မိခင်နို့တိုက်ကျွေးရန်နှင့် အခြားရေ/အရည်များကို မတိုက် ကျွေးဘဲ မိခင်နို့တစ်မျိုးတည်းကို ကလေး(၆)လအရွယ်ထိ တိုက်ကျွေးရန် ပံ့ပိုးမှုပေးခြင်း၊ မွေးစကလေးအား နွေးနွေးထွေးထွေးထားရန် ကူညီပေးခြင်း၊ ပိုးမဝင်ရန်ချက်တိုင်ကို သန့်ရှင်းခြောက်သွေ့စွာထားရန်၊ အရေပြားနှင့် မျက်စိသန့်ရှင်းမှုရှိရန်နှင့် ကလေးကို သန့်ရှင်းစွာထားရှိရန် ပံ့ပိုးမှုပေးခြင်း၊ မွေးကင်းစကလေးတွင် အန္တရာယ်လက္ခဏာများ ရှိမရှိ သိရှိနိုင်ရန် ဆန်းစစ် ပေးခြင်းနှင့် အကယ်၍အန္တရာယ်လက္ခဏာတစ်ခုခုတွေ့ရှိပါက မိသားစုဝင်

များသိရှိနိုင်ရန်နှင့် နီးစပ်ရာ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးလွှဲပို့၍ ကုသမှုရယူနိုင်ရန် အကြံပေးဆွေးနွေးမှုပေးခြင်း တို့ကို ဆိုလိုပါသည်။

(၄-၉) **မွေးပြီးပြီးချင်း အသက်မရှူသည့်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း မွေးပြီးပြီးချင်း အသက်မရှူသည့် မွေးကင်းစကလေးဦးရေ စုစုပေါင်းကို ဆိုလိုပါသည်။

(၄-၁၀) **မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးများအနက်မှ လေအိတ်နှင့်မျက်နှာဖုံး ကို အသုံးပြု၍ အသက်ကယ်ပြုစုရသည့်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း မွေးပြီးပြီးချင်း အသက်မရှူသည့် မွေးကင်းစ ကလေးများအနက်မှ လေအိတ်နှင့်မျက်နှာဖုံး(Bags and Masks)ကို အသုံးပြု၍အသက်ကယ်ပြုစုရသည့်ကလေးဦးရေစုစုပေါင်းကိုဆိုလိုပါသည်။

(၄-၁၁) **မွေးပြီးပြီးချင်းအသက်မရှူသည့် ကလေးများအနက်မှ အသက်ကယ်ပြုစုပြီး နောက် အသက်ရှင်သည့်ကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလ အတွင်း မွေးပြီးပြီးချင်း အသက်မရှူသည့်အတွက် လေအိတ်နှင့်မျက်နှာဖုံး (Bags and Masks) ကိုအသုံးပြု၍ အသက်ကယ်ပြုစုပေးခဲ့သည့် မွေးကင်းစကလေးများအနက်မှ အသက်ရှင်သည့် ကလေးဦးရေ စုစုပေါင်း ကို ဆိုလိုပါသည်။

(၄-၁၂) **ကိုယ်အလေးချိန်(၂)ကီလိုဂရမ်မပြည့်သည့်/လမစေ့မွေးဖွားသောမွေးကင်းစ ကလေးပေါင်း** ဆိုသည်မှာ မွေးစကိုယ်အလေးချိန်(၂)ကီလိုဂရမ် (၂၀၀၀ ဂရမ်) မပြည့်သည့်/ လမစေ့မွေးဖွားသော ကလေးဦးရေစုစုပေါင်းကို ဆိုလို ပါသည်။

(လမစေ့မွေးဖွားသောကလေးဆိုသည်မှာ ခန့်မှန်းထားသော မွေးဖွားမှုထက် ရက်သတ္တ(၃)ပတ်ကျော် ပိုစော၍ အရှင်မွေးဖွားခြင်း (သို့မဟုတ်) ကိုယ်ဝန် ရက်သတ္တ(၃၇)ပတ် မပြည့်မီ အရှင်မွေးဖွားခြင်းကို ဆိုလိုသည်။)

**မှတ်ချက်** - ကိုယ်ဝန်နေ့စေ့လစေ့မွေးဖွားလာသော်လည်း မွေးစကိုယ် အလေးချိန်(၂) ကီလိုဂရမ် (၂၀၀၀ ဂရမ်) မပြည့်သည့် အရှင်မွေးကလေး များလည်း အကျုံးဝင်ပါသည်။)

(၄-၁၃) **မိခင်ရင်ခွင်ကပ်ပြုစုစောင့်ရှောက်ခြင်းခံရသော ကိုယ်အလေးချိန် (၂)ကီလို ဂရမ်မပြည့်သည့်/ လမစေ့မွေးဖွားသော မွေးကင်းစကလေးပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း တစ်နေ့လျှင်(၂၄)နာရီ (သို့မဟုတ်) သတ်မှတ်ထားသော အချိန်အတိုင်းအတာတစ်ခုအတွင်း မိခင်နှင့်ကလေး အသားချင်းကပ်လျက်ထားရှိခြင်းနှင့် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းခံရသော မွေးစကိုယ်အလေးချိန် (၂)ကီလို ဂရမ်မပြည့်သည့်/ လမစေ့မွေးဖွားသော မွေးကင်းစကလေးစုစုပေါင်းကို ဆိုလိုပါသည်။

(Facility-based Intervention ဖြစ်သောကြောင့် facility-based အတွက်သာ ကောက်ယူမည့်အချက်အလက်ဖြစ်ပါသည်။)

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၄။ | **ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်** | | |
| ၄.၁ | ဆေးခန်းလာလူနာသစ်များအနက်(၅)နှစ်အောက်ကလေးလူနာပေါင်း (အသစ်) | ကိန်းပြည့်သာယူရန် | ပုံစံ၁(၄-၁) |
| ၄.၂ | အရည်(အိုအာတီ)ဖြင့် ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးရာနှုန်း | ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် အရည်(အိုအာတီ)ဖြင့်ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးပေါင်း<br>———————————— x ၁၀၀<br>ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသော (၅)နှစ်အောက်ကလေးပေါင်း (ရောဂါသစ်) | ပုံစံ၁(၄-၃)<br>---------------- x ၁၀၀<br>ပုံစံ၁(၄-၂) |
| ၄.၃ | ဓါတ်ဆားရည်နှင့် ဇင့်ဆာလဖိတ်ဆေးပြားတို့ဖြင့် ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးရာနှုန်း | ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် ဓါတ်ဆားရည်နှင့် ဇင့်ဆာလဖိတ်ဆေးပြားတို့ဖြင့် ကုသမှုခံယူသူ (၅)နှစ်အောက်ကလေးပေါင်း<br>———————————— x ၁၀၀<br>ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသော (၅)နှစ်အောက်ကလေးပေါင်း(ရောဂါသစ်) | ပုံစံ၁(၄-၄)<br>---------------- x ၁၀၀<br>ပုံစံ၁(၄-၂)+ |
| ၄.၄ | နမိုးနီးယားရောဂါ(သံသယ)အတွက် ပဋိဇီဝဆေးရရှိသည့် (၅)နှစ်အောက်ကလေးရာနှုန်း | နမိုးနီးယားရောဂါ(သံသယ)အတွက်ပဋိဇီဝဆေး ရရှိသည့်(၅)နှစ်အောက်ကလေးပေါင်း<br>———————————— x ၁၀၀<br>နမိုးနီးယားရောဂါ(သံသယ)အတွက်ကျန်းမာရေး စောင့်ရှောက်မှုပေးသူထံ လာရောက်သည့် (၅)နှစ်အောက်ကလေးပေါင်း | ပုံစံ၁(၄-၆)<br>---------------- x ၁၀၀<br>ပုံစံ၁(၄-၅) |
| ၄.၅ | မွေးပြီးတစ်နာရီအတွင်းမိခင်နို့တိုက်ကျွေးသည့် မွေးကင်းစကလေးရာနှုန်း | မွေးပြီးတစ်နာရီအတွင်းမိခင်နို့တိုက်ကျွေးသည့် မွေးကင်းစကလေးပေါင်း<br>———————————— x ၁၀၀<br>အရှင်မွေးစုစုပေါင်း | ပုံစံ၁(၄-၇)<br>---------------- x ၁၀၀<br>ပုံစံ၁(၁၀-၁) |
| ၄.၆ | မွေးကင်းစကလေးကျန်းမာရေး စောင့်ရှောက်မှုလွှမ်းခြုံရာနှုန်း | မွေးပြီး(၂)ရက်အတွင်းကျန်းမာရေးစောင့်ရှောက်မှု ရရှိသော မွေးကင်းစကလေးပေါင်း<br>———————————— x ၁၀၀<br>အရှင်မွေးစုစုပေါင်း | ပုံစံ၁(၄-၈)<br>---------------- x ၁၀၀<br>ပုံစံ၁ (၁၀-၁) |
| ၄.၇ | မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးများ အနက် လေအိတ်နှင့်မျက်နှာဖုံးကို အသုံးပြု၍ အသက်ကယ်ပြုစုရသည့် ကလေးရာနှုန်း | မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးများ အနက်လေအိတ်နှင့်မျက်နှာဖုံးကို အသုံးပြု၍ အသက်ကယ်ပြုစုရသည့် ကလေးပေါင်း<br>———————————— x ၁၀၀<br>မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးပေါင်း | ပုံစံ၁(၄-၁၀)<br>---------------- x ၁၀၀<br>ပုံစံ၁(၄-၉) |
| ၄.၈ | မိခင်ရင်ခွင်ကပ်ပြုစုစောင့်ရှောက်ခြင်း ခံရသော မွေးကင်းစကလေးရာနှုန်း | မိခင်ရင်ခွင်ကပ်ပြုစုစောင့်ရှောက်ခြင်းခံရသော ကိုယ်အလေးချိန်(၂)ကီလိုဂရမ်မပြည့်သည့်/ လမစေ့မွေးဖွားသော မွေးကင်းစကလေးပေါင်း<br>———————————— x ၁၀၀<br>ကိုယ်အလေးချိန်(၂)ကီလိုဂရမ်မပြည့်သည့်/ လမစေ့မွေးဖွားသော မွေးကင်းစကလေးပေါင်း | ပုံစံ၁(၄-၁၃)<br>---------------- x ၁၀၀<br>ပုံစံ၁(၄-၁၂) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၃။ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးမှတ်တမ်းစာအုပ်

၄။ ကိုယ်ဝန်ဆောင်မိခင်မှတ်ပုံတင်စာအုပ်

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄။ ၁ | **ကလေးကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်** ဆေးခန်းလာလူနာသစ်များအနက် (၅)နှစ်အောက်ကလေးလူနာပေါင်း (အသစ်) | √ | × | √ | √ | √ | × | √ | √ | √ | √ | × |
| ၂ | ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသော (၅)နှစ်အောက် ကလေးပေါင်း (ရောဂါသစ်) | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၃ | အရည်(အိုအာတီ)ဖြင့်ကုသမှုခံယူသူ (၅)နှစ်အောက် ကလေးပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၄ | ဓါတ်ဆားရည်နှင့် ဇင့်ဆာလဖိတ်ဆေးပြားတို့ဖြင့် ကုသမှုခံယူသူ(၅)နှစ်အောက် ကလေးပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၅ | နမိုးနီးယားရောဂါ(သံသယ)အတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးသူထံသို့ လာရောက်သော (၅)နှစ်အောက် ကလေးပေါင်း(ရောဂါသစ်) | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၆ | နမိုးနီးယားရောဂါ(သံသယ)အတွက် ပဋိဇီဝဆေး ရရှိသည့် (၅)နှစ်အောက်ကလေးပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၇ | မွေးပြီးတစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးသည့် မွေးကင်းစကလေးပေါင်း | × | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၈ | မွေးပြီး(၂)ရက်အတွင်း ကျန်းမာရေးစောင့်ရှောက် မှု ရရှိသော မွေးကင်းစကလေးပေါင်း | × | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၉ | မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးပေါင်း | × | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၁၀ | မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးများ အနက်မှ လေအိတ်နှင့်မျက်နှာဖုံးကို အသုံးပြု၍အသက်ကယ်ပြုစုရသည့် ကလေးပေါင်း | × | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၁၁ | မွေးပြီးပြီးချင်းအသက်မရှူသည့်ကလေးများ အနက်မှ အသက်ကယ်ပြုစုပြီးနောက် အသက်ရှင်သည့် ကလေးပေါင်း | × | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၁၂ | ကိုယ်အလေးချိန်(၂)ကီလိုဂရမ်မပြည့်သည့်/ လမစေ့မွေးဖွားသော မွေးကင်းစကလေးပေါင်း | × | √ | × | × | × | × | × | × | × | × | × |
| ၁၃ | မိခင်ရင်ခွင်ကပ်ပြုစုစောင့်ရှောက်ခြင်းခံရသော ကိုယ်အလေးချိန်မပြည့်သည့် မွေးကင်းစ ကလေးပေါင်း | × | √ | × | × | × | × | × | × | × | × | × |

## အသုံးပြုပုံ

ကလေးသူငယ်ရှင်သန်ရေးလုပ်ငန်းရပ်များ၏ လွှမ်းခြုံမှုကို ဆန်းစစ်ရာတွင် အသုံးပြုပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

၅။ **တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်**

(၅-၁) **ဘီစီဂျီ (တီဘီ) (တစ်နှစ်အောက်)** ဆိုသည်မှာ ဘီစီဂျီ ကာကွယ်ဆေး ထိုးပေးခဲ့သည့် တစ်နှစ်အောက် ကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ ဘီစီဂျီ ကာကွယ်ဆေးကို မွေးကင်းစ (သို့မဟုတ်) အသက် (၂) လတွင် ထိုးရန်ဖြစ်ပါသည်။

(၅-၂) **ငါးမျိုးစပ်ကာကွယ်ဆေး (ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင်) (တစ်နှစ်အောက်)**ဆိုသည်မှာ ငါးမျိုးစပ် ကာကွယ်ဆေး (ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်) (ပထမ၊ ဒုတိယ၊ တတိယ) အကြိမ် ကာကွယ်ဆေး ထိုးနှံပေးခဲ့သည့် တစ်နှစ်အောက် ကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေး ရောင် ကာကွယ်ဆေးကို တစ်နှစ်အောက်ကလေးများအား ပထမအကြိမ်ကို အသက်(၂)လတွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို အသက်(၄)လတွင် လည်းကောင်း၊ တတိယအကြိမ်ကို အသက်(၆)လတွင် လည်းကောင်း ထိုးနှံပေးရန် ဖြစ်ပါသည်။

(၅-၃) **ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး (ပီစီဗီ) (တစ်နှစ်အောက်)** ဆိုသည်မှာ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး (ပီစီဗီ) (ပထမ၊ ဒုတိယ၊ တတိယ) အကြိမ် ထိုးနှံပေးခဲ့သည့် တစ်နှစ်အောက်ကလေးဦးရေပေါင်းကို ဆိုလိုပါ သည်။ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး (ပီစီဗီ)ကို တစ်နှစ်အောက် ကလေးများ၌ ပထမအကြိမ်ကို အသက်(၂)လတွင်လည်းကောင်း၊ ဒုတိယ အကြိမ်ကို အသက်(၄)လတွင်လည်းကောင်း၊ တတိယအကြိမ်ကို အသက် (၆)လတွင်လည်းကောင်း ထိုးနှံပေးရန်ဖြစ်ပါသည်။

(၅-၄) **ပိုလီယိုကာကွယ်ဆေး (အစက်ချ) (တစ်နှစ်အောက်)** ဆိုသည်မှာ ပိုလီယို ကာကွယ်ဆေး (အစက်ချ) (ပထမ၊ ဒုတိယ၊ တတိယ)အကြိမ် တိုက်ကျွေး ပေးခဲ့သည့် တစ်နှစ်အောက်ကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ ပိုလီယို ကာကွယ်ဆေး (အစက်ချ)ကို အသက်တစ်နှစ်အောက်ကလေးများအား ပထမအကြိမ်ကို အသက်(၂)လတွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို

အသက်(၄)လတွင် လည်းကောင်း၊ တတိယအကြိမ်ကို အသက်(၆)လတွင် လည်းကောင်း ကာကွယ်ဆေးတိုက်ကျွေးရန် ဖြစ်ပါသည်။

(၅-၅) **ပိုလီယိုကာကွယ်ဆေး (ထိုးဆေး) (တစ်နှစ်အောက်)** ဆိုသည်မှာ ပိုလီယို ကာကွယ်ဆေး ထိုးနှံပေးခဲ့သည့် တစ်နှစ်အောက်ကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)ကို အသက်တစ်နှစ် အောက်ကလေးများအား အသက်(၄)လတွင် တစ်ကြိမ် ထိုးနှံပေးရန် ဖြစ်ပါသည်။

(၅-၆) **ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး (၉လနှင့် ၁၈လ)**ဆိုသည်မှာ ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေး (ပထမ၊ ဒုတိယ)အကြိမ် ကာကွယ်ဆေးထိုးနှံ ပေးခဲ့သည့် ကလေးဦးရေကို ဆိုလိုပါသည်။ ဝက်သက်-ဂျိုက်သိုး ကာကွယ် ဆေးပထမအကြိမ်ကို အသက်(၉)လတွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို အသက်(၁၈)လတွင်လည်းကောင်း ထိုးနှံပေးရန် ဖြစ်ပါသည်။

(၅-၇) **အသည်းရောင်အသားဝါ ဘီ (မွေးစ)** ဆိုသည်မှာ အသည်းရောင်အသားဝါ ဘီ(မွေးစ)ကာကွယ်ဆေးကို ပြည်သူ့ဆေးရုံများတွင် မွေးဖွားသောမွေးကင်းစ (မွေးစမှ ၂၄ နာရီအတွင်း) ထိုးနှံပေးခဲ့သော ကလေးဦးရေပေါင်း (သို့) ဆေးရုံသို့ မိမိအစီအစဉ်ဖြင့်လာရောက်ထိုးနှံသော မွေးစမှ(၇)ရက်အတွင်း ထိုးနှံပေးခဲ့သော ကလေးဦးရေပေါင်းကို ဆိုလိုပါသည်။ မွေးဖွားပြီး(၇)ရက် ကျော်လွန်သွားသော ကလေးများအား Birth dose ထိုးနှံမပေးနိုင်ပါ။ အသည်းရောင်အသားဝါဘီ(မွေးစ) ကာကွယ်ဆေးကို မွေးကင်းစ (မွေးစမှ ၂၄ နာရီအတွင်း) (သို့) မွေးစမှ (၇) ရက်အတွင်းထိုးနှံပေးရန် ဖြစ်ပါသည်။

(၅-၈) **ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး (၉လ)** ဆိုသည်မှာ ဂျပန်ဦးနှောက် ရောင်ကာကွယ်ဆေး ထိုးပေးခဲ့သည့် တစ်နှစ်အောက် ကလေးဦးရေပေါင်း ကို ဆိုလိုပါသည်။ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို အသက်(၉)လ တွင် တစ်ကြိမ်ထိုးနှံပေးရန် ဖြစ်ပါသည်။

(၅-၉) **မေးခိုင်-ဆုံဆို့ကာကွယ်ဆေး (ကိုယ်ဝန်ဆောင်)** ဆိုသည်မှာ မေးခိုင်-ဆုံဆို့ ကာကွယ်ဆေးကို (ပထမ၊ ဒုတိယ)အကြိမ် ထိုးနှံပေးခဲ့သည့် ကိုယ်ဝန် ဆောင် မိခင်ပေါင်းကို ဆိုလိုပါသည်။ ပထမအကြိမ် မေးခိုင်-ဆုံဆို့ ကာကွယ်ဆေးကို ပထမအကြိမ် ကိုယ်ဝန်လာရောက်အပ်နှံစဉ် ထိုးနှံပေးပြီး ရက်သတ္တပတ် (၄) ပတ်ခြား၍ ဒုတိယအကြိမ်ကို ထိုးနှံပေးပါသည်။

မွေးကင်းစ မေးခိုင်ရောဂါ ကာကွယ်မှု ရရှိစေရန်အတွက် ဒုတိယအကြိမ်ကို မမွေးဖွားမီ (၂)ပတ်အလိုတွင် ထိုးနှံပြီးဖြစ်ရပါမည်။

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၅။ | **တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်** | | |
| | ကာကွယ်ဆေးလွှမ်းခြုံမှုရာခိုင်နှုန်း | ကာကွယ်ဆေးထိုးပေးသောကလေးပေါင်း<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | |
| ၅.၁ | ဘီစီဂျီ (တီဘီ) | ဘီစီဂျီ(တီဘီ) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၁)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၂ | ငါးမျိုးစပ်ကာကွယ်ဆေး (ပ) | ငါးမျိုးစပ်ကာကွယ်ဆေး (ပ)(တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၂) (ပ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| | ငါးမျိုးစပ်ကာကွယ်ဆေး (ဒု) | ငါးမျိုးစပ်ကာကွယ်ဆေး(ဒု) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၂) (ဒု)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| | ငါးမျိုးစပ်ကာကွယ်ဆေး (တ) | ငါးမျိုးစပ်ကာကွယ်ဆေး (တ) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၂) (တ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၃ | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)<br>(ပ) | ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)<br>(ပ) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၃) (ပ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)<br>(ဒု) | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) (ဒု)<br>(တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၃) (ဒု)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |
| | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)<br>(တ) | ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) (တ)<br>(တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၃) (တ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်)<br>x မြို့နယ်လူဦးရေတိုးနှုန်း |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၅.၄ | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (ပ) | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (ပ) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၄) (ပ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (ဒု) | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (ဒု) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၄) (ဒု)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (တ) | ပိုလီယိုကာကွယ်ဆေး(အစက်ချ) (တ) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၄) (တ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၅ | ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) | ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) (တစ်နှစ်အောက်)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၅)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၆ | ဝက်သက်-ဂျိုက်သိုး (ပ) | ဝက်သက်-ဂျိုက်သိုး (ပ) (၉လ)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၆) (ပ)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| | ဝက်သက်-ဂျိုက်သိုး (ဒု) | ဝက်သက်-ဂျိုက်သိုး (ဒု) (၁၈လ)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၆) (ဒု)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၇ | အသည်းရောင်အသားဝါ ဘီ (မွေးစ) | အသည်းရောင်အသားဝါ ဘီ (မွေးစ)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၇)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁)(တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၈ | ဂျပန်ဦးနှောက်ရောင် | ဂျပန်ဦးနှောက်ရောင် (၉လ)<br>------------------------------------------ x ၁၀၀<br>တစ်နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ-၁ (၅-၈)<br>-------------------- x ၁၀၀<br>ပုံစံ(၃-၁) (တစ်နှစ်အောက်) x မြို့နယ်လူဦးရေတိုးနှုန်း |
| ၅.၉ | မေးခိုင်-ဆုံဆို့ (ကိုယ်ဝန်ဆောင်) (ပ) | မေးခိုင်- ဆုံဆို့ (ကိုယ်ဝန်ဆောင်) (ပ)<br>------------------------------------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ-၁ (၅-၉) (ပ)<br>-------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း x မြို့နယ်လူဦးရေတိုးနှုန်း |
| | မေးခိုင်-ဆုံဆို့ (ကိုယ်ဝန်ဆောင်) (ဒု) | မေးခိုင်- ဆုံဆို့ (ကိုယ်ဝန်ဆောင်) (ဒု)<br>------------------------------------------ x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း | ပုံစံ-၁ (၅-၉) (ဒု)<br>-------------------- x ၁၀၀<br>ခန့်မှန်းကိုယ်ဝန်ဆောင်ပေါင်း x မြို့နယ်လူဦးရေတိုးနှုန်း |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ကာကွယ်ဆေးထိုးမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၅။ | တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက် | √ | √ | √ | √ | √ | × | √ | √ | √ | √ | √ |

****မှတ်ချက်- မိမိမြို့နယ်၏ တစ်နှစ်အောက်ကလေး ကာကွယ်ဆေးထိုးလွှမ်းခြုံမှုနှုန်းကို တွက်ချက်ရန်ဖြစ်၍ ဆေးရုံတွင် ကာကွယ်ဆေးထိုး ကလေးများအနက်မှ မြို့နယ်အတွင်း နေထိုင်သူကလေးနှင့် အခြားမြို့နယ်မှ ကလေးများကို ခွဲခြားဖော်ပြရန်၊**

## အသုံးပြုပုံ

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းလွှမ်းခြုံနိုင်မှုကို ဆန်းစစ်လေ့လာရန် ရည်ရွယ်ပါသည်။ လွှမ်းခြုံမှုအားနည်းသော နေရာဒေသများသို့ အခြားနည်းဗျူဟာများသုံး၍ လွှမ်းခြုံနိုင်အောင် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အခြေခံကျန်းမာရေးဝန်ထမ်း ကိုယ်တိုင်သော်လည်းကောင်း၊ ကြီးကြပ်သူများမှလည်းကောင်း၊ စဉ်ဆက်မပြတ်အကဲဖြတ်ရန် လွှမ်းခြုံမှုအားနည်းသော ဒေသများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီရန် ဖြစ်ပါသည်။ အသက်အရွယ်အလိုက် ကာကွယ်ဆေးအားလုံးကို ပြီးပြည့်စုံစွာထိုးနှံခြင်း ရှိ/မရှိ စိစစ်၍ ပြီးပြည့်စုံစွာ ထိုးနှံ/ တိုက်ကျွေးနိုင်ရေး ဆောင်ရွက်ရန် ကာကွယ်ဆေးကို လိုအပ်သည့်အချိန်တွင် ပြည့်စုံလုံလောက်စွာ ရရှိနိုင်ရေး ဆောင်ရွက်ရန်အတွက် အသုံးပြုပါသည်။

| လုပ်ငန်း အမှတ်စဥ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၆။ | **စောင့်ကြပ်ကြည့်ရှုရသောရောဂါများနှိမ်နင်းရေးစီမံချက်** စောင့်ကြပ်ကြည့်ရှုရသောရောဂါ(၁၇)မျိုးအတွက်မိမိတာဝန်ကျရာဒေသရှိ ပြည်သူများသည် ဆေးရုံ၊ ပြင်ပလူနာဆေးခန်းသို့ လာရောက်ပြသသည် ဖြစ်စေ၊ အတွင်းလူနာအဖြစ်တက် ရောက်ကုသရာမှဖြစ်စေ၊ ကွင်းဆင်းရာမှ ဖြစ်စေ၊ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုတို့ကို ကျား/မ အလိုက်၊ အသက်အုပ်စု အလိုက်၊ အသက်(၁)နှစ်အောက်၊ (၁)နှစ်မှ (၄)နှစ်၊ (၅)နှစ်မှ (၁၄)နှစ်၊ (၁၅)နှစ်မှ (၄၄)နှစ်၊ (၄၅)နှစ်မှ (၅၉)နှစ်နှင့် အသက်(၆၀)နှစ်အထက်တို့ ကို တိကျစွာဖော်ပြ၍ သတင်းပေးပို့ရန်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် လိုအပ်သော ရောဂါကာကွယ်ခြင်း၊ ရောဂါထိန်းချုပ်ခြင်းနှင့် ရောဂါနှိမ်နင်း ရေး လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ |
| (၆-၁) | **ဝမ်းပျက်ဝမ်းလျှော** |
| (၆-၁-၁) | **ဝမ်းပျက်ဝမ်းလျှော(သာမန်)** ဆိုသည်မှာ (၂၄)နာရီအတွင်း၊ (၃)ကြိမ်နှင့် အထက် ဝမ်းအရည်သွားခြင်းကို ဆိုလိုပါသည်။ ဝမ်းအရည်သွားခြင်း ဖြစ်ပွားရာတွင် အရည်ခန်းခြောက်မှုမရှိခြင်း (No Dehydration) နှင့် အရည်ခန်းခြောက်မှုအသင့်အတင့်ရှိခြင်း (Some Dehydration) ရှိသော လူနာများကိုဆိုလိုပါသည်။ |
| (၆-၁-၂) | **ဝမ်းပျက်ဝမ်းလျှော(ပြင်းထန်)** ဆိုသည်မှာ ဝမ်းအရည်သွားပြီး အရည်ခန်း ခြောက်မှုပြင်းထန်ခြင်း (Severe Dehydration) ရှိသည့်လက္ခဏာများ ဖြစ်သောရေငတ်ခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ (Sunken Eye)၊ ဆီးနည်း ခြင်း၊ အရေပြားအားဆွဲကြည့်ပါက နှေးကွေးစွာတုံ့ပြန်ခြင်း (Skin Goes Back Slowly)စသည့် လက္ခဏာများရှိသည့် လူနာများကိုဆိုလိုပါသည်။ |
| (၆-၂) | **ဝမ်းကိုက်** ဆိုသည်မှာ ဝမ်းကိုက်ရောဂါတွင် ဝမ်းသွားသောအခါ အကျိ အချွဲနှင့် သွေးပါခြင်း၊ ဗိုက်ရစ်နာခြင်းလက္ခဏာများရှိသော လူနာများကို ဆိုလိုပါသည်။ |
| (၆-၃) | **အစာအဆိပ်သင့်ခြင်း** ဆိုသည်မှာ အစားအသောက်များ စားသောက်ပြီး အချိန်တိုအတွင်း ပျို့အန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ မူးဝေခြင်း၊ |

သွေးလန့်ခြင်း၊ သတိလစ်ခြင်းနှင့် သေဆုံးခြင်းတို့ ဖြစ်ပွားခြင်းကို ဆိုလိုပါသည်။

(၆-၄) **အူရောင်ငန်းဖျား** ဆိုသည်မှာ အူရောင်ငန်းဖျားရောဂါတွင် ရက်ရှည်ဖျားခြင်း၊ များသောအားဖြင့် ဝမ်းလျှောခြင်း၊ တစ်ခါတစ်ရံဝမ်းချုပ်ခြင်း၊ ဗိုက်နာခြင်း၊ ဗိုက်တင်းခြင်း၊ ကြာလာလျှင် ကယောင် ကတမ်းပြောခြင်း၊ ရောဂါပြင်းထန်သူများတွင် ဝမ်းမဲမဲသွားခြင်း (သို့မဟုတ်) သွေးဝမ်းသွားခြင်း စသည့် လက္ခဏာများရှိသူကို ဆိုလိုပါသည်။

(၆-၅) **ဝက်သက်**ရောဂါ၏ လက္ခဏာများမှာ-

(က) အဖျားရှိခြင်း၊

(ခ) မျက်နှာနှင့် ခန္ဓာကိုယ်တွင်အနီစက်များထွက်ပေါ်ခြင်းနှင့်

(ဂ) နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီပြီးမျက်ရည်ထွက်ခြင်း စသည်တို့ ဖြစ်ပွားတတ်ပါသည်။

(၆-၆) **ဆုံဆို့နာ**ရောဂါ၏ လက္ခဏာများမှာ-

(က) အဖျားရှိခြင်း(တစ်ခါတစ်ရံအဖျားပြင်းခြင်း)၊

(ခ) စားသောက်ချင်စိတ်မရှိခြင်း၊ လည်ချောင်းနာခြင်း၊

(ဂ) အာခေါင်တွင်ဖြူပြာရောင်(သို့မဟုတ်) အညိုရောင်အမြှေးပါး ဖြစ်ပွားခြင်း၊

(ဃ) အစာမမြိုနိုင်ခြင်း၊ အသက်မရှူနိုင်ဖြစ်ခြင်း

စသည်တို့ ဖြစ်ပွားတတ်ပါသည်။

(၆-၇) **ကြက်ညှာချောင်းဆိုးရောဂါ** ဆိုသည်မှာ-

(က) နှာချေ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်ရည်ယိုခြင်းနှင့် အဖျားရှိခြင်း၊

(ခ) အဆက်မပြတ်ပြင်းထန်စွာ ချောင်းဆိုး၍ မအိပ်နိုင်ခြင်း၊ ချွဲများအန်ခြင်း၊ မျက်လုံးပြူး၍ သွေးခြည်ဥခြင်းနှင့်

(ဂ) အဆက်မပြတ်ပြင်းထန်စွာ ချောင်းဆိုးခြင်းကြောင့် ပြာနှမ်းခြင်း စသည့် လက္ခဏာများ ရှိသူကို ဆိုလိုပါသည်။

(၆-၈) **မွေးကင်းစမေးခိုင်** ဆိုသည်မှာ မွေးကင်းစမေးခိုင်ရောဂါသည်

(က) မွေးစမှ(၂)ရက်သားအထိကျန်းမာစွာဖြင့်နို့စို့နိုင်သည်၊ငိုနိုင်သည်။

(ခ) (၃)ရက်မှ (၂၈)ရက်အတွင်း နို့ကောင်းစွာမစို့တော့ပါ၊ နို့စို့ရခက်လာမည်။

(ဂ) ကြွက်သားများ တောင့်တင်းခြင်း၊ တက်ခြင်း ဖြစ်မည်။

(ဃ) ပြင်းထန်ပါက အသက်ဆုံးရှုံးနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။

(၆-၉) **မေးခိုင်** ဆိုသည်မှာ မေးခိုင်ရောဂါတွင် အောက်ပါရောဂါလက္ခဏာများကို တွေ့နိုင်ပါသည်။ ၎င်းတို့မှာ- ပွန်းပဲ့ထိခိုက်ဒဏ်ရာဖြစ်ခဲ့ဖူးခြင်း(သို့မဟုတ်) မီးဖွား/ကိုယ်ဝန်ပျက်ဖြစ်ခဲ့ဖူးခြင်း၊ ဇက်ကြောတက်ခြင်း၊ ပါးစပ်ဟမရခြင်း၊ အကြောဆွဲလွယ်ခြင်း၊ ကျောကော့နေခြင်း၊ နှုတ်ခမ်းအကြောဆွဲ၍ မဲ့ပြုံးသဖွယ်ဖြစ်နေခြင်း၊ တက်ခြင်း၊ သေဆုံးနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။

(၆-၁၀) **ဦးနှောက်အမြှေးရောင်** ဆိုသည်မှာ ဦးနှောက်အမြှေးရောင်ရောဂါတွင် အောက်ပါ လက္ခဏာများကို တွေ့နိုင်ပါသည်။ ၎င်းတို့မှာ-ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ငယ်ထိပ်မပိတ်သေးသော ကလေးများတွင် ငယ်ထိပ်တင်းပြီးဖောင်းခြင်း၊ ဇက်တောင့်ခြင်း၊ နောက်ကြောတောင့်ခြင်း၊ တက်ခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း၊ ကယောင်ကတမ်းပြောခြင်း၊ သတိလစ် ခြင်း စသည်တို့ဖြစ်ပါသည်။

(၆-၁၁) **အေအာ(ရ်)အိုင် (ARI) (နမိုးနီးယား)** ဆိုသည်မှာ အေအာ(ရ်)အိုင် (ARI) နမိုးနီးယားရောဂါတွင် အောက်ဖော်ပြပါ ရောဂါလက္ခဏာများကို တွေ့နိုင်ပါသည်။ ၎င်းလက္ခဏာများသည် တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရက်သတ္တ(၄)ပတ်အထိ ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ -

(က) အသက်ရှူမြန်ခြင်း

(ခ) အသက်ရှူလျှင် အသံမြည်ခြင်း

(ဂ) ချွဲကြပ်ခြင်း

(ဃ) အသက်ရှူလျှင်နံရိုးအောက်ရင်ဘတ်ချိုင့်ဝင်ခြင်းတို့ဖြစ်ပါသည်။

**မှတ်ချက် -**

(၁) ARI ဖြစ်သောလူနာတွင် အထက်ပါလက္ခဏာများအပြင် ကိုယ်ပူခြင်း လက္ခဏာလည်း ရှိနိုင်ပါသည်။

(၂) အသက်ရှူမြန်ခြင်း (သို့မဟုတ်) ခက်ခြင်း ဆိုသည်မှာ အသက် (၂)လ အောက်ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၆၀) နှင့်အထက် (သို့မဟုတ်) အကြိမ် (၃၀) အောက်ရှိခြင်း၊ အသက်(၂)လမှ (၁၁)လအထိကလေးတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၅၀)နှင့် အထက်ရှိခြင်း၊ အသက်(၁၂)လမှ

(၅)နှစ်အောက်အထိ ကလေးများတွင် အသက်ရှူနှုန်း တစ်မိနစ်လျှင် အကြိမ်(၄၀)နှင့်အထက်ရှိခြင်း။

(၃) ဝက်သက်၊ ဆုံဆို့နာနှင့် ကြက်ညှာချောင်းဆိုးရောဂါများသည် အေအာ(ရ်)အိုင်နှင့် ဆက်စပ်လျက်ရှိသော်လည်း အေအာ(ရ်)အိုင်စာရင်းတွင်ထည့်ရန်မလိုပါ။ သီးခြားရောဂါများ အလိုက်ထည့်သွင်းရန်ဖြစ်ပါသည်။ ဝက်သက်ဖြစ်ပြီးနောက်တွင် ရင်ကြပ်၊ ချောင်းဆိုး၊ မောခြင်း (Post Measles Pneumonia) ဖြစ်ပါက အေအာ(ရ်)အိုင်စာရင်းတွင် ထည့်သွင်းရပါမည်။

(၆-၁၂) **အသည်းရောင်အသားဝါ** ဆိုသည်မှာ အသည်းရောင်အသားဝါရောဂါတွင် အောက်ပါရောဂါ လက္ခဏာတို့ကို တွေ့နိုင်ပါသည်။ ၎င်းတို့မှာ-ဖျားခြင်း၊ ဆီးဝါခြင်း၊ မျက်စိဝါခြင်း၊ ခံတွင်းပျက်ခြင်း၊ ညာဘက်ရင်ခေါင်းအောင့်ခြင်း၊ ဝမ်းချုပ်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ဝမ်းအရောင်ဖြူဖျော့ခြင်းနှင့် အသားဝါခြင်းတို့ဖြစ်ပါသည်။

(၆-၁၃) **ခွေးရူးပြန် (ခွေးရူးကိုက်မပါ)** ဆိုသည်မှာ ခွေးရူးပြန်ရောဂါတွင် တိရစ္ဆာန်တစ်ကောင် (အထူးသဖြင့် ခွေး၊ ကြောင်)အကိုက်ခံခဲ့ရဖူးသည့် ရာဇဝင်ရှိခြင်းနှင့် ရေသောက်ရမည်ကို ကြောက်ရွံ့သည့်လက္ခဏာရှိခြင်း၊ တက်ခြင်း၊ ကယောင်ကတမ်းပြောခြင်း၊ အပြုအမူမမှန်ခြင်း၊ အသက်ရှူရခက်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ သေဆုံးခြင်းစသည့် လက္ခဏာများကို တွေ့နိုင်ပါသည်။

(၆-၁၄) **ငှက်ဖျားလူနာ** ဆိုသည်မှာ-

(က) ဓါတ်ခွဲခန်းရှိသော ဆေးရုံ၊ ဆေးပေးခန်းသို့ "ငှက်ဖျားရောဂါလက္ခဏာ" ဖြင့် လာရောက်ပြသသူကို သွေးဖောက်စစ်ဆေးရပါမည်။ ယင်းလူနာတွင်ပိုးတွေ့ပါက "ပိုးတွေ့လူနာ" စာရင်းတွင်ထည့်သွင်းပါ။ ပိုးမတွေ့ပါက ငှက်ဖျားလူနာစာရင်းတွင်မထည့်ရပါ။

(ခ) ဓါတ်ခွဲခန်း မရှိသော်လည်း ငှက်ဖျားအမြန်သွေးစစ်ကိရိယာ RDT များဝေငှထားသော ဆေးပေးခန်း (RHC/ Sub centre)များတွင် (သို့မဟုတ်) ကွင်းဆင်းရာတွင် ငှက်ဖျား ရောဂါလက္ခဏာဖြင့် လာရောက်ပြသသူကို သွေးဖောက်စစ်ဆေးရမည်။ ယင်းလူနာတွင် (Positive) ပြပါက ပိုးတွေ့လူနာစာရင်းတွင် ထည့်သွင်းပါ။

(ဂ) ငှက်ဖျားရောဂါလက္ခဏာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ငှက်ဖျားပိုးသယ်ဆောင်ထားပြီး ပိုးရှိကြောင်းကို အရည်အသွေး ပြည့်မီသောနည်းဖြင့် (Microscopy, rapid diagnostic test or molecular diagnostic test) ရောဂါရှာဖွေ ဖော်ထုတ်ထား သူကို ဆိုလိုသည်။

(၆-၁၅) **မြွေကိုက်(အဆိပ်ရှိ)** ဆိုသည်မှာ အဆိပ်ရှိသောမြွေ အကိုက်ခံရသောသူ များတွင် အကြမ်းအားဖြင့် အောက်ပါလက္ခဏာတို့ကို တွေ့နိုင်ပါသည်။ ၎င်းတို့မှာ မြွေကိုက်ပြီးပြီးချင်း ကြောက်လန့်၍ သွေးဆုတ်သွေးလန့်နိုင် ခြင်း၊ မြွေကိုက်သည့်နေရာ မြွေစွယ်ရာရှိခြင်း၊ နာခြင်း၊ ယောင်လာခြင်း၊ သွေးထွက်ခြင်း၊ အညိုအမဲစွဲခြင်း၊ အနာဖြစ်ခြင်းတို့ဖြစ်ပါသည်။ အဆိပ် ရှိသော မြွေကိုက်ခံရမှုတွင် (၂)မျိုး ခွဲခြားထားပါသည်။

(က) <u>သွေးယိုကျောက်ကပ်ပျက်စီးသောမြွေများ</u>

<u>မြွေပွေး (Viper)၊ ဂျပ်မြွေကိုက်ခြင်း</u>

မြွေပွေးနှင့် ဂျပ်မြွေကိုက်ခြင်းခံရသူများတွင် အောက်ပါလက္ခဏာများကို တွေ့နိုင်ပါသည်။ ၎င်းတို့မှာ -

(၁) ကိုက်သောနေရာတွင်အပေါက်(၁)ပေါက်မှ(၂)ပေါက်ရှိခြင်း၊
(၂) ကိုက်သည့်နေရာတွင်ယောင်ကိုင်းခြင်း၊
(၃) ချိုင်း၊ ပေါင်ခြံတို့တွင် အကြိတ်များ ယောင်လာခြင်း၊
(၄) သွေးလန့်ခြင်း၊
(၅) ဆီးနည်းခြင်း၊
(၆) ရုတ်တရက်ဆီးခန်းသွားခြင်း၊
(၇) ဆီးသွေးပါခြင်း၊
(၈) ဆီးနက်ခြင်း၊
(၉) မျက်နှာယောင်အမ်းခြင်း၊
(၁၀) သွေးများထွက်လွယ်ခြင်း၊
(၁၁) အဆိပ်တက်၍ ကယောင်ကတမ်းပြောခြင်း၊
(၁၂) သေဆုံးနိုင်ခြင်းတို့ ဖြစ်ပါသည်။

(ခ) <u>အာရုံကြောများ ထိခိုက်စေသည့်မြွေများ</u>

<u>မြွေဟောက်(Cobra)၊ငန်းတော်ကျား၊သံကွင်းစွပ်၊ငန်းပုတ်၊ဂျပ်မြွေကိုက်ခြင်း</u>

မြွေဟောက်၊ ငန်းတော်ကျား၊ သံကွင်းစွပ်၊ ငန်းပုတ်၊ ဂျပ်မြွေစသည့် မြွေများ ကိုက်ခံရသူတွင် အောက်ပါလက္ခဏာများ တွေ့ရှိနိုင်ပါသည်။

(၁) ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊

(၂) မျက်ခွံလေး၍ တွဲကျလာခြင်း၊

(၃) အရာဝတ္ထုများ နှစ်ထပ်မြင်ခြင်း၊

(၄) အာလေးလျှာလေးဖြစ်လာခြင်း၊

(၅) အသံမထွက်နိုင်တော့ခြင်း၊ တံတွေးမမျိုနိုင်တော့ခြင်း၊

(၆) မေ့လျော့ခြင်း၊

(၇) ရုတ်တရက် အသက်ရှူ၍ မရတော့ခြင်း၊

(၈) လျှာနှင့် နှုတ်ခမ်းများပြာလာခြင်း၊

(၉) သေဆုံးနိုင်ခြင်းတို့ ဖြစ်သည်။

(၆-၁၆) **တီဘီရောဂါ** ဆိုသည်မှာ (၂)ပတ်ကျော် ချောင်းဆိုးခြင်း၊ ချောင်းဆိုး လျှင်သွေးပါခြင်း၊ မကြာခဏ ကျောပူ၊ ခေါင်းပူလာခြင်း၊ ညနေပိုင်းအဖျား တက်ခြင်း၊ ညဘက်ဦးခေါင်း ချွေးထွက်ခြင်း၊ အစားအသောက်ပျက်၍ တဖြည်းဖြည်း ပိန်ချုံးလာခြင်း၊ ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်ပါသည်။

(၆-၁၆-၁) **တီဘီလူနာသစ်စုစုပေါင်း (New TB Cases)** ဆိုသည်မှာ သလိပ်ပိုးတွေ့ သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ အဆုတ်တီဘီဖြစ်စေ၊ အဆုတ်ပြင်ပတီဘီ ဖြစ်စေ တီဘီလူနာသစ်ဦးရေပေါင်းကို ဆိုလိုပါသည်။

(၆-၁၆-၂) **တီဘီပြန်ကုလူနာပေါင်း**တွင် ယခင်ကကုသမှုအပြည့်အဝ ခံယူခဲ့၍ ပျောက် ကင်းပြီးနောက် ယခုအခါ သလိပ်တွင် တီဘီပိုးပြန်လည်တွေ့ရှိသူများ (Relapse)၊ တီဘီဆေးကုသမှုခံယူနေဆဲ ၅လ (သို့) ၅လနောက်ပိုင်းတွင် သလိပ်တွင် တီဘီပိုးတွေ့နေသည့် (Treatment Failure)လူနာများနှင့် တီဘီဆေး ကုသစဉ်အတွင်း ဆေးကုသရန် ၂လ (သို့) ၂လနှင့်အထက် ဆက်တိုက်ပျက်ကွက် (Loss to follow-up)ပြီးနောက် ပြန်လည် ကုသသော လူနာများပါဝင်ပါသည်။

(၆-၁၇) **ထောင့်သန်းရောဂါ** ဆိုသည်မှာ ကျွဲ၊ နွား၊ သိုး၊ ဝက် အစရှိသော တိရစ္ဆာန် တို့နှင့် တိုက်ရိုက်တွေ့ထိ၍သော်လည်းကောင်း၊ ရောဂါဖြစ်သော တိရစ္ဆာန် အသားစားသုံးမိ၍သော်လည်းကောင်း လူသို့ကူးစက်နိုင်သည်။ လေထဲမှ

အသက်ရှူလမ်းကြောင်းအတွင်း ကူးစက်နိုင်မှုကို မွေးမြူရေးလုပ်ငန်းခွင်တွင်လည်းကောင်း၊ ပိုးမွှားဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင်လည်းကောင်း တွေ့ရှိနိုင်သည်။

<u>ရောဂါလက္ခဏာများ</u>

(က) <u>အရေပြားထောင့်သန်းရောဂါ</u>

ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်အစရှိသော တိရစ္ဆာန်တို့နှင့် ထိတွေ့ခြင်း၊ မွေးမြူရေးလုပ်ကိုင်ခြင်း စသော အချက်အလက် အထောက်အထားများ ရှိတတ်သည်။ အရေပြားတွင် အနာစတင်ဖြစ်ပေါ်ရာ (၁)ရက်မှ (၆)ရက် ခန့်အကြာတွင် အရည်ကြည်ဖုကြီးများ ဖြစ်လာကာ ၎င်းအဖု၏ အလယ် မျက်နှာပြင်သည် ချိုင့်ကာ မည်းနက်သောအရောင် (Escher) ဖြစ်ပေါ် လာသည်။ အနာ၏ဝန်းကျင်တွင် အရည်တင်ရောင်ရမ်းခြင်း (Oedema) ကို တွေ့ရတတ်သည်။

(ခ) <u>အစာလမ်းကြောင်းထောင့်သန်းရောဂါ</u>

ပျို့ခြင်း၊အန်ခြင်း၊ အစားပျက်ခြင်းတို့ဖြစ်ကာ အဖျားဝင်လာတတ်သည်။

(ဂ) <u>အဆုတ်ထောင့်သန်းရောဂါ</u>

ပြင်းထန်အဆုတ်ရောင်ရောဂါ၏ ကနဦးလက္ခဏာများကို တွေ့ရပြီးနောက် အပြင်းဖျားခြင်းနှင့် မောပန်းခြင်း၊ အသက်ရှူကြပ်ခြင်းတို့ကို တွေ့ရသည်။ ဓါတ်မှန်ရိုက်လျှင် Mediastinal Widenin g ကိုတွေ့ရသည်။

(ဃ) <u>ဦးနှောက်အမြှေးရောင်ထောင့်သန်းရောဂါ</u>

ရုတ်တရက်အပြင်းဖျားပြီး သတိလစ်ခြင်း၊ တက်ခြင်းနှင့် ဦးနှောက်အမြှေး ရောင် လက္ခဏာများကို တွေ့ရသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၆။ | **စောင့်ကြပ်ကြည့်ရှုရသောရောဂါများ** | | |
| ၆.၁ | ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း | ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ဝမ်းပျက်ဝမ်းလျှောရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၂ | ဝမ်းကိုက်ရောဂါဖြစ်ပွားမှုနှုန်း | ဝမ်းကိုက်ရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၂)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ဝမ်းကိုက်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၂)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၃ | အစာအဆိပ်သင့်ရောဂါဖြစ်ပွားမှုနှုန်း | အစာအဆိပ်သင့်ရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၃)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | အစာအဆိပ်သင့်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့် သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၃)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၄ | အူရောင်ငန်းဖျားရောဂါဖြစ်ပွားမှုနှုန်း | အူရောင်ငန်းဖျားရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၄)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | အူရောင်ငန်းဖျားရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၄)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၅ | ဝက်သက်ရောဂါဖြစ်ပွားမှုနှုန်း | ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း<br>(၅နှစ်အောက်ကလေး)<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၅)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| | ဝက်သက်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့် သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၅)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| ၆.၆ | ဆုံဆို့နာရောဂါဖြစ်ပွားမှုနှုန်း | ဆုံဆို့နာရောဂါဖြစ်ပွားသူပေါင်း<br>(၅နှစ်အောက်ကလေး)<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၆)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |

| စဥ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| | ဆုံဆို့နာရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၆)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| ၆.၇ | ကြက်ညှာချောင်းဆိုးရောဂါဖြစ်ပွားမှုနှုန်း | ကြက်ညှာချောင်းဆိုးရောဂါဖြစ်ပွားသူပေါင်း (၅ နှစ်အောက်ကလေး)<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၇)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| | ကြက်ညှာချောင်းဆိုးရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၇)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| ၆.၈ | မွေးကင်းစမေးခိုင်ရောဂါဖြစ်ပွားမှုနှုန်း | မွေးကင်းစမေးခိုင်ရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>အရှင်မွေးစုစုပေါင်း | ပုံစံ၁ (၆-၈)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၁ (၁၀-၁) |
| | မွေးကင်းစမေးခိုင်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>အရှင်မွေးစုစုပေါင်း | ပုံစံ၁ (၆-၈)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၁ (၁၀-၁) |
| ၆.၉ | မေးခိုင်ရောဂါဖြစ်ပွားမှုနှုန်း | မေးခိုင်ရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၉)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | မေးခိုင်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့် သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၉)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၀ | ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားမှုနှုန်း | ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၀)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ဦးနှောက်အမြှေးရောင်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၀)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၁ | ARI (နမိုးနီးယား)ရောဂါဖြစ်ပွားမှုနှုန်း | ARI (နမိုးနီးယား)ရောဂါဖြစ်ပွားသူပေါင်း (၅ နှစ်အောက်ကလေး)<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၁၁)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |
| | ARI (နမိုးနီးယား)ရောဂါသေနှုန်း | ၎င်းရောဂါဖြင့် သေဆုံးသူပေါင်း (၅ နှစ်အောက်ကလေး)<br>-------------------------------- x ၁၀၀၀၀၀<br>(၅) နှစ်အောက်ကလေးပေါင်း | ပုံစံ၁ (၆-၁၁)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) (၅နှစ်အောက်ကလေးပေါင်း) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၆.၁၂ | အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုနှုန်း | အသည်းရောင်အသားဝါရောဂါဖြစ်ပွားသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၂)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | အသည်းရောင်အသားဝါရောဂါသေနှုန်း | ၎င်းရောဂါဖြင့် သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၂)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၃ | ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှုန်း | ခွေးရူးပြန်ရောဂါ ဖြစ်ပွားသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၃)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ခွေးရူးပြန်ရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၃)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၄ | ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း | ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၄)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ငှက်ဖျားရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၄)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၅ | မြွေကိုက်(အဆိပ်ရှိ) ခံရမှုနှုန်း | မြွေကိုက်(အဆိပ်ရှိ)ခံရသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၅)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | မြွေကိုက်(အဆိပ်ရှိ) ခံရ၍သေနှုန်း | မြွေကိုက်(အဆိပ်ရှိ)ခြင်းဖြင့်သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၅)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၆.၁ | တီဘီလူနာသစ်ဖြစ်ပွားမှုနှုန်း | တီဘီလူနာသစ်စုစုပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၆-၁)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | တီဘီရောဂါဖြင့်သေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၆-၁)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| ၆.၁၆.၂ | တီဘီပြန်ကုလူနာဖြစ်ပွားမှုနှုန်း | တီဘီပြန်ကုလူနာပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၆-၂)(ဖြစ်)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | တီဘီပြန်ကုလူနာသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၆-၂)(သေ)<br>---------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |

| စဥ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၆.၁၇ | ထောင့်သန်းရောဂါဖြစ်ပွားမှုနှုန်း | ထောင့်သန်းရောဂါဖြစ်ပွားသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၇)(ဖြစ်)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |
| | ထောင့်သန်းရောဂါသေနှုန်း | ၎င်းရောဂါဖြင့်သေဆုံးသူပေါင်း<br>-------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁ (၆-၁၇)(သေ)<br>----------------x ၁၀၀၀၀၀<br>ပုံစံ၃ (၁) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ အတွင်းလူနာစာရင်း

၃။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၄။ သေဆုံးမှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့် နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ (ပြင်ပလူနာ) | မြို့နယ်/ခွဲ/ဆေးရုံ/တိုက်နယ်ဆေးရုံ (အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆။ | စောင့်ကြပ်ကြည့်ရှုရသောရောဂါများ နှိမ်နင်းရေးစီမံချက် | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

စောင့်ကြပ်ကြည့်ရှုရသောရောဂါများကို ရှာဖွေဖော်ထုတ်ခြင်း၊ ကပ်ရောဂါအသွင် မဖြစ်အောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရောဂါဖြစ်လာပါက ထိရောက်စွာ ကုသပေးခြင်းတို့ကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၇။ | **ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်** |
| (၇-၁) | **ငှက်ဖျားပိုးစစ်ဆေးသူပေါင်း** ဆိုသည်မှာ "ငှက်ဖျားရောဂါလက္ခဏာ" ဖြင့် လာရောက်ပြသသူကို ဓာတ်ခွဲခန်းတွင်(သို့မဟုတ်) ငှက်ဖျားအမြန်သွေးစစ်ကိရိယာ Rapid Diagnostic Test (RDT)များ ဝေငှထားသော ဆေးပေးခန်း (RHC/ Sub centre)များတွင် (သို့မဟုတ်) ကွင်းဆင်းရာတွင် ငှက်ဖျားပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးမှု ခံယူသူပေါင်းကို ဆိုလိုပါသည်။ |
| (၇-၂) | **ငှက်ဖျားပိုးတွေ့လူနာသစ်ပေါင်း**<br>**ငှက်ဖျားပိုးတွေ့လူနာ** ဆိုသည်မှာ-<br>(က) ဓါတ်ခွဲခန်းရှိသောဆေးရုံ၊ ဆေးပေးခန်းသို့ "ငှက်ဖျားရောဂါလက္ခဏာ" ဖြင့် လာရောက်ပြသသူကို သွေးဖောက်စစ်ဆေး ရပါမည်။ ယင်းလူနာတွင်ပိုးတွေ့ပါက "ပိုးတွေ့လူနာ"စာရင်းတွင် ထည့်သွင်းပါ။ ပိုးမတွေ့ပါက ငှက်ဖျားလူနာစာရင်းတွင် မထည့်ရပါ။<br>(ခ) ဓါတ်ခွဲခန်းမရှိသော်လည်း ငှက်ဖျားအမြန်သွေးစစ်ကိရိယာ RDT များဝေငှထားသော ဆေးပေးခန်း (RHC/ Sub centre)များတွင် (သို့မဟုတ်) ကွင်းဆင်းရာတွင် ငှက်ဖျား ရောဂါလက္ခဏာဖြင့် လာရောက်ပြသသူကို သွေးဖောက်စစ်ဆေးရမည်။ ယင်းလူနာတွင် (Positive) ပြပါက ပိုးတွေ့လူနာစာရင်းတွင် ထည့်သွင်းပါ။<br>(ဂ) ငှက်ဖျားရောဂါလက္ခဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ငှက်ဖျားပိုးသယ်ဆောင်ထားပြီး ပိုးရှိကြောင်းကို အရည်အသွေး ပြည့်မီသောနည်းဖြင့် (Microscopy, rapid diagnostic test or molecular diagnostic test) ရောဂါရှာဖွေ ဖော်ထုတ်ထားသူကို ဆိုလိုသည်။<br>**ငှက်ဖျားလူနာသစ်** ဆိုသည်မှာ ယင်းပိုးတွေ့လူနာသည် ပထမအကြိမ် လာရောက်ပြသပါက ရောဂါအသစ်ဟု သတ်မှတ်ပါ။ ငှက်ဖျားဒေသတွင် နေထိုင်သူသည် ယခုလက်ရှိအဖျား ပျောက်သွားပြီးနောက် (၁)လကျော်တွင် ငှက်ဖျား ထပ်ဖျား၍ ပြန်လာပြပါက လူနာအဟောင်း ရောဂါအသစ် ဟု သတ်မှတ်ပါ။ |

(၇-၃) **ပြင်းထန်ငှက်ဖျားလူနာပေါင်း (ဦးနှောက်ငှက်ဖျားအပါအဝင်)** ဆိုသည်မှာ အောက်ပါလက္ခဏာ တစ်ခုခုတွေ့ရှိပါက ပြင်းထန် ငှက်ဖျားလူနာဟု သတ်မှတ်ရန် ဖြစ်ပါသည်။

(က) ဆေးမသောက်နိုင်လောက်အောင်အန်ခြင်း၊

(ခ) လဲလျောင်းရာမှ အခြားသူအကူအညီမပါဘဲ မထနိုင်ခြင်း၊

(ဂ) မတ်တပ်မရပ်နိုင်ခြင်း၊

(ဃ) လမ်းမလျှောက်နိုင်ခြင်း၊

(င) အပူချိန် ၃၉˚C အထက်ကျော်လွန်၍ ဖျားခြင်း၊

(စ) ခြေလက်များအေးစက်နေခြင်း(Algid Malaria)

(ဆ) မျက်လုံးဝါခြင်း(Jaundice)

(ဇ) သွေးအားအလွန်နည်းနေခြင်း (သွေးသွင်းရန်လိုအပ်သောလူနာ)၊ (Severe anemia)

(ဈ) ငှက်ဖျားပိုးများခြင်း၊ (Pf+++ နှင့်အထက်) (Hyperparasitaemia)

(ည) ဆီးမည်းမည်းသွားခြင်း၊ (Haemoglobinuria)

(ဋ) ဆီးသွားနည်းလွန်းခြင်း၊ (၂၄နာရီအတွင်း ၄၀၀ စီစီအောက်) (Acute renal failure)

(ဌ) အသက်ရှူကြပ်ခြင်း/ အသက်ရှူခက်ခဲခြင်း၊ (Pulmonary Oedema)

(ဍ) ခန္ဓာကိုယ်မှသွေးယိုစီးခြင်း၊ (Disseminated Intravascular Coagulation)

(ပ) ဦးနှောက်ငှက်ဖျားလက္ခဏာ တွေ့ရှိရခြင်း (အမူအရာ စိတ်အခြေအနေများ ပြောင်းလဲခြင်း (Change of mood)၊ ကယောင်ကတမ်းပြောခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ မှိန်းခြင်း၊ သတိလစ်ခြင်း၊ မေ့မြောခြင်း၊ တက်ခြင်း)

(၇-၄) **အထက်အဆင့်သို့လွှဲပြောင်းပေးသောငှက်ဖျားလူနာပေါင်း** ဆိုသည်မှာ ကျေးလက်ကျန်းမာရေး ဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ မိခင်ကလေး ကျန်းမာရေးဌာနများနှင့် ဆေးရုံများမှ အထက်အဆင့်သို့ လွှဲပေးသော အောက်ပါ ငှက်ဖျားလူနာ အမျိုးအစားများကို ဆိုလိုပါသည်။

(က) ငှက်ဖျားရောဂါ အခြေအနေပိုဆိုးလာ၍ဖြစ်စေ၊ ပြင်းထန်လာ၍ ဖြစ်စေ (Severe and complicated Malaria) ချက်ချင်း လွှဲပြောင်းပေးရန် လိုအပ်သောလူနာများ။

(ခ) (၃)ရက်အထိ ဆေးကုသပြီး မသက်သာသော၊ အဖျားမကျသော လူနာများ (Treatment failure)

(၇-၅) **ငှက်ဖျားအတွင်းလူနာပေါင်း**ဆိုသည်မှာ ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ရသော ပိုးတွေ့ငှက်ဖျားလူနာပေါင်း ဖြစ်ပါသည်။ ပိုးတွေ့ ငှက်ဖျားလူနာဆိုရာ၌ မှန်ဘီလူးဖြင့် စစ်ဆေး၍ ဖြစ်စေ၊ ငှက်ဖျားအမြန် သွေးစစ်ကိရိယာ RDT ဖြင့် စစ်ဆေး၍ ဖြစ်စေ ပိုးတွေ့သော လူနာများကို ဆိုလိုသည်။ **(Confirmed Malaria)**

(၇-၆) **ငှက်ဖျားရောဂါကြောင့် သေဆုံးသူအတွင်းလူနာပေါင်း** ဆိုသည်မှာ ဆေးရုံ တက်ရောက်နေသော ငှက်ဖျားပိုးတွေ့အတွင်းလူနာများမှ ငှက်ဖျား၏ နောက်ဆက်တွဲပြဿနာများ (Complications)ကြောင့် သေဆုံးသူများကို ထည့်ရန်ဖြစ်ပါသည်။ ငှက်ဖျားနှင့်အခြားရောဂါများတွဲဖြစ်ပြီး သေဆုံးရခြင်း သည် ငှက်ဖျားကြောင့်မဟုတ်ပါက ဤစာရင်းတွင်ထည့်ရန်မလိုပါ။

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၇။ | **ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်** | | |
| ၇.၁ | ငှက်ဖျားပိုးတွေ့ရှိမှုရာနှုန်း | ငှက်ဖျားပိုးတွေ့လူနာသစ်ပေါင်း<br>------------------------------------ x ၁၀၀<br>ငှက်ဖျားပိုးစစ်ဆေးသူပေါင်း | ပုံစံ ၁ (၇-၂)<br>------------------- x၁၀၀<br>ပုံစံ ၁ (၇-၁) |
| ၇.၂ | ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း<br>(လူဦးရေ၁၀၀၀ လျှင်) | ငှက်ဖျားပိုးတွေ့လူနာသစ်ပေါင်း<br>------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ ၁ (၇-၂)<br>------------------- x၁၀၀၀<br>ပုံစံ ၃ (၁) |
| ၇.၃ | ဆေးရုံတက်လူနာများအနက်<br>ငှက်ဖျားရောဂါဖြင့်<br>ဆေးရုံတက်ရသူရာနှုန်း | ငှက်ဖျားအတွင်းလူနာပေါင်း<br>------------------------------------ x ၁၀၀<br>ဆေးရုံအတွင်းလူနာပေါင်း | ပုံစံ၁ (၇-၅)<br>------------------- x၁၀၀<br>ဆေးရုံလချုပ် (၁) |
| ၇.၄ | ငှက်ဖျားရောဂါဖြစ်ပွားသူများအနက်<br>သေဆုံးမှု ရာနှုန်း(CFR) | ငှက်ဖျားရောဂါကြောင့်သေဆုံးသူအတွင်းလူနာပေါင်း<br>------------------------------------ x ၁၀၀<br>ငှက်ဖျားအတွင်းလူနာပေါင်း | ပုံစံ၁ (၇-၆)<br>------------------- x၁၀၀<br>ပုံစံ၁ (၇-၅) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ အတွင်းလူနာစာရင်း

၃။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၄။ သက်ဆိုင်ရာစီမံချက်မှထောက်ပံ့သောမှတ်တမ်းစာအုပ်

၅။ သေဆုံးမှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့ ခ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေး/ဓဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်/ဓဌာန | ကျေးလက်/ဓဌာနခွဲ | နယ်စပ်ဒေသဆေးရုံ | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **၇။** | **ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်** | | | | | | | | | | | |
| ၁ | ငှက်ဖျားပိုးစစ်ဆေးသူပေါင်း | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၂ | ငှက်ဖျားပိုးတွေ့လူနာသစ်ပေါင်း | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၃ | ပြင်းထန်ငှက်ဖျားလူနာပေါင်း (ဦးနှောက်ငှက်ဖျားအပါအဝင်) | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၄ | အထက်အဆင့်သို့လွှဲပြောင်းပေးသော ငှက်ဖျားလူနာပေါင်း | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၅ | ငှက်ဖျားအတွင်းလူနာပေါင်း | × | √ | × | × | × | × | × | × | × | × | × |
| ၆ | ငှက်ဖျားရောဂါကြောင့်သေဆုံးသူအတွင်းလူနာပေါင်း | × | √ | × | × | × | × | × | × | × | × | × |

### အသုံးပြုပုံ

ဤအညွှန်းကိန်းများသည် ဒေသတစ်ခု၏ ငှက်ဖျားရောဂါဖြစ်ပွားမှုအခြေအနေ၊ စီမံချက်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို သိရှိနိုင်သောအညွှန်းကိန်းများ ဖြစ်ပါသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်၏ အဓိကရည်မှန်းချက်ဖြစ်သော ငှက်ဖျားဖြစ်ပွားမှုနှုန်းနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးနှုန်းလျော့ကျရန်ဟူသော ရည်မှန်းချက်ကို တိုင်းတာရန်အတွက် အဓိကအညွှန်းကိန်းများဖြစ်ပါသည်။

ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ဆန်းစစ်ခြင်း၊ စီမံချက်ရေးဆွဲခြင်းတို့တွင် ဤအညွှန်းကိန်းများကို အသုံးပြုပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

**၈။** **နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်**

(၈-၁) **အသက်(၁၈)နှစ်နှင့်အထက် သွေးပေါင်ချိန်သူပေါင်း (အသစ်)** ဆိုသည်မှာ ဆေးခန်းတွင်လည်းကောင်း၊ ကွင်းဆင်းရာတွင်လည်းကောင်း အသက်(၁၈) နှစ်နှင့်အထက် သွေးပေါင်ချိန်ပေးသူ လူနာသစ်ဦးရေကို ဆိုလိုပါသည်။

(၈-၂) **သွေးတိုးရောဂါရှိသူပေါင်း (ရောဂါသစ်)** ဆိုသည်မှာ အဓိကအားဖြင့် လူတစ်ဦး၏ သွေးပေါင်ချိန်သည် (၁၄၀/၉၀)နှင့်အထက်တွင် ရှိနေလျှင် သွေးတိုးရှိသည်ဟု ယူဆနိုင်ပါသည်။

(က) သွေးတိုးရောဂါတွင် သွေးတိုးခြင်းမှအပ မည်သည့်ဝေဒနာမျှ မရှိဘဲ ရှိနေနိုင်ပါသည်။

(ခ) သွေးတိုးရောဂါတွင် အောက်ပါဝေဒနာများကိုလည်း တွေ့နိုင်ပါသည်။ ၎င်းတို့မှာ ခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုးခြင်း၊ မူးဝေခြင်း၊ လေးလံထိုင်းမှိုင်းခြင်းတို့ဖြစ်သည်။

(ဂ) သွေးတိုးရောဂါကြောင့် နှလုံးရောဂါဝေဒနာ ခံစားရနိုင်သည်။ နှလုံးရောဂါဝေဒနာများမှာမောခြင်း၊ ဖောခြင်း၊ ရင်တုန်ခြင်း၊ ရင်ဝအောင့်ခြင်း၊ သတိလစ်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ဖေါယောင်ခြင်း၊ ဆီးနည်းခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်သည်။

(၈-၃) **ဆေးလိပ်သောက်သူပေါင်း** ဆိုသည်မှာ စာရင်းကောက်ယူသောအချိန်တွင် အသက်(၁၅)နှစ်နှင့်အထက် ရှိသူများအနက် ဘဝတစ်သက်တာတွင် ဆေးလိပ်အနည်းဆုံး အလိပ်(၁၀၀)သောက်ခဲ့ဖူးသူဖြစ်ပြီး လွန်ခဲ့သောရက်(၃၀)အတွင်း ဆေးလိပ်သောက်နေသူများကို ဆိုလိုပါသည်။ ဆေးလိပ်တွင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ သနပ်ဖက်၊ ပြောင်းဖက် စသည်တို့ ပါဝင်ပါသည်။

**မှတ်ချက်** - တစ်နှစ်လျှင်တစ်ကြိမ် လူဦးရေစာရင်းကောက်ယူသောအချိန်၌ ကောက်ယူ၍ စီမံချက်ဆန်းစစ်ပုံစံနှစ်ချုပ်(၃)တွင် ဖြည့်စွက်ရန် ဖြစ်သည်။

(၈-၄) **ကွမ်းစားသုံးသူပေါင်း** ဆိုသည်မှာ စာရင်းကောက်ယူသောအချိန်တွင် အသက်(၁၅)နှစ်နှင့် အထက်ရှိသူများအနက် ဘဝတစ်သက်တာတွင် ကွမ်းယာ အနည်းဆုံး(၁၀၀)စားသုံးခဲ့ဖူးသူဖြစ်ပြီး လွန်ခဲ့သော ရက်(၃၀)

အတွင်း ကွမ်းစားသုံးနေသူများကို ဆိုလိုပါသည်။ ကွမ်းစားသုံးခြင်းတွင် ကွမ်း၊ ကွမ်းသီး၊ ဆေးရွက်ကြီးနှင့် ကွမ်းအစားထိုးပစ္စည်းများ စသည်တို့ ပါဝင်ပါသည်။

**မှတ်ချက်** - တစ်နှစ်လျှင်တစ်ကြိမ် လူဦးရေစာရင်းကောက်ယူသောအချိန်၌ ကောက်ယူ၍ စီမံချက်ဆန်းစစ်ပုံစံနှစ်ချုပ်(၃)တွင် ဖြည့်စွက်ရန် ဖြစ်သည်။

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၈။ | **နှလုံးသွေးကြောရောဂါ ထိန်းသိမ်းရေးစီမံချက်** | | |
| ၈.၁ | သွေးတိုးရောဂါဖြစ်ပွားသူနှုန်း (အသစ်) | သွေးတိုးရောဂါရှိသူပေါင်း(ရောဂါသစ်)<br>------------------------------------------------- x ၁၀၀၀<br>အသက်(၁၈)နှစ်နှင့်အထက်သွေးပေါင်ချိန်သူပေါင်း (အသစ်) | ပုံစံ၁(၈-၂)<br>--------------- x ၁၀၀၀<br>ပုံစံ၁(၈-၁) |
| ၈.၂ | ဆေးလိပ်သောက်သူနှုန်း | ဆေးလိပ်သောက်သူပေါင်း<br>------------------------------------------------- x ၁၀၀၀<br>အသက်(၁၅)နှစ်နှင့်အထက်လူဦးရေ | ပုံစံ၃(၃-၁)<br>--------------- x ၁၀၀၀<br>ပုံစံ၃(၁) ၁၅+ လူဦးရေ |
| ၈.၃ | ကွမ်းစားသုံးသူနှုန်း | ကွမ်းစားသုံးသူပေါင်း<br>------------------------------------------------- x ၁၀၀၀<br>အသက်(၁၅)နှစ်နှင့်အထက်လူဦးရေ | ပုံစံ၃(၃-၂)<br>--------------- x ၁၀၀၀<br>ပုံစံ၃(၁) ၁၅+ လူဦးရေ |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ အတွင်းလူနာစာရင်း

၃။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၄။ လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခရိုင်/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခရိုင်/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တ/မြို့ခ | ဒေပါလ်တိုက်ကျက်ရေး | မိခင်နှင့်ကလေးစေ/ယဉ်ဗြ/ဌာန | ကျောင်းကျန်းမာရေး | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်ကျ/ဖေ/ဌာန | ကျေးလက်ကျ/ဖေ/ဌာနခွဲ | နယ်ဝတ်ဆေးဆေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၈။ | **နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်** | | | | | | | | | | | |
| ၁ | အသက်(၁၈)နှစ်နှင့်အထက် သွေးပေါင်ချိန်သူပေါင်း(အသစ်) | √ | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၂ | သွေးတိုးရောဂါရှိသူပေါင်း(ရောဂါသစ်) | √ | √ | √ | √ | √ | × | √ | √ | √ | √ | √ |
| ၃ | ဆေးလိပ်သောက်သူပေါင်း | × | × | × | × | × | × | × | × | × | × | √ |
| ၄ | ကွမ်းစားသုံးသူပေါင်း | × | × | × | × | × | × | × | × | × | × | √ |

### အသုံးပြုပုံ

သွေးတိုးရောဂါဖြစ်ပွားသူနှုန်းကိုတွက်ချက်၍ သွေးတိုးရောဂါ၏ နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး ပညာပေးများပြုလုပ်၍ သွေးတိုးနှင့် နှလုံးရောဂါစီမံချက်များ ရေးဆွဲရာတွင် အသုံးပြုရန် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

**၉။ ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်**

ထိခိုက်ဒဏ်ရာရခြင်းဆိုသည်မှာ မရည်ရွယ်ဘဲနှင့်သော်လည်းကောင်း၊ ရည်ရွယ်၍ပြုလုပ်ခြင်းကြောင့်သော်လည်းကောင်း၊ ရုတ်တရက်ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာရရှိခြင်းကို ဆိုလိုသည်။ မရည်ရွယ်ဘဲဆိုသည်မှာ ဖြစ်စေလိုသောဆန္ဒကြောင့် မဟုတ်ဘဲဖြစ်ပျက်ခြင်း၊ ရည်ရွယ်၍ ဆိုသည်မှာ ဖြစ်စေလို၍ တမင်သက်သက်ပြုလုပ်ခြင်းကြောင့် ဖြစ်ပျက်ခြင်းကို ဆိုလိုသည်။

**ဆေးခန်း/ ကွင်းဆင်းရာတွင် လာရောက်ပြသသူများနှင့် လာရောက် မပြသသော်လည်း ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်ပါ အကျုံးဝင်သူများ မိမိဒေသအတွင်းတွင် ဖြစ်ပွားပါက လချုပ်တွင် စာရင်းထည့်သွင်း ကောက်ယူရမည်။**

**ထိခိုက်ဒဏ်ရာရစေသောအကြောင်းအရာများ -**

(က) **မရည်ရွယ်ဘဲနှင့် ဖြစ်ပျက်သောထိခိုက်ဒဏ်ရာရမှုများမှာ -**

(၁) **တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာစဉ် အသုံးပြုသောယာဉ်ဖြင့်ထိခိုက်မိခြင်း။**

အသုံးပြုသောယာဉ်ဆိုသည်မှာ -

(ကက)ကုန်းလမ်း - ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီး၊ ထော်လာဂျီ၊ ဆိုက်ကား၊ လှည်း၊ မြင်းလှည်း ။

- မီးရထား စသည်များ။

(ခခ) ရေလမ်း - လှေ၊သင်္ဘော၊မော်တော် စသည်များ။

(ဂဂ) လေကြောင်း - လေယာဉ်၊ ရဟတ်ယာဉ်။

(၂) **လယ်ယာလုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခြင်း** ဆိုသည်မှာ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာ၊ လယ်ယာလုပ်ငန်းအသုံးပြု ကျွဲ၊ နွား တိရစ္ဆာန်များဖြင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းကို ဆိုလိုသည်။

(၃) **လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိခြင်း** ဆိုသည်မှာ လုပ်ငန်း (သို့မဟုတ်) စက်ရုံ၊ အလုပ်ရုံများ (သို့မဟုတ်) မည်သည့် လုပ်ငန်းခွင်တွင်မဆို လုပ်ငန်းတာဝန် ထမ်းဆောင်နေစဉ်အတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းကို ဆိုလိုသည်။

(၄) **အဆိပ်မိခြင်း** ဆိုသည်မှာပိုးသတ်ဆေး၊ ရေနံ၊ ဓါတ်ဆီ၊ ဆေးဝါး၊ အိမ်သုံးဓါတုဗေဒဆေးဝါးများ၊ ခဲဆိပ်စသည်တို့ သောက်မိခြင်း၊ စားမိခြင်း၊ ထိမိခြင်းနှင့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ဓါတ်ငွေ့များကို ရှူရှိုက်မိခြင်းတို့ကို ဆိုလိုသည်။

(၅) **လိမ့်ကျခြင်း** ဆိုသည်မှာ အမြင့်မှကျသည်ဖြစ်စေ၊ မြေပြင်ညီတွင် လိမ့်ကျချော်လဲလျှင်ဖြစ်စေရရှိသော ထိခိုက်ဒဏ်ရာရမှုများ ပါဝင်ပါသည်။ ဥပမာ - အိမ်ခေါင်၊ ဝရန်တာ၊ လှေကား၊ သစ်ပင်၊ ပြူတင်းပေါက်၊ ထိုင်ခုံ၊ ခုတင် စသည်တို့မှ ပြုတ်ကျလျှင်ဖြစ်စေ၊ မြေပြင်ညီတွင်ချော်လဲလျှင်ဖြစ်စေ၊ တစ်ယောက်နှင့်တစ်ယောက် တိုက်မိ၍ လဲကျလျှင်ဖြစ်စေ အကျုံးဝင်ပါသည်။ ရေတိမ်တွင် ဒိုင်ဗင်ထိုး၍ ထိခိုက်ဒဏ်ရာရခြင်းများနှင့်လည်း သက်ဆိုင်ပါသည်။

(၆) **အပူလောင်ခြင်း** (မီးလောင်ခြင်း၊ ရေနွေးပူလောင်ခြင်း)

(ကက) မီးလောင်ခြင်း။

(ခခ) ရေနွေးပူလောင်ခြင်း။

(ဂဂ) ဓါတ်ငွေ့ပေါက်ကွဲခြင်း။

(ဃဃ) မီးလောင်လွယ်သောပစ္စည်းများ လောင်ကျွမ်းပေါက်ကွဲခြင်း။

(ငင) ဓါတ်လိုက်ခြင်း။

(စစ) မိုးကြိုးပစ်ခံရခြင်း။

(၇) **ရေနစ်ခြင်း** ဆိုသည်မှာ မည်သည့်နေရာ၊ မည်သည့်အကြောင်းကြောင့်မဆို ဥပမာ- ရေတွင်း၊ ရေကန်၊ ချောင်း၊ မြစ်၊ ပင်လယ်၊ ရေလှမ်းမိုး (ရေကြီးစဉ်)တွင် ရေနစ်ခြင်း။

(ခ) **ရည်ရွယ်ပြုလုပ်ခြင်းကြောင့် ရရှိသောထိခိုက်ဒဏ်ရာရရှိခြင်း။**

(၁) **မိမိကိုယ်ကိုသေကြောင်းကြံစည်ခြင်း** ဆိုသည်မှာ သေကြောင်းကြံစည်ရာတွင်နည်းမျိုးစုံအသုံးပြုနိုင်ပါသည်။

ဥပမာ - ကြိုးဆွဲချခြင်း၊
- အဆိပ်/ဆေးသောက်ခြင်း၊
- အမြင့်မှခုန်ချခြင်း၊
- ရေထဲခုန်ချခြင်း၊
- မိမိခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာရအောင် ပြုလုပ်ခြင်း၊
(ဥပမာ-ဓါးနှင့်လှီးခြင်း၊ ထိုးခြင်း၊)

(၂) **ခိုက်ရန်ဖြစ်ပွားခြင်း** ဆိုသည်မှာ ခိုက်ရန်ဖြစ်ပွားပြီး ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုခုအား ထိခိုက်ဒဏ်ရာရစေခြင်း။

(ဂ) **အခြား**

အထက်ဖော်ပြပါ (က)နှင့် (ခ)တွင် မပါဝင်သော ထိခိုက်ဒဏ်ရာရရှိသူပေါင်းကို ဖော်ပြပေးရန်ဖြစ်ပါသည်။

(၉-၁) **ယာဉ်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း**ဆိုသည်မှာ မည်သည့်ယာဉ် အမျိုးအစားနှင့်မဆို သွားလာစဉ် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုပါသည်။

(၉-၂) **လယ်ယာလုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးပစ္စည်းကိရိယာများ၊ လယ်ယာလုပ်ငန်းအသုံးပြု ကျွဲ၊ နွား တိရစ္ဆာန်များဖြင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူအရေအတွက်ကို ဆိုလိုသည်။

(၉-၃) **လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ လယ်ယာ လုပ်ငန်းခွင်မှအပ အခြားလုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုသည်။

(၉-၄) **အဆိပ်မိသူပေါင်းနှင့်သေဆုံးသူပေါင်း** ဆိုသည်မှာ အဆိပ်မိခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သော ပစ္စည်းတစ်ခုခုကြောင့် အဆိပ်မိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုသည်။

(၉-၅) **လိမ့်ကျဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ လိမ့်ကျခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သောအကြောင်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုပါသည်။

(၉-၆) **အပူလောင်ဒဏ်ရာရရှိသူပေါင်းနှင့်သေဆုံးသူပေါင်း** ဆိုသည်မှာ အပူလောင်ခြင်းအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သော အကြောင်းအရာ တစ်ခုခုကြောင့် ဒဏ်ရာရရှိသူအရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုပါသည်။

(၉-၇) **ရေနစ်သူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ ရေနစ်ခြင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါဝင်သော အကြောင်းတစ်ခုခုကြောင့် ရေနစ်သူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုပါသည်။

(၉-၈) **မိမိကိုယ်ကိုသေကြောင်းကြံစည်ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ သေကြောင်းကြံစည်ခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်ပါဝင်သော အကြောင်းတစ်ခုခုကြောင့် ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူအရေအတွက်ကို ဆိုလိုပါသည်။

(၉-၉) **ခိုက်ရန်ဖြစ်ပွားဒဏ်ရာရရှိသူပေါင်းနှင့်သေဆုံးသူပေါင်း** ဆိုသည်မှာ ခိုက်ရန်ဖြစ်ပွားခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သော အကြောင်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူ အရေအတွက်ကို ဆိုလိုသည်။

(၉-၁၀) **အခြားအကြောင်းကြောင့်ဒဏ်ရာရရှိသူပေါင်းနှင့် သေဆုံးသူပေါင်း** ဆိုသည်မှာ အထက်ဖော်ပြပါ အကြောင်းအရင်း(၉)မျိုးတွင် မပါဝင်ဘဲ အခြားသော အကြောင်းရင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်နှင့် ၎င်းတို့ထဲမှ သေဆုံးသူအရေအတွက်ကို ဆိုလိုပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဥ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၉။ | **ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက်**<br>ထိခိုက်ဒဏ်ရာရရှိသူနှုန်း | ထိခိုက်ဒဏ်ရာရသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉)(ဖြစ်)<br>----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | ထိခိုက်ဒဏ်ရာရရှိပြီးသေဆုံးသူနှုန်း | ထိခိုက်ဒဏ်ရာရရှိပြီးသေဆုံးသူပေါင်း<br>------------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉)(သေ)<br>--------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၁ | ယာဥ်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိသူနှုန်း | ယာဥ်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၁)(ဖြစ်)<br>----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | ယာဥ်ထိခိုက်မှုကြောင့် သေဆုံးသူနှုန်း | ယာဥ်ထိခိုက်မှုကြောင့် သေဆုံးသူပေါင်း<br>------------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၁)(သေ)<br>--------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၂ | လယ်ယာလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရသူနှုန်း | လယ်ယာလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၂)(ဖြစ်)<br>----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | လယ်ယာလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု ကြောင့်သေဆုံးသူနှုန်း | လယ်ယာလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့်သေဆုံးသူပေါင်း<br>------------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၂)(သေ)<br>--------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၃ | လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရသူနှုန်း | လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၃)(ဖြစ်)<br>----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုကြောင့်သေဆုံးသူနှုန်း | လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့်သေဆုံးသူပေါင်း<br>------------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၃)(သေ)<br>--------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၄ | အဆိပ်မိသူနှုန်း | အဆိပ်မိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၄)(ဖြစ်)<br>----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | အဆိပ်မိသေဆုံးသူနှုန်း | အဆိပ်မိသေဆုံးသူပေါင်း<br>------------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၄)(သေ)<br>--------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၉.၅ | လိမ့်ကျဒဏ်ရာရရှိသူနှုန်း | လိမ့်ကျဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၅)(ဖြစ်)<br>---------------x၁၀၀၀<br>ပုံစံ၃(၁) |
| | လိမ့်ကျသေဆုံးသူနှုန်း | လိမ့်ကျသေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၅)(သေ)<br>-------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၆ | အပူလောင်ဒဏ်ရာရရှိသူနှုန်း | အပူလောင်ဒဏ်ရာရသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၆)(ဖြစ်)<br>---------------x၁၀၀၀<br>ပုံစံ၃(၁) |
| | အပူလောင်ဒဏ်ရာရရှိပြီး<br>သေဆုံးသူနှုန်း | အပူလောင်ဒဏ်ရာရရှိပြီးသေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၆)(သေ)<br>-------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၇ | ရေနစ်သူနှုန်း | ရေနစ်သူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၇)(ဖြစ်)<br>-----------------x၁၀၀၀<br>ပုံစံ၃(၁) |
| | ရေနစ်သေဆုံးသူနှုန်း | ရေနစ်သေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၇)(သေ)<br>---------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၈ | မိမိကိုယ်ကိုသေကြောင်းကြံစည်<br>ဒဏ်ရာရရှိ သူနှုန်း | မိမိကိုယ်ကိုသေကြောင်းကြံစည်ဒဏ်ရာ<br>ရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၈)(ဖြစ်)<br>---------------x၁၀၀၀<br>ပုံစံ၃(၁) |
| | မိမိကိုယ်ကိုသေကြောင်းကြံစည်၍<br>သေဆုံးသူနှုန်း | မိမိကိုယ်ကိုသေကြောင်းကြံစည်၍<br>သေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၈)(သေ)<br>---------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၉ | ခိုက်ရန်ဖြစ်ပွားဒဏ်ရာရရှိသူနှုန်း | ခိုက်ရန်ဖြစ်ပွားဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၉)(ဖြစ်)<br>---------------x၁၀၀၀<br>ပုံစံ၃(၁) |
| | ခိုက်ရန်ဖြစ်ပွားသေဆုံးသူနှုန်း | ခိုက်ရန်ဖြစ်ပွားသေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၉)(သေ)<br>---------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၉.၁၀ | အခြားအကြောင်းကြောင့်ဒဏ်ရာ<br>ရရှိသူနှုန်း | အခြားအကြောင်းကြောင့်ဒဏ်ရာရရှိသူပေါင်း<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၁၀)(ဖြစ်)<br>---------------x၁၀၀၀<br>ပုံစံ၃(၁) |
| | အခြားအကြောင်းကြောင့်<br>သေဆုံးသူနှုန်း | အခြားအကြောင်းကြောင့်သေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၉-၁၀)(သေ)<br>---------------x၁၀၀၀၀၀<br>ပုံစံ၃(၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ အတွင်းလူနာစာရင်း

၃။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၉။ | ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက် | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |

### အသုံးပြုပုံ

ထိခိုက်ဒဏ်ရာရရှိသူနှုန်းနှင့်သေဆုံးမှုနှုန်းကို ဖြစ်ပွားရသောအကြောင်းရင်းအလိုက် တွက်ချက်ဆန်းစစ်ရန်၊ ကြိုတင်ကာကွယ်နိုင်သည့်အကြောင်းရင်းများကို အဖြစ်များသော နေရာဒေသအလိုက် စီမံချက်များ ရေးဆွဲ၍ ကြိုတင်ကာကွယ်ရန်ဖြစ်ပါသည်။

**လုပ်ငန်း　　လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက်**

**အမှတ်စဉ်**

**၁၀။**　　**ဖွားသေစာရင်းအင်း**

**ဖွားသေစာရင်းအင်းသည် အစီရင်ခံသည့်ကာလအတွင်း သားဖွားဆရာမမှ မိမိတာဝန်ကျနယ်မြေဒေသအတွင်း နေထိုင်သူများ၏ မွေးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း၊ သေဆုံးခြင်းဆိုင်ရာကိစ္စရပ်များ (မိမိကိုယ်တိုင်နှင့် အခြားသူများဆောင်ရွက်ပေးသည့် ကျန်းမာရေးစောင့်ရှောက်ပေးမှုအားလုံး) ကို မှတ်တမ်းတင်ရန် ဖြစ်ပါသည်။**

**မြို့နယ်/ခွဲ/တိုက်နယ်/ပုဂ္ဂလိကဆေးရုံတွင် ဖြစ်ပွားသောမွေးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်းနှင့် သေဆုံးခြင်းတို့သည် သက်ဆိုင်ရာတာဝန်ကျ သားဖွားဆရာမ၏ မွေးဖွားမှုမှတ်တမ်း၊ သေဆုံးမှုမှတ်တမ်းတို့တွင် စာရင်းရေးမှတ်ပြီးသား ဖြစ်ရပါမည်။**

**သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း**

စာမျက်နှာ (၂၁) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်အောက်တွင် ပါရှိသော အဓိပ္ပါယ်ရှင်းလင်းချက်ကို ပြန်လည် ကြည့်ရှုပါရန်။

**သားဖွားခန်း**

စာမျက်နှာ (၂၁) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်အောက်တွင် ပါရှိသော အဓိပ္ပါယ်ရှင်းလင်းချက်ကို ပြန်လည် ကြည့်ရှုပါရန်။

(၁၀-၁)　　**အရှင်မွေးဦးရေစုစုပေါင်း** ဆိုသည်မှာ ကိုယ်ဝန်(၂၂)ပတ် ကျော်လွန်၍ မွေးဖွားလာသည်နှင့် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ လှုပ်ရှားခြင်း၊ ချက်ကြိုးသွေးခုန်ခြင်းရှိသော ကလေးအရေအတွက်ကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၂)　　**အသေမွေးဦးရေစုစုပေါင်း** ဆိုသည်မှာ ကိုယ်ဝန်(၂၂)ပတ်ကျော်လွန်၍ မွေးဖွားလာပြီး၊ အသက်ရှင်သည့် လက္ခဏာ လုံးဝမပြသော ကလေးအရေအတွက်ကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၃)　　**ဆယ်ကျော်သက်ရွယ် အသက်(၁၅-၁၉)နှစ် မိခင်မှမွေးသော အရှင်မွေးဦးရေ** ဆိုသည်မှာ ဆယ်ကျော်သက်ရွယ် အသက်အပိုင်းအခြားဖြစ်သော (၁၅-၁၉)နှစ် မိခင်မှ မွေးသော အရှင်မွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

**(အသက်(၁၅)နှစ်အောက် မိခင်မှ မွေးသော အရှင်မွေးဦးရေများလည်း အကျုံးဝင်သည်။ မှတ်ချက်ဖြင့် ရေးသားဖော်ပြရန် ဖြစ်သည်။)**

(၁၀-၄) **ဆယ်ကျော်သက်ရွယ် အသက်(၁၅-၁၉)နှစ် မိခင်မှမွေးသော အသေမွေးဦးရေ** ဆိုသည်မှာ ဆယ်ကျော်သက်ရွယ် အသက်အပိုင်းအခြားဖြစ်သော (၁၅-၁၉)နှစ်မိခင်မှမွေးသော အသေမွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

**(အသက်(၁၅)နှစ်အောက် မိခင်မှမွေးသော အသေမွေးဦးရေများလည်း အကျုံးဝင်သည်။ မှတ်ချက်ဖြင့် ရေးသားဖော်ပြရန် ဖြစ်သည်။)**

**မှတ်ချက်** - အသက်(၁၅-၁၉)နှစ်ဆိုသည်မှာ စာရင်းကောက်ယူသည့်နေ့တွင် မွေးမိခင်အသက်သည် (၁၅)နှစ်ပြည့်ပြီးသည်မှ (၂၀)နှစ် မပြည့်မီ တစ်ရက်အလိုအထိ ရှိသောသူများကို ဆိုလိုပါသည်။

(၁၀-၅) **အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသောအရှင်မွေးဦးရေ** ဆိုသည်မှာ အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသော အရှင်မွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၆) **အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသောအသေမွေးဦးရေ** ဆိုသည်မှာ အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင်မွေးသော အသေမွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၇) **ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသောအရှင်မွေးဦးရေ** ဆိုသည်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင်မွေးသော အရှင်မွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၈) **ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသောအသေမွေးဦးရေ** ဆိုသည်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင်မွေးသော အသေမွေးဦးရေကိုဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၉) **သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်မွေးသော အရှင်မွေးဦးရေ** ဆိုသည်မှာ အစီရင်ခံသော ကာလအတွင်း အရှင်မွေးများအနက် **သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်း**နှင့် မွေးဖွားသော အရှင်မွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၁၀) **သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်မွေးသော အသေမွေးဦးရေ** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း အသေမွေးများအနက်မှ

သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းနှင့် မွေးဖွားသော အသေမွေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၁၁) **လမစေ့မွေးဖွားသော အရှင်မွေးကလေး စုစုပေါင်း**ဆိုသည်မှာ ခန့်မှန်းထားသော မွေးဖွားမှုထက် ရက်သတ္တ(၃)ပတ်ကျော် ပိုစော၍ အရှင်မွေးဖွားခြင်း (သို့မဟုတ်) ကိုယ်ဝန် ရက်သတ္တ(၃၇)ပတ် မပြည့်မီ အရှင်မွေးဖွားခြင်းကို ဆိုလိုပါသည်။

(၁၀-၁၂) **လမစေ့မွေးဖွားသော အသေမွေးကလေး စုစုပေါင်း**ဆိုသည်မှာ ခန့်မှန်းထားသော မွေးဖွားမှုထက် ရက်သတ္တ(၃)ပတ်ကျော် ပိုစော၍ အသေမွေးဖွားခြင်း (သို့မဟုတ်) ကိုယ်ဝန်ရက်သတ္တ(၂၂)ပတ်မှ(၃၇)ပတ်အတွင်း အသေမွေးဖွားခြင်းကို ဆိုလိုပါသည်။

(၁၀-၁၃) **မွေးလက်မှတ် (Birth Certificate) ရရှိခဲ့သော တစ်နှစ်အောက်ကလေးဦးရေ**ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း သတ်မှတ်တာဝန် ပေးထားသော ကျန်းမာရေးဝန်ထမ်းများထံမှ မွေးလက်မှတ်ရရှိခဲ့သည့် တစ်နှစ်အောက် ကလေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

**(အစီရင်ခံသူ သားဖွားဆရာမကိုယ်တိုင် မွေးလက်မှတ် ပြုလုပ်ပေးသည်ဖြစ်စေ၊ အခြားသူ (အခြားနေရာမှ) ပြုလုပ်ပေးသည်ဖြစ်စေ အကျုံးဝင်ပါသည်။)**

(၁၀-၁၄) **ကိုယ်ဝန်ပျက်သည့်ဦးရေ** ဆိုသည်မှာ ကိုယ်ဝန်(၂၂)ပတ်မတိုင်မီ သားအိမ်အတွင်းမှ သန္ဓေသားသည် အပြင်သို့ရောက်ရှိလာပြီး၊ အသက်ရှူသော လက္ခဏာမပြသည့် ကိုယ်ဝန်ပျက်ခြင်းဖြစ်ပွားသောဦးရေကို ဆိုလိုပါသည်။

(၁၀-၁၅) **သေဆုံးသူဦးရေစုစုပေါင်း** ဆိုသည်မှာ သေဆုံးသူမိခင်အပါအဝင်မည်သည့် အသက်အုပ်စုတွင်မဆို သေဆုံးသွားသူ အရေအတွက်စုစုပေါင်းကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၁၆) **မွေးပြီး(၇)ရက်အတွင်း သေဆုံးသူ ကလေးဦးရေ** ဆိုသည်မှာ မွေးဖွားလာပြီး (၇)ရက်အတွင်း သေဆုံးသူကလေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၁၇) **မွေးပြီး(၇)ရက်မှ (၂၈)ရက်အတွင်း သေဆုံးသူကလေးဦးရေ** ဆိုသည်မှာ မွေးဖွားလာပြီး (၇)ရက်ပြည့်သည်မှ (၂၈)ရက်အတွင်း သေဆုံးသူကလေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၁၈) **(၂၈)ရက်မှ အသက်တစ်နှစ်အောက် သေဆုံးသူကလေးဦးရေ** ဆိုသည်မှာ မွေးဖွားလာပြီး(၂၈)ရက်ပြည့်သည်မှ အသက်တစ်နှစ်အောက် သေဆုံးသူ ကလေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြားဖော်ပြပါ)

(၁၀-၁၉) **(၁)နှစ်မှ (၅)နှစ်အောက် သေဆုံးသူကလေးဦးရေ** ဆိုသည်မှာ ကလေး တစ်ယောက်၏အသက်သည်(၁)နှစ်ပြည့်သည်မှ (၅)နှစ်မပြည့်မီ တစ်ရက် အလိုတွင် သေဆုံးသူ ကလေးဦးရေကို ဆိုလိုပါသည်။ (ကျား/မ ခွဲခြား ဖော်ပြပါ)

(၁၀-၂၀) **ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက် အတွင်း) သားဖွားခြင်းဆိုင်ရာရောဂါများကြောင့် သေဆုံးခြင်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက် အတွင်း)**သားဖွားခြင်းဆိုင်ရာရောဂါများကြောင့် သေဆုံးသော မိခင်ဦးရေကို** ဆိုလိုပါသည်။

(၁၀-၂၁) **ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက် အတွင်း) အခြားရောဂါများကြောင့် သေဆုံးခြင်း** ဆိုသည်မှာ ကိုယ်ဝန် ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက်အတွင်း) **သားဖွားခြင်းဆိုင်ရာရောဂါများကြောင့် မဟုတ်ဘဲ ယခင်ရှိနေသော ရောဂါ (သို့မဟုတ်) ကိုယ်ဝန်ဆောင်စဉ်အတွင်း ဖြစ်ပေါ်လာသော ရောဂါများ ကြောင့် သေဆုံးသော မိခင်ဦးရေကို** ဆိုလိုပါသည်။

(၁၀-၂၂) **ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက် အတွင်း) ထိခိုက်ဒဏ်ရာရရှိခြင်း၊ မတော်တဆမှုများနှင့် မိမိကိုယ်ကို သတ် သေခြင်း၊ အသတ်ခံရခြင်းတို့ကြောင့် သေဆုံးသူ မိခင်ဦးရေ** ဆိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက် အတွင်း) **သားဖွားခြင်းဆိုင်ရာရောဂါများနှင့် အခြားရောဂါများကြောင့် မဟုတ်ဘဲ** ထိခိုက်ဒဏ်ရာရရှိ၍ဖြစ်စေ၊ မတော်တဆမှုကြောင့်ဖြစ်စေ၊ မိမိ ကိုယ်ကို သတ်သေခြင်းကြောင့်ဖြစ်စေ၊ အသတ်ခံရခြင်းကြောင့်ဖြစ်စေ **သေဆုံးသော မိခင်ဦးရေကို** ဆိုလိုပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၀။** | **ဖွားသေစာရင်းအင်း** | | |
| ၁၀.၁ | မွေးနှုန်းကြမ်း<br>(လူဦးရေ ၁,၀၀၀လျှင်) | အရှင်မွေးဦးရေစုစုပေါင်း<br>------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁)<br>------------------------ x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၀.၂ | သေနှုန်းကြမ်း<br>(လူဦးရေ ၁,၀၀၀လျှင်) | သေဆုံးသူဦးရေစုစုပေါင်း<br>------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၂)<br>------------------------ x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၀.၃ | သဘာဝအလျောက်<br>လူဦးရေတိုးနှုန်း | မွေးနှုန်းကြမ်း - သေနှုန်းကြမ်း<br>------------------------<br>၁၀ | အညွှန်းကိန်း (၁၀-၁)-(၁၀-၂)<br>------------------------<br>၁၀ |
| ၁၀.၄ | ဆယ်ကျော်သက်ရွယ်<br>မွေးဖွားမှုနှုန်း | ဆယ်ကျော်သက်ရွယ်အသက်(၁၅-၁၉)နှစ်မိခင်မှ မွေးသော အရှင်မွေးဦးရေ<br>------------------------ x ၁၀၀၀<br>အသက်(၁၅-၁၉)နှစ်အမျိုးသမီးဦးရေ | ပုံစံ၁(၁၀-၃)<br>------------------------ x ၁၀၀၀<br>ပုံစံ၃(၁) (၁၅-၁၉)နှစ်ရှိသော အမျိုးသမီးဦးရေစုစုပေါင်း |
| ၁၀.၅ | ဆေးရုံ၊ဆေးခန်း၊ သားဖွားခန်း<br>တွင် မွေးဖွားနှုန်း | အစိုးရဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင်မွေးသော (အရှင်မွေး + အသေမွေး)ဦးရေ + ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းတွင် မွေးသော(အရှင်မွေး + အသေမွေး)ဦးရေ<br>------------------------ x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၁၀-၅)+(၁၀-၆)+<br>(၁၀-၇)+(၁၀-၈)<br>------------------------ x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၁၀.၆ | မွေးပြီး(၇)ရက်အတွင်းသေဆုံးနှုန်း<br>(အရှင်မွေး ၁,၀၀၀လျှင်)<br>- မြို့ပြ<br>- ကျေးလက် | မွေးပြီး(၇)ရက်အတွင်းသေဆုံးသူကလေးဦးရေ<br>------------------------ x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁၆)<br>------------------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၇ | တစ်လအောက်ကလေးသေနှုန်း<br>(အရှင်မွေး ၁,၀၀၀ လျှင်)<br>- မြို့ပြ<br>- ကျေးလက် | မွေးစမှ(၂၈)ရက်အတွင်းသေဆုံးသူကလေးဦးရေ<br>------------------------ x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁၆)+(၁၀-၁၇)<br>------------------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၈ | တစ်နှစ်အောက်ကလေးသေနှုန်း<br>(အရှင်မွေး ၁,၀၀၀ လျှင်)<br>- မြို့ပြ<br>- ကျေးလက် | အသက်တစ်နှစ်အောက်သေဆုံးသူကလေးဦးရေ<br>------------------------ x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁၆)+(၁၀-၁၇)+(၁၀-၁၈)<br>------------------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၉ | (၅)နှစ်အောက်ကလေးသေနှုန်း<br>(အရှင်မွေး ၁၀၀၀ လျှင်<br>- မြို့ပြ<br>- ကျေးလက် | (၅)နှစ်အောက်သေဆုံးသူကလေးဦးရေ<br>------------------------ x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁၆)+(၁၀-၁၇)+<br>(၁၀-၁၈)+(၁၀-၁၉)<br>------------------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၁၀ | အသေမွေးဖွားနှုန်း<br>- မြို့ပြ<br>- ကျေးလက် | အသေမွေးဦးရေစုစုပေါင်း<br>------------------------ x ၁၀၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၁၀-၂)<br>------------------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁)+ ပုံစံ၁(၁၀-၂) |
| ၁၀.၁၁ | ကိုယ်ဝန်ပျက်ရာနှုန်း<br>-မြို့ပြ<br>-ကျေးလက် | ကိုယ်ဝန်ပျက်သည့်ဦးရေ<br>------------------------ x ၁၀၀<br>(အရှင်မွေး+အသေမွေး+ကိုယ်ဝန်ပျက်) စုစုပေါင်း | ပုံစံ၁(၁၀-၁၄)<br>------------------------ x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂)+(၁၀-၁၄) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁၀.၁၂ | သားဖွားမိခင်သေနှုန်း<br>(အရှင်မွေး ၁၀၀၀၀၀ လျှင်)<br>-မြို့ပြ<br>-ကျေးလက် | ကိုယ်ဝန်၊ မီးဖွားခြင်း၊ မီးတွင်းဆိုင်ရာရောဂါများ နှင့် အခြားရောဂါများကြောင့် သေဆုံးသူ မိခင်ဦးရေ<br>------------------------------------ x ၁၀၀၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၂၀)+ (၁၀-၂၁)<br>-------------------- x ၁၀၀၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၁၃ | သားဖွားမိခင်သေနှုန်း<br>(မည်သည့်အကြောင်းကြောင့် မဆို)(အရှင်မွေး ၁၀၀၀၀၀ လျှင်)<br>-မြို့ပြ<br>-ကျေးလက် | ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလ အတွင်း (မွေးဖွားပြီး ၄၂ ရက်အတွင်း) မည်သည့် အကြောင်းကြောင့်မဆို သေဆုံးခြင်း<br>------------------------------------ x ၁၀၀၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၂၀)+ (၁၀-၂၁)<br>+ (၁၀-၂၂)<br>-------------------- x ၁၀၀၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၀.၁၄ | အသက်အလိုက်သေနှုန်း<br>(age specific death rate) | အသက်အပိုင်းအခြားအုပ်စုတစ်ခုတွင် သေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>ယင်းအသက်အပိုင်းအခြားအုပ်စုရှိ လူဦးရေစုစုပေါင်း | ပုံစံ၃(၁)သေ<br>------------------------- x ၁၀၀၀<br>ပုံစံ၃(၁) ရှိ |
| | ဥပမာ-အသက်(၂၀-၂၄)နှစ် လူငယ်သေဆုံးနှုန်း | အသက်(၂၀-၂၄)နှစ်အုပ်စုတွင်သေဆုံးသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>အသက်(၂၀-၂၄)နှစ်အုပ်စုရှိလူဦးရေစုစုပေါင်း | ပုံစံ၃(၁)(၂၀-၂၄)နှစ်(သေ)<br>------------------------- x ၁၀၀၀<br>ပုံစံ၃(၁)(၂၀-၂၄)နှစ်(ရှိ) |
| ၁၀.၁၅ | ယေဘုယျမျိုးပွားနှုန်း | အရှင်မွေးဦးရေစုစုပေါင်း<br>---------------------------------------- x ၁၀၀၀<br>အသက်(၁၅-၄၉)နှစ်ရှိသော အမျိုးသမီးဦးရေစုစုပေါင်း | ပုံစံ၁(၁၀-၁)<br>------------------------- x ၁၀၀၀<br>ပုံစံ၃(၁) (၁၅-၄၉)နှစ်ရှိသော အမျိုးသမီးဦးရေစုစုပေါင်း (ရှိ) |
| ၁၀.၁၆ | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သူ နှင့် မွေးဖွားမှုနှုန်း | သားဖွားခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့် မွေးသော(အရှင်မွေး+အသေမွေး)ဦးရေ<br>---------------------------------------- x ၁၀၀<br>မွေးဖွားမှုစုစုပေါင်း | ပုံစံ၁(၁၀-၉)+(၁၀-၁၀)<br>------------------------- x ၁၀၀<br>ပုံစံ၁(၁၀-၁)+(၁၀-၂) |
| ၁၀.၁၇ | မွေးလက်မှတ်ရရှိသည့် တစ်နှစ်အောက် ကလေးရာနှုန်း | မွေးလက်မှတ် ရရှိခဲ့သော တစ်နှစ်အောက် ကလေးဦးရေ<br>---------------------------------------- x ၁၀၀<br>တစ်နှစ်အောက်ကလေးပေါင်း | ပုံစံ၁(၁၀-၁၁)<br>------------------------- x ၁၀၀<br>ပုံစံ၃(၁) (ရှိ) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ မွေးဖွားမှုနှင့်သေဆုံးမှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်း လူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၀။ | **ဖွားသေစာရင်းအင်း** | | | | | | | | | | | |
| ၁ | အရှင်မွေးဦးရေစုစုပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂ | အသေမွေးဦးရေစုစုပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၃ | ဆယ်ကျော်သက်ရွယ်အသက်(၁၅-၁၉)နှစ်မိခင်မှ မွေးသောအရှင်မွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၄ | ဆယ်ကျော်သက်ရွယ်အသက်(၁၅-၁၉)နှစ်မိခင်မှ မွေးသောအသေမွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၅ | အစိုးရဆေးရုံဆေးခန်း၊သားဖွားခန်းတွင်မွေးသော အရှင်မွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၆ | အစိုးရဆေးရုံဆေးခန်း၊သားဖွားခန်းတွင်မွေးသော အသေမွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၇ | ပုဂ္ဂလိကဆေးရုံဆေးခန်း၊သားဖွားခန်းတွင်မွေးသော အရှင်မွေးဦးရေ | × | × | × | × | × | × | × | × | × | × | √ |
| ၈ | ပုဂ္ဂလိကဆေးရုံဆေးခန်း၊သားဖွားခန်းတွင်မွေးသော အသေမွေးဦးရေ | × | × | × | × | × | × | × | × | × | × | √ |
| ၉ | သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်မွေးသော အရှင်မွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၀ | သားဖွားခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်မွေးသော အသေမွေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၁ | လမစေ့မွေးဖွားသော အရှင်မွေးကလေးစုစုပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၂ | လမစေ့မွေးဖွားသော အသေမွေးကလေးစုစုပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၃ | မွေးလက်မှတ် (Birth Certificate) ရရှိခဲ့သော တစ်နှစ်အောက်ကလေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၄ | ကိုယ်ဝန်ပျက်သည့်ဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၅ | သေဆုံးသူဦးရေစုစုပေါင်း | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၆ | မွေးပြီး(၇)ရက်အတွင်းသေဆုံးသူကလေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၇ | မွေးပြီး(၇)ရက်မှ(၂၈)ရက်အတွင်းသေဆုံးသူ ကလေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၈ | (၂၈)ရက်မှ အသက်တစ်နှစ်အောက် သေဆုံးသူ ကလေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၁၉ | (၁)နှစ်မှ(၅)နှစ်အောက် သေဆုံးသူကလေးဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂၀ | ကိုယ်ဝန်၊ မီးဖွားခြင်း၊ မီးတွင်းဆိုင်ရာ ရောဂါများကြောင့်သေဆုံးသူမိခင်ဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်း လူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၁ | ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက်အတွင်း)အခြားရောဂါများကြောင့် သေဆုံးသူမိခင်ဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |
| ၂၂ | ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက်အတွင်း) ထိခိုက်ဒဏ်ရာရရှိခြင်း၊ မတော်တဆမှုများနှင့် မိမိကိုယ်ကိုသတ်သေခြင်း၊ အသတ်ခံရခြင်းတို့ကြောင့် သေဆုံးသူမိခင်ဦးရေ | × | × | √ | × | √ | × | √ | √ | √ | √ | √ |

**အသုံးပြုပုံ**

အရှင်မွေးဦးရေကိုသိရှိပြီး တစ်နှစ်အောက်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနိုင်ရန်၊ နေရာဒေသအလိုက်မွေးဖွားမှုနှုန်း၊ သေဆုံးမှုနှုန်းများကို တွက်ချက်နိုင်ရန်၊ မိခင်နှင့် ကလေးသေဆုံးမှုများသောနေရာဒေသတွင် သေဆုံးရခြင်းအကြောင်းရင်းများကို ဆက်လက်ရှာဖွေ ဖော်ထုတ်ရန်နှင့် လိုအပ်သောစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

**၁၁။** **ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးစီမံချက်**

(၁၁-၁) **ဆီးချိုသွေးချိုရောဂါစစ်ဆေးသူပေါင်း(အသစ်)** ဆိုသည်မှာ ဆီးချို သွေးချို ရောဂါရှိ/မရှိ စစ်ဆေးသော လူနာသစ်ဦးရေကို ဆိုလိုပါသည်။**(Known cases ကို ပြန်လည်စစ်ဆေးသည်များ မပါဝင်ပါ။)**

(၁၁-၂) **ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (New cases and Known cases)**

(၁၁-၂-၁) **ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (ရောဂါသစ်) (New cases)** ဆိုသည်မှာ **အစီရင်ခံသူကျန်းမာရေးဝန်ထမ်းကိုယ်တိုင် ဆီးချိုသွေးချိုရောဂါ ရှိ/မရှိ စစ်ဆေးပေးသောသူများထဲမှ** ဆီးချိုသွေးချို ရောဂါသတ်မှတ်ချက်နှင့် အကျုံးဝင်သော လူနာသစ်ဦးရေ **(New cases)** ကို ဆိုလိုပါသည်။

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ

- Fasting Blood Sugar (FBS) no caloric intake for at least 8 hours
  (FBG $\geq$ 126 mg / dL (7.0 mmol / L)) (နံနက်စာမစားမီ စစ်သည့်သွေးချို)
  (သို့မဟုတ်)
- Random Blood Sugar (RBS) (Blood Glucose $\geq$ 200 mg / dL (11.1 mmol / L)) (မည်သည့်အချိန်တွင်မဆို စစ်သည့် သွေးချို) (သို့မဟုတ်)
- ၃-လ ပျမ်းမျှသွေးချို (HbA1C $\geq$ 6.5% (48 mmol/mol))

ဆီးချိုရောဂါလက္ခဏာများမှာ

- ဆီးသွားများခြင်း
- ရေငတ်ခြင်း
- ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ ဖြစ်ပါသည်။

(ဆီးချိုရောဂါလက္ခဏာရှိလျှင် သွေးချိုတစ်ကြိမ်များရုံနှင့် ရောဂါသတ်မှတ်နိုင်ပါသည်။ ဆီးချိုရောဂါလက္ခဏာမရှိလျှင် ၂ ကြိမ်စစ်ဆေးပြီး၊ များလျှင် ဆီးချိုသွေးချိုရောဂါဟု သတ်မှတ်သည်။) (WHO criteria)

(၁၁-၂-၂) **ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (Known cases)** ဆိုသည်မှာ မိမိတွင် ဆီးချိုသွေးချိုရောဂါရှိကြောင်း သိထားပြီးသူမှ အစီရင်ခံသောကာလ တစ်နှစ်အတွင်း ကျန်းမာရေးဝန်ထမ်းထံသို့ ဆီးချိုသွေးချိုရောဂါအတွက် ပထမဦးဆုံးအကြိမ် လာရောက်ပြသသူ လူနာဦးရေကို ဆိုလိုပါသည်။

(၁၁-၃) **ဆီးချိုသွေးချိုရောဂါလူနာအကြိမ်ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း သမားတော်များ၊ ကျန်းမာရေး စောင့်ရှောက်ပေးသူ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆီးချိုသွေးချိုရောဂါဟု သတ်မှတ်ကာ စစ်ဆေး/ကုသမှု ခံယူရန် လာရောက်ပြသသည့် အကြိမ်ပေါင်းကို ဆိုလိုပါသည်။

(၁၁-၄) **ဆီးချိုသွေးချိုရောဂါရှိသူများအနက် ရောဂါထိန်းသောက်ဆေးဖြင့် ကုသမှုခံယူနေသောလူနာပေါင်း** ဆိုသည်မှာ ဆီးချိုသွေးချိုရောဂါအား ဆီးချိုသွေးချိုရောဂါထိန်း သောက်ဆေးသက်သက်ဖြင့် ကုသနေသောလူနာများ အားလုံးပါဝင်သည်။

(၁၁-၅) **ဆီးချိုသွေးချိုရောဂါရှိသူများအနက် အင်ဆူလင်ထိုးဆေးဖြင့် ကုသမှုခံယူနေသော လူနာပေါင်း** ဆိုသည်မှာ ဖြည့်စွက်အင်ဆူလင်ကုထုံး (သို့မဟုတ်) အစားထိုးအင်ဆူလင်ကုထုံးဖြင့် ကုသနေသောဆီးချိုသွေးချိုရောဂါလူနာ အားလုံးပါဝင်သည်။

**မှတ်ချက်** - ကုထုံးလိုအပ်ချက်အရ အင်ဆူလင်ထိုးဆေးကို ယာယီပေး၍ ကုသမှုခံယူရသော လူနာများ မပါဝင်ပါ။

## အညွှန်းကိန်းများ တွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁၁။ | **ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေး စီမံချက်** | | |
| ၁၁.၁ | ဆီးချိုသွေးချိုရောဂါရှိသူနှုန်း(အသစ်) | ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (ရောဂါသစ်) (New cases)<br>------------------------------ x ၁၀၀၀<br>ဆီးချိုသွေးချိုရောဂါစစ်ဆေးသူပေါင်း (အသစ်) | ပုံစံ၁(၁၁-၂-၁)<br>-------------- x ၁၀၀၀<br>ပုံစံ၁(၁၁-၁) |
| ၁၁.၂ | ဆီးချိုသွေးချို ရောဂါထိန်းသောက်ဆေး ဖြင့် ကုသသောလူနာရာနှုန်း | ဆီးချိုသွေးချိုရောဂါရှိသူများအနက် ရောဂါထိန်းသောက်ဆေးဖြင့် ကုသမှုခံယူနေသော လူနာပေါင်း<br>------------------------------ x ၁၀၀<br>ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (New+Known) | ပုံစံ၁(၁၁-၄)<br>-------------- x ၁၀၀<br>ပုံစံ၁(၁၁-၂-၁)+(၁၁-၂-၂) |
| ၁၁.၃ | အင်ဆူလင်ထိုးဆေးဖြင့်ကုသသော လူနာရာနှုန်း | ဆီးချိုသွေးချိုရောဂါရှိသူများအနက် အင်ဆူလင်ထိုးဆေးဖြင့် ကုသမှုခံယူနေသော လူနာပေါင်း<br>------------------------------ x ၁၀၀<br>ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (New+Known) | ပုံစံ၁(၁၁-၅)<br>-------------- x ၁၀၀<br>ပုံစံ၁(၁၁-၂-၁)+(၁၁-၂-၂) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၃။ အတွင်းလူနာစာရင်း

၄။ လူဦးရေနှင့် နှစ်ချုပ်စာရင်းမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ (ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ (အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၁။ | **ဆီးချိုသွေးချိုရောဂါထိန်းသိမ်းရေးစီမံချက်** | | | | | | | | | | | |
| ၁ | ဆီးချိုသွေးချိုရောဂါစစ်ဆေးသူပေါင်း (အသစ်) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၂ | ဆီးချိုသွေးချိုရောဂါရှိသူပေါင်း (New cases and Known cases) | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၃ | ဆီးချိုသွေးချိုရောဂါလူနာအကြိမ်ပေါင်း | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၄ | ဆီးချိုသွေးချိုရောဂါရှိသူများအနက် ရောဂါထိန်းသောက်ဆေးဖြင့် ကုသမှုခံယူနေသောလူနာပေါင်း | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |
| ၅ | ဆီးချိုသွေးချိုရောဂါရှိသူများအနက် အင်ဆူလင်ထိုးဆေးဖြင့် ကုသမှုခံယူနေသော လူနာပေါင်း | √ | √ | √ | × | √ | × | √ | √ | √ | √ | √ |

## အသုံးပြုပုံ

ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူနှုန်းကို တွက်ချက်၍ ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး ပညာပေးများပြုလုပ်၍ ဆီးချိုသွေးချိုရောဂါစီမံချက်ရေးဆွဲရာတွင် အသုံးပြုရန် ဖြစ်ပါသည်။

**လုပ်ငန်း လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက်**

**အမှတ်စဉ်**

**၁၂။ ကျောင်းကျန်းမာရေးစီမံချက်**

**အစီရင်ခံသောကာလတစ်နှစ်အတွင်း ပထမဆုံးအကြိမ် စစ်ဆေးသောကျောင်းပေါင်းကို ဆိုလိုပါသည်။ အစီရင်ခံကာလအတွင်း နောက်ထပ်သွားရောက် စစ်ဆေးသောအကြိမ်များကို ဤစာတိုင်များတွင် မထည့်ရပါ။**

(၁၂-၁) **စစ်ဆေးပေးသောကျောင်းပေါင်း(အသစ်)** ဆိုသည်မှာ ကျောင်းကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများသည် မိမိတာဝန်ကျရာနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၏ ကျောင်းကျန်းမာရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအပါအဝင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သောကျောင်းပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

(၁၂-၂) **စစ်ဆေးပေးသော မူလတန်းကျောင်းသားပေါင်း(အသစ်)** ဆိုသည်မှာ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်အရ မိမိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသားအားလုံးအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော မူလတန်းကျောင်းသားပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

(၁၂-၃) **ကျောင်းသား/သူ(ကျား/မ)အလိုက် ယင်လုံအိမ်သာစံပြည့် (၅၀:၁)ရှိသောကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ ကျန်းမာရေးနှင့် ညီညွတ်သည့် ယင်လုံအိမ်သာစံပြည့်ရှိသည့် ကျောင်းပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် ယင်လုံအိမ်သာစံပြည့်(၅၀:၁)ဆိုသည်မှာ ကျောင်းသား(၅၀)ဦးလျှင် ယင်လုံအိမ်သာ(၁)လုံးနှုန်းနှင့် ကျောင်းသူ(၅၀)ဦးလျှင် ယင်လုံအိမ်သာ(၁)လုံးနှုန်းရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤကဲ့သို့ (၅၀:၁) အချိုးနှုန်းမရှိလျှင် ၎င်းကျောင်းကို စံနှုန်း မပြည့်ဟု သတ်မှတ်ထားပါသည်။ (ဥပမာ- ကျောင်းသား(၃၀)ဦးနှင့် ကျောင်းသူ(၇၀)ဦးရှိသော ကျောင်းတစ်ကျောင်းတွင် ကျောင်းသားများအတွက် ယင်လုံအိမ်သာ(၁)လုံး၊ ကျောင်းသူများအတွက် ယင်လုံအိမ်သာ(၁)လုံးရှိသည်ဆိုလျှင် ထိုကျောင်းကို ကျောင်းသား/ကျောင်းသူ(ကျား/မ)အလိုက် ယင်လုံအိမ်သာစံပြည့် (၅၀:၁) ရှိသောကျောင်းဟု သတ်မှတ်၍မရပါ။)

(၁၂-၄) **ကျောင်းအတွင်း ကျောင်းသား/သူများ လက်ဆေးနိုင်ရန်အတွက် လက်ဆေးကန် (သို့) လက်ဆေးရန်နေရာ (၄၀:၁) ရေနှင့်ဆပ်ပြာ အဆင်သင့် ထားရှိသော ကျောင်းပေါင်း(အသစ်)** ဆိုသည်မှာ အခြေခံပညာကျောင်းများအတွင်း ကျောင်းသား/သူများ အချိန်နေရာမရွေး လက်ဆေးနိုင်ရန်အတွက် လက်ဆေးကန်(သို့) လက်ဆေးရန်နေရာ (၄၀:၁)၊ ရေနှင့်ဆပ်ပြာ အဆင်သင့်ထားရှိသော ကျောင်းပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

(၁၂-၅) **သန့်ရှင်းသောရေရရှိသောကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ သန့်ရှင်းသောရေကို သောက်ရေနှင့်သုံးရေအတွက် ရရှိအသုံးပြုနေသည့် ကျောင်းပေါင်းကို ဆိုလိုသည်။

(၁၂-၆) **အာဟာရဖွံ့ဖြိုးရေး လုပ်ဆောင်သောကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ မူလတန်းကျောင်းသားများ အားလုံးဖြစ်စေ၊ အတန်းလိုက်ဖြစ်စေ အနည်းဆုံး တစ်ပတ်လျှင်တစ်ကြိမ် အာဟာရပညာပေးခြင်းနှင့် အာဟာရကျွေးမှု တစ်နည်းနည်းဖြင့် အာဟာရကျွေးနေသော ကျောင်းပေါင်းကို ဆိုလိုပါသည်။

(၁၂-၇) **ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ မိမိမြို့နယ်အတွင်း ကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်နိုင်မှု အခြေအနေကိုသိရှိနိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများ စစ်ဆေးပေးခဲ့သော ကျောင်းများမှ ကျောင်းကျန်းမာရေးအဆင့်မြှင့် လုပ်ငန်းစဥ်(၉)ချက်အနက် အနည်းဆုံး အောက်ဖော်ပြပါ (၅)ချက်လုံးကို တစ်နှစ်အတွင်းပြုလုပ်သော ကျောင်းပေါင်းကို ဆိုလိုပါသည်။

(က) <u>ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း</u>

(၁) ကျောင်းဆရာ/ဆရာမများမှ ဘဝတွက်တာကျွမ်းကျင်စရာ သင်ရိုးအား အတန်းအလိုက် အချိန်ဇယားအတိုင်း သင်ကြားပို့ချခြင်း။

(၂) ကျန်းမာရေးပညာပေးစာစောင်များ၊ လက်ကမ်းစာစောင်များနှင့် ပိုစတာများအား သင်ထောက်ကူအဖြစ် အသုံးပြု၍ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှု။

(ခ) <u>ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း</u>

(၁) ကျောင်းဝန်းကျင် အမှိုက်၊ ခြုံပုတ်စသည်များ ရှင်းလင်းခြင်း၊

(၂) အမှိုက်စနစ်တကျစွန့်ပစ်ခြင်း၊

(၃) ရေကောင်းရေသန့်ရရှိအောင်ဆောင်ရွက်ခြင်း၊

(၄) ယင်လုံအိမ်သာသုံးစွဲမှုနှင့် အိမ်သာအဆင်း လက်ဆေးသည့် အလေ့အကျင့် ဆောင်ရွက်ခြင်း၊

(၅) တစ်ကိုယ်ရေသန့်ရှင်းရေးများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ကျောင်းသား/သူများပါဝင်၍ စဉ်ဆက်မပြတ်လုပ်ဆောင်နေမှု။

(ဂ) <u>ရောဂါကာကွယ်ရေးလုပ်ငန်း</u>

(၁) ကြွက်၊ ခြင်၊ ယင်စသည့် ကူးစက်ရောဂါသယ်ဆောင်သော ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ စာသင်ခန်းသန့်ရှင်းခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ အလင်းရောင်ရရှိခြင်းများကို ဆောင်ရွက်ခြင်း။

(၂) ရာသီအလိုက်အဖြစ်များသော ကူးစက်ရောဂါများ ကာကွယ်ရေးလုပ်ငန်းတွင် ကျောင်းသား/သူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု။

(၃) ကျောင်းသား/သူများ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်း။

(၄) မကူးစက်တတ်သောရောဂါများ ကာကွယ်နိုင်ရန်အတွက် ကျောင်းတွင်းကာယပညာနှင့် အားကစားလုပ်ငန်းများ အချိန်ဇယားအတိုင်း ဆောင်ရွက်ခြင်း၊ ကျန်းမာစွာနေထိုင်ရေး အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ဆေးလိပ်ကင်းစင်ကျောင်းများ ထူထောင်ခြင်း။

(ဃ) <u>ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေး</u>

(၁) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအား မူလတန်းများတွင် မျှတသော အာဟာရစားသုံးတတ်စေရန် ပညာပေးခြင်း

(၂) အာဟာရကျွေးမှုတစ်နည်းနည်းဖြင့်အာဟာရကျွေးမွေးခြင်း၊ (ဥပမာ-ထမင်းဘူးမှု)

(၃) အစာစားခါနီး လက်ကို စင်ကြယ်စွာ ဆပ်ပြာနှင့်ဆေးသော အလေ့အကျင့် ပျိုးထောင်ပေးခြင်း၊

(၄) ကျောင်းဈေးဆိုင်တွင် ရောင်းချသော အစားအစာများ အန္တရာယ်ကင်းဝေးစေရန် ကျောင်းဆရာ/ဆရာမများမှ ကြီးကြပ်စစ်ဆေး ပညာပေးခြင်းနှင့် ကျောင်းဆရာ/မများ၊ ကျောင်းသား/သူများ ပါဝင်သော "ကျောင်းမုန့်ဈေးတန်း ကြီးကြပ်မှုကော်မတီ" ဖွဲ့စည်းထားခြင်း။

(၅) ကျောင်းဈေးသည်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု။

(င) <u>ကာယပညာနှင့် အားကစားလုပ်ငန်း</u>

ကျောင်းသား/သူများသည် ကျန်းမာရေးအတွက် နေ့စဉ် ကာယ လှုပ်ရှားမှု အလေ့အကျင့်ရရှိစေရန် တစ်နေ့လျှင် အနည်းဆုံး မိနစ်(၂၀)ခန့် ကိုယ်ကာယ လှုပ်ရှားမှု ဆောင်ရွက်စေခြင်း စသည့် အထက်ဖော်ပြပါ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေသော ကျောင်းကို စိစစ်ဖော်ပြရန် ဖြစ်ပါသည်။

(၁၂-၈) **ကျန်းမာရေးပညာပေးဟောပြောပွဲ ဆောင်ရွက်သောကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ ကျန်းမာရေးဝန်ထမ်းများမှ အခြေခံပညာ ကျောင်းများတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက် ဆောင်ရွက်ရာတွင် (သို့မဟုတ်) သီးသန့်ပညာပေး ခရီးစဉ်အဖြစ် သွားရောက်၍ ကျန်းမာရေးပညာပေးခဲ့သည့် ကျောင်းပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

(၁၂-၉) **သန်ချဆေး(၂)ကြိမ်သောက်သုံးရသော ကျောင်းသား/သူ (ထက်၊ လယ်၊မူ)ပေါင်း** ဆိုသည်မှာ မြို့နယ်အတွင်းရှိ အခြေခံပညာ အားလုံးမှ ထက်၊လယ်၊မူ ကျောင်းသား/သူများအကြား တစ်နှစ် လျှင် နှစ်ကြိမ် (ဩဂုတ်လနှင့် ဖေဖော်ဝါရီလများ)အတွင်း သန်ချ ဆေး သောက်သုံးရသော အရေအတွက်ကို ဆိုလိုပါသည်။

(၁၂-၁၀) **မူလတန်းကျောင်းသား/သူများအား ကျောင်းကျန်းမာရေးစစ်ဆေးရာ တွင် တွေ့ရှိရသော BMI (-2SD)နှင့်အောက်ရှိသော မူလတန်း ကျောင်းသားပေါင်း** ဆိုသည်မှာ ကျောင်းကျန်းမာရေးစောင့်

ရှောက်မှုပေးရာတွင် မူလတန်းကျောင်းသား/သူ တစ်ဦးချင်းစီ၏ ကိုယ်အလေးချိန်နှင့် အရပ်ကိုတိုင်းတာ၍ ကျောင်းကျန်းမာရေး လက်စွဲပါအတိုင်း BMI တွက်ချက်ပြီး ဇယားပါ (-2SD)နှင့် အောက်ရှိသော မူလတန်းကျောင်းသားပေါင်းကို ဆိုလိုပါသည်။

(၁၂-၁၁) **မြို့နယ်အဆင့် ကျောင်းကျန်းမာရေး ဆင့်ပွားသင်တန်းရရှိပြီးသော ကျောင်းပေါင်း (အသစ်)** ဆိုသည်မှာ ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာန တို့မှ မိမိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်း အုပ်ကြီး (သို့မဟုတ်) ကျောင်းကျန်းမာရေး တာဝန်ခံများအား သင်တန်းပေးရာတွင် ပါဝင်တက်ရောက်ခဲ့ပြီးဖြစ်သော ကျောင်း ပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၂။** | **ကျောင်းကျန်းမာရေးစီမံချက်** | | |
| ၁၂.၁ | စစ်ဆေးပေးသောကျောင်းရာနှုန်း | စစ်ဆေးပေးခဲ့သောကျောင်းပေါင်း(အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၁)<br>---------------------- x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၂ | စစ်ဆေးပေးသောမူလတန်း ကျောင်းသား ရာနှုန်း | စစ်ဆေးပေးသောမူလတန်းကျောင်းသားပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိမူလတန်းကျောင်းသားပေါင်း | ပုံစံ၂(၁၂-၂)<br>-------------------------x၁၀၀<br>ပုံစံ၃[၆(၆-၆)] |
| ၁၂.၃ | ယင်လုံအိမ်သာစံပြည့် (၅၀း၁ ) ရှိ ကျောင်းရာနှုန်း | ကျောင်းသား/သူ(ကျား/မ)အလိုက်ယင်လုံအိမ်သာစံပြည့်(၅၀း၁)ရှိသောကျောင်းပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၃)<br>-------------------------x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၄ | ကျောင်းအတွင်း ကျောင်းသား/ သူများ လက်ဆေးနိုင်ရန်အတွက် လက်ဆေးကန်(သို့)လက်ဆေးရန် နေရာ (၄၀း၁)၊ ရေနှင့်ဆပ်ပြာ အဆင်သင့် ထားရှိ သော ကျောင်း ရာခိုင်နှုန်း | ကျောင်းအတွင်းကျောင်းသား/သူများ လက်ဆေးနိုင်ရန်အတွက် လက်ဆေးကန်(သို့)လက်ဆေးရန်နေရာ(၄၀း၁)၊ရေနှင့် ဆပ်ပြာအဆင်သင့်ထားရှိသော ကျောင်းပေါင်း(အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၄)<br>------------------------ x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၅ | သန့်ရှင်းသောရေရရှိသော ကျောင်းရာနှုန်း | သန့်ရှင်းသောရေရရှိသောကျောင်းပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၅)<br>-------------------------x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၆ | အာဟာရဖွံ့ဖြိုးရေး လုပ်ဆောင် သောကျောင်းရာနှုန်း | အာဟာရဖွံ့ဖြိုးရေးလုပ်ဆောင်သော ကျောင်းပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၆)<br>------------------------x ၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၇ | ကျန်းမာရေးအဆင့်မြင့် ကျောင်း လုပ်ငန်းဆောင်ရွက်နေသော ကျောင်းရာနှုန်း | ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းဆောင်ရွက်နေသောကျောင်းပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၇)<br>--------------------------x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၈ | ကျန်းမာရေးပညာပေး ဟောပြောပွဲ ဆောင်ရွက်သော ကျောင်းရာနှုန်း | ကျန်းမာရေးပညာပေးဟောပြောပွဲ ဆောင်ရွက်သောကျောင်းပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၈)<br>------------------------- x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |
| ၁၂.၉ | ကျောင်းသား /သူများ သန်ချ ဆေး(၂)ကြိမ် သောက်သုံး ရသော ရာနှုန်း | သန်ချဆေး(၂)ကြိမ် သောက်သုံးရသော ကျောင်းသား/သူ(ထက်၊လယ်၊မူ)ပေါင်း<br>------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိ ကျောင်းသား/သူ (ထက်၊လယ်၊မူ)ပေါင်း | ပုံစံ၂(၁၂-၉)<br>-------------------------- x၁၀၀<br>ပုံစံ၃[၆(၆-၄)+(၆-၅)+(၆-၆)] |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁၂.၁၀ | မူလတန်းကျောင်းသား/သူများ အကြား အာဟာရချို့တဲ့သော (ပိန်လှီသော)ရာနှုန်း | မူလတန်းကျောင်းသား/သူများအားကျောင်းကျန်းမာရေး စစ်ဆေးရာတွင် တွေ့ရှိရသော BMI(-2SD) နှင့်အောက် ရှိသော မူလတန်းကျောင်းသားပေါင်း<br>------------------------------------------ x ၁၀၀<br>မြို့နယ်အတွင်းရှိ မူလတန်းကျောင်းသား/သူပေါင်း | ပုံစံ၂(၁၂-၁၀)<br>------------------------------ x၁၀၀<br>ပုံစံ၃[၆(၆-၆)] |
| ၁၂.၁၁ | မြို့နယ်အဆင့်ကျောင်း ကျန်းမာရေး ဆင့်ပွားသင်တန်း ရရှိပြီးသောကျောင်းရာနှုန်း | မြို့နယ်အဆင့်ကျောင်းကျန်းမာရေးဆင့်ပွား သင်တန်းရရှိပြီးသောကျောင်းပေါင်း (သစ်)<br>---------------------------------------- x ၁၀၀<br>မြို့နယ်အတွင်းရှိကျောင်းပေါင်း | ပုံစံ၂(၁၂-၁၁)<br>------------------------------x၁၀၀<br>ပုံစံ၃[၆(၆-၁)+(၆-၂)+(၆-၃)] |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂။ | ကျောင်းကျန်းမာရေးစီမံချက် | × | × | √ | × | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

ကျန်းမာရေးဝန်ထမ်းများ၏ ကျောင်းကျန်းမာရေးလုပ်ငန်းကို ကြီးကြပ်ဆန်းစစ်ရန်၊ ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော ယင်လုံအိမ်သာနှင့် သောက်သုံးရေ ရရှိမှု ရှိ/မရှိ စိစစ်ရန်နှင့် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

ကျောင်းသား/သူများကို ကျန်မာရေးစစ်ဆေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းများကို ဆောင်ရွက်ခြင်းဖြင့် ကျန်းမာသန်စွမ်းသော နောင်တစ်ခေတ်၏ ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

| **လုပ်ငန်းအမှတ်စဉ်** | **လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက်** |
|---|---|
| **၁၃။** | **နားလေးရောဂါကာကွယ်ရေးစီမံချက်** |
| (၁၃-၁) | **မွေးကင်းစမှ အသက်(၆)လအတွင်းရှိ ကလေးသူငယ်များတွင် ကျယ်လောင်သောအသံဖြင့် လှုံ့ဆော်သော်လည်း တုံ့ပြန်မှုမပြုသော ကလေးဦးရေပေါင်း (အသစ်)** ဆိုသည်မှာ အသက်(၆)လအောက် ကလေးများကို တိတ်ဆိတ်သောနေရာတွင် (၆)လက်မအကွာ နားတည့်တည့်ဘေးဘက်မှ ကျယ်လောင်သော အသံပေးသော်လည်း မျက်တောင်ခတ်ခြင်း၊ လှည့်ကြည့်ခြင်း၊ ခြေလက်များ လှုပ်ရှားခြင်းစသည့် တုံ့ပြန်မှုများမပြုသော ကလေးများကို ဆိုလိုပါသည်။ (စမ်းသပ်မှုများကို တစ်လခြား၍ အနည်းဆုံး (၃)ကြိမ် (၃)လဆက်တိုက် စမ်းသပ်ပါ။) |
| (၁၃-၂) | **နားနှစ်ဘက်လုံး(သို့)တစ်ဘက်မှ (၃)လနှင့်အထက် နာတာရှည် နားပြည်ယိုသောဦးရေပေါင်း (အသစ်)** ဆိုသည်မှာ နားနှစ်ဘက်လုံး (သို့) တစ်ဘက်မှ (၃)လနှင့်အထက် နေ့စဉ်ဖြစ်စေ၊ ရက်ခြား၍ဖြစ်စေ၊ နားပြည်ယိုထွက်၍ နေသူများကို ဆိုလိုပါသည်။<br>**(မည်သည့် အသက်အရွယ် အပိုင်းအခြားမဆို စာရင်းရေးမှတ်ရန် ဖြစ်သည်။)** |
| (၁၃-၃) | **နားပြည်မယိုဘဲ နားနှစ်ဘက်လုံးလေးသောဦးရေပေါင်း(အသစ်)** ဆိုသည်မှာ နားပြည်ယိုခြင်းမရှိဘဲ တိတ်ဆိတ်သောနေရာ၌ (၃)ပေအကွာ နားတည့်တည့် ဘေးဘက်မှ အသံကျယ်ကျယ်ဖြင့် စကားပြောသည့်အခါ စကားလုံးတိုင်းကို ပြန်လည်ရွတ်ဆိုပြသခြင်း မပြုနိုင်သော နားလေးသူများ (သို့မဟုတ်) ဘောပင်မှ ကလစ်ဟု မည်သောအသံကို (ball-pen click) (၃)ပေအကွာမှ မကြားသူများကို ဆိုလိုပါသည်။<br>**(မည်သည့် အသက်အရွယ် အပိုင်းအခြားမဆို စာရင်းရေးမှတ်ရန် ဖြစ်သည်။)** |

# အညွှန်းကိန်းများ တွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၃။** | **နားလေးရောဂါကာကွယ်စီမံချက်** | | |
| ၁၃.၁ | မွေးရာပါနားလေးရောဂါရှိသူနှုန်း | မွေးကင်းစမှအသက်(၆)လအတွင်းရှိကလေးသူငယ်များတွင် ကျယ်လောင်သော အသံဖြင့် လှုံ့ဆော်သော်လည်း တုံ့ပြန်မှုမပြုသော ကလေးဦးရေပေါင်း (အသစ်)<br>------------------------------------------ x ၁၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၂(၁၃-၁)<br>------------ x ၁၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၃.၂ | နာတာရှည်နားပြည်ယိုရောဂါရှိသူနှုန်း | နားနှစ်ဘက်လုံး (သို့) တစ်ဘက်မှ (၃)လနှင့်အထက် နာတာရှည်နားပြည်ယိုသော ဦးရေပေါင်း (အသစ်)<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၃-၂)<br>------------ x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၃.၃ | နားလေးသောသူနှုန်း | နားပြည်မယိုဘဲနားနှစ်ဘက်လုံးလေးသောဦးရေပေါင်း (အသစ်)<br>------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၃-၃)<br>------------ x ၁၀၀၀<br>ပုံစံ၃(၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃။ | **နားလေးရောဂါကာကွယ်ရေးစီမံချက်** | | | | | | | | | | | |
| ၁ | မွေးကင်းစမှအသက်(၆)လအတွင်းရှိ ကလေးသူငယ်များတွင်ကျယ်လောင်သောအသံဖြင့် လှုံ့ဆော်သော်လည်း တုံ့ပြန်မှုမပြုသော ကလေးဦးရေပေါင်း (အသစ်) | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၂ | နားနှစ်ဘက်လုံး (သို့မဟုတ်) တစ်ဖက်မှ (၃)လနှင့် အထက် နာတာရှည် နားပြည်ယိုသောဦးရေပေါင်း (အသစ်) | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |
| ၃ | နားပြည်မယိုဘဲ နားနှစ်ဘက်လုံးလေးသော ဦးရေပေါင်း (အသစ်) | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

အထက်ပါအညွှန်းကိန်းများသည် နားလေးရောဂါ ကာကွယ်ကုသရာတွင် အလွန်အရေးပါပါသည်။ နားလေးသောကလေးငယ်များအား အချိန်မီ ကုသပေးပါက ဆွံ့အနားမကြားဖြစ်ခြင်းကို ကာကွယ်နိုင်မည်။ သုံးလအထက် နားပြည်ယို၊ နားလေးသူများအား ခွဲစိတ်ကုသပေးခြင်းဖြင့် ဆိုးရွားသော နောက်ဆက်တွဲရောဂါများ (ဥပမာ- ဦးနှောက်အမြှေးရောင်ခြင်း) ဖြစ်ပွားခြင်းမှ ကာကွယ်ရုံသာမက နားကြားစေရန် ဆောင်ရွက်နိုင်မည်။ နားပြည်မယိုဘဲ နားလေးသူများအား နားကြားကိရိယာ တပ်ဆင်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ကာကွယ်ကုသနိုင်သော နားလေးရောဂါဦးရေကို သိရှိ၍ နားလေးသောဦးရေကို လျှော့ချနိုင်ရန် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

**၁၄။** **စိတ်ကျန်းမာရေးစီမံချက်**

**ဆေးခန်း/ကွင်းဆင်းရာတွင် လာရောက်ပြသသူများနှင့် ဆေးခန်း/ ကွင်းဆင်း ရာတွင် လာရောက်မပြသသော်လည်း စိတ်ကျန်းမာရေးစီမံချက်ပါ ရောဂါရှိ သူများ မိမိဒေသအတွင်းတွင် ရှိနေပါက သုံးလချုပ်တွင် စာရင်းထည့်သွင်း ကောက်ယူရမည်။**

**မှတ်ချက် -** ရောဂါတိုင်းအတွက် လူနာတစ်ဦးအား တစ်နှစ်လျှင် တစ်ကြိမ်သာ စာရင်းကောက်မည်။ နောက်နှစ်အစတွင် ရောဂါလက္ခဏာများ ရှိနေသေးပါက ၎င်းလူနာအား ထပ်မံစာရင်း ကောက်မည်။

(၁၄-၁) **စိတ်ဖောက်ပြန်ရောဂါ (Psychosis)** ဆိုသည်မှာ အောက်ပါလက္ခဏာ **(၅)** ခုမှ **အနည်းဆုံး (၂)** ခုကို **လွန်ခဲ့သော (၁)လ**အတွင်း တွေ့ရှိပါက ထိုလူနာကို စိတ်ဖောက်ပြန်ရောဂါရှိသူဟု သတ်မှတ်ပါသည်။

<u>စိတ်ဖောက်ပြန်ရောဂါလက္ခဏာများ</u>

(၁) လူအများမကြားရသော (မရှိသော) အသံကြားရခြင်း(သို့မဟုတ်)၊ မရှိသောအရာများ မြင်ခြင်း (သို့မဟုတ်)အနံ့မရှိဘဲ အနံ့ရခြင်း (သို့မဟုတ်) အရာဝတ္ထုပစ္စည်းများမရှိဘဲ အတွေ့အထိခံစားရခြင်း (သို့မဟုတ်) အစားအစာမရှိဘဲ အရသာခံစားနေခြင်း။

(၂) အထောက်အထား အခြေအမြစ်မရှိသော သံသယစိတ် လွန်ကဲခြင်း(သို့မဟုတ်) မှားယွင်းသော ယုံကြည်ချက်များရှိနေခြင်း၊ ၎င်းတို့အား ရှင်းပြသော်လည်း နားလည် လက်ခံနိုင်မှု မရှိခြင်း။ (ဥပမာ- မိမိ၏ အစားအစာများကို တစ်စုံတစ်ယောက်က အဆိပ်ခတ်ထားသည်ဟု ယုံကြည်နေခြင်း။ မိမိကိုယ်ကိုမိမိ သမ္မတဖြစ်နေသည်/ နတ်ဖြစ်နေသည်ဟု ယုံကြည်နေခြင်း။)

(၃) ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ လက်မခံနိုင်သော မူမမှန်သည့် အပြုအမူတစ်ခုခု ရှိနေခြင်း။ (ဥပမာ- အကြောင်းမရှိဘဲ တစ်ယောက်တည်း စကားပြောနေခြင်း/ တစ်ယောက်တည်း ပြုံးခြင်း/ ရယ်ခြင်း/ ရုတ်တရက်ကြမ်းတမ်းခြင်း/ ဒေါသပေါက်ကွဲခြင်း (သို့မဟုတ်) အရှက်မလုံ ညစ်ပေစုတ်ပြဲနေသော ဝတ်စား

ဆင်ယင်မှု (သို့မဟုတ်) ပတ်ဝန်းကျင်နှင့် လုံးဝလိုက်လျော ညီထွေမှုမရှိသော အဝတ်အစားဝတ်ဆင်ခြင်း (သို့မဟုတ်) မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့နေခြင်း။)

(၄) အဓိပ္ပါယ်မရှိ အဆက်အစပ်မရှိသော စကားပြောခြင်း၊ စကားပြောမမှန်ခြင်း၊ လူအများနားမလည်နိုင်သော စကားများကို ပြောဆိုခြင်း။

(၅) လူအသိုင်းအဝိုင်းများအား ရှောင်ကြဥ်လာခြင်း (သို့မဟုတ်) စိတ်ခံစားမှုများ လျော့နည်းလာခြင်း (သို့မဟုတ်) တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း (သို့မဟုတ်) နေ့စဉ် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများ ယခင်ကဲ့သို့ မလုပ်ကိုင်နိုင်ခြင်း။

(၁၄-၂) **စိတ်ကျရောဂါ (Depressive Disorder)** ဆိုသည်မှာ လူတစ်ဦးတွင် အောက်ပါလက္ခဏာများမှ အနည်းဆုံး(၅)ချက်ကို လွန်ခဲ့သော နှစ်ပတ်အတွင်း နေ့စဉ်နီးပါးရှိလျှင် ထိုသူကို စိတ်ကျရောဂါရှိသူဟု သတ်မှတ်ပါသည်။ ထိုအချက်များထဲတွင် **အမှတ်စဉ်** (၁) (**သို့မဟုတ်**) **အမှတ်စဉ်** (၂) **လက္ခဏာ နှစ်ခုမှ အနည်းဆုံး တစ်ခု ကျိန်းသေပါရှိရမည်။**

စိတ်ကျရောဂါလက္ခဏာများ

(၁) တစ်နေ့တာ၏ အချိန်တော်တော်များများတွင် စိတ်ပျော်ရွှင်မှုမရှိခြင်း၊ စိတ်အားငယ်၍ ဝမ်းနည်းနေခြင်း၊ မျက်ရည်ကျခြင်း၊ ငိုခြင်း။

(၂) အရာရာတိုင်းကို စိတ်ပါဝင်စားမှု နည်းလာခြင်း၊ မရှိခြင်း၊ သာယာမှု မခံစားနိုင်ခြင်း။

(၃) အခြားရောဂါမရှိဘဲ အစားအသောက် ပျက်လွန်းခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်း၊ (သို့မဟုတ်) အစားအသောက် မကြာခဏစားလွန်းပြီး ကိုယ်အလေးချိန်တက်ခြင်း။

(၄) ညစဉ်ရက်ဆက် အိပ်မပျော်ခြင်း( သို့မဟုတ်) အအိပ်များခြင်း။

(၅) ဂနာမငြိမ်ဖြစ်လွန်းခြင်း (သို့မဟုတ်) နှေးကွေးငြိမ်သက်လွန်းခြင်း။

(၆) နုံးချိခြင်း ၊ အားမရှိသလိုခံစားရခြင်း။

(၇) မိမိကိုယ်မိမိ အသုံးမကျညံ့ဖျင်းသည်၊ အပြစ်ရှိသည်၊ ကြီးမားသော အမှားများ လုပ်မိသည်ဟု ခံစားနေရခြင်း။

(၈) အာရုံစူးစိုက်ရန် ခက်ခဲခြင်း (သို့မဟုတ်) တွေးတောကြံဆနိုင်စွမ်း လျော့နည်းလာခြင်း (သို့မဟုတ်)ဆုံးဖြတ်ချက်ချရန် ခက်ခဲခြင်း။

(၉) သေလိုစိတ်ရှိခြင်း (သို့မဟုတ်) မိမိကိုယ်ကို သေကြောင်း ကြံစည်ရန် စိတ်ကူးများရှိနေခြင်း (သို့မဟုတ်) ကြိုးစားအားထုတ်ခြင်း။

(၁၄-၃) **စိုးရိမ်စိတ်လွန်ရောဂါ (Generalized Anxiety Disorder)** ဆိုသည်မှာ လူတစ်ဦးသည် အကြောင်းအရာ တော်တော်များများတွင် စိုးရိမ်စိတ်လွန်ကဲခြင်း၊ စိတ်ပူပန်မှုများခြင်း၊ စိုးရိမ်စိတ်ကို မထိန်းသိမ်းနိုင်ခြင်းတို့ကို အနည်းဆုံး(၆)လ ခံစားနေရပြီး အောက်ပါလက္ခဏာ(၆)ချက်တွင် **အနည်းဆုံး (၃)ချက်** ခံစားနေရခြင်းကို ဆိုလိုပါသည်။

<u>စိုးရိမ်စိတ်လွန်ရောဂါလက္ခဏာများ-</u>

(၁) ဂနာမငြိမ်ဖြစ်ခြင်း၊ ပြာလောင်ခတ်ခြင်း။

(၂) ပင်ပန်းနွမ်းနယ်ခြင်း၊ နုံးလွယ်ခြင်း။

(၃) အာရုံစူးစိုက်မှုအားနည်းခြင်း/ကြာကြာအာရုံမစိုက်နိုင်ခြင်း။

(၄) စိတ်တိုခြင်း။

(၅) မကြာခဏဇက်ထိုးခေါင်းကိုက်ခြင်း၊ အကြောတက်ခြင်း၊ ခြေဖျားလက်ဖျား အေးခြင်း၊ ရင်တုန်ခြင်း။

(၆) အိပ်ပျော်ရန်ခက်ခဲခြင်း ၊ ခဏခဏနိုးခြင်း ၊ အိပ်ရေးမဝခြင်း။

**မှတ်ချက်။** အထက်ပါအမှတ်စဉ် ၁ မှ ၆ အထိ လက္ခဏာများ ခံစားနေရခြင်းသည် အခြားရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရောဂါကြောင့် ခံစားနေရခြင်းမျိုး မဟုတ်ရပါ။ ဥပမာ နာကျင်မှုဝေဒနာကြောင့် အိပ်မရခြင်း။

(၁၄-၄) **အရက်သောက်သုံးခြင်းရောဂါ (Alcohol Used Disorder)** ဆိုသည်မှာ အရက်သောက်သူတစ်ဦးတွင် အောက်ပါလက္ခဏာများမှ အနည်းဆုံး (၂)ချက် တွေ့ရှိလျှင် အရက်သောက်သုံးခြင်းရောဂါ (Alcohol Used Disorder) ရှိသည်ဟု သတ်မှတ်ရပါမည်။

(၁) အရက်ကို နေ့စဉ်နီးပါး ကာလကြာရှည်စွာ သောက်နေခြင်း။

(၂) အရက်ကို ယခင်သောက်သည့်ပမာဏထက် သိသိသာသာ ပိုမိုသောက်နိုင်လာခြင်း (သို့မဟုတ်) ကျေနပ်မှုရရန် အတွက်ပိုမိုသောက်လာခြင်း။

(၃) အရက်မသောက်ရလျှင် ခြေလက်တုန်ခြင်းနှင့် ကတုန်ကယင် ဖြစ်ခြင်း။

(၄) အရက်သောက်နေကျအချိန် မသောက်ရ၍ ခြေလက်တုန်ခြင်းနှင့် ကတုန်ကယင်ဖြစ်ခြင်းကို အရက်သောက်လိုက်ပါက ပြေပျောက်သွားခြင်း။

(၅) အရက်ကြောင့် လူမှုရေး (သို့မဟုတ်) စီးပွားရေး (သို့မဟုတ်) ကျန်းမာရေးပြဿနာ ရှိနေခြင်း။

(၆) အရက်ကြောင့် လူမှုရေး (သို့မဟုတ်) စီးပွားရေး (သို့မဟုတ်) ကျန်းမာရေးပြဿနာရှိနေသော်လည်း အရက်ဆက်သောက်နေခြင်း။

(၇) အရက်သောက်ခြင်းကြောင့် လူမှုရေး(သို့မဟုတ်) အလုပ်အကိုင် (သို့မဟုတ်) အခြားပျော်ရွှင်ဖွယ်ရာကိစ္စများကို လျစ်လျူရှုလာခြင်း (သို့မဟုတ်) ပျက်ကွက်လာခြင်း။

(၈) အရက်ကိုသောက်ချင်စိတ် အမြဲဖြစ်ပေါ်နေခြင်း (သို့မဟုတ်) အရက်သောက်ခြင်းကို မထိန်းချုပ်နိုင်ခြင်း။

(၁၄-၅) **ဥာဏ်ရည်နိမ့်ရောဂါ (Mental Retardation)** ဆိုသည်မှာ ကလေး (သို့မဟုတ်) မည်သည့် အသက်အရွယ်တွင်မဆို အောက်ပါလက္ခဏာများ အနည်းဆုံး(၄)ခု တွေ့ရှိပါက ဥာဏ်ရည်နိမ့်ရောဂါရှိသူဟု သတ်မှတ်ရပါမည်။

<u>ဥာဏ်ရည်နိမ့်ရောဂါလက္ခဏာများ</u>

(၁) သာမန်ကလေးများနှင့် နှိုင်းယှဥ်ပါက ဥာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးခြင်း။ (ဥပမာ- လမ်းလျှောက်နောက်ကျခြင်း၊ စကားပြောနောက်ကျခြင်း၊ အသက်အရွယ်အလိုက် လုပ်နိုင်ရမည့် ကိစ္စများကို မလုပ်နိုင်ခြင်း။)

(၂) စာသင်ကြားရန် ခက်ခဲခြင်း၊ ရွယ်တူချင်းနည်းတူ စာမလိုက်နိုင်ခြင်း။

(၃) အာရုံစူးစိုက်မှုနည်းခြင်း၊ လှုပ်ရှားမှုများခြင်း၊ ကစားသန်ခြင်း။

(၄) အမြော်အမြင်ဆင်ခြင်မှု နည်းပါးခြင်း၊ အသက်အရွယ်အလိုက် မစဥ်းစားမတွေးခေါ်တတ်ခြင်း၊ မိမိကိုယ်ကို မစောင့်ရှောက်နိုင်ခြင်း။ (ဥပမာ- ထိခိုက်၍ အသားနာမည်ကို မစဥ်းစားတတ်ဘဲ

ကိုင်ခြင်း၊ ထိခြင်း၊ ရှုခြင်း၊ အန္တရာယ်ဖြစ်နိုင်သည်ကို မသိခြင်း၊ မရှောင်နိုင်ခြင်း။)

(၅) အသက်အရွယ်အလိုက် လူမှုဆက်ဆံရေးများ ခက်ခဲခြင်း။ (ဥပမာ- အသက်အရွယ် ကြီးလာသော်လည်း သက်တူရွယ်တူများနှင့် ပေါင်းသင်းဆက်ဆံနိုင်ခြင်း မရှိဘဲ ငယ်ရွယ်သူများနှင့်သာ ဆော့ကစားခြင်း၊ ပေါင်းသင်းခြင်း။)

(၆) မိမိကိုယ်ကို မစောင့်ရှောက်နိုင်ခြင်း။

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၄။** | **စိတ်ကျန်းမာရေးစီမံချက်** | | |
| ၁၄.၁ | စိတ်ဖောက်ပြန်ခြင်းရှိသူနှုန်း | စိတ်ဖောက်ပြန်ရောဂါရှိသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၄-၁)<br>----------------x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၄.၂ | စိတ်ကျရောဂါရှိသူနှုန်း | စိတ်ကျရောဂါရှိသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၄-၂)<br>----------------x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၄.၃ | စိုးရိမ်စိတ်လွန်ရောဂါရှိသူနှုန်း | စိုးရိမ်စိတ်လွန်ရောဂါရှိသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၄-၃)<br>----------------x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၄.၄ | အရက်သောက်သုံးခြင်းရောဂါရှိသူနှုန်း | အရက်သောက်သုံးခြင်းရောဂါရှိသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၄-၄)<br>----------------x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၄.၅ | ဉာဏ်ရည်နိမ့်ရောဂါရှိသူနှုန်း | ဉာဏ်ရည်နိမ့်ရောဂါရှိသူပေါင်း<br>---------------------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၄-၅)<br>----------------x ၁၀၀၀<br>ပုံစံ၃(၁) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ (ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ (အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၄။ | **စိတ်ကျန်းမာရေးစီမံချက်** | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

မြန်မာနိုင်ငံအတွင်း အဖြစ်များဆုံး စိတ်ရောဂါ(၅)မျိုး၏ ဖြစ်ပွားမှုများကို သိရှိနိုင်ပါသည်။ ဤသို့ဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ စီမံချက်လုပ်ငန်းများ ရေးဆွဲရာတွင် ထည့်သွင်း အသုံးပြုရန် ရည်ရွယ်ပါသည်။ ထို့အပြင် အဓိကရည်ရွယ်ချက်ဖြစ်သော ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်၍ အကောင်အထည်ဖော်စေခြင်း ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထုနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရောဂါများအတွက် ကျန်းမာရေးသတိ ရှိလာစေရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ အဖြစ်များသော စိတ်ရောဂါ(၅)မျိုး၏ ဖြစ်ပွားမှုနှုန်းများကို လိုအပ်သည့်စာတမ်းများ၊ အစီရင်ခံစာများ၊ ကုသရေးလုပ်ငန်းများနှင့် စီမံချက်များရေးဆွဲရာတွင် အသုံးပြုပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၁၅။ | **အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း** |

**မြို့နယ်ကျန်းမာရေးဌာန၌ ထားရှိသော မြို့နယ်တီဘီမှတ်ပုံတင်စာအုပ်မှ ရယူဖော်ပြရန် ဖြစ်ပါသည်။**

**တီဘီရောဂါခွဲခြားခြင်း**

**(က) တီဘီပိုးတွေ့ရှိမှုအပေါ် အခြေခံ၍ ခွဲခြားခြင်း**

**၁။ M.tb ပိုးတွေ့ တီဘီရောဂါ (Bacteriologically Confirmed TB)**

သံသယတီဘီလူနာ၏ သလိပ်နှင့် အခြားသော တီဘီရောဂါ ဖြစ်ပွားရာနေရာများမှ ထုတ်ယူရရှိသည့် specimenများတွင် အဏုကြည့်မှန်ဘီလူးအသုံးပြု၍ တီဘီပိုးကို ရှာဖွေခြင်း၊ ပိုးမွေးခြင်း၊ Gene X pert စက် အသုံးပြု၍ တီဘီပိုး ရှာဖွေခြင်းတို့ဖြင့် တီဘီပိုးတွေ့ရှိရသော တီဘီရောဂါကို ဆိုလိုသည်။

**၂။ M.tb ပိုးမတွေ့တီဘီရောဂါ (Clinically Diagnosed TB)**

ရင်ခေါင်းဓါတ်မှန်၊ တီဗွီဓါတ်မှန်၊ ကွန်ပျူတာဓါတ်မှန်၊ တစ်ရှူးဗေဒ၊ အသားစဗေဒ စသည်တို့နှင့် စမ်းသပ်၍ ၎င်းရောဂါရာဇဝင်နှင့် လက္ခဏာအရ ဆရာဝန်တစ်ဦးမှ တီဘီဆေးကုသရန် ဆုံးဖြတ်သည့် တီဘီရောဂါကို ဆိုလိုသည်။

**(ခ) ရောဂါဖြစ်ပွားသည့် ခန္ဓာကိုယ်နေရာအပေါ် အခြေခံ၍ ခွဲခြားခြင်း**

**၁။ အဆုတ်တီဘီရောဂါ (Pulmonary TB- PTB)**

အဆုတ်နှင့် Tracheobronchial လေပြွန်တို့တွင် ဖြစ်သော တီဘီကို ဆိုလိုသည်။

**၂။ အဆုတ် ပြင်ပတီဘီရောဂါ (Extra-pulmonary TB- EPTB)**

အဆုတ်မှအပခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများတွင် ဖြစ်ပွားသော တီဘီရောဂါ (ဥပမာ - အကျိတ်တီဘီ၊ အူတီဘီ၊ အရိုးတီဘီ...... စသဖြင့်) ကို ဆိုလိုသည်။

**(ဂ) ယခင်ကတီဘီဆေးကုသမှု ရာဇဝင်မှတ်တမ်းကို အခြေခံ၍ ခွဲခြားခြင်း**

**၁။ တီဘီလူနာအသစ် (New patient)**

ယခင်က တီဘီဆေးကုသမှု မခံယူဘူးသူ (သို့) ကုသမှုခံယူခဲ့ဖူးသော်လည်း တစ်လမပြည့်သည့် တီဘီလူနာကို ဆိုလိုသည်။

**၂။ ယခင်က တီဘီဆေးကုသမှု ခံယူဖူးသည့် တီဘီလူနာ (Previously Treated Patient)**

ယခင်က တီဘီဆေး ဆေးပတ်အပြည့် (သို့) တစ်လထက်ပို၍ ဆေးကုသမှု ခံယူခဲ့သည် တီဘီလူနာကိုဆိုလိုသည်။

**၂.၁။ ပြန်ဖြစ်တီဘီလူနာ (Relapse TB)**

ယခင်က တီဘီဆေးကုသမှု အပြည့်အဝခံယူခဲ့၍ ပျောက်ကင်းခဲ့ပြီး (သို့) ဆေးကုသမှု အောင်မြင်ပြီးဆုံးပြီဟု သတ်မှတ်ခဲ့ပြီးနောက် ရောဂါပြန်လည်ဖြစ်ပွားသော လူနာကို ဆိုလိုသည်။

**၂.၂။ အခြား တီဘီဆေးကုသမှု ခံယူဖူးသည့် တီဘီလူနာ (Previously treated patient other than relapse)**

ပြန်ဖြစ်လူနာများမှအပ ယခင်က တီဘီဆေး တစ်လထက်ပို၍ ဆေးကုသမှု ခံယူခဲ့သည့် တီဘီလူနာကိုဆိုလိုသည်။

**(ဃ) HIV ပိုးအခြေအနေပေါ် အခြေခံ၍ ခွဲခြားခြင်း**

**၁။ HIV positive တီဘီလူနာ**

HIV test စမ်းသပ်မှုအရ (+)ve အဖြေရရှိထားသော တီဘီလူနာကို ဆိုလိုသည်။

**၂။ HIV negative တီဘီလူနာ**

HIV test စမ်းသပ်မှုအရ (-)ve အဖြေရရှိထားသော တီဘီလူနာကို ဆိုလို သည်။

**၃။ HIV status unknown တီဘီလူနာ**

HIV test မစစ်ဆေးထားသော(သို့) ငြင်းဆိုထားသော တီဘီလူနာကို ဆိုလိုသည်။

**(င) ဆေးယဉ်ပါးတီဘီ (MDR-TB)**

ယခုအသုံးပြုနေသော ပထမအဆင့် တီဘီဆေးများအနက် Rifampicin + Isoniazid (R+H) ဆေး(၂)မျိုးကို ယဉ်ပါးနေသော (သို့) ဆေးမတိုးသော တီဘီပိုးကြောင့် ဖြစ်သော တီဘီရောဂါကို ဆိုလိုသည်။

**(စ) ဆေးကုသမှုရလာဒ်များ (TB treatment outcome definitions)**

**၁။ ရောဂါပျောက်ကင်းခြင်း (Cured)**

သလိပ်ပိုးတွေ့လူနာသည် သတ်မှတ်ရက်ပြည့်သည်အထိ ကုသမှုခံယူပြီး ဆက်လက်ဆေးကုကာလ မပြီးဆုံးခင်(၅)လနှင့် ကုသမှုပြီးဆုံးချိန်(၆)လ တို့တွင် သလိပ်စစ်ဆေးရာ၌ နှစ်ကြိမ်စလုံး သလိပ်ပိုးမတွေ့ခြင်း။

**၂။ရက်ပြည့်သည်အထိ ဆေးကုသမှုခံယူသည့်လူနာ (Treatment completed)**

သလိပ်တီဘီပိုးတွေ့လူနာသည် ရက်ပြည့်သည်အထိ ကုသမှုခံယူသော်လည်း ကုသမှု ပြီးဆုံးချိန်တွင် သလိပ်ပြန်လည် မစစ်ဆေးခြင်း၊ သလိပ်ပိုး မတွေ့သော်လည်း ရက်ပြည့်သည်အထိ ကုသမှုခံယူခြင်း။

**၃။ ဆေးကုသမှု မအောင်မြင်ခြင်း (Treatment failure)**

တီဘီဆေးကုသမှုခံယူနေစဉ် ၅လ (သို့) ၅လနောက်ပိုင်းတွင် သလိပ်တွင် တီဘီပိုး တွေ့နေခြင်း။

**၄။ သေဆုံးခြင်း (Died)**

တီဘီဆေး ကုသစဉ်အတွင်း မည်သည့် အကြောင်းကြောင့်ဖြစ်စေ သေဆုံးခြင်း။

**၅။ ဆေးကုသမှုပျက်ပြီး ရှာမတွေ့ခြင်း (Loss to follow up)**

တီဘီဆေးကုသစဉ်အတွင်း ဆေးကုသရန် ၂ လ (သို့) ၂ လနှင့် အထက် ဆက်တိုက် ပျက်ကွက်ခြင်း။

(၁၅-၁) **ပိုးတွေ့တီဘီလူနာပေါင်း** ဆိုသည်မှာ လူနာ၏ သလိပ်နှင့် အခြားသော တီဘီရောဂါ ဖြစ်ပွားရာ နေရာများမှ ထုတ်ယူရရှိသည့် specimenများတွင် အဏုကြည့်မှန်ဘီလူး အသုံးပြု၍ တီဘီပိုးကို ရှာဖွေခြင်း၊ ပိုးမွေးခြင်း၊ Gene X pert စက် အသုံးပြု၍ တီဘီပိုး ရှာဖွေခြင်း တို့ဖြင့် တီဘီပိုးတွေ့ရှိရသော တီဘီလူနာပေါင်းကို ဆိုလိုသည်။ [TB07 Block-1 (R1+R3)]

(၁၅-၂-က) **ကုသမှုခံယူသည့် မှတ်ပုံတင်တီဘီလူနာပေါင်း (တီဘီလူနာအားလုံး)** ဆိုသည်မှာ မြို့နယ်တီဘီမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်၍ ကုသမှုခံယူသည့် တီဘီ လူနာပေါင်း အားလုံးကို ဆိုလိုပါသည်။ ၄င်းတွင် အခြားမြို့နယ်၌ တီဘီဆေး စတင်ကုသမှုခံယူခဲ့သည့် မြို့နယ်တီဘီ မှတ်ပုံတင်နံပါတ်ရရှိပြီး ကုသမှုခံယူနေစဉ်၌ မိမိမြို့နယ်သို့ ပြောင်းရွှေ့ကုသမှု ခံယူသည့်လူနာများ မပါဝင်ပါ။ [TB07 Block-1 Total]

(၁၅-၂-ခ) **ကုသမှုခံယူသည့် တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာပေါင်း** ဆိုသည်မှာ မြို့နယ်တီဘီ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်၍ ကုသမှုခံယူသည့် စုစုပေါင်း တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာပေါင်းကို ဆိုလိုသည်။ [TB/HIV Block-B(R1)] / [TB07 Block-2 total]

(၁၅-၃) **ဆေးကုသမှုအောင်မြင်သည့်တီဘီလူနာပေါင်း(တီဘီလူနာအားလုံး)**ဆိုသည်မှာ ယခင်နှစ်က သက်ဆိုင်ရာ အစီရင်ခံသည့် ကာလအတွင်း မှတ်ပုံတင်ဆေးကုသမှု ခံယူခဲ့သည့် တီဘီ လူနာများတွင် ကုသပျောက်ကင်းသူ (Cured) နှင့် ရက်ပြည့်သည်အထိ ကုသမှုခံယူခဲ့သူ (Completed) တီဘီလူနာပေါင်းကို ဆိုလိုသည်။ [TB08 Block-1A (C2+C3)]

(၁၅-၄) **တီဘီရောဂါဖြင့် သေဆုံးသူပေါင်း (တီဘီလူနာအားလုံး)** ဆိုသည်မှာ ယခင်နှစ်က သက်ဆိုင်ရာ အစီရင်ခံသည့် ကာလအတွင်း မှတ်ပုံတင် ဆေးကုသမှု ခံယူခဲ့သည့် တီဘီ လူနာများတွင် တီဘီဆေး ကုသမှုခံယူနေသော ကာလအတွင်း မည်သည့်အကြောင်း ကြောင့်မဆို သေဆုံးသော တီဘီလူနာပေါင်းကို ဆိုလိုသည်။ [TB08 Block-1A (C5)]

(၁၅-၅) **ဆေးကုသမှုပျက်ကွက်သည့်လူနာပေါင်း** ဆိုသည်မှာ ယခင်နှစ်က သက်ဆိုင်ရာ အစီရင်ခံသည့် ကာလအတွင်း မှတ်ပုံတင် ဆေးကုသမှုခံယူခဲ့သည့် တီဘီလူနာများတွင် တီဘီဆေး ကုသစဉ်အတွင်း ဆေးကုသရန် ၂ လ (သို့) ၂ လနှင့် အထက် ဆက်တိုက် ပျက်ကွက်သည့် တီဘီလူနာပေါင်းကို ဆိုလိုသည်။ [TB08  Block-1A (C6)]

(၁၅-၆) **HIV test စစ်ဆေးသည့် တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ)** ဆိုသည်မှာ တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာများတွင် HIV test စမ်းသပ်စစ်ဆေးသော တီဘီလူနာပေါင်းကို ဆိုလိုသည်။ [TB/HIV Block-B (R2)]

(၁၅-၇) **HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ)** ဆိုသည်မှာ တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာများတွင် HIV test စမ်းသပ်မှုအရ (+)ve အဖြေရရှိထားသော တီဘီလူနာပေါင်းကို ဆိုလိုပါသည်။ [TB/HIV Block-B (R3)]

(၁၅-၈) **CPT (Cotrimoxazole Prophylaxis Treatment) ဆေးကုသမှု ခံယူနေသော HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ)** ဆိုသည်မှာ HIV ပိုးရှိသော တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာများတွင် CPT ဆေးကုသမှုခံယူသော လူနာပေါင်းကို ဆိုလိုသည်။ [TB/HIV Block-B (R4)]

(၁၅-၉) **ART (Anti-Retroviral Treatment) ဆေးကုသမှု ခံယူနေသော HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ)** ဆိုသည်မှာ HIV ပိုးရှိသော တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာများတွင် ART ဆေးကုသမှုခံယူသော လူနာပေါင်းကို ဆိုလိုသည်။ [TB/HIV Block-B (R5)]

(၁၅-၁၀) **တွေ့ရှိသော ဆေးယဉ်ပါးတီဘီ (MDR-TB) လူနာပေါင်း** ဆိုသည်မှာ သံသယရှိ ဆေးယဉ်ပါးတီဘီလူနာများ၏ သလိပ်နမူနာများကို Gene Xpert စက်ရှိသော ခရိုင်/ တိုင်းဒေသကြီး/ ပြည်နယ်တီဘီဌာနများသို့ ပေးပို့စစ်ဆေးခြင်း (သို့မဟုတ်) ပိုးမွေးမြူခြင်း နှင့် ဆေးယဉ်ပါးမှု ရှိမရှိ စစ်ဆေးခြင်း (Culture and Drug Sensitivity Testing) ပြုလုပ်ခြင်းတို့ဖြင့် အနည်းဆုံး rifampicin + Isoniazid ဆေးနှစ်မျိုး ယဉ်ပါးနေကြောင်း တွေ့ရှိသည့် တီဘီလူနာပေါင်းကို ဆိုလိုသည်။ [DR-TB form06b total]

(၁၅-၁၁) **ဆေးကုသမှုခံယူနေသော ဆေးယဉ်ပါးတီဘီ (MDR-TB) လူနာပေါင်း** ဆိုသည်မှာ တွေ့ရှိသောဆေးယဉ်ပါးသောတီဘီလူနာများတွင် ဒုတိယအဆင့် ဆေးဝါးများဖြင့် ကုသမှု ခံယူနေသော တီဘီလူနာပေါင်းကို ဆိုလိုပါသည်။ [DR-TB form07 total]

(၁၅-၁၂) **ယခင်နှစ်က ကုသမှုခံယူခဲ့ပြီးသော မှတ်ပုံတင်တီဘီလူနာပေါင်း (တီဘီလူနာအားလုံး)** ဆိုသည်မှာ ယခင်နှစ်က သက်ဆိုင်ရာ အစီရင်ခံသည့် ကာလအတွင်း မြို့နယ်တီဘီ မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်၍ ကုသမှုခံယူခဲ့ပြီးသည့် တီဘီလူနာပေါင်းအားလုံးကို ဆိုလိုပါသည်။ [TB08 Block-1A (C1)]

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၅။** | **အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း** | | |
| ၁၅.၁ | ပိုးတွေ့တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း | ပိုးတွေ့တီဘီလူနာပေါင်း / လူဦးရေစုစုပေါင်း x ၁၀၀၀၀၀ | ပုံစံ(၂) (၁၅-၁) / ပုံစံ(၃) (၁) x ၁၀၀၀၀၀ |
| ၁၅.၂ | တီဘီရောဂါရှာဖွေတွေ့ရှိနှုန်း (တီဘီလူနာအားလုံး) | ကုသမှုခံယူသည့် မှတ်ပုံတင်တီဘီလူနာပေါင်း (တီဘီလူနာအားလုံး) / လူဦးရေစုစုပေါင်း x ၁၀၀၀၀၀ | ပုံစံ(၂) (၁၅-၂-က) / ပုံစံ(၃) (၁) x ၁၀၀၀၀၀ |
| ၁၅.၃ | ဆေးကုသမှုအောင်မြင်နှုန်း (တီဘီလူနာအားလုံး) | ဆေးကုသမှု အောင်မြင်သည့် တီဘီလူနာပေါင်း (တီဘီလူနာအားလုံး) / ယခင်နှစ်က ကုသမှုခံယူခဲ့ပြီးသော မှတ်ပုံတင် တီဘီလူနာပေါင်း (တီဘီလူနာအားလုံး) x ၁၀၀ | ပုံစံ(၂) (၁၅-၃) / ပုံစံ(၂) (၁၅-၁၂) x ၁၀၀ |
| ၁၅.၄ | တီဘီရောဂါဖြင့်သေဆုံးမှုနှုန်း (တီဘီလူနာအားလုံး) | တီဘီရောဂါဖြင့်သေဆုံးသူပေါင်း(တီဘီလူနာအားလုံး) / ယခင်နှစ်က ကုသမှုခံယူခဲ့ပြီးသော မှတ်ပုံတင် တီဘီလူနာပေါင်း (တီဘီလူနာအားလုံး) x ၁၀၀ | ပုံစံ(၂) (၁၅-၄) / ပုံစံ(၂) (၁၅-၁၂) x ၁၀၀ |
| ၁၅.၅ | ဆေးကုသမှု ပျက်ကွက်နှုန်း (တီဘီလူနာအားလုံး) | ဆေးကုသမှုပျက်ကွက်သည့်လူနာပေါင်း / ယခင်နှစ်က ကုသမှုခံယူခဲ့ပြီးသော မှတ်ပုံတင် တီဘီလူနာပေါင်း (တီဘီလူနာအားလုံး) x ၁၀၀ | ပုံစံ(၂) (၁၅-၅) / ပုံစံ(၂) (၁၅-၁၂) x ၁၀၀ |
| ၁၅.၆ | HIV test စစ်ဆေးနှုန်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) | HIV test စစ်ဆေးသည့် တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) / ကုသမှုခံယူသည့် တီဘီလူနာအသစ်နှင့် ပြန်ဖြစ်လူနာပေါင်း x ၁၀၀ | ပုံစံ(၂) (၁၅-၆) / ပုံစံ(၂) (၁၅-၂-ခ) x ၁၀၀ |
| ၁၅.၇ | HIVပိုးတွေ့ရှိနှုန်း (လူနာအသစ်/ ပြန်ဖြစ်လူနာများ) | HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) / HIV test စစ်ဆေးသည့် တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) x ၁၀၀ | ပုံစံ(၂) (၁၅-၇) / ပုံစံ(၂) (၁၅-၆) x ၁၀၀ |
| ၁၅.၈ | CPT ဆေးကုသမှု ခံယူနှုန်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) | CPT ဆေးကုသမှုခံယူသော HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) / HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) x ၁၀၀ | ပုံစံ(၂) (၁၅-၈) / ပုံစံ(၂) (၁၅-၇) x ၁၀၀ |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁၅.၉ | ART ဆေးကုသမှု ခံယူနှုန်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) | ART ဆေးကုသမှုခံယူသော HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) ———— x ၁၀၀ HIV positive တီဘီလူနာပေါင်း (လူနာအသစ်/ပြန်ဖြစ်လူနာများ) | ပုံစံ(၂) (၁၅-၉) ———— x ၁၀၀ ပုံစံ(၂) (၁၅-၇) |
| ၁၅.၁၀ | ဆေးယဉ်ပါးတီဘီတွေ့ရှိလူနာပေါင်း | ကိန်းပြည့်သာဖြည့်ရန် (တိုင်းဒေသကြီး/ ပြည်နယ်များမှ ဖြည့်ရန်) | ပုံစံ(၂) (၁၅-၁၀) |
| ၁၅.၁၁ | ဆေးကုသမှုခံယူသော ဆေးယဉ်ပါးတီဘီလူနာပေါင်း | ကိန်းပြည့်သာဖြည့်ရန် (တိုင်းဒေသကြီး/ ပြည်နယ်များမှ ဖြည့်ရန်) | ပုံစံ(၂) (၁၅-၁၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ တီဘီမှတ်ပုံတင်စာအုပ်

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခရိုင်/တိုင်းနယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခရိုင်/တိုင်းနယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တ/မြို့ဓ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေး/ဓဌာန | ကျေးလက်ကျန်းမာရေး | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်/ဓဌာန | ကျေးလက်/ဓဌာနခွဲ | နယ်ပယ်ဓဆေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅။ | **အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း** | × | × | × | √ | × | × | × | × | × | × | × |

# အသုံးပြုပုံ

တီဘီရောဂါကြောင့် ဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းများကို တွက်ချက်၍ တီဘီဖြစ်ပွားမှုများသော နေရာဒေသများတွင် ဦးစားပေးစီမံချက်များ ထိရောက်သော နည်းဗျူဟာများ သုံး၍ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းကို လျော့ချရန် ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|

၁၆။ **အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်**

**ရောဂါအမည်တပ်ခြင်း (Diagnosis of Leprosy)**

**အနာကြီးရောဂါဟုသတ်မှတ်ရန် လိုအပ်သော အဓိကလက္ခဏာများ**

- အရေပြားပေါ်တွင် ကွက်၍ အရောင်ဖျော့နေခြင်း၊ နီမြန်းနေခြင်းဖြစ်ပြီး ထိ၊ နာ၊ ပူ၊ အေး မသိဘဲ ထုံနေခြင်း။
- အာရုံကြောပျက်စီးသည့် လက္ခဏာဖြစ်သော ထိ၊ နာ၊ ပူ၊ အေး မသိခြင်း၊ ခြေ၊ လက်၊ မျက်နှာရှိ ကြွက်သားများ အားနည်းခြင်း၊ လှုပ်ရှားမရခြင်းနှင့် အာရုံကြောကြီးခြင်း။
- အရေပြားအကွက်မှ အသားခြစ်စမ်းသပ်ရာတွင် ပိုးတွေ့ခြင်း။

အထက်ပါ(၃)ချက်အနက် အနည်းဆုံး(၁)ချက်ရှိပါက **အနာကြီးရောဂါ**ဟု သတ်မှတ်ရမည်။

**ရောဂါအမျိုးစားခွဲခြားခြင်း (Classification of Leprosy)**

**PB (Paucibacillary)**

- ထုံသောအကွက်(၁)ကွက်မှ (၅)ကွက်အထိ
- အာရုံကြော(၁)ချောင်းသာ ကြီးနေခြင်း
- အသားခြစ်ပိုးစစ်ဆေးရာတွင် ပိုးမတွေ့ရှိခြင်း

**MB (Multibacillary)**

- ထုံသောအကွက် (၅)ကွက်အထက်ရှိနေခြင်း
- အာရုံကြော(၁)ချောင်းထက် ပို၍ကြီးနေခြင်း
- အသားခြစ်ပိုးစစ်ဆေးရာတွင် ပိုးတွေ့ရှိခြင်း

**လူနာအမျိုးအစားခွဲခြားခြင်း (Categories of Leprosy)**

**အနာကြီးရောဂါလူနာ (A Case of Leprosy)**

အနာကြီးရောဂါလူနာဆိုသည်မှာ အနာကြီးရောဂါလက္ခဏာများ ရှိပြီး **ဆေးစံချိန်ပြည့် မစားရသေး၍ ဆေးစားရန် လိုအပ်သော** လူနာများကို ဆိုလိုပါသည်။ ၎င်းတွင်-

(က) လူနာသစ်များ(New Case) အနာကြီးရောဂါလူနာသစ် ဆိုသည်မှာ အနာကြီးရောဂါ လက္ခဏာများရှိပြီး DDS/ MDT ဆေးဖြင့် ဆေးကုသမှု လုံးဝမခံရသေးသူကို ဆိုလိုပါသည်။

(ခ) လက်ရှိဆေးစားနေဆဲ လူနာများ (On MDT)အနာကြီး ရောဂါလူနာဟု သတ်မှတ်ထားပြီး MDT ဆေးဝါးကို ဆေးစံချိန်ပြည့်ရန် ဆေးစားနေသော လူနာများကို ဆိုလို ပါသည်။

(ဂ) MDT ဆေးကျွေးရန် လိုအပ်သော အခြားနည်းဖြင့် ဝင်သော လူနာများ (Other Entry)တို့ ပါဝင်ပါသည်။

(၁၆-၁) **လဆန်းမှတ်ပုံတင်အနာကြီးရောဂါလူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် လ၏ ပထမနေ့တွင် အနာကြီးရောဂါ လူနာအဖြစ် မှတ်ပုံတင်ပြီး MDT ဆေးဝါးကုသမှုကို ခံယူနေသော လူနာဦးရေကို ဆိုလိုပါသည်။ **(ယခုလ၏ လဆန်းမှတ်ပုံတင် အနာကြီးရောဂါလူနာပေါင်း (၁၆-၁)သည် ယခင်လ၏ လကုန်လက်ကျန် လူနာပေါင်း (၁၆-၁၁)နှင့် တူညီပါမည်။)**

(၁၆-၂) **မှတ်ပုံတင် အနာကြီးရောဂါ လူနာသစ်ပေါင်း** ဆိုသည်မှာ အနာကြီးရောဂါ လက္ခဏာများရှိပြီး ယခင်ကဆေးကုသမှု လုံးဝ မခံယူရသေးသော မှတ်ပုံ တင်စာရင်းတွင် စတင်စာရင်းသွင်းသည့် လူနာဦးရေကို ဆိုလိုပါသည်။

**မှတ်ချက်** - အခြားဌာနများမှ လူနာသစ်များ လွှဲပြောင်းပေးမည်ဆိုပါက ၎င်းဌာနတွင် “လူနာသစ်”စာရင်း မသွင်းရန်၊ လွှဲပြောင်းစာရင်း သီးသန့် ထားရန်။

(၁၆-၃) **အနာကြီးရောဂါ လူနာသစ်များအနက် အသက်(၁၅)နှစ်အောက် ကလေး လူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ရှာဖွေဖော်ထုတ်၍

ရသော လူနာသစ်များအနက်မှ အသက်(၁၅)နှစ်အောက် ကလေးလူနာပေါင်းကို ဆိုလိုပါသည်။

(၁၆-၄) **အနာကြီးရောဂါ လူနာသစ်များအနက် ကိုယ်အင်္ဂါချို့ယွင်းမှု အဆင့်(၂) ရှိသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ရှာဖွေဖော်ထုတ်၍ ရသော လူနာသစ်များ အနက်မှ ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)ရှိသော လူနာဦးရေကို ဆိုလိုပါသည်။

(၁၆-၅) **အနာကြီးရောဂါ လူနာသစ်များအနက် အမျိုးသမီး လူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ရှာဖွေဖော်ထုတ်၍ရသော လူနာသစ်များ အနက်မှ အမျိုးသမီးလူနာဦးရေကို ဆိုလိုပါသည်။

(၁၆-၆) **အခြားနည်းဖြင့်ဝင်သောလူနာပေါင်း**ဆိုသည်မှာ Defaulter အဖြစ်မှ ပြန်လည်ဆေးကုသမှုခံယူ၍ ဆေးပြန်လည်တိုက်ရန် လိုအပ်သူများ၊ နေရာဒေသတစ်ခုတွင် ဆေးစားနေရာမှ အခြားဒေသတစ်ခုသို့ ပြောင်းဝင်၍ ဆက်လက်ဆေးကုသမှု ခံယူသူများ၊ PBမှ MBသို့ ပြောင်းလဲတိုက်ကျွေးရန် လိုအပ်သူများ၊ Dapsone ဆေးတစ်မျိုးတည်း စားခဲ့ရပြီး ရောဂါကြွသော လက္ခဏာ တွေ့ရှိနေရသော လူနာများ၊ မည်သည့်အမျိုးအစားဖြစ်စေ ရောဂါပြန်ဖြစ်သူဟု သေချာစွာသတ်မှတ်နိုင်သူများကို ဆိုလိုပါသည်။

(၁၆-၇) **ဆေးစံချိန်ပြည့်စား၍ ပျောက်ကင်းသွားသူပေါင်း** ဆိုသည်မှာ ဆေးစံချိန်ပြည့်စား၍ ပျောက်ကင်းသွားသူ (PB လူနာတစ်ဦးသည် PB (၆) ကဒ်ကို (၉)လအတွင်း သောက်လျှင်၊ MB လူနာတစ်ဦးသည် MB (၁၂) ကဒ်ကို (၁၈)လအတွင်း သောက်ပြီး၍ စာရင်းမှ ပျောက်ကင်း လူနာအဖြစ် စာရင်းထုတ်သော) လူနာဦးရေကို ဆိုလိုပါသည်။

(၁၆-၈) **အခြားနည်းဖြင့် ထွက်သူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် လအတွင်း ဆေးကုသမှု ခံယူနေစဉ် သေဆုံးလူနာ၊ ဆေးကုသမှုမပြီးမီ (၃)လထက်ကျော်၍ ဆေးစားပျက်ကွက်သော PB လူနာနှင့် (၆)လထက်ကျော်၍ ဆေးစားပျက်ကွက်သော MB လူနာများ(Defaulter case)၊ အနာကြီးရောဂါဟု မှားယွင်းစွာ သတ်မှတ်ခြင်းခံရပြီး ဆေးကုသမှုခံရသူ (Wrong Diagnosis)၊ အခြားတစ်နေရာသို့ တရားဝင် လွှဲပြောင်းပေးသော လူနာ (Transfer Out) စသည့် ဖြစ်ရပ်များရှိသည့် လူနာဦးရေကို ဆိုလိုပါသည်။

(၁၆-၉) **ဆေးကုသခံလူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်လအတွင်း MDT ဆေးကုသမှု ခံယူနေသော လူနာများကိုဆိုလိုပါသည်။

(၁၆-၁၀) **ဆေးကုသပျက်ကွက်လူနာပေါင်း (Absentee)** ဆိုသည်မှာ အစီရင်ခံသည့် လအတွင်း MDT ဆေးကုသခံရန် ပျက်ကွက်သောလူနာကိုဆိုလိုပါသည်။

(၁၆-၁၁) **လကုန်လက်ကျန် မှတ်ပုံတင်အနာကြီးရောဂါလူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်လ၏ လဆန်းလက်ကျန်လူနာတွင် အဝင်လူနာ (လူနာသစ် + အခြားနည်းဝင်)များကို ထည့်ပေါင်း၍ အထွက်လူနာ (စံချိန်ပြည့်ရပ်နားသူ + အခြားနည်းထွက်)များကို နုတ်ပြီး ကျန်လူနာစာရင်းကို ဆိုလိုပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဥ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၆။** | **အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်** | | |
| ၁၆.၁ | *အနာကြီးရောဂါလူနာသစ်တွေ့ရှိနှုန်း* (လူဦးရေတစ်သိန်းလျှင်) | မှတ်ပုံတင်အနာကြီးရောဂါလူနာသစ်ပေါင်း<br>------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ ၂ (၁၆-၂)<br>------------- x ၁၀၀၀၀၀<br>ပုံစံ (၃-၁) |
| ၁၆.၂ | လူနာသစ်များအနက်*အသက်(၁၅)နှစ် အောက်ကလေးလူနာရာခိုင်နှုန်း*(%) | အနာကြီးရောဂါ လူနာသစ်များအနက်<br>အသက်(၁၅)နှစ်အောက် ကလေးလူနာပေါင်း<br>------------------------------------ x ၁၀၀<br>မှတ်ပုံတင်အနာကြီးရောဂါလူနာသစ်ပေါင်း | ပုံစံ ၂ (၁၆-၃)<br>------------- x ၁၀၀<br>ပုံစံ ၂ (၁၆-၂) |
| ၁၆.၃ | လူနာသစ်များအနက်ကိုယ်အင်္ဂါချို့ယွင်းမှု အဆင့်-၂ ရှိ လူနာရာခိုင်*နှုန်း*(%) | အနာကြီးရောဂါ လူနာသစ်များအနက်<br>ကိုယ်အင်္ဂါ ချို့ယွင်းမှုအဆင့်(၂)ရှိသူပေါင်း<br>------------------------------------ x ၁၀၀<br>မှတ်ပုံတင်အနာကြီးရောဂါလူနာသစ်ပေါင်း | ပုံစံ ၂ (၁၆-၄)<br>------------- x ၁၀၀<br>ပုံစံ ၂ (၁၆-၂) |
| ၁၆.၄ | လူနာသစ်များအနက်အမျိုးသမီးလူနာရာနှုန်း | အနာကြီးရောဂါ လူနာသစ်များအနက်<br>အမျိုးသမီးလူနာပေါင်း<br>------------------------------------ x ၁၀၀<br>မှတ်ပုံတင်အနာကြီးရောဂါလူနာသစ်ပေါင်း | ပုံစံ ၂ (၁၆-၅)<br>------------- x ၁၀၀<br>ပုံစံ ၂ (၁၆-၂) |
| ၁၆.၅ | ဆေးစံချိန်ပြည့်စား၍ပျောက်ကင်းသွားသူပေါင်း | ကိန်းပြည့်သာဖြည့်ရန် | ပုံစံ ၂ (၁၆-၇) |
| ၁၆.၆ | ဆေးကုသပျက်ကွက်လူနာပေါင်း (Absentee) | ကိန်းပြည့်သာဖြည့်ရန် | ပုံစံ ၂ (၁၆-၁၀) |
| ၁၆.၇ | မှတ်ပုံတင်အနာကြီးရာဂါလူနာဖြစ်ပွားမှုနှုန်း (လူဦးရေတစ်သောင်းလျှင်) | လကုန်လက်ကျန်မှတ်ပုံတင်<br>အနာကြီးရောဂါလူနာပေါင်း<br>(ဒီဇင်ဘာလကုန်)<br>------------------------------------ x ၁၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ ၂ (၁၆-၁၁)<br>(ဒီဇင်ဘာလကုန်)<br>------------- x ၁၀၀၀၀<br>ပုံစံ (၃-၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

၃။ အနာကြီးမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့ဧ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေး/ဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်/ဌာန | ကျေးလက်/ဌာနခွဲ | နယ်စပ်ဒေသဆေးရုံ | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၆။ | **အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်** | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

### အသုံးပြုပုံ

နှစ်ကုန်မှတ်ပုံတင် အနာကြီးရောဂါလူနာဖြစ်ပွားမှုနှုန်း (လူဦးရေတစ်သောင်းလျှင်) သည် ဒေသတစ်ခု၏ အနာကြီးရောဂါ ဝန်ထုပ်ဝန်ပိုးကို ဖော်ပြပါသည်။ လူနာသစ်ရှာဖွေရေး လုပ်ငန်းဆောင်ရွက်မှု၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှု၊ မှတ်ပုံတင်လူနာစာရင်း မှန်ကန်ပြည့်စုံစွာ ထားရှိမှု စသည့်အချက်များကလည်း လူနာဦးရေ အနည်းအများပေါ် သက်ရောက်မှု ရှိပါသည်။

လူနာသစ်ရှာဖွေဖော်ထုတ်နိုင်မှုနှုန်း (လူဦးရေတစ်သိန်းလျှင်)ဖြင့် အနာကြီးရောဂါ ကူးစက်ပြန့်ပွားမှု အခြေအနေကို ခန့်မှန်းနိုင်သည်။ သို့သော် လူနာသစ်ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်မှု၊ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ ပြည်သူလူထု၏ သိနားလည်မှု၊ လုပ်ငန်းလွှမ်းခြုံမှု စသည့်အချက်များအပေါ်တွင် မူတည်သည်။

ဆေးစံချိန်ပြည့်စား၍ ပျောက်ကင်းသွားသူပေါင်းသည် MDTဆေးဝါးဖြင့် ကုသ၍ ပျောက်ကင်းသွားသော အနာကြီးရောဂါ လူနာဦးရေကိုဖော်ပြသည်။

လူနာသစ်များအနက် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)ရှိသူပေါင်း (ရာခိုင်နှုန်း)များပါက လူနာများ ဆေးကုသမှု နောက်ကျခြင်း၊ ကုသပြီး RFT cases များ လူနာသစ်အနေဖြင့် စာရင်းပြန်ဝင်ခြင်းများကြောင့် ဖြစ်နိုင်သည်။

လူနာသစ်များအနက် အသက်(၁၅)နှစ်အောက်ရှိသူပေါင်း(ကလေးလူနာရာခိုင်နှုန်း) များပါက အဆိုပါဒေသတွင် အနာကြီးရောဂါ ကူးစက်မှုများနေသည်ဟု သုံးသပ်ခန့်မှန်းနိုင်ပါသည်။

လူနာသစ်များအနက် MB လူနာပေါင်း (ရာခိုင်နှုန်း) (၇၅%) ထက်များပါက ဆေးစတင်ကုသမှု နောက်ကျခြင်း၊ ရောဂါအမျိုးအစား မှားယွင်းသတ်မှတ်ခြင်းနှင့် တွေ့ရှိလူနာသစ်များတွင် MB လူနာများနေခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။

ဖြစ်ပွားမှုနှင့် လူနာသစ်အချိုး (Prevalence: Detection)များပါက လူနာများ ဆေးကုသမှုပျက်ကွက်ခြင်း၊ ပုံမှန်ဆေးမစားခြင်း၊ ဝန်ထမ်းများမှ ဆေးစံချိန်ပြည့် လူနာများကို စာရင်းမှ ချက်ခြင်းမထုတ်ခြင်းတို့ကြောင့် ဖြစ်နိုင်သည်။ အခြားနည်းဖြင့် စာရင်းဝင်လူနာ (Other Entry)များ ရှိပါက (PD ratio) များနိုင်ပါ သည်။

အနာကြီးရောဂါဖြစ်ပွားမှု အခြေအနေဆန်းစစ်ရန် အဓိက Indicators များအဖြစ် မှတ်ပုံတင်အနာကြီးရောဂါလူနာဖြစ်ပွားမှုနှုန်းနှင့် *အနာကြီးရောဂါလူနာသစ်တွေ့ရှိနှုန်း* တို့ကို အသုံးပြုပါသည်။

လူနာသစ်ရှာဖွေရေးလုပ်ငန်းဆန်းစစ်ရန် အဓိက Indicators များအဖြစ် လူနာသစ် ရှာဖွေဖော်ထုတ်နိုင်မှုနှုန်း၊ လူနာသစ်များအနက် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂) ရှိသူပေါင်း (ရာခိုင်နှုန်း)၊ အသက်(၁၅)နှစ်အောက်ရှိသူပေါင်း (ကလေးလူနာရာခိုင်နှုန်း) နှင့် MB လူနာ ပေါင်း (ရာခိုင်နှုန်း) တို့ကို အသုံးပြုပါသည်။

ဖြစ်ပွားမှုနှင့် လူနာသစ်အချိုး (Prevalence: Detection)ဖြင့် အနာကြီးရောဂါ လူနာများ ကျန်းမာရေးစောင့်ရှောက်မှု (Case Holding) အခြေအနေကို ဆန်းစစ်နိုင်ပါ သည်။

## မှတ်ချက်

လက်ကျန်လူနာပေါင်း (ယခုလ)ဟု ဆိုထားသည့်အတွက် သုံးလချုပ်တွင်ဖြစ်စေ၊ နှစ်ချုပ်တွင်ဖြစ်စေ၊ သုံးလစလုံးပေါင်းရန်၊ တစ်ဆယ့်နှစ်လစလုံးပေါင်းရန် မလိုအပ်ပါ။

စာရင်းချုပ်သည့်နောက်ဆုံးလတွင် ကျန်ရှိသောလူနာစာရင်း (သို့မဟုတ်) လာမည့် လအတွက် ဆေးဆက်လက်ကုသပေးရန် ကျန်ရှိသော လူနာဦးရေကိုသာ ဖော်ပြရန် လိုအပ် ပါသည်။

**လုပ်ငန်း** **လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက်**

**အမှတ်စဉ်**

**၁၇။** **ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်**

(၁၇-၁) **လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါရှိသူ မှတ်ပုံတင်လူနာပေါင်း (အသစ်)** ဆိုသည်မှာ သွေးစစ်ဆေးခြင်းအားဖြင့်သော်လည်းကောင်း၊ Syndromic management of STIs diagnosis အရ သော်လည်းကောင်း တွေ့ရှိသော ဆစ်ဖလစ် ရောဂါပိုး ရှိသူများနှင့် အခြားကာလသားရောဂါလက္ခဏာရှိသူများကို အသစ် တွေ့ရှိပါက ဆေးကုသပေးရန် မှတ်ပုံတင်ခြင်းကို ဆိုလိုပါသည်။

(၁၇-၂) **သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်း စစ်ဆေးသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ ဆေးခန်းများရှိ ပြင်ပလူနာဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများသို့ လာရောက်ပြသသော သားဦးကိုယ်ဝန်ဆောင်များအနက်မှ ဆစ်ဖလစ် ပဋိပစ္စည်း ရှိ/မရှိ စစ်ဆေးသူပေါင်းကို ဆိုလိုပါသည်။

(၁၇-၃) **သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်းတွေ့သူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ဆေးခန်းများရှိ ပြင်ပလူနာဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများသို့ လာရောက်ပြသသော ဆစ်ဖလစ်ပဋိ ပစ္စည်းရှိ/မရှိ စစ်ဆေးသူ သားဦးကိုယ်ဝန်ဆောင်များအနက်မှ ဆစ်ဖလစ်ပဋိပစ္စည်း တွေ့သူပေါင်းကို ဆိုလိုပါသည်။

(၁၇-၄) **မွေးရာပါဆစ်ဖလစ်ရောဂါပိုးရှိသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း မြို့နယ်/ အထူးကုဆေးရုံများတွင် လာရောက်မွေးဖွားသော ဆစ်ဖလစ်ပိုးရှိပြီး *လုံလောက်သော ဆေးကုသမှု မခံယူထားသော ကိုယ်ဝန်ဆောင်မိခင်မှ မွေးဖွားလာသော ကိုယ်အလေးချိန် (၅၀၀)ဂရမ် အထက်ရှိသည့် အရှင်မွေးကလေး (သို့မဟုတ်) အသေမွေးကလေး (သို့မဟုတ်) ကိုယ်ဝန်ဆောင်ကာလ (၂၀)ပတ်အထက် ကိုယ်ဝန်ဆောင်ပြီး မွေးဖွားလာသော အရှင်မွေးကလေး (သို့မဟုတ်) အသေမွေးကလေး

(သို့မဟုတ်) မည်သည့်အသေမွေးကလေး (သို့မဟုတ်) အရှင်မွေးကလေး (သို့မဟုတ်) အသက်(၂)နှစ်အောက် ကလေးများတွင် သွေးအဖြေအရ သော်လည်းကောင်း (သို့မဟုတ်) ဓာတ်မှန်အဖြေ အရသော်လည်းကောင်း (သို့မဟုတ်) ကလေးတွင် ဆစ်ဖလစ်ရောဂါလက္ခဏာများ စမ်းသပ်တွေ့ရှိရလျှင်သော်လည်းကောင်း၊ ထိုကလေးကို မွေးရာပါ ဆစ်ဖလစ်ရောဂါရှိသည့်ကလေးဟု ဆိုလိုပါသည်။

(*လုံလောက်သော ဆေးကုသမှုဆိုသည်မှာ မီးမဖွားမီ အနည်းဆုံးရက် (၃၀) အလို၌ IM Benzathine benzyl penicillin 2.4 million units ကို အနည်းဆုံးတစ်ကြိမ်ထိုး၍ ကုသမှုခံယူခြင်းကို ဆိုလိုသည်။)

(၁၇-၅) **အမျိုးသားဆီးလမ်းကြောင်းမှ ပြည် (Genital Discharge) ကျ၍ လာရောက် ပြသသူစုစုပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း အမျိုးသားဆီးလမ်းကြောင်းမှ ပြည်ကျ၍ လာရောက် ပြသသူစုစုပေါင်းကို ဆိုလိုပါသည်။ (ထိခိုက်ဒဏ်ရာရ၍ ဆီးလမ်းကြောင်းမှ ပြည်ကျခြင်းကို ထည့်သွင်းရန် မလိုပါ။)

(၁၇-၆) **လိင်အင်္ဂါအနာဖြင့် လာရောက်ပြသသူစုစုပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ဆေးခန်းများရှိ ပြင်ပလူနာဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများသို့ လာရောက်ပြသသူများထဲမှ လိင်အင်္ဂါတွင် အနာရှိနေခြင်းကြောင့် လာရောက်ပြသသူများကို ကျား/မ ခွဲခြားဖော်ပြရန်ဖြစ်ပါသည်။ ထိခိုက်ရှနာ (Traumatic Ulcer/s)၊ အရည်ကြည်ဖုများ တွဲလျက် ပါရှိသောအနာများ (Ulcer with Vesicular Lesion)နှင့် ယခင်ကလည်း ဖြစ်ဖူးသောအနာ (History of recurrence) တို့ကို ထည့်သွင်းရန် မလိုပါ။

**မှတ်ချက်**- လိင်အင်္ဂါအနာဆိုသည်မှာ အမျိုးသားများတွင် လိင်တံ (Penis)၊ ကပွယ်အိတ် (scrotum)၊ စအို(Anus) အမျိုးသမီးများတွင် မိန်းမကိုယ် (Vagina/ Labia)၊ စအို (Anus)တို့တွင် ဖြစ်ပွားသောအနာများကို ဆိုလိုပါသည်။

(၁၇-၇) **HIVပိုး စစ်ဆေးသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ဆေးခန်း

များ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများသို့ လာရောက်၍ HIV ပိုးရှိ၊ မရှိ စစ်ဆေးသူပေါင်းကို ကျား/မ ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။

(၁၇-၈) **HIV ပိုး တွေ့ရှိသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ဆေးခန်းများသို့ လာရောက်၍ HIV ပိုးရှိ၊ မရှိ စစ်ဆေးသူများ အနက်မှ ပိုးတွေ့သူပေါင်းကို ကျား/မ ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။

(၁၇-၉) **ARTကုထုံးဖြင့် စတင်ကုသသူစုစုပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ဆေးခန်းများရှိ ART ဆေးကုဌာန၊ ဆင့်ပွား ART ဆေးကုဌာနများတွင် စောင့်ရှောက်မှုလာရောက်ခံယူသူ HIV ပိုးရှိလူနာများအနက်မှ ART ဆေးဖြင့် စတင်ကုသမှုခံယူခဲ့သူစုစုပေါင်းကို ကျား/မ ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။

(၁၇-၁၀) **HIV ပိုးရှိသူ လူနာများအနက်မှ AIDSနှင့် နှီးနွယ်ရောဂါများကြောင့် သေဆုံးသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံ/ ဆေးခန်းများ ရှိ ART ဆေးကုဌာန၊ ဆင့်ပွား ART ဆေးကုဌာနများတွင် စောင့်ရှောက်မှုလာရောက်ခံယူသူ HIV ပိုးရှိ လူနာများအနက်မှ AIDSနှင့် နှီးနွယ်ရောဂါများကြောင့် သေဆုံးသူစုစုပေါင်းကို ကျား/မ ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၇။** | **ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်** | | |
| ၁၇.၁ | လူနာသစ်ဖြစ်ပွားနှုန်း | လိင်မှတဆင့်ကူးစက်တတ်သောရောဂါရှိသူ မှတ်ပုံတင်လူနာပေါင်း (အသစ်)<br>------------------------------------ x ၁၀၀<br>ဆေးခန်းလာလူနာအသစ်ပေါင်း | ပုံစံ၂(၁၇-၁)<br>--------------- x ၁၀၀<br>ပုံစံ၁(၁-၁) |
| ၁၇.၂ | သားဦးကိုယ်ဝန်ဆောင်များ၌ဆစ်ဖလစ် ရောဂါဖြစ်ပွားမှုရာနှုန်း | သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်းတွေ့သူပေါင်း<br>------------------------------------ x ၁၀၀<br>သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်းစစ်ဆေးသူပေါင်း | ပုံစံ၂(၁၇-၃)<br>--------------- x ၁၀၀<br>ပုံစံ၂(၁၇-၂) |
| ၁၇.၃ | မွေးရာပါဆစ်ဖလစ်ရောဂါပိုးရှိသူနှုန်း | မွေးရာပါဆစ်ဖလစ်ရောဂါပိုးရှိသူပေါင်း<br>------------------------------------ x ၁၀၀၀၀၀<br>အရှင်မွေးဦးရေစုစုပေါင်း | ပုံစံ၂(၁၇-၄)<br>--------------- x ၁၀၀၀၀၀<br>ပုံစံ၁(၁၀-၁) |
| ၁၇.၄ | အမျိုးသားများဆီးလမ်းကြောင်းမှ ပြည်ကျနှုန်း | အမျိုးသားဆီးလမ်းကြောင်းမှပြည် (Genital Discharge) ကျ၍လာရောက် ပြသသူ စုစုပေါင်း<br>------------------------------------ x ၁၀၀၀၀၀<br>အမျိုးသားဦးရေစုစုပေါင်း (အသက်(၁၅)နှစ်နှင့်အထက်) | ပုံစံ၂(၁၇-၅)<br>--------------- x ၁၀၀၀၀၀<br>ပုံစံ၃(၁) ၁၅+ (အမျိုးသားလူဦးရေ) |
| ၁၇.၅ | လိင်အင်္ဂါအနာတွေ့ရှိနှုန်း | လိင်အင်္ဂါအနာဖြင့်လာရောက်ပြသသူ စုစုပေါင်း<br>------------------------------------ x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၇-၆)<br>--------------- x ၁၀၀၀၀၀<br>ပုံစံ၃(၁) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ခုခံကျ/ ကာလသားအဖွဲ့ | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **၁၇။** | **ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်** | | | | | | | | | | | |
| ၁ | လိင်မှတဆင့် ကူးစက်တတ်သောရောဂါရှိသူ မှတ်ပုံတင်လူနာပေါင်း(အသစ်) | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၂ | သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်း စစ်ဆေးသူပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၃ | သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ပဋိပစ္စည်း တွေ့သူပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၄ | မွေးရာပါဆစ်ဖလစ်ရောဂါပိုးရှိသူပေါင်း | √ | × | × | × | × | × | × | × | × | × | × |
| ၅ | အမျိုးသားဆီးလမ်းကြောင်းမှ ပြည် (Genital Dischar ge) ကျ၍ လာရောက်ပြသသူစုစုပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၆ | လိင်အင်္ဂါအနာဖြင့် လာရောက်ပြသသူစုစုပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၇ | HIV ပိုးစစ်ဆေးသူပေါင်း | √ | × | √ | √ | √ | × | √ | √ | √ | √ | √ |
| ၈ | HIV ပိုးတွေ့ရှိသူပေါင်း | √ | × | √ | √ | × | × | × | × | × | × | × |
| ၉ | ART ကုထုံးဖြင့် စတင်ကုသသူစုစုပေါင်း | √ | × | √ | √ | × | × | × | × | × | × | × |
| ၁၀ | HIV ပိုးရှိသူ လူနာများအနက်မှ AIDSနှင့် နှီးနွယ်ရောဂါများကြောင့် သေဆုံးသူပေါင်း | √ | × | √ | √ | × | × | × | × | × | × | × |

## အသုံးပြုပုံ


သားဦးကိုယ်ဝန်ဆောင်များ၌ ဆစ်ဖလစ်ရောဂါပိုးရှိသူများကို ရှာဖွေဖော်ထုတ်၍ ကုသပေးခြင်း၊ အခြားတွေ့ရှိရသော လိင်မှတဆင့် ကူးစက်သော ရောဂါများကိုလည်း syndromic management ဖြင့် ကုသပေးခြင်းများကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ စီမံချက်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရမည့် နေရာဒေသများကို ရှာဖွေဖေါ်ထုတ်ခြင်း၊ လုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းဖြင့် ရှိသည့်စွမ်းအားစုများကို အကျိုးရှိစွာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

အိပ်ချ်အိုင်ဗွီပိုးစစ်ဆေးပေးခြင်းနှင့် အိပ်ချ်အိုင်ဗွီပိုးတွေ့ရှိသူများအား အေအာတီဆေးဖြင့် ကုသပေးခြင်းအားဖြင့် အိပ်ချ်အိုင်ဗွီပိုးရှိ ရှင်သန်နေထိုင်သူများ၏ ကျန်းမာရေးရလဒ်များ ပိုမိုကောင်းမွန်လာပြီး အခြားသူများသို့ မကူးစက်အောင် ကာကွယ်နိုင်မည် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၁၈။ | **မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများစီမံချက်** |
| (၁၈-၁) | **မျက်စိလူနာ(အသစ်)ပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်လအတွင်း မျက်စိနှင့်ဆိုင်သော ရောဂါဖြစ်ပွားသည့်အတွက် လာရောက်ပြသသော မျက်စိလူနာ (အသစ်) ဦးရေပေါင်းကို ဆိုလိုပါသည်။ မျက်စိနာ၊ မျက်တောင်စိုက်၊ မျက်စိမှုန်၊ မျက်စိဒဏ်၊ အပြင်တိမ်၊ အတွင်းတိမ် ဖြစ်ခြင်းအားလုံး ပါဝင်ပါသည်။ |
| (၁၈-၂) | **ကူးစက်အဆင့်မျက်ခမ်းစပ်လူနာပေါင်း(အသစ်)(၁၀နှစ်အောက်)** ဆိုသည်မှာ မျက်စိနှင့်ဆိုင်သော ရောဂါဖြစ်ပွားသူများအနက်မှ ကူးစက်နိုင်သော အဆင့်၌ ရောက်ရှိနေသော အပေါ်မျက်ခွံတွင် သာကူစေ့သဏ္ဍာန် မျက်မှေးကြာဆူး (၅)ခုနှင့်အထက်ရှိသည့် (၁၀)နှစ်အောက် မျက်ခမ်းစပ်လူနာ (အသစ်) ဦးရေပေါင်းကို ဆိုလိုပါသည်။ |



| | |
|---|---|
| (၁၈-၃) | **မျက်စိကွယ်သူပေါင်း(အသစ်)** ဆိုသည်မှာ အမြင်ကားချပ်၏ အကြီးဆုံးစာလုံးကို ပိုမိုကောင်းမွန်သောမျက်စိဖြင့် (၃)မီတာ (၁၀ ပေ) အကွာအဝေးမှ မြင်နိုင်စွမ်းမရှိသူ လူနာ(အသစ်)ဦးရေပေါင်းကို ဆိုလိုပါသည်။ |
| (၁၈-၄) | **မျက်တောင်စိုက် မျက်မွေးစူးလူနာပေါင်း (အသစ်)**ဆိုသည်မှာ မျက်ခမ်းစပ်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးအရ မျက်တောင်မွေးသည် မျက်လုံးအတွင်းဘက်သို့ ပုံမမှန် စိုက်ဝင်နေသူ လူနာ(အသစ်) ဦးရေပေါင်းကို ဆိုလိုပါသည်။ |



<u>မျက်တောင်စိုက် မျက်မွှေးစူးရောဂါ</u>

## အညွှန်းကိန်းများတွက်ချက်နည်း

| စဥ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၈။** | **မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံချက်** | | |
| ၁၈.၁ | မျက်စိလူနာ(အသစ်)ဖြစ်ပွားသူနှုန်း | မျက်စိလူနာ(အသစ်)ပေါင်း<br>---------------------------- x ၁၀၀၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၈-၁)<br>--------------- x ၁၀၀၀၀၀<br>ပုံစံ၃(၁) |
| ၁၈.၂ | ကူးစက်အဆင့်မျက်ခမ်းစပ် ရောဂါဖြစ်ပွားမှုနှုန်း(၁၀ နှစ်အောက်) | ကူးစက်အဆင့်မျက်ခမ်းစပ်လူနာပေါင်း (အသစ်) (၁၀နှစ်အောက်)<br>---------------------------- x ၁၀၀၀<br>၁၀ နှစ်အောက်ကလေးစုစုပေါင်း | ပုံစံ၂(၁၈-၂)<br>--------------- x ၁၀၀၀<br>ပုံစံ၃(၁)<br>အသက်(၁၀)နှစ်အောက် |
| ၁၈.၃ | မျက်စိကွယ်သူနှုန်း | မျက်စိကွယ်သူပေါင်း(အသစ်)<br>---------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၈-၃)<br>--------------- x ၁၀၀၀<br>ပုံစံ၃(၁) |
| ၁၈.၄ | မျက်တောင်စိုက်မျက်မွှေးစူး လူနာဖြစ်ပွားသူနှုန်း | မျက်တောင်စိုက်မျက်မွှေးစူးလူနာပေါင်း (အသစ်)<br>---------------------------- x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၁၈-၄)<br>--------------- x ၁၀၀၀<br>ပုံစံ၃(၁) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တ/မြို့ခ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေး/ရဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်/ရဌာန | ကျေးလက်/ရဌာနခွဲ | နယ်စပ်ဒေသဆေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၈။ | မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေး စီမံချက် | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

မျက်စိကွယ်နေသူများကိုရှာဖွေဖော်ထုတ်၍ အချိန်မီကုသပေးနိုင်ရန်၊ မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားမှုနှုန်းကိုသိရှိရန်၊ ကူးစက်အဆင့်ရှိသော မျက်ခမ်းစပ် လူနာများတွေ့ရှိပါက မကူးစက်အောင် ကာကွယ်ကုသရန်၊ မျက်ခမ်းစပ်နှင့် မျက်စိရောဂါအဖြစ်များသော အရပ်ဒေသများသို့ မျက်စိအထူးကု ဆရာဝန်ကြီးများမှ ကွင်းဆင်း၍သော်လည်းကောင်း၊ ဦးစားပေး စီမံချက်များ ရေးဆွဲ၍သော်လည်းကောင်း အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်၊ ကူးစက်မျက်ခမ်းစပ်ရောဂါနှင့် မျက်ခမ်းစပ်ရောဂါ နောက်ဆက်တွဲ ဆိုးကျိုးများကို ဆောလျင်စွာသိရှိပြီး ကုသပေးနိုင်ရန်ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးနှင့် အစားအစိပွါယ်ရှင်းလင်းချက် |
|---|---|
| **၁၉။** | **တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက်** |
| (၁၉-၁) | **ခွေးကိုက်ခံရသောလူနာပေါင်း** ဆိုသည်မှာ ခွေးကိုက်ခြင်း (သို့မဟုတ်) ခွေးဟပ်ခြင်းကြောင့် အကိုက်ခံရသူ၏အရေပြားသည် ပွန်းခြင်း၊ ပဲ့ခြင်း၊ စုတ်ပြဲခြင်းဖြစ်လျှင် ခွေးကိုက်သည်ဟု သတ်မှတ်ပါသည်။ (ခွေးရူးကိုက်ခံရသော လူနာလည်း အကျုံးဝင်ပါသည်။) |
| (၁၉-၂) | **ခွေးရူးကိုက်ခံရသောလူနာပေါင်း** ဆိုသည်မှာ အစီရင်ခံသည့်ကာလအတွင်း ခွေးရူးပြန်သည်ဟု သတ်မှတ်ထားသော ခွေးရူးကိုက်ခံရသည့် လူနာကို ဆိုလိုပါသည်။ |
| (၁၉-၃) | **ခွေးရူးရောဂါကာကွယ်ဆေးထိုးသူပေါင်း** ဆိုသည်မှာ အစီရင်ခံသည့် ကာလအတွင်း ခွေးကိုက်ခံရပြီးနောက် ခွေးရူးရောဂါကာကွယ်ဆေး ထိုးထားသူ လူအရေအတွက်ကို ဆိုလိုပါသည်။ |

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၁၉။** | **တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေးစီမံချက်** | | |
| ၁၉.၁ | ခွေးကိုက်ခံရသောလူနာဖြစ်ပွားနှုန်း | ခွေးကိုက်ခံရသောလူနာပေါင်း / လူဦးရေစုစုပေါင်း x၁၀၀၀၀၀ | ပုံစံ ၂ (၁၉-၁) / ပုံစံ ၃ (၁) x ၁၀၀၀၀၀ |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့မ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/မဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက်က/မဌာန | ကျေးလက်က/မဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၉။ | တိရစ္ဆာန်မှကူးစက်သောရောဂါနှိမ်နင်းရေး စီမံချက် | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

တိရစ္ဆာန်မှတဆင့် ကူးစက်သောရောဂါများ၏ အခြေအနေကို ထင်ဟပ်ဖော်ပြပါသည်။ ခွေးရူးရောဂါကာကွယ်ဆေး ထုတ်လုပ်ရန်၊ တင်သွင်းရန်၊ ဖြန့်ဝေရန် ပမာဏကို ခန့်မှန်း တွက်ချက်နိုင်မည် ဖြစ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၂၀။ | **ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက်**<br>ကျန်းမာရေးပြဿနာအမျိုးအမည်အလိုက်ဖော်ပြရန် ဖြစ်ပါသည်။<br>(၁) မျိုးဆက်ပွားကျန်းမာရေး၊ ကိုယ်ဝန်ဆောင်၊ မိခင်ကလေးကျန်းမာရေး ပညာပေးခြင်း။<br>(၂) ကာကွယ်ဆေးထိုးပညာပေးခြင်း<br>(၃) ကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း<br>(၄) မကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း<br>(၅) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှု ပညာပေးခြင်း<br>(၆) အခြား |
| (၂၀-၁) | **ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း** ဆိုသည်မှာ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ တိုးမြှင့်စေရန်အတွက် ဆေးခန်းတွင်ဖြစ်စေ၊ ကွင်းဆင်းရာတွင်ဖြစ်စေ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သည့် အကြိမ်ပေါင်းနှင့် ပါဝင်သည့် ပရိသတ် အရေအတွက်ကို ဖော်ပြရန်ဖြစ်ပါသည်။ ပြည်သူလူထုကို အဓိကဦးဆောင် အကြံပြုပေးနိုင်သောပုဂ္ဂိုလ်များ (Stakeholders)နှင့် ပြုလုပ်သည့် ဆွေးနွေးပွဲများလည်း အကျုံးဝင်ပါသည်။ |
| (၂၀-၂) | **ပညာပေး အထောက်အကူပြုပစ္စည်းများ ရရှိဖြန့်ဝေခြင်း** ဆိုသည်မှာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာစီမံချက်နှင့် အခြားစီမံချက် အသီးသီးမှ ရရှိဖြန့်ချိသော ပိုစတာ၊ ဗီနိုင်း၊ လက်ကမ်းစာစောင်၊ စာအုပ် စာတမ်း၊ ဗီဒီယိုခွေ၊ ကက်ဆက်ခွေ၊ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီတို့အားဖြန့်ဝေခြင်း၊ မိမိတို့ဒေသနှင့်ဆီလျော်သည့် ပညာပေးပစ္စည်းများရရှိခြင်း၊ ဖြန့်ဝေခြင်း နှင့်ပတ်သက်၍ အကြိမ်ပေါင်းနှင့် ပစ္စည်းအရေအတွက်ကို ဖော်ပြရန် ဖြစ်ပါသည်။<br>(ဥပမာ-ဖြန့်ဝေထားသော ဗီဒီယိုခွေအားပြသရန် စီစဉ်ဆောင်ရွက်ခြင်း၊ မိမိဒေသတွင်း ဖြစ်ပေါ်နေသော ကျန်းမာရေးပြဿနာအခြေအနေ၊ လိုအပ် |

ချက်များအရ ပညာပေးနှိုးဆော်သည့် စာရွက်စာတမ်း၊ ကက်ဆက်ခွေများ ထုတ်လုပ်ခြင်း၊ ဆိုင်းဘုတ်များထောင်ခြင်းတို့ ပါဝင်ပါသည်။)

(၂၀-၃) **ဆေးရုံများတွင် ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ ပညာပေးများ နမူနာပြပြုလုပ်၍ နားလည်မှု ပြန်လည်ဆွေးနွေးခြင်း (Teach-back session)များ ပြုလုပ်ခြင်း** ဆိုသည်မှာ ဆေးရုံများတွင် လူနာ/လူနာစောင့်များအား ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ ပညာပေးများ နမူနာပြ ပြုလုပ်၍ သိနားလည်မှုကို ပြန်လည်ဆွေးနွေးခြင်းများ ပြုလုပ်သည့် အကြိမ်နှင့် လူအရေအတွက်ကို ဖော်ပြပေးရန်ဖြစ်ပါသည်။

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၂၀။ | **ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက်** | | |
| ၂၀.၁ | **မြို့နယ်အဆင့်** | | |
| | မြို့နယ်၏ပျမ်းမျှတစ်လတွင် ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆောင်ရွက်သည့် အကြိမ်ပေါင်း | မြို့နယ်၏တစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆောင်ရွက် သည့် အကြိမ်ပေါင်း<br>----------------------------------------<br>၁၂လ | ပုံစံ ၂ (၂၀)<br>---------------<br>၁၂လ |
| | အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ပျမ်းမျှတစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆောင်ရွက် သည့် အကြိမ်ပေါင်း | မြို့နယ်၏တစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆောင်ရွက် သည့် အကြိမ်ပေါင်း<br>----------------------------------------<br>မြို့နယ်ရှိအခြေခံကျန်းမာရေးဝန်ထမ်း စုစုပေါင်း | ပုံစံ ၂ (၂၀)<br>---------------<br>ပုံစံ၄(၂)(မြို့နယ်ရှိ အခြေခံကျန်းမာရေး ဝန်ထမ်းစုစုပေါင်း) |
| ၂၀.၂ | **တိုင်းဒေသကြီး/ ပြည်နယ်အဆင့်** | | |
| | တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်တစ်ခု၏ ပျမ်းမျှတစ်လတွင် ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဆောင်ရွက်သည့် အကြိမ်ပေါင်း | တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ တစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဆောင်ရွက်သည့် အကြိမ်ပေါင်း<br>----------------------------------------<br>၁၂လ x (သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိမြို့နယ်အရေအတွက်ပေါင်း) | ပုံစံ ၂ (၂၀)<br>---------------<br>၁၂လ x (သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အရေအတွက်ပေါင်း) |
| | အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦး၏ တစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေးဆောင်ရွက် သည့် ပျမ်းမျှအကြိမ်ပေါင်း | တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ တစ်နှစ်အတွင်း ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဆောင်ရွက်သည့် အကြိမ်ပေါင်း<br>----------------------------------------<br>တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း | ပုံစံ ၂ (၂၀)<br>---------------<br>ပုံစံ(၄)( တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ အခြေခံ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း) |

# မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

# သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့ ခ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေးက/ဖဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် က/ဖဌာန | ကျေးလက်က/ဖဌာနခွဲ | နယ်စပ်ဆေးပေးခန်း | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၀။ | ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက် | √ | √ | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

ပြည်သူလူထုတွင် ကျန်းမာရေးအသိပညာဗဟုသုတများရရှိစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ပြုမူနေထိုင်တတ်ကြစေရန်၊ အသိပေးဆွေးနွေးပွဲများ၊ ကျန်းမာရေးပညာပေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေကို ဖော်ပြပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်မှုများကို ကြီးကြပ်ဆန်းစစ်ရန်နှင့် လိုအပ်လျှင် ဖြည့်ဆည်းဆောင်ရွက်စေရန် ရည်ရွယ်ပါသည်။

| လုပ်ငန်း အမှတ်စဉ် | လုပ်ဆောင်ချက်အမျိုးအစားနှင့် အဓိပ္ပါယ်ရှင်းလင်းချက် |
|---|---|
| ၂၁။ | **အတက်ရောဂါစီမံချက်** |
| | **ဆေးခန်း/ ကွင်းဆင်းရာတွင် လာရောက်ပြသသူများနှင့် ဆေးခန်း/ ကွင်းဆင်းရာတွင် လာရောက်မပြသသော်လည်း အတက်ရောဂါစီမံချက်ပါ ရောဂါရှိသူများ မိမိဒေသအတွင်းတွင် ရှိနေပါက သုံးလချုပ်တွင် စာရင်းထည့်သွင်းကောက်ယူရမည်။** |
| | **မှတ်ချက်** - ရောဂါတိုင်းအတွက်လူနာတစ်ဦးအား တစ်နှစ်လျှင်တစ်ကြိမ်သာ စာရင်းကောက်မည်။ နောက်နှစ်အစတွင် ရောဂါလက္ခဏာများရှိနေသေးပါက ၎င်းလူနာအား ထပ်မံစာရင်းကောက်ပါမည်။ |
| (၂၁-၁) | **အတက်ရောဂါလူနာအသစ်ပေါင်း ဆိုသည်မှာ** အတက်ရောဂါဖြင့် ပထမအကြိမ် လာရောက်ပြသသောလူနာကို ဆိုလိုပါသည်။ (ကျား/မ) ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။ လွန်ခဲ့သောတစ်နှစ်အတွင်း လတ်တလောအကြောင်းရင်းခံမရှိဘဲ (၂၄) နာရီခြား၍ အနည်းဆုံး(၂)ကြိမ်နှင့်အထက် တက်ခြင်းကို Convulsive Epilepsy ဟု သတ်မှတ်နိုင်ပါသည်။ တက်ခြင်းဆိုသည်မှာ ခန္ဓာကိုယ်တစ်ခုလုံး ကောက်ကွေးကာ ဆတ်ခနဲ ဆတ်ခနဲ (၁-၂) မိနစ်ခန့် တုန်၍ လှုပ်နေသည့်အပြင် အောက်ဖော်ပြပါ လက္ခဏာများအနက်မှ အနည်းဆုံး(၂)ခု ရှိရပါမည်။ သတိလုံးဝလစ်ခြင်း၊ တောင့်တင်းနေခြင်း၊ လျှာကိုက်မိခြင်း(သို့မဟုတ်) လူနာလဲကျသွားစဉ် ဒဏ်ရာရရှိခြင်း၊ ဆီးဝမ်းထွက်ကျခြင်း/ မထိန်းနိုင်ခြင်း၊ တက်ပြီးနောက် မောပန်းနွမ်းနယ်ခြင်း၊ အိပ်ငိုက်ခြင်း၊ သတိကောင်းစွာ မရသေးဘဲ ဇဝေဇဝါဖြစ်နေခြင်း၊ အပြုအမူ ပုံမမှန်ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခန္ဓာကိုယ် နာကျင်ခြင်း၊ ခန္ဓာကိုယ်တစ်ခြမ်း၊ တစ်ဖက်လှုပ်ရှားမှု အားနည်းနေခြင်း တို့ဖြစ်ပါသည်။ |
| | လတ်တလော အကြောင်းရင်းခံများမှာ ((ဥပမာ) အဖျားကြီးခြင်း (ကလေးများ)၊ ဦးနှောက်အတွင်းရောဂါပိုးဝင်ခြင်း (ဦးနှောက်အမြှေးပါးရောင်ခြင်း၊ ဦးနှောက်အတွင်း ငှက်ဖျားပိုးဝင်ခြင်း)၊ ဦးခေါင်းထိခိုက်ဒဏ်ရာရရှိခြင်း) စသည်တို့ ဖြစ်ပါသည်။ |

(၂၁-၂) **အတက်ရောဂါလူနာသစ်များအနက် ကုသပေးသောအတက်ရောဂါ လူနာအသစ်ပေါင်း** ဆိုသည်မှာ အတက်ရောဂါလူနာသစ်များအနက် ဆေးကုသပေးသော လူနာအရေအတွက်ကို ဆိုလိုပါသည်။ (ကျား/မ) ခွဲခြားဖော်ပြရန်ဖြစ်ပါသည်။

(၂၁-၃) **ကုသပေးသောအတက်ရောဂါလူနာအကြိမ်ပေါင်း (သစ် + ဟောင်း)** ဆိုသည်မှာ အတက်ရောဂါဖြင့် ဆေးကုသမှုခံယူရန် လာရောက်ပြသသော လူနာအကြိမ်ပေါင်း (သစ် + ဟောင်း)ကို ဆိုလိုပါသည်။

(၂၁-၄) **အထက်အဆင့်များသို့ လွှဲပြောင်းပေးသော လူနာအကြိမ်ပေါင်း** ဆိုသည်မှာ အစီရင်ခံသူ ကျန်းမာရေးဝန်ထမ်းသည် အတက်ရောဂါလူနာအား အထက်အဆင့်သို့ ထပ်ဆင့်ညွှန်းပို့ ပေးသူ လူနာအကြိမ်ပေါင်း (ဆေးခန်း + ကွင်းဆင်း)ကို ဆိုလိုပါသည်။

## အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| **၂၁** | **အတက်ရောဂါစီမံချက်** | | |
| ၂၁.၁ | အတက်ရောဂါရှိသူနှုန်း | အတက်ရောဂါ လူနာအသစ်ပေါင်း<br>------------------------------------------------ x ၁၀၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၂(၂၁-၁)<br>------------ x ၁၀၀၀<br>ပုံစံ၃(၁) |
| ၂၁.၂ | အတက်ရောဂါကုသ စောင့်ရှောက်ခြင်းလွှမ်းခြုံမှု ရာခိုင်နှုန်း | အတက်ရောဂါလူနာသစ်များအနက် ကုသပေးသော အတက်ရောဂါ လူနာအသစ်ပေါင်း<br>------------------------------------------------ x ၁၀၀<br>တစ်နှစ်အတွင်းခန့်မှန်းအတက်ရောဂါရှိလူနာစုစုပေါင်း (လူဦးရေ ၁၀၀၀ လျှင် ၁.၅ ယောက်နှုန်း) | ပုံစံ၂(၂၁-၂)<br>------------ x ၁၀၀<br>ပုံစံ၃(၁)x(၁.၅/၁၀၀၀) |

## မှတ်ပုံတင်မှတ်တမ်းစာအုပ်များ

၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

## သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရမည့်နေရာဌာနများ

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(ပြင်ပလူနာ) | မြို့နယ်/ခွဲ/တိုက်နယ်ဆေးရုံ(အတွင်းလူနာ) | ဒေသန္တရ/မြို့ ခ | ရောဂါတိုက်ဖျက်ရေး | မိခင်နှင့်ကလေး/ခဌာန | ကျောင်းကျန်းမာ | တိုက်နယ်ကျန်းမာရေးဌာန | ကျေးလက် ယ/ခဌာန | ကျေးလက်ယ/ခဌာနခွဲ | နယ်ပယ်ဆေးပေးနှံ | ကွင်းဆင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၁။ | **အတက်ရောဂါ စီမံချက်** | √ | × | √ | √ | √ | √ | √ | √ | √ | √ | √ |

## အသုံးပြုပုံ

မြို့နယ်အတွင်း အတက်ရောဂါဖြစ်ပွားမှုနှုန်းကို သိရှိနိုင်ပါသည်။ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အတက်ရောဂါအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဥ်၌ ထည့်သွင်းပေးနိုင်မည်ဖြစ်ပါသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အတက်ရောဂါဆိုင်ရာ ကုသမှု ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်းကိုလည်း တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါသည်။

အတက်ရောဂါကုသစောင့်ရှောက်ခြင်းလွှမ်းခြုံမှုရာခိုင်နှုန်းကို ရရှိခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်အား ဆန်းစစ်နိုင်သည့်အပြင် ဆေးဝါးလိုအပ်ချက် တွက်ချက်ခန့်မှန်းရန်အတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ အတက်ရောဂါကုသပေးသည့် အကြိမ်ပေါင်းမှ အတက်ရောဂါဝန်ဆောင်မှုပေးသည့် ပမာဏကို သိနိုင်မည်ဖြစ်ပါသည်။ အထက်အဆင့်သို့ လွှဲပြောင်းပေးသည့် အတက်ရောဂါအကြိမ်ပေါင်းမှ လွှဲပြောင်းသည့်စနစ် (referral system) လည်ပတ်မှုအခြေအနေနှင့် ကုသမှုအရည်အသွေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။

# လုပ်ငန်းဆောင်တာ မြတ်ကဗျာ

M M M

◈ နေ့ရောညပါ ၊ ဝန်ဆောင်ပေးလို့ သတင်းစာရင်း တိကျမယ်။

◈ ထူးခြားဖြစ်စဉ် ၊ အမြန်သိလို့ ထိထိရောက်ရောက် စောင့်ရှောက်ကွယ်။

◈ သဘာဝဘေး ၊ ချိန်မရွေးတော့ မနှေးမြန်မြန် ကယ်ရမယ်။

◈ ဆက်သွယ်ရေးတွေ ၊ မနှောင့်နှေးဘဲ အပြေးသွားလို့ ကူညီမယ်။

◈ အခက်အခဲများရင် ၊ ညဏ်ယှဉ်သုံးလို့ အားလုံးဝိုင်းကာ ဖြေရှင်းကွယ်။

◈ ဒုက္ခရောက်သူ ၊ စောင့်ရှောက်ကူမှ ချမ်းသာသုခ ပြည့်ဝမယ်။

◈ တာဝန်လည်းကျေ ၊ ကုသိုလ်လည်းရ ကောင်းတဲ့ဘဝ ပိုင်ကြမယ်။

◈ စိတ်ရှည်ဖွဲ့သန် ၊ သည်းခံကြလို့ ဝန်ထမ်းဘဝ ပျော်ကြမယ်

◈ ဆောင်ရွက်ကွယ်. . . ကျေနပ်ဖွယ်. . . ။

ဒေါ်ဝင်းကြည်
သားဖွားဆရာမ(ငြိမ်း)
မင်းဘူး၊ ကျောက်တန်း

# အခန်း(၃)

# သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန် စစ်ဆေးခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်နည်းလုပ်ဟန်

**ရည်ရွယ်ချက်**

ကျန်းမာရေးသတင်းစနစ်တွင် ကောက်ယူသော သတင်းအချက်အလက်များ၏ အရည်အသွေးကောင်းမွန်ခြင်းသည် ၎င်းသတင်းအချက်အလက် အသုံးပြုသူများအား မိမိတို့ လုပ်ငန်းများ၏ ပြီးမြောက်အောင်မြင်မှုကို တိုင်းတာရာတွင်လည်းကောင်း၊ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများရွေးချယ်ရာတွင်လည်းကောင်း များစွာအကျိုးသက်ရောက်မှု ရှိသည်ဖြစ်သောကြောင့် သတင်းအချက်အလက်အရည်အသွေး ကောင်းမွန်စေရန် သတင်း အချက်အလက် မှန်ကန်မှုစစ်ဆေးသော နည်းလမ်းများစွာ ရှိသည့်အနက် မှတ်ပုံတင်၊ မှတ်တမ်းများနှင့် ပေးပို့သော သတင်းအချက်အလက်များအကြား ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးသောနည်းအား ၂၀၁၉ ခုနှစ်မှ စတင် အသုံးပြုမည် ဖြစ်ပါသည်။

**လုပ်နည်းလုပ်ဟန်**

**(က) စစ်ဆေးရမည့်ကာလ**

သုံးလချုပ်ပုံစံ(၂)ချုပ်သည့် မတ်လ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလ တို့တွင် သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းကိုပါ တစ်ပါတည်း ပြုလုပ်ရပါမည်။

**(ခ) စစ်ဆေးရမည့် အကြောင်းအရာ**

မည်သည့် သတင်းအချက်အလက်များ(စီမံချက်နှင့် စာတိုင်များ)အား စစ်ဆေးရမည် ဆိုသည်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သတင်းအချက်အလက်ဌာနခွဲမှ စစ်ဆေးရမည့် လကုန်ရက်မတိုင်မီ ရွေးချယ်၍ မြို့နယ်သို့စာရင်းပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

**(ဂ) စစ်ဆေးမည့် စာတိုင်ရွေးချယ်မှု**

ကျန်းမာရေးဌာနတိုင်းသည် ဗဟိုမှ ရွေးချယ်သတ်မှတ်ပေးလိုက်သော စာတိုင်များ အနက်မှ တစ်ခုကို မဲနှိုက်ရွေးချယ်ပြီး မဲကျရာတစ်ခုကို မိမိဌာနအောက်ရှိ ပင်မကျေးလက် ကျန်းမာရေးဌာန (Main center) အပါအဝင် ကျေးလက်ကျန်းမာရေးဌာနခွဲ အားလုံးရှိ

ဝန်ထမ်းများ(မဲကျသည့်စာတိုင်အား တာဝန်ယူဆောင်ရွက်နေသူ)အား စစ်ဆေးခံစေရမည် ဖြစ်သည်။ ဥပမာ - ယခုလ မှတ်ပုံတင်ကိုယ်ဝန်ဆောင်အသစ်ပေါင်းစာတိုင်ကို စစ်ဆေးရန် မဲကျပါက ယင်းစာတိုင်နှင့်ပတ်သက်၍ အဓိကတာဝန်ယူဆောင်ရွက်နေသော သားဖွား ဆရာမများ အကျုံးဝင်မည်ဖြစ်ပြီး၊ ငှက်ဖျားပိုးတွေ့လူနာသစ်ပေါင်းစာတိုင်ကို စစ်ဆေးရန် မဲကျပါက ယင်းစာတိုင်နှင့် ပတ်သက်၍ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းအားလုံး အကျုံးဝင်မည် ဖြစ်ပါသည်။

**(ဃ) အချင်းချင်းလဲလှယ်စစ်ဆေးရမည့် ကျန်းမာရေးဌာနရွေးချယ်မှု**

မြို့နယ်မှ သတင်းအချက်အလက်တာဝန်ခံ၏ ဦးဆောင်မှုနှင့် ကျန်းမာရေးဌာနများ သည် မိမိတို့အား စစ်ဆေးပေးမည့် ကျန်းမာရေးဌာနကို မဲနှိုက်ရွေးချယ်ရမည် ဖြစ်ပါသည်။ ဤနည်းဖြင့် ကျန်းမာရေးဌာနတိုင်းသည် အစစ်ဆေးခံရမည်ဖြစ်ပြီး ယင်းတို့ကိုယ်တိုင်လည်း အခြားကျန်းမာရေးဌာနအတွက် စစ်ဆေးသူများ ဖြစ်ပါမည်။ အဆင်သင့်ရာ ကျန်းမာရေးဌာန နှစ်ခု အပြန်အလှန် လဲလှယ်စစ်ဆေးခြင်းမျိုး မပြုလုပ်သင့်ပါ။

**(င) စစ်ဆေးပုံ**

စစ်ဆေးရမည့်လများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးသည် ပေးပို့ ပုံစံများသာမက **မှတ်ပုံတင်၊ မှတ်တမ်းစာအုပ်**များ တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်ပါ သည်။ စစ်ဆေးရန်မဲကျထားသည့် သတင်းအချက်အလက်များ၏ အဆိုပါပေးပို့ပုံစံရှိ ကိန်းဂဏန်းနှင့် **မှတ်ပုံတင်၊ မှတ်တမ်းစာအုပ်**များရှိ ကိန်းဂဏန်း အရေအတွက်ကို **"သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းမှတ်တမ်း စာရွက်"**တွင် ကူးယူဖြည့်သွင်း၍ ကိုက်ညီမှုရှိ/မရှိကို မြို့နယ်ရှိ သတင်းအချက်အလက် တာဝန်ခံ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနများ အချင်းချင်း လဲလှယ်စစ်ဆေးရမည် ဖြစ်ပါသည်။

ကိုက်ညီမှုမရှိရသည့်အကြောင်းပြချက်ကို ရှာဖွေဖော်ထုတ်ခြင်း၊ သတင်းအချက် အလက်အရည်အသွေး ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကြံပြုဆွေးနွေးပြီး နောက်သုံးလတွင် ဆောင်ရွက်ပြီးစီးခြင်းရှိ၊မရှိ ပြန်လည်စစ်ဆေးခြင်း တို့ကိုလည်း **"သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း မှတ်တမ်းစာရွက်"**တွင် ဖြည့်သွင်းရေးမှတ်စေခြင်းအားဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ အကြား အပြုသဘောဆောင်သည့် စစ်ဆေး၊ ဆွေးနွေး၊ အဖြေရှာခြင်း အလေ့အထကို နမူနာပြ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါသည်။

## သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းမှတ်တမ်းစာရွက်

**မြို့နယ်** ဆိုသည်မှာ သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း ပြုလုပ်သည့် မြို့နယ်အမည်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်** ဆိုသည်မှာ သတင်းအချက်အလက်များ အရည်အသွေး ပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းပြုလုပ်သည့် တိုင်းဒေသကြီး/ပြည်နယ်၏အမည် ကိုရေးသားဖော်ပြရန် ဖြစ်ပါသည်။

**စစ်ဆေးမှုခံယူသည့်ဌာနအမည်** ဆိုသည်မှာ သတင်းအချက်အလက်များ အရည် အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း ပြုလုပ်ရာတွင် ကျန်းမာရေးဌာနများ အချင်းချင်း လဲလှယ်စစ်ဆေးကြသည့်အခါ အစစ်ဆေးခံရသည့် ကျန်းမာရေးဌာန၏ အမည်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

**စစ်ဆေးသည့်ဌာနအမည်** ဆိုသည်မှာ သတင်းအချက်အလက်များ အရည်အသွေး ပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း ပြုလုပ်ရာတွင် ကျန်းမာရေးဌာနများ အချင်းချင်း လဲလှယ်စစ်ဆေးကြသည့်အခါ စစ်ဆေးရန် တာဝန်ယူရသည့် ကျန်းမာရေးဌာန၏ အမည်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

****မှတ်ချက်-** ကျန်းမာရေးဌာနဟုဆိုရာတွင် ယင်းမြို့နယ်အတွင်းရှိ ကျေးလက် ကျန်းမာရေးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ဒေသန္တရ/မြို့မနှင့် မိခင်ကလေး ကျန်းမာရေးဌာနတို့အကျုံးဝင်ပါသည်။

**စစ်ဆေးသည့်စာတိုင်အမည်** ဆိုသည်မှာသတင်းအချက်အလက်များ အရည်အသွေး ပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း ပြုလုပ်ရာတွင် စစ်ဆေးမည့် စာတိုင်အမည်ကို ဤလက်စွဲစာအုပ်ပါအတိုင်း ရေးသားဖော်ပြရန် ဖြစ်ပါသည်။(ဥပမာ- အထွေထွေ ဆေးခန်းလာလူနာအသစ်ပေါင်း - စသည်)

**စစ်ဆေးသည့်လ/ခုနှစ်** ဆိုသည်မှာ ပုံမှန်စစ်ဆေးခြင်း ပြုလုပ်သည့်ပေးပို့ပုံစံပါ အချုပ် ချုပ်ဆိုသည့်လနှင့် ခုနှစ်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(က) **စဥ်** ဆိုသည်မှာ အစစ်ဆေးခံသည့် ကျန်းမာရေးဌာနခွဲများကို အမှတ်စဥ် တပ်၍ ရေးသားဖော်ပြခြင်းကို ဆိုလိုပါသည်။

(ခ) **စစ်ဆေးမှုခံယူသည့်ဌာနခွဲနှင့်ရာထူးအမည်** ဆိုသည်မှာ သတင်းအချက် အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်း ပြုလုပ်ရာတွင် ကျန်းမာရေးဌာနများ အချင်းချင်း လဲလှယ်စစ်ဆေးကြသည့် အခါ အစစ်ဆေးခံရသည့် ကျန်းမာရေးဌာနအပိုင် နယ်မြေအတွင်းရှိ စစ်ဆေးခံ

ကျန်းမာရေးဌာနခွဲများ (ပင်မဌာနအပါအဝင်)၏ အမည်ကို စစ်ဆေးမည့် စာတိုင်နှင့် သက်ဆိုင်သော အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ရာထူး အမည်နှင့် တွဲဖက်၍ ဖော်ပြရန် ဖြစ်ပါသည်။

(ဥပမာ - ဝတီးကျေးလက်ကျန်းမာရေးဌာနကို ယခုလမှတ်ပုံတင်ကိုယ်ဝန် ဆောင်အသစ်ပေါင်းနှင့် ပတ်သက်၍ စစ်ဆေးရန်ဖြစ်ပါက ဖော်ပြပါနမူနာ အတိုင်း ရေးသားရပါမည်။

| စဉ် | စစ်ဆေးမှုခံယူသည့်ဌာနခွဲနှင့်ရာထူးအမည် |
|---|---|
| ၁။ | ဝတီးပင်မကျေးလက်ကျန်းမာရေးဌာန - သားဖွားဆရာမ |
| ၂။ | ညောင်ပင်ကြီးကျေးလက်ကျန်းမာရေးဌာနခွဲ - သားဖွားဆရာမ |
| ၃။ | ခေါင်ရမ်းကျေးလက်ကျန်းမာရေးဌာနခွဲ - သားဖွားဆရာမ |
| ၄။ | ကျောင်းရှစ်ဆယ်ကျေးလက်ကျန်းမာရေးဌာနခွဲ - သားဖွားဆရာမ |
| ၅။ | အုန်းပင်ကျေးလက်ကျန်းမာရေးဌာနခွဲ - သားဖွားဆရာမ |

(ဂ) **ပေးပို့ပုံစံရှိအရေအတွက်**ဆိုသည်မှာ စစ်ဆေးမည့်စာတိုင်ကို အဓိက တာဝန်ယူ ဆောင်ရွက်နေသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အစီရင်ခံစာလချုပ် ပေးပို့ပုံစံပေါ်ရှိ စစ်ဆေးသောစာတိုင်နေရာတွင် တွေ့ရှိရသည့် ကိန်းဂဏန်းအရေအတွက်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(ဃ) **မှတ်ပုံတင်၊မှတ်တမ်းရှိအရေအတွက်** ဆိုသည်မှာ စစ်ဆေးမည့်စာတိုင်နှင့် သက်ဆိုင်သော အခြေခံကျန်းမာရေးဝန်ထမ်းများ၏ သက်ဆိုင်ရာ မှတ်ပုံ တင်၊ မှတ်တမ်းစာအုပ်များမှ ကိန်းဂဏန်းကို ရေတွက်၍ ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(င) **ကိုက်ညီမှုမရှိရသည့်အကြောင်းပြချက်** ဆိုသည်မှာ ပေးပို့ပုံစံနှင့်မှတ်ပုံတင်၊ မှတ်တမ်းပေါ်ရှိ စစ်ဆေးသော စာတိုင်နေရာတွင် တွေ့ရှိရသော ကိန်းဂဏန်းအရေအတွက်များ ကွဲပြားနေပါက မည်သည့်အကြောင်း ကြောင့် ကိုက်ညီမှု မရှိရသည်ကို ရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။

(စ) **ဆောင်ရွက်ရန်** ဆိုသည်မှာ စစ်ဆေးသောစာတိုင်တွင် တွေ့ရှိရသည်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ အရည်အသွေး ပြည့်မီစေရန်

ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။

(ဆ) **ဆောင်ရွက်ထားရှိမှု/ပြီးစီးမှု ရှိ/မရှိ** ဆိုသည်မှာ စစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် အကြံပြုထားသည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု/ပြီးစီးမှု အခြေအနေကို ပြန်လည်ဆန်းစစ်ပြီး မှတ်တမ်းတင်ရန် ဖြစ်ပါသည်။

(ဇ) **မှတ်ချက်** ဆိုသည်မှာ စစ်ဆေးသောအကြောင်းအရာနှင့် ပတ်သက်သည့် တွေ့ရှိချက်များ၊ ဆောင်ရွက်ထားရှိမှုများအပေါ် မှတ်ချက်ပြုလိုသည်များကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

**အစီရင်ခံပေးပို့မှု**

သတင်းအချက်အလက်များ အရည်အသွေးပြည့်မီစေရန် ပုံမှန်စစ်ဆေးခြင်းကို ဆောင်ရွက်ပြီးနောက် မှတ်တမ်းစာရွက်တွင် ဖြည့်စွက်ပြီးလျှင် မြို့နယ်တာဝန်ခံထံသို့ ပေးပို့ရမည်။ DHIS2၌ အစီရင်ခံပေးပို့ရန် DHIS2 တွင် စစ်ဆေးမှုခံယူသည့် ဌာနအမည်၊ Data Quality ပုံစံ၊ သက်ဆိုင်သော အချိန်ကာလကိုရွေးချယ်ပြီး၊ စစ်ဆေးသည့်စာတိုင်ကိုသာ ပေးပို့ပုံစံရှိ အရေအတွက်နှင့် မှတ်ပုံတင်၊ မှတ်တမ်းရှိ အရေအတွက်တို့ကို ဖြည့်စွက်ရန်ဖြစ်ပါသည်။ အညွှန်းကိန်းအနေဖြင့် ကိုက်ညီမှုရှိသည့် သတင်းအချက်အလက်အရည်အသွေးရာခိုင်နှုန်းကို သိရှိနိုင်မည် ဖြစ်ပါသည်။

# မြန်မာ့ကျန်းမာရေးသတင်းစနစ်

ပြည်သူ့ကျန်းမာလုပ်ငန်းစဉ်
ချက်ချင်းဆောင်ရွက်.....မှတ်တမ်းတင်။

လိုလျှင်သုံးသပ်.....အဖြေထွက်
မြန်ဆန်အင်တာနက်။

သတင်းစနစ်ခေတ်မှီကာ
တို့ပြည်မြန်မာ.....ကမ္ဘာဆန့်ခဲ့။

မိုးယံ(ရေစကြို)

# အခန်း (၄)
# နှစ်ချုပ်တွင်ပါဝင်သော သတင်းအချက်အလက်များ၏ အဓိပ္ပါယ်ရှင်းလင်းချက်

စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်ပါ အညွှန်းကိန်းများကို တွက်ချက်ဆန်းစစ်နိုင်ရန်အတွက် လိုအပ်သော လူဦးရေစာရင်းများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များနှင့် အရင်းအမြစ်များကို ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများမှ ပေးပို့သော နှစ်ချုပ်ပုံစံ(၃)ဖြင့် လည်းကောင်း၊ မြို့နယ်တာဝန်ခံမှ ပြုစုသော နှစ်ချုပ်ပုံစံ(၄)(မြို့နယ်မှသာဖြည့်စွက်ရန်) အပိုင်းဖြင့်လည်းကောင်း စုစည်းဖော်ပြရမည် ဖြစ်ပါသည်။

**နှစ်ချုပ်ပုံစံ (၃)**

သားဖွားဆရာမ/ကျန်းမာရေးကြီးကြပ်(၂)သည် သက်ဆိုင်ရာအပိုင်နယ်မြေအတွင်းရှိ လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များကို တစ်နှစ်လျှင်တစ်ကြိမ် စာရင်းပြုစု၍ နှစ်ချုပ်ပုံစံ(၃)တွင် ဖြည့်သွင်းပြီး သတင်းပေးပို့ရမည် ဖြစ်ပါသည်။ သို့ရာတွင် ပုံစံ(၃)၏ အမှတ်စဉ်(၇)ဖြစ်သည့် လူထုပါဝင်မှု အခြေအနေကဏ္ဍအတွက်မူ လိုအပ်သော အချက်အလက်များကို လစဉ်မှတ်သားထားရန် လိုအပ်ပါသည်။ သို့မှသာ တစ်နှစ်တာအတွက် စုပေါင်းရေးသွင်းနိုင်မည် ဖြစ်ပါသည်။ အဆိုပါအချက်အလက်များ အပြင် သက်ဆိုင်ရာကျန်းမာရေးဌာနနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များကိုပါ ဖြည့်စွက်၍ နှစ်ချုပ်ပုံစံ(၃)အဖြစ် စုစည်းပြီး အထက်အဆင့် အသီးသီးသို့ သတင်းပေးပို့ ရမည်ဖြစ်ပါသည်။

**ဌာန/ခွဲ** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာပေးပို့သူ တာဝန်ကျရာနယ်ပယ်နှင့် သက်ဆိုင်သော ကျန်းမာရေးဌာန/ခွဲ၏အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**မြို့နယ်** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာပေးပို့သူ တာဝန်ကျရာနယ်ပယ်နှင့် သက်ဆိုင်သောမြို့နယ်အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာပေးပို့သူ တာဝန်ကျရာ နယ်ပယ်နှင့်သက်ဆိုင်သော တိုင်းဒေသကြီး/ပြည်နယ်အမည်ကို ဖော်ပြရန် ဖြစ်ပါ သည်။

**အစီရင်ခံသည့်ခုနှစ်** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာပေးပို့သည့် ခုနှစ်အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**နှစ်ချုပ်ပြုစုသည့်ရက်စွဲ** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာ ပြုလုပ်သည့်ရက်စွဲကို ဖော်ပြရန် ဖြစ်ပါသည်။

၁။ **လူဦးရေ** ဆိုသည်မှာ နှစ်ချုပ်အစီရင်ခံစာပေးပို့သူသည် မိမိတာဝန်ကျရာ နယ်ပယ်အတွင်းရှိ လူဦးရေစုစုပေါင်း(ရှိ)နှင့် သေဆုံးမှု(သေ)ကို ဖော်ပြရန် ဖြစ်ပါသည်။ အသက်အုပ်စုအလိုက်ကို (ကျား/မ)ခွဲ၍ တိကျမှန်ကန်စွာ ဖော်ပြရန် ဖြစ်ပါသည်။ ၎င်းလူဦးရေစာရင်းကို လူဦးရေနှင့် နှစ်ချုပ်စာရင်း မှတ်တမ်းမှ စုစုပေါင်းအရေအတွက်ကိုယူ၍ ဖြည့်စွက်ခြင်းဖြင့် ရရှိနိုင် ပါသည်။

**စုစုပေါင်းလူဦးရေ**ဆိုသည်မှာ တာဝန်ကျဒေသအတွင်းရှိ လူဦးရေစုစုပေါင်းကို ကျား/မအလိုက် (ရှိ/သေ)ဟု ခွဲခြားဖော်ပြပြီး၊ ကျား (ရှိ) နှင့် မ(ရှိ)တို့ ပေါင်းခြင်းသည် စုစုပေါင်း(ရှိ)အရေအတွက်နှင့် တူညီရမည်ဖြစ်ပြီး၊ ကျား (သေ) နှင့် မ(သေ) တို့ပေါင်းခြင်းသည် စုစုပေါင်း(သေ)အရေအတွက်နှင့် တူညီရမည် ဖြစ်ပါသည်။ **စုစုပေါင်းလူဦးရေ**တွင် မြို့ပြရှိလူဦးရေနှင့် ကျေးလက်ရှိလူဦးရေကို ထပ်မံဖော်ပြရန် ဖြစ်ပါသည်။ စုစုပေါင်းလူဦးရေ (ကျား/မ)(ရှိ) အရေအတွက်သည်မြို့ပြရှိလူဦးရေနှင့် ကျေးလက်ရှိလူဦးရေ နှစ်ခုပေါင်းအရေအတွက်နှင့် တူညီရမည်ဖြစ်ပြီး စုစုပေါင်းလူဦးရေမှ စုစုပေါင်း(ရှိ)အကွက်တွင် ဖြည့်သွင်းရမည် ဖြစ်ပါသည်။

၂။ **မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး**

(၁) **ဇနီး၏အသက်(၁၅-၄၉)နှစ်အတွင်းရှိ ဇနီးမောင်နှံစုံတွဲ အရေအတွက်**

(၂) **ယခုလက်ရှိသားဆက်ခြားနည်း သုံးစွဲနေသော ဇနီးမောင်နှံစုံတွဲ အရေအတွက်(နည်းလမ်းအားလုံး)**

(၃) **ယခုလက်ရှိသားဆက်ခြားနည်း သုံးစွဲနေသော ဇနီးမောင်နှံစုံတွဲ အရေအတွက်(ခေတ်မီနည်းလမ်း)**တွင် စာရင်းကောက်ယူသောလအတွက် အသုံးပြုနေသော ခေတ်မီနည်းလမ်း အမျိုးအစားအလိုက် ဇနီးမောင်နှံစုံတွဲ အရေအတွက်ကို လူဦးရေနှင့်နှစ်ချုပ် စာရင်းမှတ်တမ်းမှ ကူးယူဖော်ပြရန် ဖြစ်ပါသည်။

၃။ **မကူးစက်သောရောဂါများဖြစ်ပေါ်စေနိုင်သည့်အန္တရာယ်အမူအကျင့်များ**

မကူးစက်သောရောဂါများ ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်အမူအကျင့်များအနက်မှ ဆေးလိပ်သောက်သူပေါင်းနှင့် ကွမ်းစားသုံးသူပေါင်းတို့ကို လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်းမှ ကူးယူဖော်ပြရန် ဖြစ်ပါသည်။

၄။ **ပတ်ဝန်းကျင်သန့်ရှင်းရေး**

လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်းမှကူးယူဖော်ပြရန် ဖြစ်သည်။

(၄-၁) **ယင်လုံအိမ်သာရှိသောအိမ်ခြေပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျဒေသအတွင်းရှိ အိမ်ခြေများမှ ယင်လုံအိမ်သာရှိသော အိမ်ခြေများကို ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

(၄-၂) **အိမ်သာရှိပြီးယင်မလုံသောအိမ်ခြေပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျဒေသအတွင်းရှိ အိမ်ခြေများမှ အိမ်သာရှိသော်လည်း ယင်မလုံသော အိမ်ခြေများကို ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

(၄-၃) **အိမ်သာလုံးဝမရှိသောအိမ်ခြေပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျဒေသအတွင်းရှိ အိမ်ခြေများမှ အိမ်သာလုံးဝမရှိသောအိမ်ခြေများကို ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

(၄-၄) **ယင်လုံအိမ်သာစုစုပေါင်း** ဆိုသည်မှာ မိမိ တာဝန်ကျဒေသအတွင်းရှိ အိမ်သာစုစုပေါင်းမှ ယင်လုံသော အိမ်သာအရေအတွက်ကိုသာ ထည့်သွင်းဖော်ပြရန် ဖြစ်ပါသည်။

(၄-၅) **ယင်လုံအိမ်သာအသုံးပြုသူလူဦးရေစုစုပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျဒေသအတွင်းရှိ ယင်လုံအိမ်သာအသုံးပြုသော လူဦးရေစုစုပေါင်းကို ဆိုလိုပါသည်။

၅။ **သောက်ရေအရင်းအမြစ်**

(က) **သောက်ရေအရင်းအမြစ်(အိမ်ခြေအရေအတွက်)**တွင် အဓိကသုံးစွဲမှု အမျိုးအစားအလိုက် အိမ်ခြေအရေအတွက်ကို လူဦးရေနှင့်နှစ်ချုပ် စာရင်းမှတ်တမ်းမှ ကူးယူဖော်ပြရန် ဖြစ်ပါသည်။

(ခ) **ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေရရှိသည့် လူဦးရေပေါင်း** ဆိုသည်မှာ တာဝန်ကျရာဒေသအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေရရှိသည့် လူဦးရေကို ဆိုလိုပါသည်။

၆။ **ကျောင်းနှင့်ကျောင်းသားပေါင်း**

**အခြေခံပညာကျောင်းများနှင့် ကျောင်းသားများ၏ အရေအတွက်ကို အစိုးရ၊ ပုဂ္ဂလိကနှင့် အခြားကျောင်းများ (မူလတန်းကြိုကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ နယ်စပ်ကျောင်းများနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ)ဟူ၍ ခွဲခြားဖော်ပြရန် ဖြစ်ပါသည်။**

(၆-၁) **အခြေခံပညာအထက်တန်းကျောင်းပေါင်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆-၂) **အခြေခံပညာအလယ်တန်းကျောင်းပေါင်း** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများ၏ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆-၃) **အခြေခံပညာမူလတန်းကျောင်းပေါင်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများ၏ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၆-၄) **အခြေခံပညာအထက်တန်းကျောင်းသားပေါင်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စာသင်လျက်ရှိသော အထက်တန်းကျောင်းသားပေါင်း (၉တန်း၊ ၁၀တန်း)

၏ ဦးရေကို စာရင်းပြုစု၍ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆-၅) **အခြေခံပညာအလယ်တန်းကျောင်းသားပေါင်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် စာသင်လျက်ရှိသော အလယ်တန်းကျောင်းသားပေါင်း (၅တန်း၊ ၆တန်း၊ ၇ တန်း၊ ၈တန်း)၏ ဦးရေကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆-၆) **အခြေခံပညာမူလတန်းကျောင်းသားပေါင်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနများအနေဖြင့် အစီရင်ခံသောကာလအတွင်း မိမိကျန်းမာရေးဌာနနှင့်သက်ဆိုင်သော နယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများတွင် စာသင်လျက်ရှိသော မူလတန်းကျောင်းသားပေါင်း (သူငယ်တန်း၊ ၁တန်း၊ ၂တန်း၊ ၃တန်း၊ ၄တန်း)၏ ဦးရေကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ်အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

၇။ **လူထုပါဝင်မှုအခြေအနေ**

(၁) **မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းလှုပ်ရှား/စည်းဝေး/ဆောင်ရွက်မှုအကြိမ်ပေါင်း** ဆိုသည်မှာ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ပါဝင်ဆောင်ရွက်မှုအကြိမ်ကို ဖော်ပြရန် ဖြစ်ပါသည်။ (ဥပမာ- မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိခင်များအား မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးအာနိသင်များ ဟောပြောခြင်း၊ သားဆက်ခြားခြင်းဆိုင်ရာ ပညာပေးဟောပြောခြင်း တို့တွင် ပါဝင်ဆောင်ရွက်မှု အကြိမ်ပေါင်းတို့ကို ဖော်ပြရန် ဖြစ်ပါသည်။)

(၂) **ကျန်းမာရေးကော်မတီအစည်းအဝေးအကြိမ်ပေါင်း** ဆိုသည်မှာ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ကျန်းမာရေးကော်မတီအဆင့်ဆင့်မှ အစည်းအဝေး ပြုလုပ်သည့် အကြိမ်ပေါင်းကို ဖော်ပြရန်ဖြစ်ပါသည်။

၈။ **ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ**

(၁) **ရပ်ကွက်**ဆိုသည်မှာ မိမိတာဝန်ကျရာဒေသအတွင်းရှိ ရပ်ကွက် အရေအတွက် စုစုပေါင်းကို နှစ်စဥ် တစ်နှစ်တစ်ခါ ကောက်ယူ ဖော်ပြရန် ဖြစ်ပါသည်။

(၂) **ကျေးရွာအုပ်စု** ဆိုသည်မှာ မိမိတာဝန်ကျရာဒေသအတွင်းရှိ ကျေးရွာအုပ်စုအရေအတွက် စုစုပေါင်းကို နှစ်စဥ် တစ်နှစ်တစ်ခါ ကောက်ယူ ဖော်ပြရန် ဖြစ်ပါသည်။

(၃) **ကျေးရွာ**ဆိုသည်မှာ မိမိတာဝန်ကျရာဒေသအတွင်းရှိ ကျေးရွာ အရေအတွက် စုစုပေါင်းကို နှစ်စဥ် တစ်နှစ်တစ်ခါ ကောက်ယူ ဖော်ပြရန် ဖြစ်ပါသည်။

(၄) **အိမ်ခြေပေါင်း** ဆိုသည်မှာ မိမိတာဝန်ကျရာဒေသအတွင်းရှိ အိမ်ခြေအရေအတွက် စုစုပေါင်းကို နှစ်စဥ် တစ်နှစ်တစ်ခါ ကောက်ယူ ဖော်ပြရန် ဖြစ်ပါသည်။

(၅) **သမဝါယမဆေးခန်းပေါင်း** ဆိုသည်မှာ အစီရင်ခံစာပေးပို့သူများ အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာန နှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ သမဝါယမဆေးခန်း အရေ အတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆) **ကျေးလက်ကျန်းမာရေးဌာနသားဖွားခန်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ ကျေးလက် ကျန်းမာရေးဌာန သားဖွားခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၇) **ကျေးလက်ကျန်းမာရေးဌာနခွဲသားဖွားခန်း** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏

ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ သားဖွားခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၈) **မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားဖွားခန်း** ဆိုသည်မှာ အစီရင်ခံစာပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၉) **တိုင်းရင်းဆေးခန်းပေါင်း(အစိုးရ)** ဆိုသည်မှာ အစီရင်ခံစာပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့်သက်ဆိုင်သောနယ်မြေအတွင်းရှိ အစိုးရတိုင်းရင်းဆေးခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၁၀) **တိုင်းရင်းဆေးခန်းပေါင်း(ပုဂ္ဂလိက)** ဆိုသည်မှာ အစီရင်ခံစာပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ ပုဂ္ဂလိကတိုင်းရင်းဆေးခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၁၁) **ပုဂ္ဂလိကဆေးခန်းပေါင်း**ဆိုသည်မှာအစီရင်ခံစာပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ ပုဂ္ဂလိကဆေးခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၁၂) **ပုဂ္ဂလိကဆေးရုံပေါင်း**ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့်မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သော နယ်မြေအတွင်းရှိ ပုဂ္ဂလိကဆေးရုံ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာပေးပို့ရန် ဖြစ်ပါသည်။

(၁၃) **ပုဂ္ဂလိကသားဖွားခန်း** ဆိုသည်မှာ အစီရင်ခံစာပေးပို့သူများအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သော နယ်မြေအတွင်းရှိ ပုဂ္ဂလိကသားဖွားခန်းအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

၉။ **ကျန်းမာရေးလုပ်သားအင်အား** ဆိုသည်မှာ ကျန်းမာရေးလုပ်သားအင်အား ကဏ္ဍအနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာလုပ်သားများ၏ အင်အားစာရင်းကို ဖော်ပြရန် ဖြစ်ပါသည်။

(၁) **သမဝါယမ /ဖက်စပ်(ဆရာဝန်၊ သွားဆရာဝန်)** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ သမဝါယမနှင့် ဖက်စပ်ဆေးခန်းများတွင်ရှိသည့် ဆရာဝန်နှင့် သွားဆရာဝန်ဦးရေကို ဖော်ပြရန် ဖြစ်ပါသည်။ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ သမဝါယမ ဆေးခန်း၊ဖက်စပ်ဆေးခန်းတွင် လာရောက်၍ တာဝန်ထမ်းဆောင်သူ ဆရာဝန် (သို့မဟုတ်)သွားဆရာဝန်ဦးရေကို ဖော်ပြရန် ဖြစ်ပါသည်။

(၂) **ပုဂ္ဂလိက(ဆရာဝန်၊ သွားဆရာဝန်)** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ ကျန်းမာရေးဌာနနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများတွင်ရှိသည့် ဆရာဝန်နှင့် သွားဆရာဝန်ဦးရေကို ဖော်ပြရန် ဖြစ်ပါသည်။ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများတွင်သာ လာရောက်၍ တာဝန်ထမ်းဆောင်သူဆရာဝန် (သို့မဟုတ်) သွားဆရာဝန်ဦးရေကိုဖော်ပြရန် ဖြစ်ပါသည်။

(၃) **တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ နယ်မြေအတွင်းရှိ တည်ဆဲမြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေအရ မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူ တစ်ဦးဦးကို ဆိုလိုခြင်းဖြစ်ပြီး ၎င်းတိုင်းရင်းဆေးဆရာများ၏ဦးရေ

ကို ဖော်ပြရန် ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ပြရာတွင် အစိုးရဝန်ထမ်း တိုင်းရင်းဆေးဆရာနှင့် အစိုးရဝန်ထမ်းမဟုတ်သော တိုင်းရင်းဆေးဆရာများ၏ ဦးရေကို တိကျစွာ ဖော်ပြပေးရန် ဖြစ်ပါသည်။

(၄) **လူထုကျန်းမာရေးလုပ်သား** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိနှင့် သက်ဆိုင်သောနယ်မြေအတွင်းရှိ လူထုကျန်းမာရေးလုပ်သားများ၏ အရေအတွက်ကို ယခုနှစ်တွင်သင်တန်းပေးသောဦးရေနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေသောဦးရေဟု ခွဲခြားဖော်ပြပေးရန် ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ပြရာတွင်လည်း ကျန်းမာရေးဌာနတစ်ခုချင်းအလိုက် မိမိတို့နှင့် သက်ဆိုင်သော ကော်လံတွင် လူထုကျန်းမာရေးလုပ်သားဦးရေကို တိကျစွာ ဖော်ပြပေးရန် ဖြစ်ပါသည်။

(၅) **အရန်သားဖွားဆရာမ** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိနှင့် သက်ဆိုင်သော နယ်မြေအတွင်းရှိ အရန်သားဖွားဆရာမများ၏ အရေအတွက်ကို ယခုနှစ်တွင်သင်တန်းပေးသောဦးရေနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေသောဦးရေဟု ခွဲခြားဖော်ပြပေးရန် ဖြစ်ပါသည်။ ဤကဲ့သို့ ဖော်ပြရာတွင် ကျန်းမာရေးဌာနတစ်ခုချင်းအလိုက် မိမိတို့နှင့် သက်ဆိုင်သောကော်လံတွင် အရန်သားဖွားဆရာမဦးရေကို တိကျစွာ ဖော်ပြပေးရန် ဖြစ်ပါသည်။

(၆) **ပြည်သူလူထုအခြေပြုအဖွဲ့ဝင်များ** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိနှင့်သက်ဆိုင်သော နယ်မြေအတွင်းရှိ ပြည်သူလူထုအခြေပြုသင်တန်းများရရှိပြီး၊ လုပ်ငန်းဆောင်ရွက်နေသူဦးရေကို ဖော်ပြပေးရန်ဖြစ်ပါသည်။

၁၀။ **ကျန်းမာရေးဌာနများ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး**

အစီရင်ခံစာပေးပို့သည့် ကျန်းမာရေးဌာနများ အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိနှင့်သက်ဆိုင်သော နယ်မြေအတွင်းရှိ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ယင်လုံအိမ်သာရှိသော၊ ရေအရင်းအမြစ်ရှိသော၊ ရေနှင့်ဆပ်ပြာရှိသောလက်ဆေးရန်နေရာရှိသော၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများစနစ်တကျ စီမံခန့်ခွဲမှုရှိသည့် **ကျန်းမာရေးဌာနများ**၏ အရေအတွက်ကို ဖော်ပြရန်ဖြစ်ပါသည်။

**ကျန်းမာရေးဌာနများ**ဟု ဆိုရာတွင် မြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဆေးရုံနှင့်အထက်၊ မြို့နယ်ခွဲဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအားလုံး အကျုံးဝင်ပါသည်။ **(ကျေးလက်ကျန်းမာရေးဌာန စာတိုင်အောက်တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ အရေအတွက်ကို မျဉ်းစောင်းခံ၍ ခွဲခြားဖော်ပြရန် )**

(၁) **ယင်လုံအိမ်သာရှိသော ကျန်းမာရေးဌာန** ဆိုသည်မှာ သက်ဆိုင်ရာကျန်းမာရေးဌာနအတွင်း ယင်လုံအိမ်သာရှိခြင်း၊ အသုံးပြုနိုင်ခြင်းကို ဆိုလိုပါသည်။ ယင်လုံအိမ်သာဟုဆိုရာတွင် အိမ်သာကျင်း၊ မိလ္လာကန်စနစ်ဖြင့် မိလ္လာစွန့်ပစ်ခြင်း၊ အိမ်သာကျင်းအား သေချာစွာ လုံခြုံအောင်ဖုံးအုပ်ထားခြင်း၊ ဖို့မြေဖြင့် ယင်လုံအောင် ဖုံးအုပ်ထားခြင်း၊ အိမ်သာခွက်၊ အိမ်သာပိုက်၊ အိမ်သာကျင်းတို့ကို ယင်လုံအောင် စနစ်တကျ ဆက်သွယ်တပ်ဆင်ထားခြင်း၊ တွင်းတည့်အိမ်သာများတွင် အိမ်သာကြမ်းခင်းအား ယင်လုံအောင် ပြုလုပ်ထားခြင်းနှင့် (၃ပေ)အရှည်လက်ကိုင်တပ်အဖုံးထားရှိခြင်း စသည်တို့နှင့် ပြည့်စုံရမည် ဖြစ်ပါသည်။

(၂) **ရေအရင်းအမြစ်ရှိသော ကျန်းမာရေးဌာန** ဆိုသည်မှာ သက်ဆိုင်ရာကျန်းမာရေးဌာနအတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် သောက်သုံးရေ အလုံအလောက်ရရှိနိုင်သည့် ရေအရင်းအမြစ်ရှိခြင်း၊ အသုံးပြုနိုင်ခြင်းကို ဆိုလိုပါသည်။

(၃) **ရေနှင့်ဆပ်ပြာရှိသော လက်ဆေးရန်နေရာရှိသည့် ကျန်းမာရေးဌာန** ဆိုသည်မှာ သက်ဆိုင်ရာ ကျန်းမာရေးဌာနအတွင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ရေနှင့်ဆပ်ပြာ အပါအဝင် လက်ဆေးရန် နေရာရှိခြင်း၊ အသုံးပြုနိုင်ခြင်းကို ဆိုလိုပါသည်။

(၄) **ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲမှုရှိသည့် ကျန်းမာရေးဌာန** ဆိုသည်မှာ သက်ဆိုင်ရာကျန်းမာရေး ဌာနအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော **စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားခြင်း** (ချွန်ထက်သော စွန့်ပစ်ပစ္စည်းများ၊ ရောဂါပိုး ကူးစက်နိုင်သော စွန့်ပစ်ပစ္စည်းများ၊ ဆေးဝါးနှင့် ဓာတုစွန့်ပစ်ပစ္စည်း၊ အန္တရာယ် မဖြစ်စေနိုင်သော စွန့်ပစ်ပစ္စည်းများ)၊ **စွန့်ပစ်ပစ္စည်းများကို ပိုးသတ်သန့်စင်ခြင်း** (ပိုးသန့်စင်သည့် ပေါင်းအိုးဖြင့် ပိုးသတ်သန့်စင်ခြင်း (Autoclaving)၊ ဓာတု နည်းဖြင့် ပိုးသတ်သန့်စင်ခြင်း (Chemical disinfection))၊ **စွန့်ပစ်ပစ္စည်းများကို အပြီးသတ်စွန့်ပစ်ခြင်း(**စံညီ-မီးရှို့စက် အသုံးပြုခြင်း၊ စနစ်တကျ မြေမြှုပ်ခြင်း) ဖြင့် စွန့်ပစ်ပစ္စည်းများအား အပြီးသတ်စွန့်ပစ်ခြင်းကို ဆိုလိုပါသည်။

****မှတ်ချက်-**

(၁) **စံညီမီးရှို့စက်** ဆိုသည်မှာ

- အကန့် (၂) ကန့်ပါဝင်ရမည်။
- အနိမ့်ဆုံး ၈၅၀ ဒီဂရီစင်တီဂရိတ်ဖြင့် မီးရှို့ရမည်။
- မီးခိုးခေါင်းတိုင်သည် အနီးဆုံးရှိ ခေါင်မိုးများထက် ပို၍ မြင့်ရမည်။
- လူနေအိမ်ခြေများနှင့် အနည်းဆုံး မီတာ (၅၀၀) အကွာတွင် ရှိရမည်။
- မီးရှို့စက်မှ ထွက်ရှိသော ပြာများကို စနစ်တကျ မြှုပ်နှံနိုင်သော ကျင်းရှိရမည်။

(၂) **စနစ်တကျ မြေမြှုပ်ခြင်း** ဆိုသည်မှာ

- မြေမြှုပ်သည့်နေရာသည် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး မီတာ (၅၀) အကွာတွင် ရှိရမည်။
- အမှိုက်ကောက်သူများ၊ တိရစ္ဆာန်များ မဝင်ရောက်နိုင်အောင် စည်းရိုး ကာရံထားရမည်။

- မိုးရေစိမ့်ဝင်မှုမှ ကင်းဝေးစေရန် ဖုံးအုပ်ကာကွယ်ထားရမည်။
- မြေမြုပ်ကျင်း၏အောက်ခြေနှင့် ဘေးနံရံများတွင် စွန့်ပစ်ရေဆိုး စိမ့်ထွက်မှုဘေးမှ ကာကွယ်နိုင်သည့် အစီအမံများပြုလုပ်ထားရမည်။

**နှစ်ချုပ်ပုံစံ(၄)(မြို့နယ်မှသာဖြည့်စွက်ရန်)**

မြို့နယ်တစ်ခု၏ ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များကို ဖော်ပြရာတွင် ကျန်းမာရေးဌာနများမှ စုစည်းပေးပို့လာသော နှစ်ချုပ်ပုံစံ(၃)ရှိ အချက်အလက်များနှင့် မလုံလောက်ပါ။ထို့ကြောင့် မြို့နယ်တာဝန်ခံမှ **နှစ်ချုပ်ပုံစံ(၄)(မြို့နယ်မှသာဖြည့်စွက်ရန်)** အပိုင်းကို တာဝန်ယူဖြည့်စွက်၍ ပုံစံ(၃)နှင့်အတူ ပူးတွဲ၍ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

**မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ အစီရင်ခံသည့်ခုနှစ်၏ အဓိပ္ပာယ်ရှင်းလင်းချက်ကို စာမျက်နှာ (၁၄၉) ရှိ နှစ်ချုပ်ပုံစံ(၃)၏အောက်တွင် ကြည့်ရှုပါရန်။**

၁။ **ကျန်းမာရေးဌာနအခြေခံတည်ဆောက်မှုအခြေအနေ**

(၁) **ဆေးရုံပေါင်း (မြို့နယ်ဆေးရုံနှင့်အထက်)** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ နယ်မြေအတွင်းရှိ မြို့နယ်အဆင့်နှင့်အထက် ပြည်သူ့ဆေးရုံအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၂) **ဆေးရုံပေါင်း(မြို့နယ်ခွဲဆေးရုံ)** ဆိုသည်မှာအစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ နယ်မြေအတွင်းရှိ မြို့နယ်ခွဲအဆင့် ပြည်သူ့ဆေးရုံ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၃) **ဆေးရုံပေါင်း(တိုက်နယ်ဆေးရုံ)** ဆိုသည်မှာအစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်းမိမိ၏ နယ်မြေအတွင်းရှိ တိုက်နယ်အဆင့် ပြည်သူ့ဆေးရုံအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၄) **ဆေးရုံပေါင်း(အခြားဝန်ကြီးဌာနလက်အောက်)**ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့် ကာလအတွင်း မိမိ၏နယ်မြေအတွင်းရှိ အခြားဝန်ကြီးဌာန လက်အောက်မှ ပြည်သူ့ဆေးရုံအရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၅) **တိုင်းရင်းဆေးရုံပေါင်း(အစိုးရ)**ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ အစိုးရတိုင်းရင်းဆေးရုံ အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၆) **မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန** ဆိုသည်မှာ အစီရင်ခံစာ ပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၇) **မိခင်နှင့်ကလေးကျန်းမာရေးဌာန** ဆိုသည်မှာ အစီရင်ခံစာပေးပို့ သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ နယ်မြေအတွင်းရှိမိခင်နှင့်ကလေး ကျန်းမာရေးဌာန အရေအတွက် ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၈) **ဒေသန္တရကျန်းမာရေးဌာန** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ ဒေသန္တရကျန်းမာရေးဌာန အရေအတွက်ကို စာရင်း ပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန်ဖြစ်ပါသည်။

(၉) **ဒေသန္တရကျန်းမာရေးဌာနခွဲ** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ ဒေသန္တရကျန်းမာရေးဌာနခွဲအရေအတွက်ကို စာရင်း ပြုစု၍ တစ်နှစ်လျှင် တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါ သည်။

(၁၀) **တိုက်နယ်ကျန်းမာရေးဌာန** ဆိုသည်မှာ အစီရင်ခံစာပေးပို့ သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏ နယ်မြေအတွင်းရှိ တိုက်နယ်ကျန်းမာရေးဌာန အရေအတွက်ကို စာရင်းပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါသည်။

(၁၁) **ကျေးလက်ကျန်းမာရေးဌာန** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန အရေအတွက်ကို စာရင်း ပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန် ဖြစ်ပါ သည်။

(၁၂) **ကျေးလက်ကျန်းမာရေးဌာနခွဲ** ဆိုသည်မှာ အစီရင်ခံစာပေးပို့သည့် မြို့နယ်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း မိမိ၏နယ်မြေ အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အရေအတွက်ကို စာရင်း ပြုစု၍ တစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန်ဖြစ်ပါသည်။

၂။ **ကျန်းမာရေးလုပ်သားအင်အား (ကျန်းမာရေးဌာနများအလိုက်ဖော်ပြရန်)**

နှစ်ချုပ်ပုံစံ(၄)(မြို့နယ်မှသာဖြည့်စွက်ရန်)တွင် မြို့နယ်ကျန်းမာရေးဌာန လက်အောက်ရှိဝန်ထမ်းများ၏ ရာထူးနှင့်ခွင့်ပြုဦးရေ၊ လက်ရှိတာဝန် ထမ်းဆောင်သူဦးရေကို ကျား/မခွဲ၍ ဆေးရုံ၊ ကျန်းမာရေးဌာနများအလိုက် မြို့နယ်မှသာ ဖြည့်စွက်ဖော်ပြရန် ဖြစ်ပါသည်။ **(ဒီဇင်ဘာလ(၃၁)ရက်ရှိ ဝန်ထမ်းအင်အားကို ဖော်ပြရန် ဖြစ်ပါသည်။)**

(၁) **ရာထူးအဆင့်** ဆိုသည်မှာ ကျန်းမာရေးဌာန အသီးသီးအတွက် အစိုးရမှခန့်အပ်ထားသော ရာထူးကို ဆိုလိုပါသည်။

(၂) **ခွင့်ပြု**ဆိုသည်မှာ ကျန်းမာရေးဌာနအသီးသီးတွင် ချမှတ်ထားသော ဖွဲ့စည်းပုံအရ ခွင့်ပြုထားသည့် ဝန်ထမ်းဦးရေကို ဆိုလိုပါသည်။

(၃) **လက်ရှိတာဝန်** ဆိုသည်မှာ ကျန်းမာရေးဌာနအသီးသီးတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းဦးရေအားလုံးကို ဖော်ပြရန် ဖြစ်ပါသည်။ **(အခြားဌာန၏ အင်အားအသုံးပြု၍ တွဲဖက်တာဝန် ချထားခြင်းအကျုံးဝင်သည်။)** ကျား/မခွဲ၍ဖော်ပြရန် ဖြစ်သည်။

(၄) **မှတ်ချက်**တွင် လက်ရှိတာဝန်သည် ခွင့်ပြုဦးရေထက် များနေပါက တွဲဖက်တာဝန်ချထားခြင်း၊ ...... စသဖြင့်ဖော်ပြရန်ဖြစ်ပါသည်။

၃။ **ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေးစီမံချက်**

**သက်ဆိုင်ရာဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကောက်ယူမည်ဆိုပါက ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့အထိ အကျုံးဝင်မည်ဖြစ်ပြီး၊ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ နှစ်ချုပ်စာရင်းတွင် ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

(၁) **သာမန်အသုံးစရိတ်** ဆိုသည်မှာ နိုင်ငံတော်အသုံးစရိတ်မှ သာမန်အသုံးစရိတ်အဖြစ် ခွဲဝေချထားပေးသော လစာစရိတ်ချီးမြှင့်ငွေ၊ ပြည်တွင်းခရီးစရိတ်၊ ပစ္စည်းနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေ၊ ဧည့်ခံကျွေးမွေးစရိတ် စသည်တို့ ပါဝင်ပါသည်။ ပစ္စည်းဝယ်ယူရာတွင် နှစ်ချင်းပေါက်သာအသုံးပြု၍ ပျက်စီးသွားမည့်ပစ္စည်း (သို့မဟုတ်) အချိန်အတော်ကြာသုံးစွဲရမည် ဖြစ်သော်လည်း ငွေလုံးငွေရင်းမသက်ရောက်သော အရေးမကြီးသည့် ပစ္စည်းများအတွက် ကုန်ကျခံရသည့် အသုံးစရိတ် ဖြစ်ပါသည်။ စာရင်းကောက်ယူချိန်သည် နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလတွင် ကောက်ယူမည် ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ ဘဏ္ဍာရေးနှစ်အတွက် နောက်ဆက်တွဲ ရရှိသော ရန်ပုံငွေကိုပါ ထည့်သွင်းဖော်ပြနိုင်မည် ဖြစ်ပါသည်။ (သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းဂဏန်းကိုသာဖော်ပြရန် ဖြစ်ပါသည်။)

**ဥပမာ-**

| | |
|---|---|
| ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် | မူလခွင့်ပြုငွေ |
| သာမန်အသုံးစရိတ် | xxxx |
| ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် | |
| ဖြည့်စွက်ခွင့်ပြုငွေ | xx |
| | ------------------------ |
| ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်သာမန်အသုံးစရိတ် | |
| စုစုပေါင်းခွင့်ပြုငွေ | xxxx |

(၂) **ငွေလုံးငွေရင်းအသုံးစရိတ်** ဆိုသည်မှာ နိုင်ငံတော်အစိုးရမှ ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ခွဲဝေချထားပေးထားသော ဆောက်လုပ်ရေး (ဆောင်ရွက်ဆဲ၊ ဖြည့်စွက်၊ လုပ်ငန်းစီမံကိန်းအသစ်)၊ စက်ပစ္စည်း (Grant ထောက်ပံ့ငွေဖြင့်ဝယ်ယူခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များ) စသည်တို့ပါဝင်ပါသည်။ အချိန်ကြာမြင့်စွာ အသုံးပြုရမည်ဖြစ်ပြီး ကုန်ထုတ်စွမ်းအားပိုမိုထုတ်လုပ်နိုင်ရန်အတွက် ငွေပင်ငွေရင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရသောစရိတ်များ၊မတည်ပစ္စည်းများ ဝယ်ယူခြင်းအတွက် ကုန်ကျသည့် အသုံးစရိတ်ဖြစ်ပါသည်။ စာရင်းကောက်ယူချိန်သည် နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလတွင်ကောက်ယူမည် ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ ဘဏ္ဍာရေးနှစ်အတွက် နောက်ဆက်တွဲ ရရှိသော ရန်ပုံငွေကိုပါ ထည့်သွင်းဖော်ပြနိုင်မည်ဖြစ်ပါသည်။ (သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းဂဏန်းကိုသာ ဖော်ပြရန် ဖြစ်ပါသည်။)

**ဥပမာ-** ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်မူလငွေလုံးငွေရင်းအသုံးစရိတ် xxxx

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်ဖြည့်စွက်ခွင့်ပြုငွေ ငွေလုံးငွေရင်း အသုံးစရိတ် xx

---

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက်ငွေလုံးငွေရင်းအသုံးစရိတ်စုစုပေါင်းခွင့်ပြုငွေ xxxx

(၃) **စီမံချက်မှထောက်ပံ့ငွေ** ဆိုသည်မှာ စာရင်းကောက်ယူသည့် ဘဏ္ဍာရေးနှစ် ကာလအတွင်း စီမံချက်အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော အသုံးစရိတ်များကို ဆိုလိုပါသည်။ အဆိုပါ စီမံချက်မှ ထောက်ပံ့ငွေများတွင် နေ့တွက်စရိတ်များ၊ ခရီးစရိတ်များ၊ ကွင်းဆင်းကြီးကြပ်စရိတ်များ စသည်ဖြင့် ပါဝင်မည်ဖြစ်ပါသည်။

(၄) **စရိတ်မျှပေးကျန်းမာရေးမှရရှိငွေ** ဆိုသည်မှာ စာရင်းကောက်ယူသည့် ဘဏ္ဍာရေးနှစ် ကာလအတွင်း စရိတ်မျှပေး ကျန်းမာရေး

စနစ်မှ ရရှိငွေစုစုပေါင်းကို ထည့်သွင်းပေးရန် ဖြစ်သည်။ စရိတ်မျှပေး ကျန်းမာရေးစနစ်တွင် ဆေးဝါးနှင့်ဆေးပစ္စည်း၊ ဓါတ်ခွဲ၊ ဓါတ်မှန်၊ အခန်းခစသဖြင့် ကဏ္ဍ(၄)ခုမှ MD (Ministries and Departments) (ဌာနဆိုင်ရာ ငွေထုတ်စာရင်းအမှတ်) နှင့် OA (Other Accounts) စာရင်းများသို့သွင်းခဲ့သော ငွေပမာဏ စုစုပေါင်းကို ဖော်ပြရန် ဖြစ်ပါသည်။

(၅) **ဆေးပဒေသာပင်ရန်ပုံငွေ** ဆိုသည်မှာ စာရင်းကောက်ယူသည့် ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးနေ့အထိ ကောက်ခံရရှိထားသော ဆေးပဒေသာပင် ငွေပမာဏ(အတိုးအပါအဝင်) စုစုပေါင်းကို ဖော်ပြရန် ဖြစ်ပါသည်။

(၆) **ပြည်သူလူထုမှထည့်ဝင်လှူဒါန်းငွေ(ငွေသား)** ဆိုသည်မှာ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက်ငွေလှူဒါန်းခြင်းကိုဆိုလိုပါသည်။ ၎င်းလှူဒါန်းသောငွေရပ်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် တိကျစွာဖော်ပြပေးရန် ဖြစ်ပါသည်။

(၇) **ပြည်သူလူထုမှလှူဒါန်းသောပစ္စည်းတန်ဖိုး** ဆိုသည်မှာ အချို့သော ပြည်သူလူထုတို့သည် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက်ပစ္စည်းများကိုလှူဒါန်းကြပါသည်။ ဤကဲ့သို့ ပစ္စည်းလှူဒါန်းမှုများရှိလာပါလျှင် ၎င်းလှူဒါန်းသော ပစ္စည်းများ၏ တန်ဖိုးကို ဖော်ပြပေးရန်ဖြစ်ပါသည်။ ဥပမာ- ဆေးရုံသုံးမွေ့ရာ၊ လေအေးစက်အစရှိသည့် ပစ္စည်းများကို လှူဒါန်းခဲ့သည်ဆိုပါစို့၊ ၎င်းပစ္စည်းများ၏ တန်ဖိုးကိုလည်း ဖော်ပြပေးရန် ဖြစ်ပါသည်။

၄။ **သင်တန်းအကောင်အထည်ဖော်ဆောင်ရွက်မှု**

(၁) **အကြောင်းအရာ/ခေါင်းစဥ်/သင်တန်းအမည်** ဆိုသည်မှာ သင်တန်းတွင်သင်ကြားရခြင်း၏ ရည်ရွယ်ချက်များကို ပြည့်မီစေမည့် အသိပညာ၊ ခံယူချက်၊ အလေ့အကျင့်များ ဖြစ်ပေါ်လာစေရန် သင်ကြားမည့် သင်ရိုးမာတိကာခေါင်းစဥ်များကို ခြုံငုံမိစေသော သင်တန်း၏အမည်/အကြောင်းအရာ/ခေါင်းစဥ်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

(၂) **သင်္ကေတ**ဆိုသည်မှာသင်တန်းသည် မည်သည့်ကဏ္ဍမှ မည်သည့် အပိုင်းကို ဦးတည်၍ပေးသော မည်သည့်သင်တန်းဖြစ်ကြောင်းကို သင်္ကေတပြုလုပ်၍ စာရင်းဖြည့်သွင်းရမည် ဖြစ်ပါသည်။

ဥပမာ(၁)- ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအောက်မှ မိခင်နှင့်ကလေးကျန်းမာရေးအတွက်ဦးတည်၍ပေးသော ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုသင်တန်းကို သင်္ကေတပြုလုပ်လျှင် -

(က) သင်တန်းဦးတည်သောကဏ္ဍ-
 ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (၀၁)

(ခ) သင်တန်းဦးတည်သောအကြောင်းအရာ-
 မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး (၀၁)

(ဂ) သင်တန်းခေါင်းစဥ်-
 အရန်သားဖွားဆရာမဆိုင်ရာသင်တန်း (၀၉)

သင်္ကေတ - (၀၁၀၁၀၉)ဖြစ်ပါသည်။

ဥပမာ(၂)- ရောဂါနှိမ်နင်းရေးကဏ္ဍအောက်မှ သွေးလွန်တုပ်ကွေး ရောဂါအတွက် ဦးတည်၍ပေးသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးသင်တန်းကို သင်္ကေတပြုလုပ်လျှင် -

(က) သင်တန်းဦးတည်သောကဏ္ဍ -
 ရောဂါနှိမ်နင်းရေး (၀၂)

(ခ) သင်တန်းဦးတည်သောအကြောင်းအရာ-
 သွေးလွန်တုပ်ကွေးရောဂါ (၀၃)

(ဂ) သင်တန်းခေါင်းစဥ်-
 သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးသင်တန်း (၀၁)

သင်္ကေတ- (၀၂၀၃၀၁)ဖြစ်ပါသည်။

အကယ်၍မိမိမြို့နယ်တွင် ပြုလုပ်သောသင်တန်းသည် သင်္ကေတပြုလုပ်နည်းဇယားတွင် ဖော်ပြထားသော သင်တန်းများ၏ အမည်နှင့် ကိုက်ညီမှုမရှိလျှင် အခြားသင်တန်းများ၏ သင်္ကေတဖြစ်သော (၉၉)ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ဥပမာ- ရောဂါနှိမ်နင်းရေးကဏ္ဍမှ သွေးလွန်တုပ်ကွေးရောဂါအတွက် ပြုလုပ်သောသင်တန်း

သည် ရောဂါကာကွယ်နှိမ်နင်းရေးနှင့်လည်းမသက်ဆိုင်၊ ကုသရေး အပိုင်းနှင့်လည်း အကျုံးမဝင်ဘဲ သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် အခြားသင်တန်းဖြစ်လျှင်(၀၂၀၃၉၉)ဟု ဖြည့်သွင်းရမည် ဖြစ်ပါသည်။ သို့သော် သင်တန်း၏ အမည်အတိအကျကို "အကြောင်းအရာ/ ခေါင်းစဉ်/ သင်တန်းအမည်" စာတိုင်တွင် ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ အချို့သောသင်တန်းများ၏ သဘောသဘာဝသည် အခြားသင်တန်းများနှင့် ဆင်တူယိုးမှားရှိတတ်၍ မည်သည့်စီမံချက်အောက်မှ ပြုလုပ်သော သင်တန်းဖြစ်သည်ကို ဆန်းစစ်၍ သင်္ကေတပြုလုပ်ရပါမည်။ ဥပမာ-တီဘီနှင့် အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း သင်တန်းသည် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်မှ ပြုလုပ်လျှင် (၀၂၀၆၀၅)ကို ဖြည့်သွင်းရမည်ဖြစ်ပြီး ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ ပြုလုပ်ပါက (၀၂၀၇၀၄) ကို ဖြည့်သွင်းရပါမည်။ အဆိုပါ သင်္ကေတပြုလုပ်နည်းဇယားကို **စာမျက်နှာ (၁၆၉-၁၇၄)တွင် ဖော်ပြထားပါသည်။**

(၃) **သင်တန်းကာလ** ဆိုသည်မှာ သင်တန်းပြုလုပ်သည့်ကာလကို (------ရက်မှ-------ရက်အထိဖြင့်)ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(၄) **သင်တန်းသား/သူဦးရေ** ဆိုသည်မှာ သင်တန်းတက်ရောက်သော သင်တန်းသူ၊ သင်တန်းသား စုစုပေါင်းအရေအတွက်ကို ကျား/မ ခွဲခြား ဖော်ပြပေးရန် ဖြစ်ပါသည်။

(၅) **သင်တန်းဆရာ** ဆိုသည်မှာ သင်တန်းဆရာများကို ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အဆင့်ဟူ၍ ခွဲခြားဖော်ပြပေးရန် ဖြစ်ပါသည်။ ထိုသို့သင်တန်းဆရာများ၏ရာထူး/အဆင့်ကို ဖော်ပြရာတွင်သင်တန်းဆရာများအနက်မှအဖွဲ့ခေါင်းဆောင် (သို့မဟုတ်) ရာထူးအမြင့်ဆုံးသူ တစ်ယောက်တည်း၏ ရာထူး/အဆင့်ကိုသာ ဖော်ပြရမည်ဖြစ်ပါသည်။ ထပ်မံ၍မြို့နယ်အဆင့်မှသင်တန်းဆရာများအတွက် သင်ကြားပေးသော အကြောင်းအရာနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင်သင်တန်းသားအဖြစ် သင်တန်းတက်ရောက်ဖူးခြင်း ရှိ/မရှိကိုပါ အရေအတွက်နှင့်တကွ ဖြည့်သွင်းပေးရန်ဖြစ်ပါသည်။

(ဥပမာ- သင်တန်းဆရာ(၃)ဦးအနက်မှ (၂)ဦးသည် ကိုယ်တိုင်သင်တန်းရရှိထားပြီး (၁)ဦးသည်သင်တန်းရရှိထားသူ မဟုတ်ပါက "ကိုယ်တိုင်သင်တန်းတက်ရောက်ဖူးခြင်း" စာတိုင်အောက်မှ "ရှိ" တွင်(၂)နှင့်"မရှိ"တွင်(၁)ဟု ဖော်ပြပေးရန် ဖြစ်ပါသည်။

# သင်တန်းများသင်္ကေတပြုလုပ်ခြင်းဇယား

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဉ် |
|---|---|---|
| (၀၁) ပြည်သူ့ကျန်းမာရေး | (၀၁) မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး | (၀၁) အခြေခံ အရေးပေါ်သားဖွားပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်း |
| | | (၀၂) ပြီးပြည့်စုံသော အရေးပေါ်သားဖွားပြုစုစောင့်ရှောက်မှုဆိုင်ရာသင်တန်း |
| | | (၀၃) မိခင်သေဆုံးမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ်ဆိုင်ရာ သင်တန်း |
| | | (၀၄) အရည်အသွေးပြည့်ဝသော သားပျက်သားလျှောလူနာ ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်း |
| | | (၀၅) မိသားစုစီမံကိန်းဆိုင်ရာသင်တန်း |
| | | (၀၆) လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်း ထည့်သွင်းခြင်းဆိုင်ရာ သင်တန်း |
| | | (၀၇) ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်း |
| | | (၀၈) မျိုးဆက်ပွားကျန်းမာရေးဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ဖြန့်ဖြူးရေးစနစ်ဆိုင်ရာသင်တန်း |
| | | (၀၉)အရန်သားဖွားဆရာမဆိုင်ရာသင်တန်း |
| | | (၁၀) ကျားမအခြေပြု အကြမ်းဖက်မှုခံစားရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု  လုပ်ငန်းလမ်းညွှန်ဆိုင်ရာသင်တန်း |
| | | (၁၁) သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်ကို စစ်ဆေးခြင်းနှင့် ကုသခြင်းဆိုင်ရာ သင်တန်း |
| | | (၉၉) အခြား |
| | (၀၂) ကလေးကျန်းမာရေးဖွံ့ဖြိုးရေး | (၀၁) အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် မွေးကင်းစကလေးအခြေခံပြုစုစောင့်ရှောက်ခြင်း၊သေးငယ်သောကလေးပြုစုစောင့်ရှောက်ခြင်း၊မွေးပြီးပြီးချင်းအသက်မရှူသောမွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း၊ မကျန်းမာသောမွေးကင်း စကလေးနှင့်ကလေးပေါင်းစည်းကုသခြင်းသင်တန်း |
| | | (၀၂) ဆေးရုံအခြေပြုမွေးကင်းစကလေးအခြေခံပြုစုစောင့်ရှောက်ခြင်း၊ သေးငယ်သောကလေး ပြုစုစောင့်ရှောက်ခြင်း၊ မွေးပြီးပြီးချင်း အသက်မရှူသော မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း၊ မကျန်းမာသောမွေးကင်းစကလေးနှင့် ကလေးပေါင်းစည်းကုသခြင်းသင်တန်း |
| | | (၀၃) ကလေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်း |
| | | (၀၄)ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်း |
| | | (၀၅) အိမ်တိုင်ရာရောက်မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်းသင်တန်း |
| | | (၀၆) စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများမှတစ်ဆင့်နောက်ဆက်တွဲ ပြဿနာမရှိသော အဆုတ်ရောင်နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများအား ကုသပေးခြင်းလုပ်ငန်းသင်တန်း |
| | | (၀၇) အရည်အသွေးပြည့်မွေးကင်းစနှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် နည်းလမ်းများဆိုင်ရာသင်တန်း |
| | | (၀၈) မွေးကင်းစနှင့်ကလေးကျန်းမာရေးဖွံ့ဖြိုးရေးလုပ်ငန်းရပ်များအတွက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း |
| | | (၉၉) အခြား |

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဉ် |
|---|---|---|
| (၀၁) ပြည်သူ့ ကျန်းမာရေး | (၀၃) အာဟာရ စောင့်ရှောက်မှု | (၀၁) ပြည်သူလူထုအခြေပြုအာဟာရစောင့်ရှောက်မှုဆိုင်ရာသင်တန်း (ကလေးငယ်များကြီးထွားမှုစောင့်ကြပ်ခြင်းစီမံချက်/ပြည်သူလူထုအခြေပြု အာဟာရဌာန/ ကျေးရွာအာဟာရဖြည့်တင်းရေးဌာန) |
| | | (၀၂) လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းလမ်းညွှန် သင်တန်း |
| | | (၀၃) သွေးအားနည်းရောဂါကာကွယ်ခြင်းဆိုင်ရာသင်တန်း |
| | | (၀၄) အိုင်အိုဒင်းဓာတ်အရည်အသွေးထိန်းချုပ်မှုဆိုင်ရာမွမ်းမံသင်တန်း |
| | | (၀၅) ဓါတ်ခွဲကျွမ်းကျင်များအိုင်အိုဒင်းဓာတ်အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာသင်တန်း |
| | | (၀၆) အာဟာရချို့တဲ့မှုစောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာသင်တန်း |
| | | (၀၇) ၂ -နှစ်အောက်ကလေးသူငယ်များအား အစာကျွေးခြင်းနှစ်သိမ့်ဆွေးနွေးသင်တန်း |
| | | (၀၈) အရေးပေါ်အာဟာရစောင့်ရှောက်မှုဆိုင်ရာသင်တန်း |
| | | (၀၉) သန်ချဆေးတိုက်ကျွေးခြင်းစီမံချက်ဆိုင်ရာသင်တန်း |
| | | (၁၀) တစ်နှစ်အောက်ဘယ်ရီဘယ်ရီရောဂါကာကွယ်ခြင်းဆိုင်ရာသင်တန်း |
| | | (၁၁) ဗီတာမင်အေချို့တဲ့မှုကာကွယ်ခြင်းဆိုင်ရာသင်တန်း |
| | | (၉၉) အခြား |
| | (၀၄) ကျောင်းကျန်းမာရေး | (၀၁)သင်တန်းဆရာများအားကျန်းမာရေးအဆင့်မြှင့်ကျောင်းများဆိုင်ရာသင်တန်းပေးခြင်း |
| | | (၀၂) အခြေခံကျန်းမာရေးဝန်ထမ်းများအားကျန်းမာရေးအဆင့်မြှင့်ကျောင်းများ ဆိုင်ရာ မွမ်းမံ သင်တန်းပေးခြင်း |
| | | (၀၃) ဆရာ/ဆရာမများအားကျန်းမာရေးအဆင့်မြှင့်ကျောင်းများဆိုင်ရာ မွမ်းမံ သင်တန်းပေးခြင်း |
| | | (၀၄) ကျောင်းများတွင်အာဟာရအကြောင်းသင်ကြားနိုင်ရေးအသိပေးဆွေးနွေး တင်ပြခြင်း |
| | | (၉၉) အခြား |
| | (၀၅) ကျန်းမာရေး ပညာပေးခြင်းနှင့် ကျန်းမာရေး မြှင့်တင်ခြင်း | (၀၁) ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းမိတ်ဆက်သင်တန်း |
| | | (၀၂) အပြုအမူပြောင်းလဲခြင်းဆိုင်ရာဆက်သွယ်ပညာပေးခြင်းသင်တန်း |
| | | (၀၃) ကျန်းမာရေးမြှင့်တင်ခြင်းအစီအစဉ်များအတွက် သတင်း၊ပညာပေးနှင့် ဆက်သွယ်ရေး အထောက်အပံ့ပေးခြင်းဆိုင်ရာသင်တန်း |
| | | (၀၄) လူအချင်းချင်းဆက်သွယ်ပြောဆိုခြင်းသင်တန်း |
| | | (၀၅) လက်တွေ့အသုံးချ ကျန်းမာရေးပညာပေးနည်းလမ်းသင်တန်း |
| | | (၀၆) ပညာပေးအထောက်အကူပစ္စည်းများ (IECs)စနစ်တကျရွေးချယ်အသုံးပြုခြင်း သင်တန်း |
| | | (၉၉) အခြား |
| | (၀၆) ပတ်ဝန်းကျင် သန့်ရှင်းရေး | (၀၁) ပတ်ဝန်းကျင်သန့်ရှင်းရေးမူဝါဒနှင့်လမ်းညွှန်ချက်ဆိုင်ရာသင်တန်းများ |
| | | (၀၂) သောက်သုံးရေနှင့်အိမ်သာသန့်ရှင်းရေးဆိုင်ရာသင်တန်းများ |
| | | (၀၃) စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်ရေးဆိုင်ရာသင်တန်းများ |
| | | (၀၄) တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာသင်တန်းများ |
| | | (၀၅) လေထုညစ်ညမ်းခြင်းလျှော့ချမှုဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဥ် |
|---|---|---|
| (၀၁) ပြည်သူ့ ကျန်းမာရေး | (၀၇) အခြေခံကျန်းမာရေး ဝန်ဆောင်မှု ဆိုင်ရာသင်တန်း များနှင့်စီမံခန့်ခွဲမှု | (၀၁) လူထုကျန်းမာရေးလုပ်သားများ၏သင်တန်းဆရာများအတွက်သင်တန်းများ |
| | | (၀၂) မြို့နယ်အတွင်းရှိလူထုကျန်းမာရေးလုပ်သားအသစ်များအားမြို့နယ် အဆင့်သင်ကြားရေးအဖွဲ့များမှသင်တန်းများပေးခြင်း |
| | | (၀၃) မြို့နယ်အတွင်းရှိလူထုကျန်းမာရေးလုပ်သားဟောင်းများအားမြို့နယ် အဆင့်သင်ကြားရေးအဖွဲ့များမှမွမ်းမံသင်တန်းများပေးခြင်း |
| | | (၀၄) ကျန်းမာရေးမှူးနှင့်ကျန်းမာရေးမှူးအဆင့်-၁များအားတိုင်းဒေသကြီး/ ပြည်နယ်အဆင့် သင်ကြားရေးအဖွဲ့များမှစီမံခန့်ခွဲမှုသင်တန်းများပေးခြင်း |
| | | (၀၅) စီမံချက်ဝင်မြို့နယ်များတွင်စီမံခန့်ခွဲမှုဆိုင်ရာအကျိုးသက်ရောက်မှုဆိုင်ရာ သင်တန်းများပေးခြင်း |
| | | (၉၉) အခြား |
| (၀၂) ရောဂါ နှိမ်နင်းရေး | (၀၁) ကူးစက်ရောဂါ နှိမ်နင်းရေးနှင့် စောင့်ကြပ် ကြည့်ရှုခြင်း (CEU) | (၀၁) ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုကွင်းဆင်းဆောင်ရွက်ခြင်းသင်တန်း |
| | | (၀၂) ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်းသင်တန်း |
| | | (၀၃) သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးသင်တန်းများ |
| | | (၀၄) ကမ္ဘာ့လူတုပ်ကွေးရောဂါတားဆီးကာကွယ်ရေးဆိုင်ရာခရိုင်အဆင့်ကြီးကြပ်မှုအဖွဲ့ သင်တန်းများ |
| | | (၀၅) ကူးစက်ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်းနှင့်ဓါတ်ခွဲခန်းတွင်စောင့်ကြပ်ကြည့်ရှု ခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၆)ကာကွယ်ဆေးထိုးခြင်းဖြင့်ကာကွယ်နိုင်သောရောဂါများဖြစ်ပွားမှုစောင့်ကြပ်ကြည့် ရှုခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၇) ရုတ်တရက်အကြောသေပျော့ခွေရောဂါစောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ သင်တန်းများ |
| | | (၀၈) ကာကွယ်ဆေးထိုးပြီးပြီးချင်းရနိုင်သောဘေးထွက်ဆိုးကျိုးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း |
| | | (၀၉) ကာကွယ်ဆေးများအအေးဓါတ်ပေးထိန်းသိမ်းခြင်းဆိုင်ရာသင်တန်းများ |
| | | (၁၀) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများအားဖြည့်လုပ်ဆောင်ခြင်းဆိုင်ရာသင်တန်းများ |
| | | (၁၁) မိခင်နှင့်မွေးကင်းစမေးခိုင်ရောဂါတိုက်ဖျက်ရေးသင်တန်းများ |
| | | (၁၂) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကြီးကြပ်ဆန်းစစ်ခြင်းနှင့်အနုစိတ်စီမံချက်များ ရေးဆွဲခြင်းဆိုင်ရာသင်တန်းများ |
| | | (၁၃) ကာကွယ်ဆေးထိုးလုပ်ငန်းများခရိုင်အားလုံးတွင်လွှမ်းခြုံမှုရှိစေရေး (Reaching Every District- RED) နည်းဗျူဟာဆိုင်ရာသင်တန်းများ |
| | | (၁၄) ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာအလယ်အလတ်အဆင့်စီမံခန့်ခွဲမှုသင်တန်းများ |
| | | (၁၅) ကာကွယ်ဆေးထိုးလုပ်ငန်းများအားလက်တွေ့သင်တန်းများပေးခြင်း |
| | | (၁၆) ကာကွယ်ဆေးများအလေအလွင့်နည်းပါးရေးအတွက်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများ |
| | | (၁၇) (RED)အကောင်အထည်ဖော်ရေးသင်တန်းများပေးခြင်း |
| | | (၉၉) အခြား |
| | (၀၂) ငှက်ဖျား(ရပကန) | (၀၁) ငှက်ဖျားရောဂါကုသခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၂) ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးသင်တန်းများ |

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဉ် |
|---|---|---|
| (၀၂) ရောဂါ နှိမ်နင်းရေး | (၀၂) ငှက်ဖျား(ရပကန) | (၀၃) သတင်းအချက်အလက်များနှင့်ဆေးဝါးပစ္စည်းများစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၃) သွေးလွန်တုပ်ကွေး (ရပကန) | (၀၁) သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးသင်တန်းများ |
| | | (၀၂) သွေးလွန်တုပ်ကွေးရောဂါကုသခြင်းဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၄) ဆင်ခြေထောက် ရောဂါ(ရပကန) | (၀၁) ဆင်ခြေထောက်ရောဂါကင်းဝေးရေးသင်တန်းများ |
| | | (၀၂) ဆင်ခြေထောက်ရောဂါကင်းဝေးရေးလူအားလုံးဆေးကျွေးခြင်းဆိုင်ရာ သင်တန်းများ |
| | | (၉၉) အခြား |
| | (၀၅) ဂျပန်ဦးနှောက် ရောင်ရောဂါ | (၀၁) ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၆) တီဘီရောဂါ | (၀၁) ခရိုင်အဆင့်သင်တန်းများ |
| | | (၀၂) အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများ |
| | | (၀၃) ဆေးဝါးများစီမံခန့်ခွဲခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၄) ဓါတ်ခွဲကျွမ်းကျင်များအတွက်သင်တန်းများ |
| | | (၀၅) တီဘီ/အိတ်ချ်အိုင်ဗွီရောဂါဆိုင်ရာနှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၇) အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် | (၀၁) မိခင်မှကလေးသို့ရောဂါကူးစက်မှုကာကွယ်ခြင်းဆိုင်ရာစီမံချက် သင်တန်းများ |
| | | (၀၂) ဆေးဝါးအထောက်အပံ့များစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ |
| | | (၀၃) လိင်မှတဆင့်ကူးစက်တတ်သောရောဂါများကုသခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၄) တီဘီ/အိတ်ချ်အိုင်ဗွီရောဂါဆိုင်ရာနှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းသင်တန်းများ |
| | | (၀၅) အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူများအားမိသားစုအတွင်းပြုစုစောင့်ရှောက်ခြင်း ဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၈) အနာကြီးရောဂါ | (၀၁) အနာကြီးရောဂါကာကွယ်ကုသခြင်းဆိုင်ရာမွမ်းမံသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၉) မျက်ခမ်းစပ်နှင့် မျက်မမြင်ကာ ကွယ်ရေးစီမံချက် | (၀၁) ပဏာမမျက်စိစောင့်ရှောက်မှုသင်တန်းများ |
| | | (၉၉) အခြား |
| | (၁၀) ကမ္ဘာ့လူတုပ်ကွေး H1N1 | (၀၁) ကမ္ဘာ့လူတုပ်ကွေးH1N1ရောဂါတားဆီးကာကွယ်ရေးသင်တန်းများ |
| | | (၉၉) အခြား |

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဉ် |
|---|---|---|
| (၀၃) ဆေးရုံ၏ကျန်းမာရေးစောင့်ရှောက်မှု | (၀၁) ရောဂါကုသခြင်း | (၀၁) အဖြစ်များသောရောဂါကုသခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၂) ထိခိုက်ဒဏ်ရာနှင့်အရေးပေါ်ကုသခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၃) ရောဂါပိုးများကူးစက်မှုကာကွယ်ခြင်းဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၂) ဆေးရုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ | (၀၁) အရည်အသွေးပြည့်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ |
| | | (၀၂) ဆေးလူမှုဆက်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်းများ |
| | | (၀၃) မြွေကိုက်မှုအန္တရာယ်ကာကွယ်ရေးသင်တန်းများ |
| | | (၀၄) မကူးစက်နိုင်သောရောဂါများထိန်းသိမ်းရေးသင်တန်းများ |
| | | (၀၅) ကင်ဆာရောဂါထိန်းသိမ်းရေးသင်တန်းများ |
| | | (၀၆) နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးသင်တန်းများ |
| | | (၀၇) ဆီးချိုရောဂါတားဆီးကာကွယ်ရေးသင်တန်းများ |
| | | (၀၈) ထိခိုက်ဒဏ်ရာရရှိမှုကာကွယ်ရေးသင်တန်းများ |
| | | (၀၉) နားလေးရောဂါကာကွယ်ရေးသင်တန်းများ |
| | | (၁၀) နယ်စပ်ဒေသကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်းများ |
| | | (၁၁) မြန်မာနိုင်ငံဆေးဝါးသုံးစွဲမှုဆိုင်ရာသင်တန်းများ |
| | | (၁၂) စိတ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ |
| | | (၁၃) ဆေးဝါးများလွဲမှားစွာသုံးစွဲမှုတားဆီးကာကွယ်ခြင်းဆိုင်ရာသင်တန်းများ |
| | | (၁၄) ပြည်သူလူထုအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများ |
| | | (၁၅) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| | (၀၃) သူနာပြုများ၏ကျန်းမာရေးစောင့်ရှောက်မှု | (၀၁) ဆေးရုံဝန်ထမ်းများအားရောဂါပိုးများကူးစက်ခြင်းမှကာကွယ်ရေးဆိုင်ရာသင်တန်းများ |
| | | (၀၂) လူနာဗဟိုပြု ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းများ |
| | | (၀၃) သူနာပြုများ၏ဦးဆောင်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |
| (၀၄) စီမံခန့်ခွဲမှု | (၀၁) စီမံခန့်ခွဲမှုအထောက်အကူပြုကျန်းမာရေးသတင်းစနစ် | (၀၁) စီမံခန့်ခွဲမှုအထောက်အကူပြုကျန်းမာရေးသတင်းစနစ်သင်တန်းများ |
| | | (၀၂) ကျန်းမာရေးသတင်းစီမံခန့်ခွဲမှုသင်တန်း |
| | | (၀၃) အီလက်ထရောနစ် ပြည်သူ့ကျန်းမာရေးသတင်းစနစ် (DHIS2 Software) သင်တန်းများ |
| | | (၀၄) အီလက်ထရောနစ် ဆေးရုံသတင်းစနစ် (DHIS2 Software)သင်တန်းများ |
| | | (၉၉) အခြား |
| | (၀၂) ကျင့်ဝတ်များ | (၀၁) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအချင်းချင်းကြားထားရှိရမည့် ကျင့်ဝတ်များဆိုင်ရာသင်တန်းများ |
| | | (၀၂) ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့်ပြည်သူလူထုကြားထားရှိရမည့် ကျင့်ဝတ်ဆိုင်ရာသင်တန်းများ |
| | | (၉၉) အခြား |

| ဦးတည်သော ကဏ္ဍ | ဦးတည်သော အကြောင်းအရာ | သင်တန်းခေါင်းစဉ် |
|---|---|---|
| (၀၅) လူမှုရေးဆိုင်ရာ ကျန်းမာရေး | (၀၁) ကျား/မနှင့် အမျိုးသမီး ကျန်းမာရေး | (၀၁) ကျား/မခွဲခြားမှုမရှိရေးဆိုင်ရာသင်တန်းများ(စီမံချက်ဒေသများ) |
| | | (၉၉) အခြား |

# အညွှန်းကိန်းများတွက်ချက်နည်း

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁ | သားဆက်ခြားနည်းလမ်းသုံးစွဲမှုနှုန်း (နည်းလမ်းအားလုံး) | ယခုလက်ရှိသားဆက်ခြားနည်းသုံးစွဲနေသောဇနီးမောင်နှံစုံတွဲအရေအတွက်(နည်းလမ်းအားလုံး)<br>------------------------------------------ x ၁၀၀<br>ဇနီး၏အသက်(၁၅-၄၉)နှစ်အတွင်းရှိ ဇနီးမောင်နှံစုံတွဲအရေအတွက် | ပုံစံ၃(၂-၂)<br>-------------------------- x ၁၀၀<br>ပုံစံ၃(၂-၁) |
| ၂ | သားဆက်ခြားနည်းလမ်းသုံးစွဲမှုနှုန်း (ခေတ်မီနည်းလမ်း/ တစ်ခုချင်းစီ အလိုက်) | ယခုလက်ရှိသားဆက်ခြားနည်းသုံးစွဲနေသောဇနီးမောင်နှံစုံတွဲအရေအတွက်(ခေတ်မီနည်းလမ်း)<br>------------------------------------------ x ၁၀၀<br>ဇနီး၏အသက်(၁၅-၄၉)နှစ်အတွင်းရှိ ဇနီးမောင်နှံစုံတွဲအရေအတွက် | ပုံစံ၃(၂-၃)<br>-------------------------- x ၁၀၀<br>ပုံစံ၃(၂-၁) |
| ၃ | ယင်လုံအိမ်သာအသုံးပြုသည့် အိမ်ခြေရာနှုန်း | ယင်လုံအိမ်သာရှိသောအိမ်ခြေပေါင်း<br>------------------------------------------ x ၁၀၀<br>အိမ်ခြေပေါင်း | ပုံစံ၃(၄-၁)<br>-------------------------- x ၁၀၀<br>ပုံစံ၃(၈-၄) |
| ၄ | ယင်လုံအိမ်သာအသုံးပြုသည့် လူဦးရေလွှမ်းခြုံမှုရာနှုန်း | ယင်လုံအိမ်သာအသုံးပြုသူလူဦးရေစုစုပေါင်း<br>------------------------------------------ x ၁၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၃(၄-၅)<br>-------------------------- x ၁၀၀<br>ပုံစံ၃(၁) |
| ၅ | ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေရရှိသည့် အိမ်ခြေ ရာနှုန်း | ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေ ရရှိသည့် အိမ်ခြေပေါင်း<br>------------------------------------------ x ၁၀၀<br>အိမ်ခြေပေါင်း | ပုံစံ၃(၅-က-၁)မှ(၅-က-၈)အထိ ပေါင်းရန်<br>-------------------------- x ၁၀၀<br>ပုံစံ၃(၈-၄) |
| ၆ | ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေရရှိသည့် လူဦးရေ လွှမ်းခြုံမှုရာနှုန်း | ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေ ရရှိသည့် လူဦးရေပေါင်း<br>------------------------------------------ x ၁၀၀<br>လူဦးရေစုစုပေါင်း | ပုံစံ၃(၅-ခ)<br>-------------------------- x ၁၀၀<br>ပုံစံ၃(၁) |
| ၇ | ယင်လုံအိမ်သာရှိသော ကျန်းမာရေးဌာနရာခိုင်နှုန်း (ကျန်းမာရေးဌာန အမျိုးအစားအလိုက်) | ယင်လုံအိမ်သာရှိသော ကျန်းမာရေးဌာနပေါင်း<br>------------------------------------------ x ၁၀၀<br>ကျန်းမာရေးဌာနစုစုပေါင်း | ပုံစံ၃(၁၀-၁)<br>-------------------------- x ၁၀၀<br>ပုံစံ၄(၁) (အခြားဝန်ကြီးဌာန လက်အောက်ဆေးရုံများနှင့် တိုင်းရင်ဆေးရုံများ မပါဝင်ပါ။) |
| ၈ | ရေအရင်းအမြစ်ရှိသော ကျန်းမာရေးဌာနရာခိုင်နှုန်း (ကျန်းမာရေးဌာန အမျိုးအစားအလိုက်) | ရေအရင်းအမြစ်ရှိသော ကျန်းမာရေးဌာနပေါင်း<br>------------------------------------------ x ၁၀၀<br>ကျန်းမာရေးဌာနစုစုပေါင်း | ပုံစံ၃(၁၀-၂)<br>-------------------------- x ၁၀၀<br>ပုံစံ၄(၁) (အခြားဝန်ကြီးဌာန လက်အောက်ဆေးရုံများနှင့် တိုင်းရင်ဆေးရုံများ မပါဝင်ပါ။) |

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၉ | ရေနှင့်ဆပ်ပြာရှိသောလက်ဆေးရန် နေရာရှိသည့် ကျန်းမာရေးဌာနရာခိုင်နှုန်း (ကျန်းမာရေးဌာနအမျိုးအစားအလိုက်) | ရေနှင့်ဆပ်ပြာရှိသော လက်ဆေးရန်နေရာရှိသည့် ကျန်းမာရေးဌာနပေါင်း<br>---------------------------------------- x ၁၀၀<br>ကျန်းမာရေးဌာနစုစုပေါင်း | ပုံစံ၃(၁၀-၃)<br>------------------------ x ၁၀၀<br>ပုံစံ၄(၁) (အခြားဝန်ကြီးဌာနလက်အောက်ဆေးရုံများနှင့် တိုင်းရင်းဆေးရုံများ မပါဝင်ပါ။) |
| ၁၀ | စွန့်ပစ်ပစ္စည်းများ စနစ်တကျ စီမံခန့်ခွဲမှုရှိသောကျန်းမာရေးဌာနရာခိုင်နှုန်း (ကျန်းမာရေးဌာနအမျိုးအစားအလိုက်) | စွန့်ပစ်ပစ္စည်းများစနစ်တကျ စီမံခန့်ခွဲမှုရှိသော ကျန်းမာရေးဌာနပေါင်း<br>---------------------------------------- x ၁၀၀<br>ကျန်းမာရေးဌာနစုစုပေါင်း | ပုံစံ၃(၁၀-၄)<br>------------------------ x ၁၀၀<br>ပုံစံ၄(၁) (အခြားဝန်ကြီးဌာနလက်အောက်ဆေးရုံများနှင့် တိုင်းရင်းဆေးရုံများ မပါဝင်ပါ။) |

# လူမှုဘဝ လှစေဖို့

လုပ်ငန်းဆောင်တာ မှန်သမျှက .....
သေချာမှတ်မှ တိကျမယ်။
ဌာနပြည်သူ တူလက်တွဲလို့ .....
အမြဲစည်းလုံး ဆောင်ရွက်မယ်။
မှတ်ဖွယ်မှတ်ရာ ဟူသမျှကို .....
မကျန်ရအောင် အလေးထားမယ်။
**Registers, Records** များနှင့် .....
**Reports** များက အသက်ကွယ်။
**Data** တွေကို စိစစ်ပေးလို့ .....
အရည်အသွေး ကောင်းဖို့ကွယ်။
တိကျမှန်ကန် မြန်ဆန်ကြမှ .....
ဌာနအားလုံး တိုးတက်မယ်။
ကျရာတာဝန် ကျေပွန်ကြလို့ .....
အားသွန်ခွန်စိုက် ဆောင်ရွက်မယ်။
လူမှုဘဝတွေ အစဉ်လှဖို့ .....
ရိုးသားနိုးကြား ကြိုးစားမယ် .....
ကြိုးစားမယ် ကြိုးစားမယ်။

ကျော်ကျော်ဦး
ကျန်းမာရေးမှူးအဆင့်(၁)

# အခန်း(၅)

# မှတ်ပုံတင်စာအုပ်များ

စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်တွင် လချုပ်၊ သုံးလချုပ်နှင့် နှစ်ချုပ်ပုံစံများကို ပေးပို့နိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများ မိမိ၏ လုပ်ဆောင်မှုအပေါ် နေ့စဉ်စနစ်တကျ စာရင်းရေးမှတ်ပြီး မှတ်တမ်းတင်ထားမှုသည် အလွန်အရေးကြီးပါသည်။ ယင်းကဲ့သို့ မှတ်တမ်းတင်ထားနိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းတိုင်းသည် (၁) ဆေးခန်းမှတ်ပုံတင်စာအုပ်၊ (၂) ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းစာအုပ်၊ (၃)သက်ဆိုင်ရာစီမံချက်အလိုက် မှတ်ပုံတင်/မှတ်တမ်းစာအုပ်များကို အသုံးပြုရပါမည်။

ထို့အပြင် အခြေခံကျန်းမာရေးဝန်ထမ်းများ တာဝန်ကျရာနယ်ပယ်တွင် မွေးဖွားမှု/သေဆုံးမှုပေါ်ပေါက်သည့်အခါတိုင်း မှတ်တမ်းတင်ရန် မွေးဖွားမှုမှတ်တမ်း၊ သေဆုံးမှုမှတ်တမ်းနှင့် နှစ်စဉ် ဒီဇင်ဘာလတွင် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူပြုစုရသည့် လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်းများကိုလည်း စနစ်တကျ ပြုစုထားရှိရပါမည်။

## ၁။ ဆေးခန်းမှတ်ပုံတင်စာအုပ်

**(ဒေသန္တရ/မြို့မ/ ဆေးရုံပြင်ပလူနာဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန/ခွဲများတွင် အသုံးပြုရန်)**

**ဌာန၊ဌာနခွဲ** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်း တာဝန်ထမ်းဆောင်နေသော ဌာန (Main Center)၊ ဌာနခွဲ (Sub- Center)၏အမည်ကို ဖော်ပြရန်ဖြစ်ပါသည်။ (ဥပမာ- ဝတီးကျေးလက်ကျန်းမာရေးဌာန၊ အုန်းပင်ကျေးလက်ကျန်းမာရေးဌာနခွဲ)

**မြို့နယ်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်း၏ တာဝန်ကျရာနယ်ပယ် (သို့မဟုတ်) တာဝန်ကျရာနယ်ပယ်နှင့် သက်ဆိုင်သည့်မြို့နယ်အမည်ကို ဖော်ပြရန်ဖြစ်ပါသည်။ (ဥပမာ- အုတ်တွင်းမြို့နယ်)

**တိုင်းဒေသကြီး/ပြည်နယ်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်း တာဝန်ကျရာတိုင်းဒေသကြီး/ပြည်နယ်၏ အမည်ကိုဖော်ပြရန် ဖြစ်ပါသည်။ (ဥပမာ- ပဲခူးတိုင်းဒေသကြီး)

(က) **ရက်စွဲ** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းတာဝန်ကျရာနယ်မြေတွင် ဆေးခန်းဖွင့်လှစ်သည့်ရက်စွဲကို ဖော်ပြရန် ဖြစ်ပါသည်။

(ခ) **စဉ်** ဆိုသည်မှာ လူနာများ၏အမှတ်စဉ်ကို လတိုင်းအမှတ်စဉ်(၁)မှစ၍ အစီအစဉ်အတိုင်း ရေးသွင်းရန် ဖြစ်သည်။ **ဤကဲ့သို့ မှတ်တမ်းတင်ခြင်းဖြင့် လချုပ်ချုပ်သည့်ရက်အထိ လတစ်လ၏ အထွေထွေဆေးခန်းလာ လူနာ စုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း)ကို အလွယ်တကူသိရှိနိုင်မည် ဖြစ်ပါသည်။**

(ဂ) **လူနာမှတ်ပုံတင်**

(၁) **အမှတ်** ဆိုသည်မှာ ဆေးခန်းဖွင့်လှစ်သည့်နေ့တွင် လာပြသောလူနာများအားပေးထားသည့် လူနာမှတ်ပုံတင်အမှတ်ကို ဆိုလိုပါသည်။ ဥပမာ-ဆေးခန်းဖွင့်လှစ်သောနေ့(၁-၁-၂၀၁၉)၌ဆေးခန်းလာပြသော လူနာများအားကြည့်မည်ဆိုပါလျှင် ပထမလာပြသူ ဦးမြဖြစ်ပါက ဦးမြ၏ အမှတ်စဉ်နံပါတ်သည် (၁)ဖြစ်၍ ၎င်း၏လူနာမှတ်ပုံတင်အမှတ်ကို (၁/၁၉)ဟုပေးရန် ဖြစ်ပါသည်။ ဆက်လက်၍ ယင်းနေ့အတွက် အခြားလူနာများ၏ လူနာမှတ်ပုံတင်နံပါတ်ကိုလည်း (၂/၁၉)၊ (၃/၁၉) အစရှိသဖြင့် အစဉ်လိုက်ပေးရန် ဖြစ်သည်။ ယခုနှစ်အတွင်း လာပြခဲ့ဖူးသောလူနာဟောင်းများ ထပ်မံလာရောက်ပြသပါက လူနာမှတ်ပုံတင်အမှတ်ကို ထပ်မံပေးရန်မလိုဘဲ ယခုနှစ်အတွင်း ထိုလူနာပထမဆုံးအကြိမ် လာပြသည့်နေ့က ရရှိထားသော လူနာမှတ်ပုံတင်အမှတ်ကိုသာ ထိုတစ်နှစ်ပတ်လုံး ဆက်တိုက် အသုံးပြုသွားရန် ဖြစ်ပါသည်။ ထိုလူနာမှတ်ပုံတင်နံပါတ်အဟောင်းကို လူနာမှတ်ပုံတင်နေရာတွင် ရေးလျှင် အခြားလူနာသစ်တစ်ယောက်အား မှတ်ပုံတင်အမှတ်အသစ်ပေးရာ၌ထိုနံပါတ်ကိုကြည့်၍ပေးမိလျှင် မှားသွားနိုင်သောကြောင့် ထိုလူနာဟောင်း၏ မှတ်ပုံတင်အမှတ်ကို မှတ်ပုံတင်အမှတ်ကော်လံတွင် မရေးဘဲဟောင်းကော်လံတွင် ရေးသွင်းရမည်ဖြစ်ပါသည်။ မှတ်ပုံတင်အမှတ်ကော်လံတွင်(-)အမှတ်အသားကိုရေးသွင်းရမည် ဖြစ်ပါသည်။

(၂) **သစ်** ဆိုသည်မှာ ဆေးခန်းဖွင့်လှစ်သောနေ့တွင် လာပြသောလူနာများသည် တစ်နှစ်အတွင်း ပထမဆုံးအကြိမ် လာပြသောလူနာဖြစ်ပါက ၎င်းလူနာများကို လူနာမှတ်ပုံတင်(သစ်)ကော်လံတွင် (√)အမှတ်အသား ရေးသွင်းပေးရပါမည်။ ဥပမာ-(၁-၁-၂၀၁၉)နေ့တွင် ဆေးခန်းလာပြသော လူနာအမှတ်စဉ်(၁) လူနာမှတ်ပုံတင်အမှတ်(၁/၁၉) ဖြစ်

သည့် ဦးမြသည် ၂၀၁၉ခုနှစ် ဆေးခန်းမှတ်ပုံတင်ရာ၌ ထိုနှစ်၏လူနာသစ်ဖြစ်သည့်အတွက် လူနာမှတ်ပုံတင်(သစ်)ကော်လံတွင်(√)အမှတ်အသားရေးသွင်းရန် ဖြစ်ပါမည်။

(၃) **ဟောင်း** ဆိုသည်မှာ ဆေးခန်းဖွင့်လှစ်သည့်နေ့တွင် လာပြသောလူနာများအနက်မှဆေးခန်းသို့ တစ်နှစ်အတွင်းထပ်ကြိမ်ဖြင့် လာပြသောလူနာများဖြစ်ပါက ၎င်းလူနာများကို လူနာမှတ်ပုံတင်(ဟောင်း) ကော်လံတွင် မှတ်ပုံတင်အမှတ်အဟောင်းကို ရေးသွင်းပေးရပါမည်။ ဥပမာ- (၁-၁-၂၀၁၉)နေ့တွင် ၄က်ဖျားရောဂါဖြင့် ဆေးခန်းသို့လာပြခဲ့သော မဝေ အမှတ်စဉ်(၅) လူနာမှတ်ပုံတင်အမှတ် (၅/၁၉)သည် ၄က်ဖျားရောဂါမသက်သာသေးသဖြင့်(၂-၁-၂၀၁၉)နေ့တွင် ဆေးခန်းသို့ ထပ်မံလာရောက်ပြသပါက ၎င်းမဝေ၏ လူနာမှတ်ပုံတင်အမှတ် (၅/၁၉) သည်လူနာဟောင်းဖြစ်သဖြင့်၎င်းလူနာမှတ်ပုံတင်(ဟောင်း) ကော်လံတွင် (၅/၁၉ )အမှတ်အသားရေးသွင်းထားရန် ဖြစ်ပါသည်။

(ဃ) **အမည်** ဆိုသည်မှာ ဆေးခန်းဖွင့်လှစ်သည့်နေ့တွင် ဆေးခန်းသို့လာပြသောလူနာ၏အမည်ကို ရေးသွင်းရန် ဖြစ်ပါသည်။

(င) **ကျား/မ** ဆိုသည်မှာ ဆေးခန်းသို့ လာပြသောလူနာကိုကျား/မခွဲခြား ဖော်ပြရန် ဖြစ်ပါသည်။

(စ) **အသက်(နှစ်)** ဆိုသည်မှာ ဆေးခန်းသို့လာပြသောလူနာ၏ အသက်ပြည့်ပြီးနှစ်ကို ဖော်ပြရန် ဖြစ်ပါသည်။ ဥပမာ- လူနာတစ်ယောက်၏အသက်သည် (၂၃နှစ်နှင့်၅လ)ဖြစ်ပါက ၎င်းလူနာ၏ အသက်ကို ပြည့်ပြီးနှစ်ဖြစ်သည့် (၂၃)ကို ဖော်ပြရန် ဖြစ်ပါသည်။ ၎င်းအပြင် ကလေးလူနာတစ်ယောက်၏ အသက်သည် (၁၀လနှင့်၂၅ရက်)ဖြစ်ပါက ၎င်းကလေး၏ အသက်ကိုပြည့်ပြီးလဖြစ်သည့် (၁၀)လကို ဖော်ပြရန် ဖြစ်ပါသည်။ လသား ရက်သား ကလေးများအတွက် ပြည့်ပြီးလ (သို့မဟုတ်) ပြည့်ပြီးရက်ကို ဖော်ပြရာတွင် **ယူနစ်** (လ သို့မဟုတ် ရက်)ဟု ထည့်သွင်းဖော်ပြရမည်။

(ဆ) **နေရပ်/ရပ်ကွက်/ကျေးရွာ** ဆိုသည်မှာ ဆေးခန်းသို့လာပြသည့် လူနာနေထိုင်ရာအရပ်ဖြစ်သည့် နေရပ်/ရပ်ကွက်/ကျေးရွာကို ဖော်ပြရန် ဖြစ်ပါသည်။

(၉) **ရောဂါ**

(၁) **ရောဂါအမည်** ဆိုသည်မှာ ဆေးခန်းသို့လာပြသည့်လူနာတွင် ဖြစ်ပွားနေသောရောဂါ လက္ခဏာနှင့် စမ်းသပ်တွေ့ရှိချက်အပေါ်မူတည်၍ ၎င်းလူနာ၏ရောဂါအမည်ကို ဖော်ပြရန် ဖြစ်ပါသည်။ ဥပမာ- ကလေးတစ်ယောက်သည် နေမကောင်းသဖြင့် ဆေးခန်းသို့လာပြရာ ၎င်းကလေးတွင် ဖြစ်ပွားနေသည့် ရောဂါလက္ခဏာ (ဥပမာ-ကိုယ်ပူခြင်း၊ နှာစေးချောင်းဆိုးခြင်း)နှင့် စမ်းသပ်တွေ့ရှိချက်များအပေါ် မူတည်၍ သတ်မှတ်သော ရောဂါအမည် (ဥပမာ-တုပ်ကွေး)ဟု ဖော်ပြရန် ဖြစ်ပါသည်။

(၂) **ရောဂါ(သစ်)** ဆိုသည်မှာ နှစ်တစ်နှစ်အတွင်း လူနာတစ်ယောက်ကို ရောဂါတစ်ခုဖြင့်စတွေ့သည့်နေ့တွင်၎င်းလူနာအတွက်ထိုရောဂါသည် အသစ်ဖြစ်ပါသည်။ တစ်နှစ်အတွင်း ၎င်းလူနာသည် အခြားရောဂါတစ်ခုဖြင့်လည်းကောင်း၊ ယခင်ရောဂါမှာ ကုသမှုပြီးစီး၍ ရောဂါပျောက်ကင်းပြီး နောက်တစ်ကြိမ်ဖြစ်ပွား၍ ထပ်မံလာရောက်ပြသပါက ထိုနှစ်အတွက် ၎င်းလူနာသည်လူနာမှတ်ပုံတင်အနေဖြင့်လူနာဟောင်းဖြစ်သော်လည်း ရောဂါအနေဖြင့် ရောဂါအသစ် ဖြစ်ပါသည်။ ဥပမာ- ဦးမြသည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဆေးခန်းသို့ ဝမ်းလျှော၍ ပထမဆုံးအကြိမ် လာရောက်ပြသရာတွင်ထိုနှစ်အတွက် ဦးမြသည် လူနာမှတ်ပုံတင်စာရင်းတွင် လူနာသစ်ဟုလည်းကောင်း၊ ရောဂါအနေဖြင့် ထိုဝမ်းလျှောရောဂါကို ရောဂါသစ်ဟုလည်းကောင်း သတ်မှတ်ရပါမည်။ ထိုဦးမြသည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ဝမ်းလျှောရောဂါမသက်သာ၍ ဒုတိယအကြိမ် ထပ်မံလာရောက်ပြသရာ လူနာမှတ်ပုံတင်အနေဖြင့်ကြည့်လျှင် လူနာဟောင်းဖြစ်၍ ရောဂါအနေဖြင့် ကြည့်လျှင်လည်း ရောဂါဟောင်းသာ ဖြစ်ပါသည်။ တစ်ဖန် ဦးမြသည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင် ထိုဆေးခန်းသို့ငှက်ဖျားရောဂါဖြစ်၍ တတိယအကြိမ် လာရောက်ပြသပြန်သည်။ ဦးမြသည်လူနာမှတ်ပုံတင်အနေဖြင့် ကြည့်လျှင် လူနာဟောင်းဖြစ်သော်လည်း ရောဂါအနေဖြင့်ကြည့်လျှင် ငှက်ဖျားသည် ရောဂါသစ် ဖြစ်ပါသည်။ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ

(၁)ရက်နေ့တွင်ထိုဦးမြသည် ဝမ်းလျှော၍ ဆေးခန်းသို့ စတုတ္ထအကြိမ် လာရောက် ပြသပြန်သည်။ ဦးမြသည် လူနာမှတ်ပုံတင်အနေဖြင့် ကြည့်လျှင် လူနာဟောင်းဖြစ်သော်လည်း ရောဂါအနေဖြင့်ကြည့်လျှင် သူသည် ဝမ်းလျှောရောဂါ **(Disease Episode)**အသစ်ထပ်ရခြင်း ဖြစ်၍ ထိုဝမ်းလျှောရောဂါကို ရောဂါသစ်ဟု သတ်မှတ်ရမည် ဖြစ်ပါသည်။

(၃) **ရောဂါ(ဟောင်း)** ဆိုသည်မှာ နှစ်တစ်နှစ်အတွင်း လူနာတစ်ယောက် ဆေးခန်းသို့ ရောဂါတစ်ခုဖြင့် လာရောက်ပြသပြီး ထိုရောဂါမပျောက်မချင်း ထပ်မံလာရောက်ပြသသောအခါ ၄င်းရောဂါကို ရောဂါဟောင်းဟုသတ်မှတ်ပါသည်။ ဥပမာ- မဝေသည် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့တွင် ၄က်ဖျားရောဂါဖြင့် ဆေးခန်းသို့လာရောက်ပြသပြီး ဇန်နဝါရီလ(၂)ရက်နေ့တွင် ထို၄က်ဖျားရောဂါ မသက်သာသေး၍ ဆေးခန်းသို့ ထပ်မံလာရောက်ပြသပါက ရောဂါဟောင်းဟု သတ်မှတ်ရပါမည်။

** **မှတ်ချက်- Non Communicable Disease** များဖြစ်သော (ဥပမာ-သွေးတိုးရောဂါ၊ ဆီးချိုရောဂါ) စသည်တို့တွင် တစ်နှစ်လျှင် လူနာတစ်ယောက်အတွက် ပထမဆုံးလာပြသောနေ့တွင် ထိုရောဂါသည် အသစ်ဟုသတ်မှတ်ပြီး ထိုတစ်နှစ်အတွင်း ၄င်းရောဂါဖြင့် မည်သည့်အချိန်တွင်မဆို ထပ်မံလာရောက်ပြသပါက ၄င်းရောဂါအား ထိုနှစ်တစ်နှစ်အတွက် ရောဂါဟောင်းဟု သတ်မှတ်ပါသည်။ ဥပမာ- ဦးလှသည် သွေးတိုးရောဂါဖြင့် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဆေးခန်းသို့လာရောက်ပြသသည်။ ထိုနေ့တွင် ဦးလှကို လူနာမှတ်ပုံတင်အသစ်၊ ရောဂါသစ်ဟုသတ်မှတ်ပြီး ၎င်းတစ်နှစ်အတွင်း ဦးလှသည် မည်သည့်အချိန်တွင်မဆို သွေးတိုးရောဂါဖြင့် ထပ်မံလာရောက်ပြသပါက လူနာမှတ်ပုံတင်ဟောင်း၊ ရောဂါဟောင်းသာ ဖြစ်ပါသည်။

# စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်
## ဆေးခန်းမှတ်ပုံတင်စာအုပ်

ဌာန/ဌာနခွဲ ဝတီးRHC/အုန်းပင်S/C    မြို့နယ် အုတ်တွင်း  တိုင်းဒေသကြီး/ပြည်နယ် ပဲခူးတိုင်းဒေသကြီး

| ရက်စွဲ | စဉ် | လူနာမှတ်ပုံတင် | | | အမည် | ကျား/မ | အသက်(နှစ်) | နေရပ်/ရပ်ကွက်/ကျေးရွာ | ရောဂါ | | | စမ်းသပ်တွေ့ရှိချက် | ဆေးဝါးကုသမှု | | မှတ်ချက်(လွှဲပြောင်း/ကာကွယ်ဆေးထိုးပြီးမှု/အခြား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ် | သစ် | ဟောင်း | | | | | အမည် | သစ် | ဟောင်း | | စားဆေး/ဆေးဝါး | ထိုးဆေး | |
| ၁-၁-၁၉ | ၁။ | ၁/၁၉ | √ | | ဦးမြ | ကျား | ၅၃ | အုန်းပင်ရွာ | ဝမ်းလျှော | √ | | BP=110/70,some dehydration$^{+}$ | ORS= **၃ထုပ်**,zinc=**၁၀ လုံး** | - | - |
| | ၂။ | ၂/၁၉ | √ | | မလှ | မ | ၄၅ | ॥ | တီဘီ | √ | | T°=100°F,body wt = 45kg | antiTB = **၁ ပတ်စာ** | - | - |
| | ၃။ | ၃/၁၉ | √ | | ဘေဘီ အေး | မ | (၁၀) လ | ॥ | ဝက်သက် | √ | | T°=101°F,cough$^{+}$,red spot$^{+}$ | Para syrup = **၁ ဘူး** | - | မထိုးရသေး/ ဦးစိုး၏ဒေါ်အေး |
| | ၄။ | ၄/၁၉ | √ | | ဦးလှ | ကျား | ၅၀ | ॥ | သွေးတိုး | √ | | BP=160/100 | Amlodipine(5mg) tablet =**၃ လုံး** | - | - |
| | ၅။ | ၅/၁၉ | √ | | မဝေ | မ | ၂၅ | ॥ | ငှက်ဖျား | √ | | T°=103°F, h/o malaria | Malaria RDT<br>Coartem = **၁ ကဒ်**<br>Primaquine -15 = **၃လုံး** | - | - |
| ၂-၁-၁၉ | ၆။ | - | | ၁/၁၉ | ဦးမြ | ကျား | ၅၃ | အုန်းပင်ရွာ | ဝမ်းလျှော | | √ | BP=120/80, no dehydration | ORS=**၂ ထုပ်** | - | - |
| | ၇။ | - | | ၅/၁၉ | မဝေ | မ | ၂၅ | ॥ | ငှက်ဖျား | | √ | T°=101°F | Paracetamol = **၁ ကဒ်** | - | လွှဲပြောင်း |
| | ၈။ | ၆/၁၉ | √ | | ဦးခွေး | ကျား | ၅၅ | ॥ | ဆီးချို | √ | | h/o DM$^{+}$ | Gluco strip = **၁ ခု**<br>Diabend-30 = **၁ ကဒ်** | - | Known case |
| | ၉။ | ၇/၁၉ | √ | | မင်းမင်း | ကျား | ၉ | ॥ | ချော်လဲ၍ထိခိုက်ဒဏ်ရာရရှိခြင်း | √ | | Open wound left arm$^{+}$ | Kemose =**၅ လုံး**,<br>para=**၅ လုံး** | TT = **၁ လုံး** | - |
| | ၁၀။ | ၈/၁၉ | √ | | ချောစု ခင် | မ | (၁)နှစ် | ॥ | နမိုးနီးယား | √ | | RR= 60,T°=101°F,cough$^{+}$ | Para syrup = **၁ ဘူး**<br>Amoxa syrup = **၁ ဘူး** | - | ဦးဘ ဒေါ်ခင်ခင် |
| ၁၅-၁-၁၉ | ၁၁။ | - | | ၁/၁၉ | ဦးမြ | ကျား | ၅၃ | အုန်းပင်ရွာ | ငှက်ဖျား | √ | | T°=102°F, chill$^{+}$,muscle aches$^{+}$ | Malaria RDT<br>Coartem = **၁ ကဒ်**<br>Primaquine -15 = **၃လုံး** | - | - |
| ၁-၂-၁၉ | ၁။ | - | | ၁/၁၉ | ဦးမြ | ကျား | ၅၃ | အုန်းပင်ရွာ | ဝမ်းလျှော | √ | | BP=110/80, no dehydration | ORS=**၂ ထုပ်** | - | - |
| | ၂။ | - | | ၄/၁၉ | ဦးလှ | ကျား | ၅၀ | ॥ | သွေးတိုး | | √ | BP=150/90 | Amlodipine(5mg) tablet =**၃ လုံး** | - | - |

(ဈ) **စမ်းသပ်တွေ့ရှိချက်** ဆိုသည်မှာ ဆေးခန်းသို့ လာပြသောလူနာကို စမ်းသပ်စစ်ဆေးရာမှ တွေ့ရှိရသော အရေးပါသည့်အချက်များကို ရေးမှတ်နိုင်ရန်ဖြစ်သည်။ (ဥပမာ- ကိုယ်အပူချိန်၊ သွေးပေါင်ချိန်၊အသက်ရှူနှုန်း)

(ည) **ဆေးဝါးကုသမှု**

(၁) **စားဆေး/ဆေးဝါး** ဆိုသည်မှာ ဆေးခန်းသို့လာပြသော လူနာများအား ၎င်းတို့၏ ရောဂါအခြေအနေကိုလိုက်၍ ဆေးဝါးကုသပေးရာတွင် (စားဆေး/ဆေးဝါးများ) ပေးပါက ၎င်း(စားဆေး/ဆေးဝါး) ကော်လံတွင် (စားဆေး)အမည်နှင့် ဆေးအရေအတွက်ကို ရေးသားဖော်ပြရန်နှင့် (စားဆေး/ဆေးဝါး)များ မပေးပါက ၎င်း(စားဆေး/ဆေးဝါး) ကော်လံတွင် ( - ) အမှတ်အသားပြရန် ဖြစ်ပါသည်။

(၂) **ထိုးဆေး** ဆိုသည်မှာ ဆေးခန်းသို့လာပြသော လူနာများအား ၎င်းတို့၏ ရောဂါအခြေအနေကိုလိုက်၍ ဆေးဝါးကုသရာတွင် ထိုးဆေးများကို အသုံးပြုပါက ၎င်း(ထိုးဆေး)ကော်လံတွင် ထိုးဆေးအမည်နှင့် ဆေးအရေအတွက်ကို ရေးသားဖော်ပြရန်နှင့် ထိုးဆေးကို အသုံးမပြုပါက ၎င်း(ထိုးဆေး)ကော်လံတွင် ( - ) အမှတ်အသားပြရန် ဖြစ်ပါသည်။

(ဋ) **မှတ်ချက် (လွှဲပြောင်း/ကာကွယ်ဆေးထိုးပြီးမှု/အခြား)**

(၁) **လွှဲပြောင်း** ဆိုသည်မှာ ဆေးခန်းသို့လာပြသော လူနာများအနက်မှ အချို့သော လူနာများအား မိမိ၏ကျန်းမာရေးဌာနမှ အခြားအထက်အဆင့်ကျန်းမာရေးဌာန (သို့မဟုတ်) မိမိ၏အထက်အဆင့်ရှိ ကျန်းမာရေးဝန်ထမ်းများသို့ လွှဲပြောင်းပေးရသောအခါ မှတ်ချက်(ကော်လံ)တွင် လွှဲပြောင်းဟုဖော်ပြရန်ဖြစ်ပါသည်။ဥပမာ- ငှက်ဖျားလူနာတစ်ယောက်အား မိမိ၏အထက်အဆင့်ရှိ ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးရမည့် အခြေအနေရှိခဲ့ပြီး ထိုလူနာအား အမှန်တကယ် လွှဲပြောင်းပေးခဲ့သော် မှတ်ချက်ကော်လံတွင် လွှဲပြောင်းဟု ဖော်ပြရန် ဖြစ်သည်။

(၂) **ကာကွယ်ဆေးထိုးပြီးမှု** ဆိုသည်မှာ ဆေးခန်းသို့လာပြသော လူနာများအနက်မှကာကွယ်ဆေးထိုးခြင်းနှင့် သက်ဆိုင်သောရောဂါဖြစ်ပွားသည့် လူနာများရှိပါက ၎င်းလူနာတွင် ကာကွယ်ဆေးထိုးပြီးမှုအခြေအနေကို မှတ်ချက်ကော်လံတွင် ရေးသွင်းရန် ဖြစ်ပါသည်။ ဥပမာ-အသက်(၁၀)

လရှိ ကလေးတစ်ယောက်သည် ဝက်သက်ပေါက်သဖြင့် ဆေးခန်းသို့ လာပြရာတွင် ၎င်းကလေးအား ဝက်သက်ရောဂါကာကွယ်ဆေးထိုး ပြီးမှုအခြေအနေကို မေးမြန်းရပါမည်။ အကယ်၍ ကာကွယ်ဆေးမထိုး ရသေးပါက ၎င်းမှတ်ချက်ကော်လံတွင် မထိုးရသေးဟု ရေးသားရမည် ဖြစ်ပါသည်။ ဝက်သက်ကာကွယ်ဆေးထိုးပြီးပါကလည်း မှတ်ချက် ကော်လံတွင် ထိုးပြီးဟု ရေးသားရမည် ဖြစ်ပါသည်။

(၃) **အခြား** ဆိုသည်မှာ ဆေးခန်းသို့လာပြသောလူနာများတွင် အခြားဖြစ် ပေါ်လာသော အခြေအနေကိုဖော်ပြရန်နှင့် မှတ်ချက်သဖွယ် အသုံး ပြုရန် ဖြစ်ပါသည်။ **အသက်(၅)နှစ်အောက်ကလေးများတွင် မိဘ အမည်ကို ရေးသွင်းထားရှိရမည် ဖြစ်ပါသည်။**

ဤကဲ့သို့နှစ်တစ်နှစ်အတွက်ဆေးခန်းမှတ်ပုံတင်စာအုပ်တွင် ဖြည့်သွင်း မည်ဆိုပါက လူနာမှတ်ပုံတင်နံပါတ်ကို (နှစ်တစ်နှစ်၏ အစမှ အဆုံး အထိ) ရေးသွင်းရမည် ဖြစ်ပါသည်။ ဥပမာ-၂၀၁၉ခုနှစ် အတွက်လူနာ မှတ်ပုံတင်နံပါတ်ကိုပေးမည်ဆိုပါစို့၊ ၎င်းနံပါတ်များသည် ၂၀၁၉ခုနှစ် တစ်နှစ်အတွင်း ဤဆေးခန်းသို့ ပထမဆုံးအကြိမ် လာပြသော လူနာသစ်တိုင်းကို အစဉ်အတိုင်း နံပါတ်ရေးသွင်းရမည် ဖြစ်ပါသည်။ နှစ်တစ်နှစ်၏ နောက်ဆုံးနေ့တွင် နောက်ဆုံးရေးသွင်းလိုက်သော လူနာမှတ်ပုံတင်အမှတ်သည် ထိုတစ်နှစ်အတွင်း ဆေးခန်းသို့ လာသော လူနာသစ်ဦးရေစုစုပေါင်းကို ဖော်ပြနေပါသည်။ အကယ်၍ ၂၀၂၀ ခုနှစ်ရောက်လျှင် ၂၀၂၀ခုနှစ်အတွက် လူနာမှတ်ပုံတင်နံပါတ် ကို အမှတ်စဉ် (၁)မှ ပြန်လည်၍ရေးသွင်းရပါမည်။ ဥပမာ-၂၀၁၉ ခုနှစ်၊ **ဇန်နဝါရီလ(၁)ရက်နေ့နှင့် (၂)ရက်နေ့**တို့တွင် ဆေးခန်းလာပြ သော လူနာများအတွက် ဆေးခန်းမှတ်ပုံတင်စာအုပ် ဖြည့်သွင်းခြင်းကို ပူးတွဲပါပုံစံဖြင့် ဥပမာပေးထားပါသည်။

(ကက) **ဇန်နဝါရီလ(၁)ရက်**နေ့တွင် ဆေးခန်းလာပြသော လူနာများ အား ဆေးခန်းမှတ်ပုံတင်စာအုပ်တွင် ဖြည့်သွင်းထားခြင်းကို လေ့လာနိုင်ပါသည်။ ၎င်းဇန်နဝါရီလ(၁)ရက်နေ့တွင် ဆေးခန်း မှတ်ပုံတင်လူနာသစ် (၅)ယောက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခခ) **ဇန်နဝါရီလ(၂)ရက်**နေ့တွင် ဆေးခန်းလာပြခဲ့သော လူနာ(၅) ယောက် ရှိခဲ့ပါသည်။ ၎င်းလူနာ(၅)ယောက်အနက်မှ အမှတ်စဥ် (၆)နှင့် (၇)တို့သည် လူနာဟောင်းများဖြစ်ကြပါသည်။ သို့အတွက် ၎င်းလူနာဟောင်းများအား လူနာမှတ်ပုံတင် နံပါတ်အသစ် ထပ်မံပေးရန် မလိုအပ်တော့ပါ။ ထို့ကြောင့် ၎င်းလူနာ (၂) ဦးတို့အား လူနာမှတ်ပုံတင်ကော်လံရှိ အမှတ်နေရာတွင် (-) ပြ၍ လူနာမှတ်ပုံတင်ဟောင်းနေရာတွင် မူလ မှတ်ပုံတင်အမှတ်အဟောင်းကို ရေးရပါမည်။

## ၂။ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း

ဤကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းသည် အခြေခံကျန်းမာရေးဝန်ထမ်းများ မိမိတာဝန်ကျရာဒေသအတွင်း ကွင်းဆင်းစဥ် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို မှတ်တမ်းတင်ရန်နှင့် ကွင်းဆင်းဆောင်ရွက်မှု လုပ်ဆောင်ချက်အဝဝကို မှတ်တမ်းတင်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

**ဌာန/ဌာနခွဲ ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၏ အဓိပ္ပာယ်ရှင်းလင်းချက်ကို စာမျက်နှာ (၁၇၇) ရှိ ဆေးခန်းမှတ်ပုံတင်စာအုပ်၏အောက်တွင် ကြည့်ရှုပါရန်။**

(က) **ရက်စွဲ** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်မှု ပြုသည့်ရက်စွဲကို ရေးသားရန် ဖြစ်ပါသည်။

(ခ) **ရပ်ကွက်/ကျေးရွာအမည်** ဆိုသည်မှာ ကွင်းဆင်းဆောင်ရွက်မှုပြုလုပ်သော ရပ်ကွက်/ကျေးရွာ၏အမည်ကို ဖော်ပြရန်ဖြစ်ပါသည်။

(ဂ) **စဥ်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစဥ်ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် လူနာများ၏အမှတ်စဥ်ကို လတိုင်းအမှတ်စဥ်(၁) မှစ၍ အစီအစဥ်အတိုင်း ရေးသွင်းရန် ဖြစ်သည်။ **ဤကဲ့သို့ မှတ်တမ်းတင်ခြင်းဖြင့် လချုပ်ချုပ်သည့်ရက်အထိ လတစ်လ၏ ကွင်းဆင်းရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လူနာစုစုပေါင်း (သစ်+ဟောင်း အကြိမ်ပေါင်း)ကို အလွယ်တကူ သိရှိနိုင်မည် ဖြစ်ပါသည်။**

(ဃ) **အမည်** ဆိုသည်မှာ မိမိကျန်းမာရေးစောင့်ရှောက်မှုပေးလိုက်သောလူနာ၏ အမည်ကို ရေးသားရန် ဖြစ်ပါသည်။

(င) **ကျား/မ** ဆိုသည်မှာ မိမိကျန်းမာရေးစောင့်ရှောက်မှုပေးလိုက်သော လူနာကို ကျား/မ ဟူ၍ ခွဲခြားမှတ်သားရန် ဖြစ်ပါသည်။

(စ) **အသက်(နှစ်)** ဆိုသည်မှာ မိမိကျန်းမာရေးစောင့်ရှောက်မှုပေးလိုက်သော လူနာ၏ ပြည့်ပြီးအသက်ကို ရေးသားရန် ဖြစ်ပါသည်။ (အသက်တစ်နှစ်အောက်ကလေးများ၏ ပြည့်ပြီးအသက်ကို ရက်/လဟု ရေးသားဖော်ပြပေးပါရန်)

(ဆ) **နေရပ်** ဆိုသည်မှာ မိမိကျန်းမာရေးစောင့်ရှောက်မှု ပေးလိုက်သောလူနာ၏ အမြဲတမ်းနေရပ်လိပ်စာကို ဖော်ပြရန် ဖြစ်ပါသည်။

(ဇ) **ရောဂါ အမည်၊ သစ်၊ ဟောင်း** (ဆေးခန်းမှတ်ပုံတင်စာအုပ်မှ အဓိပ္ပါယ်သတ်မှတ်ချက်အတိုင်း)

(ဈ) **ဆေးကုသမှု** ဆိုသည်မှာ ကွင်းဆင်းစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လူနာများအား ၎င်းတို့၏ ရောဂါအခြေအနေကိုလိုက်၍ ဆေးကုသပေးမှုများကို ဖော်ပြရန် ဖြစ်ပါသည်။

(ည) **တွေ့ရှိချက်/ဆောင်ရွက်ချက်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစဉ်တွေ့ရှိချက်/ဆောင်ရွက်ချက်များကို မှတ်သားရန်ဖြစ်ပါသည်။ **ဤကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်း၏ တွေ့ရှိချက်/ဆောင်ရွက်ချက်စာတိုင်သည်** "ကွင်းဆင်းစဉ် ဆောင်ရွက်ရသည့် ကိစ္စအဝဝကို မှတ်တမ်းတင်၍ လချုပ်ပြုစုရာတွင်အထောက်အကူပြုရန်ရည်ရွယ်ပါသည်။" သက်ဆိုင်ရာ စီမံချက်အသီးသီးမှ ထောက်ပံ့ထားသော မှတ်တမ်းစာအုပ်တွင် ရေးသွင်းရမည့် အချက်များကိုလည်း ကွင်းဆင်းစဉ် အလွယ်တကူ ရေးမှတ်နိုင်ပါသည်။

**ဥပမာ (၁) ။** ကိုယ်ဝန်ဆောင်မိခင်ကို ကြည့်ရှုရာတွင် ကိုယ်ဝန်ဆောင်မှတ်ပုံတင်စာအုပ်တွင် မှတ်သားရမည့် အချက်များဖြစ်သော သားအိမ်အမြင့်၊ ဦးတိုက်သောအပိုင်း၊ ကလေးနှလုံးခုန်သံ၊ ------------- စသဖြင့် မှတ်သားနိုင်ခဲ့ရန် ဖြစ်သည်။

**ဥပမာ (၂) ။** ကလေးမွေးဖွားပြီးလျှင် မှတ်တမ်းတင်ရမည့် ကလေး၏ ကိုယ်အလေးချိန်၊ ကျား/မ၊ စအိုရှိ/မရှိစသည့်တို့ကို ရေးမှတ်နိုင်ရန် ဖြစ်သည်။

**ဥပမာ (၃)။** နှောကုန်းရွာသို့ ကွင်းဆင်းစဉ် အသက်(၃)လခွဲရှိသော မောင်သစ်ဆန်းသည် ကျယ်လောင်သောအသံကို တုံ့ပြန်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ထိုအခါ အမည်စာတိုင်တွင် မောင်သစ်ဆန်း၊ အသက်တွင် (၃)လ၊ ကျား/မစာတိုင်တွင် ကျား၊ ရပ်ကွက်/ကျေးရွာတွင် နှောကုန်း၊ ရောဂါအမည်တွင် မွေးရာပါနားလေးသံသယရှိသူနှင့် မှတ်ချက်တွင် နောက်(၂)လဆက်တိုက် စမ်းသပ်ရန်ဟု မှတ်တမ်းတင်နိုင်ပါသည်။ နောက်(၂)လဆက်တိုက် စမ်းသပ်ရာတွင်လည်း ကျယ်လောင်သောအသံကို တုံ့ပြန်နိုင်ခြင်းမရှိသည်ဟု တွေ့ရသည်ဆိုပါစို့။ ထိုအခါ ရောဂါအမည်/တွေ့ရှိချက်တွင် မွေးရာပါနားလေးရောဂါရှိသူဟု မှတ်တမ်းတင်ခြင်းဖြင့် (၃)လချုပ်ပြုစုရာတွင် အထောက်အကူပြုမည် ဖြစ်ပါသည်။ ထို့အပြင် ကလေးအား အချိန်မီကုသမှုခံယူရန် ညွှန်းပို့ပြီး မှတ်ချက်တွင်ညွှန်းပို့ဟု မှတ်တမ်းတင်ခြင်းဖြင့် ဆွံ့အနားမကြားဘဝသို့ မရောက်အောင် ကူညီပေးနိုင်မည်ဖြစ်ပါသည်။

(ဠ) **မှတ်ချက်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစဉ်တွေ့ရှိရသောလူနာများနှင့် ပတ်သက်၍လည်းကောင်း၊ တွေ့ရှိချက်/ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း မှတ်သားလိုသည့်အချက်များကို မှတ်သားရန် ဖြစ်ပါသည်။ **အသက်(၅)နှစ်အောက်ကလေးများတွင် မိဘအမည်ကို ရေးသွင်းထားရှိရမည် ဖြစ်ပါသည်။**

## ၃။ ငါးနှစ်အောက်ကလေးအာဟာရစောင့်ရှောက်မှုမှတ်တမ်း

ဤငါးနှစ်အောက်ကလေး အာဟာရစောင့်ရှောက်မှုမှတ်တမ်းသည် သားဖွားဆရာမမှ မိမိတာဝန်ကျရာဒေသအတွင်းရှိ ရပ်ကွက်/ကျေးရွာတွင်ရှိသော (၅)နှစ်အောက်ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုကိုသိရှိနိုင်ရန် ပုံမှန်ကိုယ်အလေးချိန်ဆန်းစစ်ခြင်းနှင့် အာဟာရစောင့်ရှောက်ပေးခြင်းတို့ကို မှတ်တမ်းတင်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

**ရပ်ကွက်/ကျေးရွာ** ဆိုသည်မှာ သားဖွားဆရာမ၏ မိမိတာဝန်ကျရာနယ်ပယ်နှင့် သက်ဆိုင်သည့် ရပ်ကွက်/ ကျေးရွာအမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**ဌာန/ဌာနခွဲ ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၏ အဓိပ္ပာယ်ရှင်းလင်းချက်ကို စာမျက်နှာ (၁၇၇)ရှိ ဆေးခန်းမှတ်ပုံတင်စာအုပ်၏အောက်တွင် ကြည့်ရှုပါရန်။**

(က) **စဥ်** ဆိုသည်မှာ သားဖွားဆရာမမှ (၅)နှစ်အောက်ကလေးများ၏ အာဟာရ အခြေအနေကို စောင့်ရှောက်မှုပေးရာတွင် ကလေးများ၏ အမှတ်စဥ်ကို အစီအစဉ်အတိုင်း ရေးသွင်းရန် ဖြစ်ပါသည်။

(ခ) **ကလေးအမည်** ဆိုသည်မှာ အာဟာရအခြေအနေကို စောင့်ရှောက်မှု ပေးသောကလေး၏အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

(ဂ) **ကျား/မ** ဆိုသည်မှာ အာဟာရအခြေအနေကို စောင့်ရှောက်မှုပေးသော ကလေးကို ကျား/မခွဲခြား၍ ဖော်ပြရန် ဖြစ်ပါသည်။

(ဃ) **မွေးသက္ကရာဇ်** ဆိုသည်မှာ အာဟာရအခြေအနေကို စောင့်ရှောက်မှုပေး သော ကလေး၏ မွေးဖွားသည့် (ရက်၊လ၊နှစ်)ကို ဖော်ပြရန် ဖြစ်ပါသည်။

(င) **မိဘအမည်** ဆိုသည်မှာ အာဟာရအခြေအနေကို စောင့်ရှောက်မှုပေးသော ကလေး၏ မိဘအမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**ကိုယ်အလေးချိန်ခြင်း၊ သန်ချဆေး/ဗီတာမင်အေတိုက်ကျွေးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကလေးအသက် တစ်နှစ်အောက်ဖြစ်ပါက ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း သက်ဆိုင်ရာလအလိုက်၊ အသက်(၁)နှစ်ပြည့်ပြီးသည်မှ (၅)နှစ် မပြည့်မီတစ်ရက်အလိုအထိ ဖြစ်ပါက သက်ဆိုင်ရာ သုံးလပတ်အလိုက် ရေးသား ဖော်ပြရန် ဖြစ်ပါသည်။**

(စ) **ကိုယ်အလေးချိန်သည့်**

(၁) **ရက်စွဲ** ဆိုသည်မှာ (၅)နှစ်အောက်ကလေးများ၏ အာဟာရ အခြေအနေကို စောင့်ရှောက်မှုပေးသည့် ရက်စွဲကို ရေးသားဖော်ပြ ရန် ဖြစ်ပါသည်။

(၂) **ကိုယ်အလေးချိန်(ကီလိုဂရမ်)** ဆိုသည်မှာ အာဟာရအခြေ အနေကို ကိုယ်အလေးချိန်၍ တိုင်းတာဖော်ထုတ်ပေးလိုက်သော ကလေး၏ ကိုယ်အလေးချိန်ကို ကီလိုဂရမ်ဖြင့် ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(၃) **နီ/ဝါ/စိမ်း** ဆိုသည်မှာ အာဟာရအခြေအနေကို ကိုယ်အလေး ချိန်၍ တိုင်းတာဖော်ထုတ်ပေးလိုက်သော ကလေး၏ ကိုယ်အလေး ချိန်ကို ကျား/မအလိုက် ကိုယ်အလေးချိန်ကဒ်တွင် ကြည့်ရှု၍ အနီရောင်တွင် ကျရောက်ပါက နီဟုလည်းကောင်း၊ အဝါရောင်

တွင် ကျရောက်ပါက ဝါဟုလည်းကောင်း၊ အစိမ်းရောင်တွင် ကျရောက်ပါက စိမ်းဟုလည်းကောင်း ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(ဎ) **သန်ချဆေးရရှိမှု/ ဗီတာမင်အေရရှိမှု** ဆိုသည်မှာ (၅)နှစ်အောက် ကလေးများ၏ အာဟာရအခြေအနေကို စောင့်ရှောက်မှုပေး ရာတွင် သန်ချဆေး/ဗီတာမင်အေတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ဆေးရရှိမှုအခြေအနေကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

(ဆေးနှစ်မျိုးလုံး ပေးရန်မလိုသော/ မပေးသောလများအတွက် စာရင်းဖြည့်သွင်းရာတွင် **-/-** ဟုရေးမှတ်ရပါမည်။ ဆေးပေးသော လများအတွက် ဆေးဝါးရရှိမှုအခြေအနေကို (√) အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ (√) အမှတ်အသားပြု၍ သန်ချဆေးရရှိမှု ကို မျဉ်းစောင်း၏ ရှေ့ဘက်တွင်လည်းကောင်း၊ ဗီတာမင်အေ ဆေးရရှိမှုကို မျဉ်းစောင်း၏ နောက်ဘက်တွင်လည်းကောင်း ဆေးအမျိုးအစားအလိုက် ရေးသားဖော်ပြရပါမည် ဖြစ်ပါသည်။ ဥပမာ- ဆေးနှစ်မျိုးတွင် သန်ချဆေး ရရှိပြီး ဗီတာမင်အေမရရှိပါက √ /- ဟုလည်းကောင်း၊ သန်ချဆေးမရရှိဘဲ ဗီတာမင်အေရရှိပါက -/√ ဟုလည်းကောင်း၊ ဆေးနှစ်မျိုးလုံးရရှိပါက √**/**√ ဟုလည်းကောင်း ရေးမှတ်ရန် ဖြစ်ပါသည်။)

(ဆ) **မှတ်ချက်** ဆိုသည်မှာ အာဟာရစောင့်ရှောက်ပေးမှုနှင့်ပတ်သက်၍ မှတ်သားထားလိုသည့်အချက်များကို ရေးသားရန် ဖြစ်ပါသည်။ (ဥပမာ- အာဟာရချို့တဲ့ကလေးများ (ဝါ၊နီ)နှင့် ယခင်အစိမ်းရောင်၌ ကျရောက် သော်လည်း အာဟာရချို့တဲ့မှု ဖြစ်နိုင်သည့် ကလေးများ (ဖျားနာ၊ ဝမ်းလျှော၊ ချောင်းဆိုး၊ ရင်ကြပ် ဖြစ်သည့်ကလေးများ)ကို ကိုယ်အလေးချိန် ထပ်မံချိန်ပေး၍ အာဟာရစောင့်ရှောက်မှု ပေးသည့်အခါများတွင် ရက်စွဲနှင့် ကိုယ်အလေးချိန်ကို ရေးမှတ်ထားနိုင်ပါသည်။)

## ၄။ မွေးဖွားမှုနှင့်သေဆုံးမှုမှတ်တမ်း

စီမံချက်အကျိုးသက်ရောက်မှု စာရင်းအင်းများနှင့်စပ်လျဉ်း၍ စာရင်းအင်းများ၏ တန်ဖိုးသည် အခြေခံအချက်အလက်များကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ ပြည့်ပြည့်စုံစုံ မှတ်ပုံတင် အစီရင်ခံခြင်းအပေါ်တွင် များစွာမူတည်နေပါသည်။ အစီရင်ခံသော အချက်အလက်များ ပြည့်စုံမှုနှင့် အရည်အသွေးတိုးတက်မှုရှိလာသည်နှင့်အမျှ ဒေသ၏ကျန်းမာရေးအခြေအနေကို အမြဲမပြတ်ဆန်းစစ်၍ အချိန်မီ ပြုပြင်ဆောင်ရွက်ဖွယ်များကို ပိုမိုထိရောက်စွာ ပြုပြင်ဆောင်ရွက်ပေးနိုင်ပေမည်။

စီမံချက်အကျိုးသက်ရောက်မှုအတွက် ဖွားသေစာရင်းများကို ကောက်ယူရာတွင် ဖွားခြင်း၊ သေခြင်းဖြစ်ရာ နေရာ **(Place of Occurrence)** (သို့မဟုတ်) မှတ်ပုံတင်နေရာ **(Place of registration)** ကို မှတ်တမ်းပြုစု တင်ပြခြင်းမျိုးမဟုတ်ဘဲ အမြဲနေထိုင်ရာနေရာ **(Place of usual residence)** ဒေသ/ရပ်ကွက်/ကျေးရွာ နေသူတို့၏ ဖွားခြင်း၊သေခြင်းအကြောင်းအရာတို့ကို မှတ်တမ်းပြုစုခြင်းသာ ဖြစ်ပါသည်။ သို့မှသာ မိမိတာဝန်ကျရာ ဒေသအတွင်း နေထိုင်သည့် ပြည်သူလူထုကို ၄င်းတို့၏ အသက်အရွယ်အလိုက် စောင့်ရှောက်ပေးသင့်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်မည် ဖြစ်ပါသည်။ ဥပမာ- ပဲခူးမြို့နယ်ရှိ အင်းတကော်ကျေးရွာမှ မိခင်တစ်ယောက်သည် တိုက်ကြီးမြို့နယ်၊ တာဝွကျေးရွာရှိ သူမ၏အမေအိမ်တွင် ကလေးမွေးဖွားသည်ဆိုကြပါစို့၊ ကလေး၏မွေးစာရင်းကို မွေးဖွားမှုဖြစ်ရာနေရာ တိုက်ကြီးမြို့နယ်မှထုတ်ပေးပြီး ၎င်းအမြဲနေထိုင်မည့် ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာမှ တာဝန်ကျသားဖွားဆရာမ၏ ဖွားသေစာရင်းတွင် ရှေ့ဆက်ဆောင်ရွက်ရမည့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် **မွေးဖွားမှုမှတ်တမ်း**တွင် စာရင်းရေးသွင်းရမည် ဖြစ်ပါသည်။

ဖွားခြင်း၊ သေခြင်းအကြောင်းအရာများနှင့်ပတ်သက်၍ စာရင်းသေချာစွာပြုစုနိုင်ရန် သားဖွားဆရာမများမှ စနစ်တကျ မှတ်တမ်းပြုစုထားရန် ဖြစ်ပါသည်။ ပြည့်စုံသော မှတ်တမ်းရရှိနိုင်ရန်အတွက် ကျေးလက်မှ အခြေခံကျန်းမာရေးဝန်ထမ်းဖြစ်ပါက မိမိအပိုင်တာဝန်ကျဒေသတွင် ဖွားခြင်း၊ သေခြင်းကို မှတ်တမ်းပြုစုအစီရင်ခံခြင်း၊ မြို့ပေါ်မှ အခြေခံကျန်းမာရေးဝန်ထမ်းဖြစ်ပါက တာဝန်ကျရာ ရပ်ကွက်၏ ဖွားခြင်း၊ သေခြင်းတို့ကို သိသိချင်း နေ့စဉ်မှတ်တမ်းပြုစု၍ လချုပ်အဖြစ် အစီရင်ခံခြင်းတို့ကို ပြုလုပ်ရန် ဖြစ်ပါသည်။

**ဌာန/ဌာနခွဲ ၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၏ အဓိပ္ပာယ်ရှင်းလင်းချက်ကို စာမျက်နှာ (၁၇၇)ရှိ ဆေးခန်းမှတ်ပုံတင်စာအုပ်၏အောက်တွင် ကြည့်ရှုပါရန်။**

**နှစ်** ဆိုသည်မှာ စာရင်းကောက်ယူသည့်ကာလ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အကျုံးဝင်သော သက်ဆိုင်ရာနှစ်ကို ရေးသားရန် ဖြစ်ပါသည်။

**ရပ်ကွက်/ ကျေးရွာရှိအိမ်ထောင်စုပေါင်း** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်း တာဝန်ကျရာ နယ်ပယ်အတွင်းရှိ အိမ်ထောင်စုပေါင်းကို ရေးသားရန် ဖြစ်ပါသည်။

**အိမ်ထောင်စု** ဆိုသည်မှာ တစ်အိမ်တည်းအတူနေ၍ တစ်အိုးတည်းစားသူများကို ဆိုလိုပါသည်။ အိမ်ဖော်၊ ဝေးသည့်ဆွေမျိုး၊ အမျိုးမတော်စပ်သော်လည်း တစ်အိမ်တည်းတွင် အတူနေသူများ ပါဝင်ပါသည်။ အိမ်တစ်အိမ်တွင် အိမ်ထောင်စု တစ်စုထက်ပို၍ ရှိနိုင်ပါသည်။

**ရပ်ကွက်/ကျေးရွာရှိလူဦးရေပေါင်း** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်း တာဝန်ကျရာ နယ်ပယ်အတွင်းရှိ လူဦးရေပေါင်းကို ရေးသားရန် ဖြစ်ပါသည်။

**မွေးဖွားမှုမှတ်တမ်း**

**အစီရင်ခံသည့်ကာလအတွင်း အမြွှာပူးမွေးပါက မွေးဖွားသည့်ဖြစ်စဥ်ကို ကလေး တစ်ဦးလျှင် စာကြောင်းတစ်ကြောင်းစီ ရေးသားဖော်ပြပေးရန် ဖြစ်ပါသည်။ (အစီရင်ခံသည့် ကာလဆိုသည်မှာ နှစ်တစ်နှစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ-၂၀၁၉ခုနှစ်ထဲတွင် အစီရင်ခံခြင်းဖြစ်ပါက ၂၀၁၈ခုနှစ်ထဲတွင် ဖြစ်ပွားခဲ့သော မွေးဖွားခြင်းများ/ ကိုယ်ဝန်ပျက် ခြင်းများ မပါဝင်ပါ။)**

(က) **ခင်ပွန်းအမည်** ဆိုသည်မှာ မွေးဖွား/ကိုယ်ဝန်ပျက်ခြင်းဖြစ်ပွားသူ၏ ခင်ပွန်း အမည်ကို ဆိုလိုပါသည်။

(ခ) **မွေးမိခင်/ကိုယ်ဝန်ပျက်သူ၏**

(၁) **အမည်** ဆိုသည်မှာ အရှင်မွေးခြင်း၊ အသေမွေးခြင်း၊ အမြွှာမွေးခြင်း အပါအဝင် မွေးဖွားမှုဖြစ်ပွားသော (သို့မဟုတ်) ကိုယ်ဝန်ပျက်မှု ဖြစ်ပွားသော မိခင်အမည်ကို ဆိုလိုပါသည်။

(၂) **အသက်(နှစ်)** ဆိုသည်မှာ အရှင်မွေးခြင်း၊ အသေမွေးခြင်း၊ အမြွှာမွေးခြင်း အပါအဝင် မွေးဖွားမှုဖြစ်ပွားသော (သို့မဟုတ်)

ကိုယ်ဝန်ပျက်မှုဖြစ်ပွားသော မိခင်၏အသက်ကို ဆိုလိုပါသည်။ ပြည့်ပြီးနှစ်ကို ဖော်ပြရန် ဖြစ်ပါသည်။

(ဂ) **ကိုယ်ဝန်ဆောင်မှတ်ပုံတင်အမှတ်** ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ၏ တာဝန်ကျသားဖွားဆရာမထံရှိ ကိုယ်ဝန်ဆောင်မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းထားသော ကိုယ်ဝန်ဆောင်မှတ်ပုံတင်အမှတ်ကို ဖော်ပြရန် ဖြစ်ပါသည်။

(ဃ) **နေရပ်လိပ်စာ** ဆိုသည်မှာ အရှင်မွေးခြင်း၊ အသေမွေးခြင်း၊ အမြွှာမွေးခြင်း အပါအဝင်မွေးဖွားမှုဖြစ်ပွားသော (သို့မဟုတ်)ကိုယ်ဝန်ပျက်မှုဖြစ်ပွားသော မိခင်၏ နေထိုင်ရာ နေရာကို ဆိုလိုပါသည်။

(င) **မွေးဖွားသည့်အကြောင်းအရာ**

(၁) **(ရက်၊လ၊နှစ်)** ဆိုသည်မှာ မှတ်တမ်းကောက်ယူသည့် နှစ်တစ်နှစ်တာကာလအတွင်း မွေးဖွားမှုဖြစ်သည့်နေ့ (ရက်၊လ၊နှစ်) ကိုဖော်ပြရန် ဖြစ်ပါသည်။ **(အစီရင်ခံသည့်ကာလမတိုင်ခင်က မွေးဖွားခဲ့ခြင်းများကို ဖော်ပြရန်မလိုပါ။)**

(၂) **အချိန်** ဆိုသည်မှာ မွေးဖွားသည့်အချိန်ကို ဖော်ပြရန် ဖြစ်ပါသည်။

(၃) **ကျား/မ** ဆိုသည်မှာ မွေးဖွားလာသည့်ကလေးကို ကျား/မ ခွဲခြား၍ ဖော်ပြရန် ဖြစ်ပါသည်။

(၄) **အရှင်မွေး** ဆိုသည်မှာ ကိုယ်ဝန်(၂၂)ပတ်ကျော်လွန်၍ မွေးဖွားလာသည်နှင့် အသက်ရှူခြင်း၊ နှလုံးခုန်ခြင်း၊ လှုပ်ရှားခြင်း၊ ချက်ကြိုးသွေးခုန်ခြင်းရှိသောကလေးကိုဆိုလိုပါသည်။ (√) အမှတ်အသားဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ **ထိုဦးရေတွင် အစီရင်ခံသည့် ကာလမတိုင်မီက ထိုအိမ်ထောင်စု၌ မွေးဖွားခဲ့သော အရှင်မွေးဦးရေများကို ထည့်သွင်းဖော်ပြရန် မလိုပါ။ အမြွှာပူးများမွေးခဲ့ပါက အမြွှာပူးအရေအတွက်အလိုက် ကလေးတစ်ဦးလျှင် စာကြောင်းတစ်ကြောင်းစီ မှတ်တမ်းတင်ရန် ဖြစ်ပါသည်။**

(၅) **အသေမွေး** ဆိုသည်မှာကိုယ်ဝန်(၂၂)ပတ်ကျော်လွန်၍ မွေးဖွားလာပြီး အသက်ရှင်သော လက္ခဏာလုံးဝမပြသော ကလေးဦးရေကို ဆိုလို

ပါသည်။ (√)အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ **အစီရင်ခံကာလမတိုင်ခင်က အသေမွေးဦးရေကို ဖော်ပြရန် မလိုပါ။**

****မှတ်ချက်-** တစ်ခါတစ်ရံ မိခင်တစ်ဦးသည် အမြွှာပူးမွေးရာ၌ တစ်ဦးကို အရှင်မွေး၍ တစ်ဦးကိုအသေမွေးပါက ကလေးတစ်ဦးလျှင် စာကြောင်းတစ်ကြောင်းစီ ရေးသားဖော်ပြပေးရန် ဖြစ်ပါသည်။

(၆) **ကိုယ်ဝန်ပျက်** ဆိုသည်မှာ ကိုယ်ဝန်(၂၂)ပတ်မတိုင်မီ သားအိမ်တွင်းမှ သန္ဓေသားသည် အပြင်သို့ရောက်ရှိလာပြီး အသက်ရှင်သော လက္ခဏာမပြသည့် သားပျက်ခြင်းကို ဆိုလိုပါသည်။ (√)အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ **အစီရင်ခံ ကာလမတိုင်ခင်က ဖြစ်ပွားခဲ့သော ကိုယ်ဝန်ပျက်ခြင်းကို ဖော်ပြရန် မလိုပါ။**

(၇) **မွေးပေါင်ချိန်(ကီလိုဂရမ်)** ဆိုသည်မှာ မွေးဖွားလာသောအရှင်မွေးနှင့် အသေမွေးကလေးများ၏ ကိုယ်အလေးချိန်ကို ကီလိုဂရမ်ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၈) **မွေးပေါင်မပြည့် (<၂.၅ ကီလိုဂရမ်)** ဆိုသည်မှာကိုယ်ဝန် (၂၂)ပတ်ကျော်လွန်၍ မွေးဖွားလာသောအရှင်မွေးနှင့်အသေမွေး ကလေးများ အနက် ကိုယ်အလေးချိန် (၅)ပေါင်(၈)အောင်စ (သို့မဟုတ်) ၂.၅ကီလိုဂရမ် မပြည့်သော မွေးကင်းစကလေးကို ဆိုလိုပါသည်။ (√)အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၉) **ကိုယ်ဝန်ဆောင်အပတ်** ဆိုသည်မှာ မွေးဖွားမှုဖြစ်ပွားသော (သို့မဟုတ်)ကိုယ်ဝန်ပျက်မှုဖြစ်ပွားသော အချိန်တွင် ကိုယ်ဝန်ဆောင်ခဲ့ပြီးသည့်ကာလကို နောက်ဆုံးရာသီပေါ်ခဲ့သည့်ရက်ကို အခြေခံ၍ တွက်ချက်နည်း (first day of Last Menstrual Period) ဖြင့်လည်းကောင်း၊ ကိုယ်ဝန်ကို လက်ဖြင့်စမ်းသပ်၍ ကိုယ်ဝန်ဆောင်ကာလကို ခန့်မှန်းခြင်း (abdominal palpation) ဖြင့်လည်းကောင်း ရက်သတ္တပတ်နှင့်တွက်၍ ဖော်ပြရန် ဖြစ်ပါသည်။

(၁၀) **လမစေ့မွေးဖွားခြင်း** ဆိုသည်မှာ ခန့်မှန်းထားသော မွေးဖွားမှုထက် ရက်သတ္တ(၃)ပတ်ကျော် ပိုစော၍ မွေးဖွားခြင်း(သို့မဟုတ်) ကိုယ်ဝန်

ရက်သတ္တ(၃၇)ပတ် မပြည့်မီ မွေးဖွားခြင်းကို ဆိုလိုပါသည်။ (√)အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(စ) **မွေးဖွားသည့်နေရာ** ဆိုသည်မှာ အရှင်မွေးခြင်း၊ အသေမွေးခြင်း၊ အမြွှာမွေးခြင်း အပါအဝင် မွေးဖွားမှုအားလုံးတို့အတွက် မွေးဖွားသည့်နေရာ (ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ သားဖွားခန်း၊ အိမ် စသည်) ကို ဆိုလိုပါသည်။

(ဆ) **မွေးဖွားပေးသူ** ဆိုသည်မှာ (ဆရာဝန်၊ သူနာပြု၊ အမျိုးသမီးကျန်းမာရေး ဆရာမ၊ သားဖွားဆရာမ၊ အရန်သားဖွားဆရာမ၊ သင်တန်းဆင်းအရပ်လက်သည်၊ အရပ်လက်သည် စသည်)တို့ကို ဆိုလိုပါသည်။

(ဇ) **မွေးလက်မှတ်ရပြီးခြင်းရှိ/မရှိ** ဆိုသည်မှာ မွေးဖွားမှုမှတ်တမ်းတွင် ရေးသွင်းထားသည့် ကလေးအတွက် မွေးလက်မှတ် (Birth Certificate) ကို ကျန်းမာရေးဝန်ထမ်းထံမှ ရယူပြီးခဲ့ပါက (√)အမှတ်အသားပြ၍ ရရှိသည့်နေ့စွဲကို ဖော်ပြရန် ဖြစ်ပါသည်။

(ဈ) **လချုပ်တွင်အစီရင်ခံပြီးလျှင်မှတ်သားထားရန်** ဆိုသည်မှာ မွေးလက်မှတ်ရရှိပြီးသောကလေးများကို လချုပ်တွင် အစီရင်ခံပြီးပါက အစီရင်ခံသည့်လအမည်ကို ရေးမှတ်ထားရန် ဖြစ်ပါသည်။ ဥပမာ- ဇန်နဝါရီလ လချုပ်တွင် မွေးလက်မှတ်ရရှိကြောင်း အစီရင်ခံပြီးပါက ဇန်နဝါရီလ၊ ဖေဖော်ဝါရီလတွင် မွေးလက်မှတ်ရရှိကြောင်း အစီရင်ခံပြီးပါက ဖေဖော်ဝါရီလ စသဖြင့် ရေးမှတ်ထားရန် ဖြစ်ပါသည်။

**သေဆုံးမှုမှတ်တမ်း**

(က) **သေဆုံးခြင်းဖြစ်သည့်အိမ်ထောင်စု၏ အိမ်ထောင်ဦးစီးအမည်** ဆိုသည်မှာ သေဆုံးခြင်းဖြစ်ပွားသည့် အိမ်ထောင်စုတစ်စုချင်းအလိုက် ဦးစီးပုဂ္ဂိုလ်၏ အမည်ကို ဆိုလိုပါသည်။

(ခ) **သေဆုံးခြင်း**

(၁) **သေဆုံးသူ**

(ကက) **အမည်** ဆိုသည်မှာ သေဆုံးမိခင်အပါအဝင် မည်သည့်အသက်အုပ်စု တွင်မဆို သေဆုံးသူ၏အမည်ကို ဆိုလိုပါသည်။

(ခခ) **ကျား/မ** ဆိုသည်မှာ သေဆုံးသူကို ကျား/မခွဲခြား၍ ဖော်ပြရန် ဖြစ်ပါသည်။

(ဂဂ) **အသက်(နှစ်)** ဆိုသည်မှာ မှတ်တမ်းကောက်ယူသည့် နှစ်တစ်နှစ်တာကာလအတွင်း သေဆုံးခဲ့သူများ၏အသက်ကို ဖော်ပြရန်ဖြစ်ပါသည်။ ထိုသို့ဖော်ပြရာတွင် ပြည့်ပြီးအသက်ကို ဖော်ပြရန်ဖြစ်ပါသည်။ **အစီရင်ခံသည့်ကာလ မတိုင်မီက သေဆုံးခဲ့ခြင်းများကို ဖော်ပြရန် မလိုပါ။ (အစီရင်ခံသည့်ကာလ ဆိုသည်မှာ နှစ်တစ်နှစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ-၂၀၁၉ခုနှစ်ထဲတွင် အစီရင်ခံခြင်းဖြစ်ပါက ၂၀၁၈ခုနှစ်ထဲတွင် ဖြစ်ပွားခဲ့သော သေဆုံးခြင်းများ မပါဝင်ပါ။)**

**မှတ်ချက်-** အသက်တစ်နှစ်အောက်ကလေးများ သေဆုံးသည့်အသက်ကို "ရက်/လ"ဟု ရေးသားဖော်ပြရန် လိုအပ်ပါသည်။ ဥပမာ- (၃)ရက်သား သေဆုံးသည့်ကလေးအတွက် (၃)ရက်ဟု ဖော်ပြပြီး (၁၀) လသား သေဆုံးသည့်ကလေးအတွက် (၁၀)လဟု ဖော်ပြရန် ဖြစ်ပါသည်။

(ဃဃ) **သေဆုံးသည့်ရက်စွဲ** ဆိုသည်မှာ မှတ်တမ်းကောက်ယူသည့် ကာလအတွင်း သေဆုံးသူများ၏ သေဆုံးသည့်ရက်စွဲကို ဖော်ပြရန် ဖြစ်ပါသည်။

(ငင) **နေရပ်လိပ်စာ** ဆိုသည်မှာ သေဆုံးသူနေထိုင်သည့် အရပ်/နေရာကို ဆိုလိုပါသည်။

(၂) **မိခင်သေဖြစ်လျှင် ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး ၄၂ ရက်အတွင်း) သေဆုံးခြင်း**

(ကက) **ကိုယ်ဝန်၊မီးဖွားခြင်း၊ မီးတွင်းဆိုင်ရာရောဂါများကြောင့် သေဆုံးခြင်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊မီးတွင်းကာလအတွင်း (မွေးဖွားပြီး (၄၂)ရက်အတွင်း) သေဆုံးသူသည် သားဖွားခြင်းဆိုင်ရာရောဂါများကြောင့်သေဆုံးပါက ထိုစာတိုင်တွင် (√) အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၁၁) **အခြားရောဂါများကြောင့် သေဆုံးခြင်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး (၄၂) ရက်အတွင်း) သားဖွားခြင်းဆိုင်ရာရောဂါများကြောင့် မဟုတ်ဘဲ ယခင်ရှိနေသောရောဂါ(သို့မဟုတ်) ကိုယ်ဝန်ဆောင်စဉ် အတွင်း ဖြစ်ပေါ်လာသောရောဂါများကြောင့် သေဆုံးပါက ထိုစာတိုင်တွင် (√) အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၁၂) **ထိခိုက်ဒဏ်ရာရရှိခြင်း၊ မတော်တဆမှုများ၊ မိမိကိုယ်ကို သတ်သေခြင်း၊ အသတ်ခံရခြင်း** ဆိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မီးတွင်းကာလအတွင်း (မွေးဖွားပြီး (၄၂)ရက်အတွင်း) သေဆုံးသူသည် သားဖွားခြင်းဆိုင်ရာရောဂါများနှင့် အခြားရောဂါများကြောင့် မဟုတ်ဘဲ ထိခိုက်ဒဏ်ရာရရှိ၍ဖြစ်စေ၊ မတော်တဆမှုကြောင့်ဖြစ်စေ၊ မိမိကိုယ်ကို သတ်သေခြင်းကြောင့်ဖြစ်စေ၊ အသတ်ခံရခြင်းကြောင့်ဖြစ်စေ သေဆုံးပါက ထိုစာတိုင်တွင် (√) အမှတ်အသားဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

(၃)**သေဆုံးရခြင်းအကြောင်းရင်း(ခန့်မှန်း)** ဆိုသည်မှာ သေဆုံးသူများအတွက် သေဆုံးရခြင်းအကြောင်းရင်းကို ဖော်ပြရန် လိုအပ်ပါသည်။ ဆရာဝန်မှ သေစာရင်း (Death Certificate) တွင် သေဆုံးရသည့် အကြောင်းရင်းကို ရေးသားထားပါက ၎င်းကိုကူးယူဖော်ပြရန်ဖြစ်ပြီး အကယ်၍ ဆရာဝန်မရှိပါက ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးက သေစာရင်းတွင် သေဆုံးရသည့်အကြောင်းရင်းကို အတိအကျသိ၍ ဖြစ်စေ၊ ခန့်မှန်း၍ဖြစ်စေ ရေးသားထားသည်ကို ကူးယူဖော်ပြရန် ဖြစ်ပါသည်။ အကယ်၍ သေဆုံးရခြင်းအကြောင်းရင်းကို ဖော်ပြပေးမည့်သူ မရှိ ဖြစ်နေပါက သေစာရင်းတွင်ရောဂါကို(မသိပါ)ဟု ဖော်ပြပေးရန် လိုအပ်ပါသည်။ ဥပမာ- သေဆုံးမိခင်အပိုင်းတွင် ကိုယ်ဝန်ဆောင်မိခင်တစ်ယောက် သေဆုံးသည်ဆိုပါစို့။ ၎င်းမိခင်သေဆုံးရခြင်း၏ အကြောင်းရင်းကို (ခန့်မှန်း)ပေးရပါမည်။ ဥပမာ- ကိုယ်ဝန်အဆိပ်တက်၍ သေဆုံးရခြင်း၊ အသည်းရောင်အသားဝါ ရောဂါကြောင့်

သေဆုံးရခြင်း၊ နှလုံးရောဂါကြောင့် သေဆုံးရခြင်း စသည်ဖြင့် သေဆုံးရခြင်းအကြောင်းရင်းကို ဖော်ပြပေးရန် လိုအပ်ပါသည်။

(၄) **သေဆုံးသည့်နေရာ** ဆိုသည်မှာ သေဆုံးသူသည် ဆေးရုံတွင် သေဆုံးပါက ဆေးရုံဟုဖော်ပြ၍ အိမ်တွင်သေဆုံးပါက အိမ် စသဖြင့် သေဆုံးသည့်နေရာကို ဖော်ပြပေးရန် ဖြစ်ပါသည်။

## ၅။ လူဦးရေနှင့် နှစ်ချုပ်စာရင်းမှတ်တမ်း

လူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်းကို အခြေခံကျန်းမာရေးဝန်ထမ်းများက မိမိ တာဝန်ကျရာ နယ်ပယ်အားလုံးတွင် တစ်နှစ်လျှင်တစ်ကြိမ် ဒီဇင်ဘာလတွင် ကောက်ယူရန် ဖြစ်ပါသည်။ ဥပမာ- ၂၀၁၉ ခုနှစ်အတွက် လူဦးရေစာရင်းကို ကောက်ယူမည်ဆိုပါလျှင် ၂၀၁၉ ခုနှစ်၏ ဒီဇင်ဘာလတွင် စာရင်းအပြီးအစီး ကောက်ယူရန် ဖြစ်ပါသည်။ ဤလူဦးရေနှင့်နှစ်ချုပ်စာရင်းမှတ်တမ်းကို ဗဟိုသို့ ပေးပို့ရန် မလိုပါ။ စာရင်းကောက်ယူသူ အသုံးပြုရန်အတွက်သာ ဖြစ်ပါသည်။

****မှတ်ချက်-** သို့သော် ဗဟိုမှ လိုအပ်၍ တောင်းခံလာလျှင်လည်းကောင်း၊ ကွင်းဆင်းစစ်ဆေးရာတွင်လည်းကောင်း စစ်ဆေးကြည့်ရှုကြမည် ဖြစ်ပါသည်။

**ရပ်ကွက်/ ကျေးရွာ** ဆိုသည်မှာ စာရင်းကောက်သူ အခြေခံကျန်းမာရေးဝန်ထမ်းများ တာဝန်ကျရာနယ်ပယ်ဖြစ်သည့် ရပ်ကွက်/ကျေးရွာ၏ အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**စာရင်းကောက်သူအမည်** ဆိုသည်မှာ တာဝန်ကျရာနယ်ပယ်အတွင်း စာရင်းကောက်သူ အခြေခံကျန်းမာရေးဝန်ထမ်း၏အမည်ကို ဖော်ပြရန် ဖြစ်ပါသည်။

**စာရင်းကောက်ရက်စွဲ** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းမှ လူဦးရေစာရင်းကို စတင်ကောက်ယူသည့် ရက်စွဲကိုဖော်ပြရန် ဖြစ်ပါသည်။ ဥပမာ- ၁.၁၂.၂၀၁၉ ဟုဖော်ပြလျှင် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့တွင် စာရင်းစတင်ကောက်ယူသည်ဟု ဆိုလိုပါသည်။

**ပြီးဆုံးသည့်ရက်စွဲ** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းမှ လူဦးရေစာရင်းကောက်ယူခြင်း ပြီးဆုံးသည့်ရက်စွဲကို ဖော်ပြရန် ဖြစ်ပါသည်။ ဥပမာ-၁၅-၁၂-၂၀၁၉ ဟု ဖော်ပြလျှင် စာရင်းကောက်ခြင်းသည် ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် တာဝန်ကျနယ်ပယ်အားလုံးကို လွှမ်းခြုံ၍ စာရင်းကောက်ယူပြီးစီးသည်ဟု ဆိုလိုပါသည်။

(က) **စဥ်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းမှ မိမိတာဝန်ကျရာ နယ်ပယ်အတွက် လူဦးရေစာရင်းကောက်ယူရာတွင် စာရင်းကောက်ယူသည့် အိမ်တစ်အိမ်ချင်းစီ၏ အမှတ်စဥ်ကို ဖော်ပြရန် ဖြစ်ပါသည်။

(ခ) **အိမ်ထောင်ဦးစီးအမည်** ဆိုသည်မှာ အခြေခံကျန်းမာရေးဝန်ထမ်းမှ မိမိတာဝန်ကျရာနယ်ပယ်အတွက် လူဦးရေစာရင်းကောက်ယူရာတွင် စာရင်းကောက်ယူသည့် အိမ်တစ်အိမ်၏ အိမ်ထောင်ဦးစီးအမည်ကို ဖော်ပြရန်ဖြစ်ပါသည်။

၎င်းအိမ်ထောင်ဦးစီး၏ အိမ်ထောင်စုအတွင်းရှိ လူဦးရေများကို အသက်အုပ်စုအလိုက်၊ ကျား/မအလိုက် တိကျမှန်ကန်စွာ မှတ်တမ်းစာအုပ်တွင် ရေးသွင်းရန် လိုအပ်ပါသည်။

(ဂ) **လူဦးရေ(ကျား/မ)** ဆိုသည်မှာ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် တာဝန်ထမ်းဆောင်နေကြသော သားဖွားဆရာမတို့သည် မိမိပိုင်နယ်မြေ အားလုံးရှိ အိမ်ထောင်စုများမှ လူဦးရေများကို အသက်အုပ်စုအလိုက်၊ ကျား/မ အလိုက် သီးခြားဖော်ပြရန် ဖြစ်ပါသည်။

**(၁)နှစ်အောက်** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည်မွေးစမှ(၁)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**(၁)နှစ် (၁နှစ်မှ ၂နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည် (၁)နှစ်ပြည့်ပြီးသည်မှ (၂)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**(၂)နှစ် (၂နှစ်မှ ၃နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည် (၂)နှစ်ပြည့်ပြီးသည်မှ (၃)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**၃-၄ (၃နှစ်မှ ၅နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည် (၃)နှစ်ပြည့်ပြီးသည်မှ (၅)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**၅-၉ (၅နှစ်မှ ၁၀နှစ်အောက်)**ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည် (၅)နှစ်ပြည့်ပြီးသည်မှ (၁၀)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**၁၀-၁၄ (၁၀နှစ်မှ ၁၅နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် ကလေးတစ်ယောက်၏အသက်သည် (၁၀)နှစ်ပြည့်ပြီးသည်မှ (၁၅)နှစ်မပြည့်မီ တစ်ရက်အလိုအထိ ရှိသောကလေးများကို ဆိုလိုပါသည်။

**၁၅-၁၉ (၁၅နှစ်မှ ၂၀နှစ်အောက်)** ဆိုသည်မှာလူဦးရေစာရင်းကောက်ယူသည့်နေ့တွင် လူတစ်ယောက်၏အသက်သည် (၁၅)နှစ်ပြည့်ပြီးသည်မှ (၂၀)နှစ်မပြည့်မီတစ်ရက်အလိုအထိ ရှိသောလူများကို ဆိုလိုပါသည်။

**၂၀-၂၄ (၂၀နှစ်မှ ၂၅နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် လူတစ်ယောက်၏အသက်သည် (၂၀)နှစ်ပြည့်ပြီးသည်မှ (၂၅)နှစ်မပြည့်မီ တစ်ရက်အလိုအထိ ရှိသောလူများကို ဆိုလိုပါသည်။

**၂၅-၂၉ (၂၅နှစ်မှ ၃၀နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် လူတစ်ယောက်၏အသက်သည် (၂၅)နှစ်ပြည့်ပြီးသည်မှ (၃၀)နှစ်မပြည့်မီ တစ်ရက်အလိုအထိ ရှိသောလူများကို ဆိုလိုပါသည်။

**၃၀-၃၄ (၃၀နှစ်မှ ၃၅နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် လူတစ်ယောက်၏အသက်သည် (၃၀)နှစ်ပြည့်ပြီးသည်မှ (၃၅)နှစ်မပြည့်မီ တစ်ရက်အလိုအထိ ရှိသောလူများကို ဆိုလိုပါသည်။

**၃၅-၃၉ (၃၅နှစ်မှ ၄၀နှစ်အောက်)** ဆိုသည်မှာ လူဦးရေစာရင်းကောက်ယူသည့်နေ့တွင် လူတစ်ယောက်၏အသက်သည် (၃၅)နှစ်ပြည့်ပြီးသည်မှ (၄၀)နှစ်မပြည့်မီ တစ်ရက်အလိုအထိ ရှိသောလူများကို ဆိုလိုပါသည်။

